www.burmeseclassic.com

ပိယာစာပေ

# နွယ်ကျော်သိုင်း

# အလွမ်းတစ်ပွင့် ပန်းတစ်ပွင့်



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့ဖ်ဆက်)
၂၀၄၊ လမ်း ၃၁၊ ရန်ကုန်။

တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။
ဖုန်း-၅၈၁၇၃၃-၄၄၄

တိုက် ၉၊ တတိယထပ် (ဝဲ)၊
ယုဇနလမ်း၊ စေတောင်းရိပ်မွန်၊
ယုဇနဥယျာဉ်မြို့တော်

E-mail-EPC@mail2world.com
P.O Box - 234

www.burmeseclassic.com

www.burmeseclassic.com


| |
|---|
| **စာမူခွင့်ပြုချက်အမှတ်** |
| ၅၀၀၄၆၀၀၆၀၄ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် |
| ၅၀၀၅၇၅၀၆၀၅ |
| ထုတ်ဝေခြင်း |
| ဒုတိယအကြိမ် |
| ၂၀၀၆ ခုနှစ်၊ ဇွန်လ။ |
| အုပ်ရေ |
| ၅၀၀ |
| တန်ဖိုး |
| [illegible]၀၀ ကျပ် |


**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ခက်အောင်
နွေလက်ဆောင်
သည်မယ် ကြည့်စမ်း၊ ရွက်ကြွေလမ်းမှာ
ပန်းခြောက်လေးတွေ လေမှာလွင့်
အလွမ်းတစ်ပွင့် ပန်းတစ်ပွင့် ...။

နွမ်ဂျာသိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့မနက် နှင်းကျတာ ကြမ်းလိုက်တာ မီးရယ်။

အဆောင်က ထွက်လာကတည်းက မတွေ့တော့ဘူး။ တဖြည်းဖြည်းနဲ့ တက္ကသိုလ်နယ်မြေတစ်ခုလုံး နှင်းခဲကြီး ဖြစ်သွားတော့မလားတောင် အောက်မေ့ရတယ်။ အဖုံးအဆောင်း မရှိတဲ့ ကိုယ့်ခေါင်းတစ်ခုလုံးလည်း နှင်းစက်တွေ ဘယ်လောက်များနေပြီလဲဆိုတာတောင် မပြောတတ်တော့ဘူး။

သိတယ် မီး ...မကြာခင် ကိုယ် ဒုက္ခရောက်တော့မှာပဲဆိုတာ၊ မေဒင်မကြည့်ဘဲ တန်းထွက်လိုက်လို့ရတယ်။ ကြာလည်း သိပ်မကြာပါဘူး။ ဟတ်ချိုး ...ဟတ်ချိုးနဲ့ ကိုယ်နှာချေတော့တယ်။

တစ်ချိန်တည်းမှာပဲ ကိုယ့်အသက်ရှူ လမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း အဝတ်စုံရုံး မှုန်းမှုန်းကျုပ်ကျုပ် တင်းလာတယ်။ ထုံးစံအတိုင်း ကိုယ် နှာစေးပြန်ပြီ။

ကိုယ် ပြုံးလိုက်မိတယ်။

တော်သေးတာပေါ့ ... ခုနေမှာ မီးမရှိလို့။ မီးများရှိရင် ကိုယ့်ကို ဆူလိုက် ပူလိုက်မယ့် အမျိုး ...။

'အဲဒါကြောင့် မီးပြောတယ့် မဟုတ်လား ကိုကို၊ နှင်းထဲ မိုးထဲသွားရင် အဆောင်းမပါဘဲ မသွားပါနဲ့လို့၊ သိုးမွေးခေါင်းစွပ်လေးတစ်ခု ဝယ်ဆောင်းပါလို့၊ ခုတော့ထိပြီ ကောင်းတယ်၊ ကိုကို့ကို ပြောရတာ သိပ်လက်ဝင်တာပဲ၊ တော်ပြီ နောက်ကို ဘယ်တော့မှ ကိုကို့ကို စေတနာမထားတော့ဘူး'

နှုတ်ခမ်းစူလိုက်၊ မျက်စောင်းထိုးလိုက်၊ ခြေဆောင့်လိုက်နဲ့ ကိုကိုချင်း မိုးမှုန်အောင်ရန်တွေ့မယ့် မီးရဲ့ချစ်စရာ ဟန်လေးတွေကို သတိရလိုက်တာ။

လွမ်းလို့ ကောင်းလိုက်တာ ကလေးရယ်... ဒီလောက်အေးနေတဲ့ အချိန်မှာတောင် ရင်ထဲမှေး သွားတာပဲ။

သောကတွေ ဒေါသတွေမပါဘဲ အလွမ်းသက်သက်လေး လွမ်းရတာမို့လား မသိဘူး၊ ရင်ထဲမှာ ကြည်နူးလိုက်တာ။ ကိုယ်ပြောတာ ဒါပဲမီး ...။

ချစ်တယ်ဆိုတာ ငိုဖို့ ဒေါသဖြစ်ဖို့ ကြေကွဲလောင်မြိုက်ဖို့မှ မဟုတ်တာ၊ အချစ်ကြောင့် ရင်ထဲမှာ



လှုပ်လှုပ်ခုန်နေရမယ်၊ အမြဲနွေးထွေးနေရမယ်၊ အမြဲကြည်နူးလွမ်းဆွတ်နေရမယ် ...

လွမ်းတယ်ဆိုတာ သန့်သန့်လေး ခံစားတတ်ရင် သိပ်ကောင်းတဲ့ အရသာလေး တစ်ခုပါ မီးရယ် ... လောကမှာ အချစ်ကို တမ်းတပြီး လွမ်းရတယ်ဆိုတာ အလွယ်တကူ ပေါပေါပဲပဲရနိုင်တဲ့ အခွင့်အရေးမျိုးမှ မဟုတ်တာ။

လွမ်းဖို့အတွက် အစက သိပ်ချစ်ခဲ့ဖူးရမယ်၊ သန့်ရှင်းအေးမြစွာ လွမ်းနိုင်ဖို့အတွက် သိပ်ချစ်တုန်းကလည်း သန့်ရှင်းအေးမြစွာ ချစ်ခဲ့ဖူးရမယ်၊ အဆင်မသင့်လို့ ခွဲရမယ်ဆိုရင်လည်း ချစ်လျက်နဲ့ ခွဲခဲ့ရမယ်၊ ခွဲခဲ့ပြီးတဲ့နောက်မှာလည်း အဝေးကချစ်သူကို ဘယ်တော့မှ မမုန်းမမေ့ဘဲ အမြဲတမ်း ယုယုယယလေး ချစ်မြဲနေရမယ်၊ ဒါမှလည်း လွမ်းလို့ကောင်းမယ်...

ကိုယ် ဆုတောင်းပြည့်တယ်လို့ ခေါ်ရမှာပဲ မီး ...

မီးကို သိပ်ချစ်နေပြီဆိုကတည်းက ရင်ထဲမှာ ဆုတောင်းလေး တစ်ခုရှိခဲ့တယ်၊ အဲဒါက ဘာလဲဆိုတော့ မီးနဲ့ကံကောင်း အကြောင်းလှလို့ ပေါင်းရရင်လည်း ပျော်ရွှင်စွာပေါင်းရပါစေ၊ ကံမကောင်း အကြောင်းမလှလို့ မပေါင်းရရင်လည်း ကျေနပ်စွာ လွမ်းပါရစေ ...လို့

www.burmeseclassic.com

www.burmeseclassic.com



ခု … ကိုယ် ကျေကျေနပ်နပ်လေး လွမ်းနေပါတယ် မီး …

ကိုယ် လွမ်းနေရင်း ပိတ်လာတဲ့ နှာခေါင်းကြောင့် ဒီတစ်သက်မှာ ကိုယ်နဲ့ ဘယ်တော့မှ မခွဲမခွာရှိနေပြီ၊ ကိုယ့်အသက်လိုပဲ ထိန်းသိမ်းစောင့်ရှောက်ရမယ့် အစိမ်းရောင် ဇစ်ထရီရှုဆေးဘူးလေးကို ဆွယ်တာအိတ်ထဲက ထုတ်ယူလိုက်တယ် …

ရှူဆေးရှူ ရှူဆေးနံ့လေးက သိပ်ကျေးဇူးတင်ဖို့ ကောင်းတာပဲ။

ကျေးဇူးတင်ပါတယ် မီးရယ် …

မီးကျေးဇူးကြောင့် ကိုယ့်မှာ သက်သက်သာသာလေး လွမ်းရတာပေါ့။

အဓိပတိလမ်းမကြီးက အရှည်ကြီးပါ၊ ကိုယ်ကလည်း ခပ်ဖြည်းဖြည်းပဲ လျှောက်သွားမှာပါ၊ မီးကို အကြာကြီး လွမ်းသွားလို့ ရတယ် …။

လွမ်းစရာတွေကလည်း အများကြီး မဟုတ်လား မီး၊ မနေ့တစ်နေ့ကမှ စခဲ့တဲ့ အဖြစ်မှ မဟုတ်ဘဲ။

ပြီးခဲ့တဲ့ ဇာတ်ကြောင်း၊ မုံပြင်မှတောင်းကို
လွမ်းဖို့ကြောင်းဖွဲ့တယ်၊ အလွမ်းသည် … လို့
ဘယ်သူဘယ်ဝါ၊ ဘယ်လိုခေါ်ခေါ်
မမှုတော့ဘူး …
ချစ်တော့လွမ်းတယ် အသက်ရယ် …။

ဆိုတဲ့ မဂ္ဂဇင်းတစ်စောင်မှာ ဖတ်ခဲ့ဖူးတဲ့ ကဗျာလေးတစ်ပုဒ်ထဲကလိုပဲ . . . ပြီးခဲ့တာတွေ ခဏခဏပြန်တွေးပြီး သက်သက်မဲ့ အလွမ်းသည် လုပ်နေတာပါလို့ ပြောရင်လည်း ခံရုံသာရှိပါသည်။

မြတ်နိုးတွယ်တာဆုံး အရာတစ်ခုကို မဲတတ်သာစွာ ဆုံးရှုံးပြီးသည့်နောက်ပိုင်း ကျွန်တော့်ဘဝတွင် ခွေးမြည့်စွာ လွမ်းဆွတ်ခြင်းတစ်ခုသာ မက်မောတွယ်တာစရာ ကျန်ရှိခဲ့သည်မို့ တမ်းတစွာ သတိရခြင်းများသည် ကျွန်တော့်ဘဝအမေ့ဖြစ်ပါသည်။

www.burmeseclassic.com



နားလည်တတ်လျှင် ခွင့်လွှတ်နိုင်ပါလိမ့်မည်။

မီးနှင့်စတွေ့သော နေ့ရက်များသည် ကျွန်တော့်ဘဝအတွက် ရင်အခုန်လှုပ်ရှားဆုံးနေ့များဟု ဆိုလျှင်မမှားပါ . . .။

လွမ်းပြီဆိုသည်နှင့် ထိုရက်များကို ရှေ့ဦးထား၍ သတိရမိမှာ မုချမလွဲ ဖြစ်ပါ၏။

ထိုအချိန်က တက္ကသိုလ်၏ ကျောင်းဖွင့်ရက်များသည် ...က်တင်ဘာ (၁)ရက်နှင့် စက်တင်ဘာ (၇)ရက်များ ဖြစ်သည်။

ကျောင်းတိုင်းလိုလိုပင် ဒုတိယနှစ်မှ အစပြုသော ကျောင်း ...ားဟောင်းများကို စက်တင်ဘာ(၁)ရက်နေ့တွင် ဖွင့်ပြီး ပထမနှစ် ...င်မယ်သစ်လွင်များအတွက် ကျောင်းဖွင့်ရက်သည် စက်တင် ... (၇)ရက်ဖြစ်၏။

ထိုနေ့က စက်တင်ဘာ(၅)ရက်။ စနေနေ့။ ထိုအချိန်က ...ာင်း၏ထုံးစံအတိုင်း စနေနေ့ဆိုလျှင် အတန်း သိပ်မရှိတတ်။ ...ည့်တိုင် နေ့လယ်ဆယ့်တစ်နာရီ မထိုးခင်လောက်မှာ အတန်း ...ပြတ်သည်။ ကျွန်တော်တို့ ပထဝီ တတိယနှစ်မှာတော့ စနေနေ့ ...ပိုင်း နှစ်ချိန်တက်ရသည်။

အတန်းပြီးချိန်တွင် တာဝန်လေးတစ်ခု ယူထားမိသည် ...ဖြင့် ရန်ကင်းဘက်သို့ ထွက်လာခဲ့၏။

တာဝန်က တခြားမဟုတ် . . . ဒီနှစ် ဆယ်တန်းအောင် ... ကျွန်တော့် ဝမ်းကွဲညီမတစ်ယောက်နှင့် ညီတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် တက်ရသောအခါ တက္ကသိုလ်အကြောင်း နည်းနည်း ပါးပါး ကြိုသိထားရန် ဟိုတီဒီတီးဆိုကာဖြစ်ပါဟု ပွဲဆာထားသဖြင့် သူ သူ့အခေါ်ကြီး တက္ကသိုလ်ပရဝုဏ်နှင့် မိတ်ဆက်ပေးရန် ဖြစ် သည်။

အချိန်ကတော့ သူတို့လည်း ကျောင်းဖွင့်ဖွင့်ချင်း ကျောင်း တက်ရသေးသည်မဟုတ်။ ငွေသွင်းရန်တို့စွတို့ မောင်မယ်သစ်လွင် ကြိုဆိုပွဲတို့ ဘာတို့ညာတို့ လုပ်နေရသဖြင့် တစ်ပတ်နှစ်ပတ် ဒီလိုပဲ ယောင်ယောင် ယောင်ယောင်နှင့် ပြီးသွားမည်ကိစ္စ။ ထိုယောင်နေ သည့် ရက်များတွင် ကျောင်းလာရင်းနှင့် ဟိုဒီလိုက်ပြထားလိုက် လျှင်လည်း တက္ကသိုလ်နှင့် ရင်းနှီးကျွမ်းဝင်သွားနိုင်ပေသည်။ တကူး တက တစ်ခေါက်လာစရာပင် မလို။

သို့သော် ခက်သည်က ကျောင်းသားကျောင်းသူဆိုတော့ လည်း ကျောင်းသားကျောင်းသူစိတ်ပင်ရှိ၏။ ဆယ်တန်းဆိုသည့် မဟာတံတိုင်းကြီးကို နှစ်နှင့်ချီ၍ အတင်းရုန်းကန်ကျော်ဖြတ်လာခဲ့ ရခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ တက္ကသိုလ်ရောက်ဖို့ ပင်ဖြစ်ရာ ခုလို ကျောင်းတက်ခါနီး မပြောနှင့် တက္ကသိုလ်ဝင်ခွင့် မလျှောက်ခင် ဆယ်တန်းအောင်စာရင်းကြည့်ပြီးကတည်းက ဘယ်သူမဆို စားမဝင်အိပ်မပျော်နှင့် တက္ကသိုလ်အိပ်မက် ကြိုမက် တတ်ကြသည်မှာ ထုံးစံ။ နောင် ကျောင်းတက်ပြီး လေးငါးခြောက်လ ကြာသည်နှင့် သူလို ငါလိုဖြစ်ပြီး ရိုးသွားသော်လည်း ကျောင်း မတက်ခင်စပ်ကြားမှာတော့ တက္ကသိုလ်ဆိုသည်မှာ စိတ်ကူးနှင့် မှန်း လွမ်းနေရ၊ ပျော်နေရသည့် နတ်ဘုံနတ်နန်းကြီးတစ်ခုပင်။

နယ်အဝေးကြီးက လာသူများ ထားတော့ . . နေ့တိုင်းလိုလို



ချင်တက်ရင်း၊ မြို့ထဲသွားရင်း ဖြတ်သွားဖြတ်လာ မြင်နေရသော ကုန်သူ ရန်ကုန်သားများပင် တကယ် တက္ကသိုလ်တက်ရမည် ဆော့ အလိုလိုနေရင်း ရင်ခုန်နေတတ်သည်။

အင်းလျားကန်တို့၊ ဘွဲ့နှင်းသဘင်တို့၊ သစ်ပုတ်ပင်တို့၊ တော်တောတို့ထံသို့ ခုချက်ချင်း ပြေးဝင်ခိုလှုံချင်စိတ်ဖြင့် နေမရ င်မရ ဖြစ်တတ်သည်မှာလည်း ထုံးစံ။

ကလေးတွေသာ ဒီလိုဖြစ်သည် မထင်နှင့်၊ သားသမီးကို ထွက် တက္ကသိုလ်ပို့ရသော မိဘတွေလည်း ထိုအချိန်မှာ ခါတိုင်း ပုံမှန်အနေအထားဘဲ့မရှိ။ တခြားမကြည့်နှင့် ကျွန်တော့်ဦးလေး အငြိမ်မနေနိုင်။

ခါတိုင်းလည်း ကျွန်တော် နယ်မှလာ၊ အဆောင်ဝင်ပြီးတာ ဦးလေးတို့အိမ် တစ်ခေါက်လောက် ရောက်တတ်သည်။ သိပ် ရော်ဝင်ဝင် စကားပြောတာမျိုးမရှိ။ ဘာလိုသေးလဲကွ၊ ဘာညာ ခွန်းစ နှစ်ခွန်းစသာ နှုတ်ဆက်သည်။ ကလေးတွေနှင့်သာ င်ပြောမြောက်ပြောပြောပြီး ပြန်လာခဲ့ရသည်။

ဒီနှစ် ကျွန်တော်ရောက်တော့ ဒီလိုမဟုတ်၊ တစ်ခါမျှ မကြုံ ထူးကဲလှိုက်လှဲစွာ ကြိုဆိုသည့်အပြင် . . .

"အတော်ပဲ မောင်အေးချမ်းရေ . . . ဒီနှစ် မင်းညီမ သိင်္ဂီ မင်းညီ ဖိုးတိုးရော တက္ကသိုလ် တက်ရတော့မှာဆိုတော့ သူတို့ ကျောင်းမဖွင့်ခင် တစ်ရက်လောက် အိမ်လာခဲ့ဦးကွာ၊ ပြီးတော့ ယောက်စလုံး ခေါ်သွားပြီး ကျောင်းထဲ လိုက်ပြလိုက်စမ်းပါ စောကြီးထဲက မင်းတို့ မျှော်နေကြတာကွ၊ ကိုအေးချမ်းကြီးနဲ့ ဟန်ကျတာပဲဆိုပြီး မင်းညီရော ညီမရော တဖွဖွပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . တော်တော်ကြီး နဟ်ကြီးတဲ့ တက္ကသိုလ်ပေပဲ ဟု တွေးရင်း ပြုံးမိသည်။

ထိုစဉ် ကျွန်တော်စီးလာသော အငှားယာဉ်လေးဘီးကားက ရန်ကင်းကျောက်ကုန်းလမ်းမကြီးအတိုင်း ချိုးဝင်၍ ဦးလေးတို့ တိုက်ရှေ့နား ရောက်လာသည်။ ကျွန်တော် ကားကိုရပ်ခိုင်းပြီး ငွေရှင်း၍ ခြံဝသို့ လျှောက်လာခဲ့သည်။

မျှော်နေတဲ့လူတွေ တမောင့်မောင့်ဖြစ်မှာစိုး၍သာ ဘတ်စ်ကားနှင့် မလာဘဲ ကားငှားလာရသည်။ ကျွန်တော့် ရှိစုမဲ့စု ဘတ်ဂျက်ကလေးထဲမှ ဆယ့်နှစ်ကျပ် ထိသွား၏။

"လာ . . . အစ်ကို . . . အတော်ပဲ၊ ကျွန်တော်တို့က အစ်ကို လာမှ လာပါ့မလားဆိုပြီး တပူပူနဲ့ စောင့်နေရတာ"

ကျွန်တော် ခြံဝရောက်သည်နှင့် အိမ်ရှေ့ ပေါ်တီကိုအောက်မှနေ၍ စောင့်နေဟန်တူသော ဖိုးတိုး ကမန်းကတန်း ပြေးလာသည်။ တံခါးဖွင့်ရင်း ဝမ်းသာအားရပြော၏။ ကျွန်တော်ရယ်လိုက်ပြီး . . .

"လာပါတယ်ကွာ၊ မလာဘဲ ဘယ်နေမလဲ၊ ဦးလေးတို့ရော ရှိလား"

"ဒက်ဒီတော့ မရှိဘူး အစ်ကို၊ ရုံးက ပြန်မလာသေးဘူး၊ မာမီရှိတယ်၊ မာမီလည်း အစ်ကို့ကို မျှော်နေတာ"

စုစုပေါင်းမှ သားနှင့်သမီး နှစ်ယောက်ရှိသည့်အနက် သားအကြီးက ဆယ်တန်းမှာ တစ်နှစ်ထိုင်ပြီး သမီးနှင့်အတူ တက္ကသိုလ်



နှစ်ယောက်လုံး တစ်ပြိုင်တည်းတက်ရမှာမို့ အဖွားကြီးလည်း တက္ကသိုလ်နတ် ဖမ်းစားခြင်းကို ကောင်းကောင်း ခံနေရမှာ သေချာသည်။

"အို . . ."

တိုးနှင့်အတူ လျှောက်လာရင်း ဧည့်ခန်းထဲ ဝင်လိုက်သည်နှင့် ရင်ထဲမှာ လှုပ်ခနဲ ဖြစ်သွား၏။

ဧည့်ခန်းထဲတွင် ကျွန်တော် မျှော်လင့်ထားသော လူအရေအတွက်ထက် တစ်ယောက် ပိုရှိနေသောကြောင့်ပင်။

အဲ . . . တစ်ယောက်ကလည်း ရိုးရိုးတစ်ယောက် တွေ့လိုက်ရသည့် ခဏလေးမှာပင် ရင်တစ်ခုလုံးကို ဆွဲကိုင်လှုပ်ခါလိုက်သလို ဖြစ်သွားအောင် ရက်ရက်စက်စက်လှသော မိန်းကလေး တစ်ယောက်။

အမှန်တော့ ကျွန်တော့်အရွယ်နှင့် ကျွန်တော့်ပညာနှင့် ဒီလောက်တော့ ဖြစ်သွားဖို့ မကောင်း၊ အရွယ်ကလည်း ကိုယ့်ညီမနှင့် ရွယ်တူလေးမို့ ကိုယ့်ဘက်က ဣန္ဒြေသိက္ခာတော့ ရှိဖို့ကောင်းသည်။ ခုတော့ အပြင်ပန်းက ဣန္ဒြေမရ ဖြစ်သွားရသည်။ ဖြူဖွေးနုညက်နေသော မျက်နှာအသားလေးပေါ်မှာ စိမ်းနက်နက်လေး ထင်းနေသော မျက်ခုံး၊ ဝန်းဝိုင်းကြည်လင်နေသော မျက်လုံး။

"ကိုကိုကလည်းကွာ အရမ်းနောက်ကျတာပဲ၊ သီဂီတို့စောင့်နေတာ တစ်နာရီလောက်ရှိပြီ"

ရောက်ရောက်ချင်း ဆီးအပြစ်တင်လိုက်သော သီဂီကို ပြုံးပြလိုက်ပြီး . . .

"ကိုကိုလည်း အတန်းပြီးပြီးချင်းထွက်လာတာ သီဂီရဲ့ ဘချိန်

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ကြာမှာစိုးလို့တောင် အငှားကားနဲ့ ပြေးချလာတာ"

အဒေါ်က ရယ်သည်။

"မောင်အေးချမ်းရေ မင်းတော့ မလွယ်ဘူး၊ မင်းညီတွေ ညီမတွေတော့ မင်းကို ကောင်းကောင်းဆိုးတော့မှာပဲ၊ ကြည့်သာ ထိန်းပေတော့"

အဒေါ့်စကားနားထောင်ရင်း သိဂီ့ပူညံပူညံ နားစွင့်ရင်း မသိမသာ ဆင်စွယ်ရုပ်ကလေးကို ကြည့်မိသည်။ ဖြူဖွေးကြည်စင်နေသော သွားကလေးများလှစ်၍ ကျွန်တော်တို့ကို ပြုံးကြည့်ရင်း ကြွေရုပ်ကလေး ထိုင်နေသည်။

"တဲပါ . . . အာလူးတွေ ဖုတ်မနေနဲ့တော့၊ သွားမယ် . . . လာ၊ ကိုတိုး ကားထုတ်ပြီးပလား"

တိုးက ခေါင်းညိတ်၍

"ထုတ်ပြီးပြီ အဆင်သင့်ပဲ"

"ဒါဖြင့် သွားမယ်၊ လာ . . . မီး သွားစို့"

အလိုက်သင့် ထရပ်ရင်းနှင့် ထိုနာမည်လေးကို သတိပြုမိသည်။ မီး ဆိုပါလား။ ကျောင်းနာမည်တော့ ဖြစ်ပုံမရ။ အချင်းချင်းခေါ်သော အိမ်နာမည်ပဲဖြစ်မည် ထင်သည်။

အမှန်တော့ လုံးဝမလိုက်သော နာမည်ပင်။

မီး . . ဆိုပေမယ့် . . မီးလို ပူပူလောင်လောင်လေး မဟုတ်။ နှင်းပွင့်လေးလို ဖြူဆွတ်အေးမြလှပသော မိန်းကလေး ဖြစ်၏။

၈



မာဇဒါ ဆီဒင်အနီရောင် ကားလေးကို ကျင်လည်စွာ မောင်းနေသော တိုးကို ကျွန်တော် တစ်ချက်လှမ်းကြည့်သည်။ အသက်အားဖြင့် ကျွန်တော့်ထက် တစ်နှစ်သာ ငယ်သော်လည်း အေးချမ်းသော ဘဝရိပ်မြုံမှာ နေရသူမို့ များစွာနုပျိုသည်။ သူ့ထက် နှစ်နှစ်ယောက်ငယ်သော သိဂီတို့နှင့်မှ ရွယ်တူလိုဖြစ်နေသည်။

သူ့သတ္တိလေးကလည်း ချီးကျူးဖို့ကောင်းသည်။ မနှစ်က ဆယ်တန်းဖြေရင်းနှင့် တစ်ဘာသာမှာ ထင်သလောက် မဖြေနိုင်။ သူလိုချင်သော လိုင်းကို ရဖို့မသေချာသဖြင့် ထိုနှစ်က အကျခံခဲ့သည်။ ဒီနှစ်တော့ ဂုဏ်ထူးသုံးဘာသာနှင့်အောင်ပြီး သူတက်ချင်သော စက်မှုတက္ကသိုလ် တက်ခွင့်ရသည်။

"တိုး . . . မင်းရော အာဇာနိုင်တီရောက်ပြီးပြီလား"

တိုးက ရယ်သည်။

"ကျွန်တော်က မနှစ်တည်းက အာဇာနိုင်တီ ရောက်ပြီထင်ပြီး ကျောင်းထဲ မွှေနှောက်ထားခဲ့တာ အစ်ကိုရဲ့၊ အာဇာနိုင်တီမှာ ကျွန်တော့်သူငယ်ချင်းတွေ ရှိတယ်၊ ရာဇူးထဲ ကျွန်တော် သွားမိရင် အဲဒီကျောင်း တက်ရမှာစိုးလို့ မသွားဘဲ တမင်နေတာ"

"ကြည့် . . . ကိုကို၊ ကိုတိုးကို သိဂီ အဲဒါကြောင့် မုန်းတာ၊ ရာဇူးဆို သူက သိပ်နှိမ်တာ၊ ခုလည်း ပြောတာကိုကြည့်ပါဦး၊ သွားမိရင် တက်ရမှာစိုးလို့ မသွားဘဲနေတာတဲ့"

တိုးက အာဇာနိုင်တီသမားမို့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ရောက်မှ သောမလောက် ကြောက်နေသူဖြစ်ရာ သူ့စကားကြောင့် ရာဇူးတွင် တက်ရမည့် သိဂီတို့ကို တည့်တည့်လာထိနေသဖြင့် ပထ္တဝေဒ အဓိကသမား သိဂီက မဲ့မဲ့ရွဲ့ရွဲ့ဝင်ပြောသည်။

ကျွန်တော် ပြုံးလိုက်ပြီး . . .

"မဟုတ်ပါဘူး သိင်္ဂီရာ၊ တိုးက အင်ဂျင်နီယာဖြစ်ချင်နေတာ ဆိုတော့ အင်ဂျင်နီယာ, မဖြစ်ရမှာ စိုးလို့ပြောတာပါ"

"သူ့အင်ဂျင်နီယာကြီးလည်း သိင်္ဂီတို့က မဖြစ်ချင်ပါဘူး။ ရာဇူးက ပျော်ဖို့ကောင်းတယ်၊ ရာဇူးပဲ တက်ချင်တယ်"

တိုးက သဘောကျစွာ ရယ်၏။

"အေးပေါ့ဟ . . . မြေခွေးက သူမမီတော့လည်း စပျစ်သီး တို ချဉ်တယ်လို့ ပြောတာပေါ့"

"အမယ် . . . မဆိုင်ပါဘူးနော်၊ ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ်ပါ"

"ကဲပါ . . . သိင်္ဂီရယ်၊ စကားနိုင် လုမနေပါနဲ့၊ တို့ကညို့လို့ ရာဇူးမဲရတာပါလို့ ပြောလိုက်ရင် ကိုတိုး ကျေနပ်သွားမှာပါ။ အဲဒီလို ပဲ ပြောလိုက်"

စောစောကအထိ မောင်နှမနှစ်ယောက် စကားနိုင်လုနေ သည်ကို ပြုံးကြည့်နေသော မီးဆိုသည့်ကောင်မလေးက ခပ်ထေ့ထေ့ လေး ဝင်ပြောသည်။ ကေန္တ သူလည်း ရာဇူးအမားပင် ဖြစ်မည် ထင်၏။

မောင်နှမနှစ်ယောက် စကားလုပွဲ ရပ်သွားအောင် ကျွန်တော်က စကားလွှဲသည့်အနေနှင့် . . .

"သူရော . . . သိင်္ဂီတို့မေကျောတူတူ လူကပဲလား"

ကောင်မလေးက 'မဟုတ်ဘူး . . . မီးက ဘော့တနီ' ဟု ခပ်တိုးတိုးဖြေသည်။ သိင်္ဂီက ဝင်၍ . . .

"ဩော် . . . မေ့နေလိုက်တာ၊ ကိုကိုနဲ့မီးကိုတောင် မိတ်



ဆက်မပေးရသေးဘူး၊ မီးက သိင်္ဂီ့သူငယ်ချင်းကိုကိုရ၊ သိင်္ဂီနဲ့ အတူတူ တစ်ကျောင်းတည်းက အောင်တာ၊ သူက ရုက္ခဗေဒ ရတယ်လေ၊ အိမ်နာမည်က မီးမီး ကျောင်းနာမည်က စပယ်ဖြူတဲ့၊ မလှဘူးလား"

စပယ်ဖြူလေးတွင် နှင်းဆီ ပန်းရောင်ငွေ့လေး ရိပ်ခနဲ သမ်း သွားသည်။

"သိင်္ဂီနော် . . . မယုတ်က ဟုတ်ကတတ္တွ မပြောနဲ့၊ မီးက သိင်္ဂီလောက် မလှပါဘူး"

ကျွန်တော် ရယ်ရုံသာရယ်သည်။ ရယ်ရင်းနှင့် စပယ်ဖြူဟု သိပ်လိုက်ဖက်သည့် အမည်ရှိသည့် မီးဘက်သို့ လှည့်လိုက်ပြီး . . .

"တို့နာမည် အေးချမ်းနော် . . . မှတ်ထား၊ သိင်္ဂီအစ်ကိုဟာ မီးတို့အစ်ကိုပဲ၊ လိုတာရှိရင် ဘာမဆို အကူအညီတောင်း"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ကိုကို"

"အစ်ကို . . . သူတို့ကို သွားပြီး အရမ်းအကူအညီပေးမယ် ဘာညာမပြောနဲ့၊ သိပ်ကဂျိုကကျောင်မျှားတာတွေ၊ ဟိုဟာပူဆာ၊ ဒီဟာပူဆာနဲ့ ပူညံပူညံ သိပ်လုပ်လိမ့်မယ်"

"အမယ် . . . နင် ဝင်မပါနဲ့ ကိုတိုး၊ ကိုအေးချမ်းက နင့်လို စိတ်ပုပ်တာ မဟုတ်ဘူး၊ သဘောကောင်းတယ်၊ ငါတို့အစ်ကို ငါတို့ ပူဆာမှာ ဘာဖြစ်လဲ၊ နင်နဲ့ မဆိုင်ဘူး"

နောက်ဆုံးတော့ ဒီမောင်နှမရန်ပွဲဆီပဲ ပြန်ရောက်၏။

ဘာပဲဖြစ်ဖြစ် စီးနေသော ကားလေးထဲမှာ လေးယောက် တည်းရှိသော်လည်း ဝိုင်းက စည်ကားနေတာတော့ အမှန်။

www.burmeseclassic.com

www.burmeseclassic.com

"သိင်္ဂီ . . . ငါ ဘယ်နှစ်နာရီ လာကြိုရမလဲ"

ချောင်းထဲရောက်၍ သိပ္ပံအဆောက်အအုံ ငွေသွင်းဌာနရှေ့တွင် ကားလေးရပ်လိုက်ပြီး ကျွန်တော်တို့ ကားပေါ်က ဆင်းနေဆဲ တိုးစကားကြောင့် ကျွန်တော်က လှမ်းပြီး . . .

"ဘာလဲ တိုး၊ မင်း မလိုက်တော့ဘူးလား"

"မလိုက်တော့ဘူး အစ်ကို၊ ကျွန်တော် သွားစရာ ရှိသေးတယ်၊ သူတို့ပြန်ချိန်ကျမှ ကျွန်တော် လာခေါ်မယ်"

တိုးစကားကြောင့် သိင်္ဂီမဲ့သည်။

"ဘယ်လိုက်နိုင်မလဲ၊ သူက သူ့ကောင်မတွေဆီ အခါစားဝင်ရဦးမှာ ကိုကိုရဲ့ ထင်သားပဲ . . . သိင်္ဂီတို့ကို အကြောင်းပြထွက်ပြီး လျှောက်ရှုပ်ဦးမယ်ဆိုတာ"

"ဟ . . . ငါက နင်တို့နဲ့ ဘာလိုက်လုပ်ရမှာလဲ၊ ငါ့ကိစ္စနဲ့ငါ သွားမှာပေါ့"

"သွားပါ . . . သွားပါ၊ ဘယ်သူမှလည်း တားမနေပါဘူး ရှုပ်တောင်ရှုပ်သေးတယ်"



"အေးပါ . . . ပြီးတာပါပဲ၊ သွားမယ်အစ်ကို၊ လေးနာရီလောက်မှ ကျွန်တော် လာခဲ့မယ်၊ ဒီနားကပဲ စောင့်"

ကျွန်တော် ခေါင်းညိတ်ပြသည်။

တိုးက ကားကို ဂီယာထိုးပြီး ငြိမ့်ငြိမ့်လေး မောင်းထွက်သွားသည်။ ကျွန်တော်က သိင်္ဂီတို့နှစ်ယောက်ဘက် မျက်နှာမူလိုက်ပြီး . . . "ကဲ . . . ဘယ်သွားမလဲပြော သိင်္ဂီ၊ သိင်္ဂီတို့ စတက်ရမယ့်အတန်းကတော့ ဒီဘက်မှာ မရှိဘူး၊ ကိုယ်စောစောတုန်းကပြခဲ့တဲ့ကျောင်းအဝင် ခြသေ့်တံခါးနားက မန္တလေးဆောင်မှာ၊ ဒါက သိပ္ပံအဆောက်အအုံ၊ ဟိုအပင်ကြီးက သစ်ပုပ်ပင်၊ ဟောဟိုကတာတာအဲ့နှင်းသဘင်၊ တို့နဲ့ မျက်နှာချင်းဆိုင် လမ်းဟိုဘက်က ဝိဇ္ဇာခန်းမ၊ အဲဒီညာဘက်လမ်းကျော်ရင် စီးပွားရေးတက္ကသိုလ်၊ ဘယ်ဘက်ကအပန်းဖြေရိပ်သာ"

ကျွန်တော်က ဇယ်ဆက်သလို တစ်ဆက်တည်း လျှောက်ပြလိုက်သည်။ သိင်္ဂီက ခေါင်းခါ၍ . . .

"ဟင့်အင်း . . . အဲဒီလို မပြနဲ့၊ ဒီလိုပဲ လျှောက်သွားမယ်၊ လျှောက်ရင်းနဲ့ တွေ့သမျှ အကုန်ပြောပြ"

"ဟုတ်ပြီ၊ ကဲ . . . ဒါဖြင့်ပြော၊ ကျောင်းလခ ငွေသွင်းရမယ့်နေရာကစပြီး သိပ္ပံအဆောက်အအုံကြီးကို ပထမ တစ်ပတ်ပတ်မယ် . . . ဟုတ်လား"

နှစ်ယောက်စလုံး ပြုံး၍ ခေါင်းညိတ်သည်။

မီးသည် ပြုံးလျှင်ပိုလှကြောင်း ထပ်မံသတိထားမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေ့သွင်းသည့်နေရာကိုပြပြီး အပေါ်ထပ်တက်သည့် လှေကား
ဘက် မဝင်တော့ဘဲ ဘယ်ဘက်စင်္ကြံအတိုင်း လျှောက်လာကြသည်။

"ဒါက နားနေခန်းတွေ၊ ဒီဘက်က ကျောင်းသူနားနေခန်း
အယ်လ်စီအာ၊ ဟိုဘက်က ကျောင်းသားတွေအတွက်"

"အဲဒီမှာ ဘာလုပ်ရတာလဲ"

"ဘာမှ မလုပ်ရဘူးလေ၊ ကျောင်းက တစ်ဆက်တည်း တက်
ရတာမှ မဟုတ်ဘဲ၊ အချိန်အားလို့ ဘယ်မှမသွားချင်ဘဲ နားနေချင်
ရင် ဒီမှာလာပြီး အေးအေးဆေးဆေး စာ ဖတ် ဖတ် အိပ် အိပ်
နားလို့ရတာပေါ့"

"ဟန်ကျတာပဲ မီး၊ နင် အိပ်ပုပ်လာကြီးဖို့တော့ နေရာ
ကောင်းရပြီ"

"အေးဟ . . . ပွတာပဲ"

စောစောကထက်စာလျှင် တဖြည်းဖြည်းရင်းနှီးလာ၍လား
မသိ . . . ရွှတ်တွတ်တွတ်လေးတွေ နောက်စပြုလာသည်။ ချစ်စရာ
ကောင်းသော အမူအရာလေးများကိုလည်း လှစ်ခနဲ လှစ်ခနဲ
မြင်တွေ့နေရသည်။

"လာ . . ဒီဘက် အရင်သွားမယ်၊ ဒီဘက်က ရူပဗေဒဌာန

ကျွန်တော်က ကျောင်းသား နားနေခန်းဘက်မှ စင်္ကြံအဆုံး
တွင် ဘယ်ဘက်သို့ ချိုးကွေ့ပြီး ပြောပြသည်။ မီးက မျက်မှောင်လေး
ပင့်လိုက်ပြီး . . .

"အဲ . . . သိဂီ . . . အဲဒါက နင့်အတွက် အရေးကြီးတယ်
သေချာမှတ်ထား . . . ရူပဗေဒဌာနတဲ့"



"ဟဲ့ . . ."

သိဂီ့မျက်နှာတွင် ရှက်ပြုံးတစ်ခုပေါ်လာပြီး မျက်လုံးဖြူး၊
အောက်နှုတ်ခမ်းကို အပေါ်သွားနှင့် ကိုက်၍ ကျွန်တော့်ဘက်
မျက်စပစ်ပြီး မီးကို ဆိတ်ဆွဲဟန်ပြုသည်။

ကျွန်တော် သူတို့ ဘာအဓိပ္ပာယ်နှင့် ပြောဆိုနေသည်ကို
ရိပ်မိသဖြင့် အသာပြုံးနေလိုက်သည်။ ဒီခေတ် ဒီအခါမှာ အစ်ကိုတို့
မောင်တို့မှာ များစွာ နေတတ်ထိုင်တတ်ဖို့ လို၏။

ဒီကိစ္စက သိဂီ ပတ်သက်ရာပတ်သက်ကြောင်းတစ်ခုခုကို
ရည်ညွှန်း၍ ပြောလိုက်ခြင်းဖြစ်သည်ဟု နားလည်ရင်းနှင့် တစ်စုံ
တစ်ခုကို သတိရသည်။ သိဂီ့ပတ်သက်ရာ ပတ်သက်ကြောင်းက
ရူပဗေဒဌာနဟုဆိုလျှင် မီးနှင့်ပတ်သက်သော ဌာနကရော . . .

ရင်ထဲတွင် အလကားနေရင်း မူသလိုဖြစ်သွား၏။

'အင်းလေ . . . သူ့အရွယ်နဲ့သူပဲ၊ သူ့ဟာနဲ့သူလေးတွေ
ရှိကြမှာပေါ့'

စိတ်ကိုရအောင် ဖြေလိုက်သည့်ကြားက ဟာတာတာကြီး
ဖြစ်သွားသည်။

♫ စံပယ်ဖြူ . . . ပန်သူနှင့်လေး . . . ♫

ဆိုသည့် ရှေးသီချင်းကြီးထဲကလား ဘယ်ကလား မသိသည့်
စကားတစ်ခုကို အမှတ်တမဲ့ သတိရလိုက်သည်။

ပန်သူမရှိပါနဲ့ဦး . . . စံပယ်ဖြူရယ် . . . ဟု ရင်ထဲက
တိုးတိုးရေရွတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသော မျက်နှာလေးနှင့် ချစ်စရာကောင်းသော အမူအရာအပြောအဆိုလေးများကို မျက်စိထဲက ဖျောက်၍မရ။

သူတို့ပြန်သွား၍ အဆောင်ပြန် ရေမိုးချိုး ထမင်းမစားခင် ဟိုနားဒီနား လမ်းလျှောက်နေတော့လည်း သတိရနေသည်။ ထမင်းစားနေရင်းလည်း သတိရသည်။ ထမင်းစားပြီး အဆောင်ရှေ့ အုတ်ခုံတွင် လေညင်းခံရင်း ထိုင်နေတော့လည်း သတိရသည်။

ထိုနေ့ကျမှ ခါတိုင်းမိုးရွာနေကျပင် မရွာ။ မြူကင်းနေသော ကောင်းကင်ပြင်မှ လင်းလင်းထိန်ထိန် ဖြစ်နေသော လမင်းကို ကြည့်ပြီး ရင်ထဲမှာ ကြည်နူးနေမိသည်။ ဘဝမှာ ဒီလိုတစ်ခါမျှ မခံစားခဲ့ရဖူးချေ။

စကားသံလေးများ ပြန်ကြားနေမိသည်။

"ကျေးဇူးတင်ပါတယ် ကိုကို"

"ကဲပါ သီဂီရယ် . . . စကားနိုင်လုမနေပါနဲ့၊ တို့က ညှံ့လို့ ရာဇူးပဲ ရတာပါလို့ ပြောလိုက်ရင် ကိုတိုး ကျေနပ်သွားမှာပါ"

"အဲ . . . သီဂီ အဲဒါက နင့်အတွက် သိပ်အရေးကြီးတယ် . . . သေချာမှတ်ထား၊ ရူပဗေဒဌာနတဲ့"

များများစားစား စကားပြောမသွားသဖြင့် သတိရစရာလည်း သိပ်များများစားစားမရှိ။ မှတ်မိသော စကားသုံးမျိုးစလုံးကို အပြုံးနှင့် ပြောသွားသည်ဆိုသည်ကိုတော့ သတိပြုမိသည်။ ပဌမစကားက ကျေးဇူးတင်ပြုံး မိတ်ဆက်ပြုံး ခင်မင်ပြုံး၊ ဒုတိယစကားက ဖြန်ဖြေပြုံး၊ နှစ်သိမ့်ပြုံး၊ ခွင့်လွှတ်ပြုံး၊ တတိယစကားက စပြုံး၊ နောက်ပြုံး၊ အပျော်ပြုံး။



ဘယ်လိုပြုံးပြုံး၊ ထိုအပြုံးအားလုံး ချစ်စရာ ကောင်းနေတာတာလည်း အမှန်။

မီးဆိုသည့် ကောင်မလေးသည် သိပ်ချစ်ဖို့ကောင်းသော ကောင်မလေးပင်၊ ခင်မင်သော သူငယ်ချင်းမလေးအဖြစ်နှင့် ဆိုလျှင်လည်း ဒီလို သူငယ်ချင်းမျိုးလေး ရှိဖူးသဖြင့် ဘဝမှာ များစွာ ဂုဏ်ယူဖို့ကောင်းသည်။ နောက်တစ်မျိုးက သိပ်ချစ်စရာကောင်းသည့် ညီမလေးမျိုးပင်၊ ဒီလို ညီမလေးမျိုးတစ်ယောက်သာ ရှိလျှင်လည်း ဘဝမှာ ဘယ်လောက် စိတ်ချမ်းသာဖို့ ကောင်းလိုက်မည်နည်း။ ပြီးတော့ သိပ်ချစ်စရာကောင်းသည့် . . .

ကျွန်တော့်အတွေးကို ကျွန်တော် မရအရ ဖြတ်တောက်ပစ်လိုက်သည်။

ဒီထက်ပို၍ ကျွန်တော် မတွေးသင့်တော့ဟု ဘဝကပေးသော အသိက ကမန်းကတန်း ထိန်းချုပ်သည်။ တော်ပါပြီလေ . . . ဒီလို ပုံစံမျိုးလေးနဲ့ ချစ်ဖို့ကောင်းတာလောက်နဲ့ပဲ တော်သင့်ပါပြီ။

စပ်ဆိုင်သောဘဝရှိ၍ ဆက်စဉ်းစားသည်က အဓိပ္ပာယ်ရှိသည်။ သူတို့ဘဝမျိုးနှင့် ကျွန်တော့်ဘဝမျိုးက မည်သို့မျှ မစပ်ဆိုင်။

စောစောက ကြည်နူးနေခဲ့သော လရောင်အောက်က အတွေးလေးများ ရုတ်တရက် အကြည်တန့်သွားသည်။

ကိုယ့်ဘဝ ကိုယ်သာ အသိဆုံးဖြစ်သလို ကိုယ့်ဘဝကိုယ် နားလည်ဖို့ကလည်း လောကမှာအရေးကြီးတယ်မဟုတ်လား . . မီး

www.burmeseclassic.com

www.burmeseclassic.com

စကတည်းက ကိုယ့်ဘဝကိုယ် နားလည်ပြီး သွားပါ ...မီးရယ် ...။

ဒါကြောင့်မို့လည်း ဘဝတစ်လျှောက်လုံးမှာ နှလုံးသားဆိုတဲ့ ခံစားထိခိုက်လွယ်တဲ့ ခန္ဓာကိုယ်ထဲက ဧရိယာလေးကို သွပ်နန်းကြိုး မာမာရှူးရှူးနဲ့ တူတဲ့ ဥပေက္ခာတရားလေးတွေနဲ့ကာပြီး မချစ်တတ်တဲ့ သစ်တုံးတစ်တုံးလို နေနေခဲ့တာပေါ့၊ နို့မို့ တက္ကသိုလ်မှာ တတိယနှစ်တောင် ရောက်နေပြီဖြစ်တဲ့ ကိုယ်ဟာ တတိယမြောက် ရည်းစားလောက် မထားပြီးတောင်၊ ပထမ ရည်းစားနဲ့ တတိယအကြိမ် နှစ်ပတ်လည်လောက် ချစ်ပြီးသားတော့ ဖြစ်နေမှာပေါ့။

ဒါပေမဲ့ ဥပေက္ခာ သွပ်နန်းကြိုး စည်းရိုးခိုင်ခိုင်ကို တယ်လီဗေရှင်းထဲက ခေါ်လာခြောက်သန်းတန် လူလို လှစ်ခနဲ ခုန်ပျံဝင်လာတဲ့ မီးအပေါ်



ချစ်တဲ့အချစ် ရောက်လာတဲ့အချိန်မှာ ကိုယ်နှလုံးသားရဲ့ ကန့်သတ်ဧရိယာထဲမှာ ဘယ်ခြေရာမှ မချနိုင်သေးတဲ့အချိန် ဖြစ်နေတယ်၊ မီးရဲ့ ခြေရာဟာ ကိုယ် မတားနိုင်မဆီးနိုင် ရောက်လာတဲ့ ပထမဆုံး ခြေရာပဲ မီး ...

ဒါတောင်မှ ညတွင်းချင်းပဲ နှလုံးသား သန့်သန့်ပြန့်ပြန့်လေးပေါ်က အဲဒီခြေရာလေးတွေကို ချက်ချင်းပြန်ဖုံးပြီး နဂိုအတိုင်းမပြစ်တောင်မှ ကြည့်ကောင်းရှုကောင်းအောင် လုပ်ထားနိုင်ခဲ့ပါတယ်။

သို့ပေမယ့် ... လောကကြီးမှာ မျက်စိနှစ်ကွင်း အလင်းမရဘဲ အချစ်ကို ဖြစ်ပေါ်စေတဲ့ မြားနဲ့လေး ကိုင်ပြီး ဟိုပစ်ဒီပစ် လက်သရမ်းတတ်တဲ့ မြားနတ်မောင်ဆိုတဲ့ ကျူးပစ်ကောင်လေးက ဟယ်... ငအေးချမ်း နင်တော့ ဒီတစ်ချီ အသည်းကွဲဖြစ်အောင် ကွဲလိုက်ဦးဆိုပြီး ဘယ်ဘဝက ထားခဲ့တဲ့ အာဃာတ အကြောင်းပြုလို့ နိုပ်စက်လိုက်တယ် မဆိုနိုင်ဘူး မီးရယ်၊ ကျောင်းမဖွင့်ခင် စနေနေ့လေးမှာ ကျောင်းကို လိုက်ပြဖို့ ခဏတစ်ဖြုတ် ဆုံခဲ့ပြီး ပြန်ပေးသွားတဲ့ မီးနဲ့ ကျောင်းဖွင့်တဲ့ရက် ညနေပိုင်းလေးမှာ မမျှော်လင့်ပဲ ပြန်ဆုံရပြန်တယ်။

ဘဝရဲ့ဒုက္ခဆိုတာ ရှောင်မှရပါလား ... မီး။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပင် . . . ကျွန်တော့်ဘဝမှာ ဘာအလုပ်မှ သိပ်ထွေထွေထူးထူးမရှိဘဲ ကျောင်းချိန်အားလျှင် ကျောင်းထဲက ချောင်ကောင်းကောင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်၊ မေးအောက်က တစ်ပင်စ နှစ်ပင်စ ပေါက်နေတဲ့ မုတ်ဆိတ်မွေး ငုတ်စနီ ငုတ်စနလေးတွေကို ဆယ်ပြားစေ့နှစ်စေ့နဲ့ ညှပ်ပြီး နှုတ်ဆွဲဖီလင်ယူနေခဲ့သည်။

ဘဝမှာ ကားလေးတစ်စင်းမပြောနှင့် မြို့ထဲ ဟိုနားဒီနားသွားရန်ပင် ကားခ အပိုသုံး မတတ်နိုင်သော ကမ္ဘာ့ပစ္စည်းမဲ့များ၏ စည်းစိမ်ခံနည်းဖြစ်သည့် 'ထိုပြားနှစ်ဆယ်တန် ဖီလင်လေး' ၏ အမြင့်ဆုံး ဒီရေအရောက်တွင် လန့်ခနဲ ဖြစ်သွားအောင် ချိုသာသော ခေါင်းလောင်းသံလေးနှစ်ခု လွင့်လွင့်မြည်၏။

"ဟော . . . ဒီမှာ သူက"

"အေးလေ . . . ရှာလိုက်ရတာ၊ ဒီလာပြီး ဘာတွေငိုင်စဉ်းစားနေလဲ မသိဘူး"

အလွန်ဆိတ်ငြိမ်နေသည့် ပတ်ဝန်းကျင်လေးတွင် ရုတ်တရက် လှုပ်ရှားသွားသဖြင့် ကျွန်တော် ပျာပျာသလဲ လှည့်ကြည့်လိုက်သည်။

"ဩော် . . . သီဂီတို့ပါလား"

"အင်းပေါ့ . . . ကိုတို့ကို လိုက်ရှာနေတာ၊ ပထဝီဌာနဘက်လည်း ရောက်ပြီးပြီ၊ အတန်းတွေလည်း မရှိဘူး၊ လူလည်း မရှိဘူး အဲဒါ သီဂီတို့ကို နှံ့နေတာပဲ၊ ဘယ်မှာမှ မတွေ့လို့ စိတ်ပျက်ပျက်နဲ့ ကင်တင်းထွက်လာမှ တွေ့တာ"

"ဟုတ်လား . . . ကဲ ထိုင်ဦးလေ၊ ဘာသောက်မလဲ အအေးလား၊ အပူလား"



"အအေးလည်း မဟုတ်ဘူး၊ အပူလည်း မဟုတ်ဘူး၊ ဆီချက်စားမလို့၊ ကိုကို့ လိုက်ရှာရတာ ဗိုက်တို့ ဆာနေပြီ"

"ရတယ် . . . ဒီမှာပဲထိုင် ကိုယ်မှာပေးမယ်"

ဟိုနေ့ကထက်စာလျှင် ပိုပြီးရင်းနှီးသော အပြုံးမျိုးကို ပြုံးထားသော်လည်း ရောက်လာကတည်းက . . . 'ဟောဒီမှာ သူက' ဟု တစ်ခွန်းပဲ ပြော၍ နောက်ထပ် ဘာတစ်ခွန်းမှ မဆိုသေးသည့် မီးက . . . ပြုံးပြီး ကျွန်တော်နှင့်နီးသော ကုလားထိုင်တွင် ဝင်ထိုင်သည်။

"ကိုကိုများ လာမလားလို့၊ မီးတို့ ကွန်ဗို့က ထွက်တော့ရှာကြည့်သေးတယ်၊ လူတွေ အများကြီး ကြားထဲ ရှာမနေရဲတော့တာနဲ့ ပြီးတော့ ကိုကိုလာရင်လည်း မီးတို့ကို လှမ်းခေါ်မှာပဲ၊ မလာလို့သာ ဖြစ်မယ်ဆိုပြီး လိုက်ရှာတာ"

"ဟုတ်တယ် . . . မီး၊ ကိုယ် အဲဒီကို မရောက်ဘူး"

"ကိုကိုက ဘာလို့ မရောက်တာလဲ"

"ဟောဗျာ . . . ကိုယ်လာဖို့ လိုလို့လား"

"အင်း . . . ကြည့်၊ ကိုကိုက ဘယ်လိုကြီး ပြောတာလဲ မသိဘူး လာဖို့လိုလို့လား . . . တဲ့၊ ကိုကိုက လိုမှပဲလာမှာလား၊ ကိုယ့်ညီမလေးတွေ တက္ကသိုလ်မှာ မလည်မဝယ်နဲ့ ဒုက္ခတွေရောက်တော့မှာပဲဆိုပြီး ကိုကိုက နည်းနည်းမှ မပူတော့ဘူးလား"

မကားမပြော . . . မပြောနှင့် ပြောမယ့်ပြောတော့လည်း အသံလေး အငေါ်လေး စုံအောင်ပြောတတ်သော မီးစကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူးလေ မီးရယ် . . . ဒီရက် ဒီရက်တွေဆိုတာ တက္ကသိုလ်ကျောင်းမှာ အစ်ကိုတွေ မောင်တွေက သိပ်အလိုက်သိရတဲ့ရက်တွေ၊ တော်ကြာ ဆိုင်ရာဆိုင်ရာလေးတွေ ပါလာတာနဲ့ တန်းတိုးနေရင် မျက်နှာပူဖို့ ကောင်းတယ် မဟုတ်လား"

"ဟယ် . . . ကြည့်စမ်း . . . ကြည့်စမ်း . . . ဒါ မီးတို့ကို ရည်းစားလာမှာမို့လို့ တမင်ရှောင်နေတာလို့ သွယ်ဝိုက်ပြောတာ မဟုတ်လား၊ ကိုကို သိပ်ဆိုးတာပဲကွာ၊ မီးတို့က ဒါတွေမစဉ်းစားသေးဘူးနော် သိင်္ဂီရယ်၊ ပြောလိုက်စမ်းပါ"

"အလကားပါ မီးရယ် . . . ကိုကိုက အဲဒါလည်းတာ ဟ . . သူ့ရည်းစားနဲ့ တွေ့နေရလို့ မလာနိုင်တာကို တို့ဘက်လွှဲချတာ ဟုတ်တယ် မဟုတ်လားကိုကို . . ."

တက်တက်ထိလန်အောင် ရန်တွေ့ကြသည့်အတွက် ကျွန်တော် အသံထွက်၍ ရယ်လိုက်ရသည်။

"မဟုတ်ပါဘူး သိင်္ဂီရယ် . . . အဲဒီလိုတော့ တို့ဘက်ကို မြှားဦး မပြောင်းပါနဲ့၊ တက္ကသိုလ်မှာ တို့လိုကောင်မျိုးကို ဘယ်မိန်းကလေးကမှလည်း စိတ်မဝင်စားပါဘူး၊ တို့ကလည်း ကိုယ့်ဘဝနဲ့ကိုယ် ဘယ်သူ့ကိုမှလည်း အသဲတစ်ခြမ်း မလှူရဲပါဘူး"

"ဟော . . . တွေ့လား၊ သိင်္ဂီ . . . သူ့ဘက်ကျတော့ သိတတ်လိုက်တာ၊ ကဗျာဆရာကြီး ကဗျာစကားလုံးတွေနဲ့ကို အသည်းအသန် ကာကွယ်နေပြီ"

မီးစကားကြောင့် သိင်္ဂီ လျှာချောင်လိုက်ပြန်ပြီဆိုသည့်ကို သိလိုက်ပြန်၏။

တက္ကသိုလ်မှာ တက်ရင်း ဝါသနာအလျောက် ကဗျာတိုလေး



တွေ၊ စာတိုလေးတွေ ရေးနေသည့် ကျွန်တော့်ဘဝကို တတ်နိုင်သမျှ သူသိမခံခဲ့ လူသိခံနိုင်လောက်အောင်လည်း ဖြစ်ဖြစ်မြောက်မြောက် လှသည်မဟုတ်။ ထို့ကြောင့် ကဗျာဆရာကြီးဟု အခေါ်ခံလိုက်ရသည်ကို ရှက်တွန့်တွန့် ဖြစ်သွားသည်။

"ဟာ . . . မီးကလည်း ဘယ်က ကဗျာဆရာကြီးကမှာလဲ၊ သိင်္ဂီပေါက်တတ်ကရတွေ လျှောက်ပြောလိုက်ပြန်ပြီနဲ့ တူတယ်"

"အမယ် . . . ပေါက်တတ်ကရ မဟုတ်ပါဘူးနော်၊ သိင်္ဂီက မီးတို့ အကောင်းပြောပြတာပါ၊ ကဗျာရေးတဲ့ လူတို ကဗျာဆရာလို့ ခေါ်ရင် ဘယ်လိုခေါ်ရမလဲ၊ လုပ်မနေနဲ့ သိင်္ဂီပြောပြထားလို့ ကိုကို့အကြောင်းကို မီး အကုန်လုံး သိပြီးပြီ"

မီးစကားကြောင့် သိင်္ဂီက ကျွန်တော် ဘာပြောမလဲ စူးရှိမ်းသည့် အမူအရာဖြင့် လှမ်းကြည့်သည်။ ကျွန်တော် ပြုံးသည်။

"သိတော့"

"သိတော့ ကိုကို့ကို ပြောစရာရှိတာ ပြောထားရမှာပေါ့၊ မီးတို့ကို ညီအစ်မအရင်းတွေလိုပဲ သဘောထား၊ ကိုကို့ကိုလည်း မီးတို့က အစ်ကိုအရင်းလိုပဲ သဘောထားမယ်၊ ကိုကို့မှာ ဘာအခက်အခဲပဲရှိရှိ မီးတို့ကိုပြော၊ မီးတို့မှာ ပြဿနာရှိလည်း ကိုကို့ကိုပဲ တိုင်ပင်မှာပဲ၊ နောက်ပြီးတော့ မီးတို့နဲ့ ဘယ်သွားသွား ဘာစားစား ကိုကို့အိတ်ထဲက တစ်ပြားမှ မထုတ်ရဘူး၊ အဲဒီလို မထုတ်ရလို့လည်း မီးတို့နဲ့ ဘယ်မှမသွား ဘာမှမစားဘဲလည်း မနေရဘူး၊ မီးတို့ ဘယ်သွားသွား ဘာလုပ်လုပ် ကိုကို့နဲ့ အမြဲသွားမယ်၊ အဲဒါကိုလည်း ကိုကို ငြင်းဆန်ရဘူး . . . ဒါပဲ"

ကျွန်တော့်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

www.burmeseclassic.com

ဝတ်ထားသော တက်ထရွန်အင်္ကျီ အဖြူရောင် ခပ်နွမ်းနွမ်း လေး၏ လက်ခေါက်ထားသော နေရာမှ အနားဖွာနေသော ချုပ်ရိုး ကြောင်းလေးဆီ အကြည့်ရောက်သွား၏။

ဘ ✿ ဘ

စာကြည့်စားပွဲရှေ့ နံရံပေါ်တွင် လက်ရေးဖြင့် ရေး၍ ကပ်ထားသော ဆရာ မနုဖြူကျော်ထွန်း၏ 'တိုက်ပွဲဖျော်' ကဗျာကို ကျွန်တော် ဘယ်နှစ်ခေါက် ပြန်ဖတ်နေမိမှန်း မသိ။

ဒီကဗျာသည် ကျွန်တော်၏ ဘဝအားဆေးဖြစ်သည်။ ကဗျာ ဝါသနာပါဦးစအချိန်တွင် ကျွန်တော်တို့ တောကျောင်းလေးမှ မြန်မာစာဆရာက ရှမဝမဂ္ဂဇင်း အဟောင်းတစ်အုပ်၏ ထိုကဗျာ ကိုပြပြီး အလွတ်ကျက်ခိုင်းသဖြင့် ကျွန်တော် အလွတ်ရအောင် ကျက်ထားခဲ့သည်။ အလွတ်မဆိုဖြစ်၊ ဆိုရန် သတိမရဖြစ်သည့်အခါ မျိုးမှာ အမြင်ဖြင့် သတိရနေရန်လည်း ထိုကဗျာလေးကို ရောက်လေ ရာအရပ်တွင် ကျွန်တော်ကူးရေး၍ မြင်သာသောနေရာမှာ အမြဲ ကပ်ထားလေ့ ရှိသည်။

ခုလည်း ညနေက မီးပြောသွားသည့် စကားများနှင့်ပတ် သက်၍ ရင်ထဲတွင် ထိခိုက်သွားသဖြင့် အဆောင်ပြန်ရောက်ပြီး ရေမိုးချိုး ထမင်းစားအပြီးမှာ ထိုကဗျာကို ထိုင်ရှုတ်နေခြင်းပဲ ဖြစ်သည်။

www.burmeseclassic.com



သာမန်လူတစ်ယောက်ယောက်ကသာ ထိုစကားမျိုး ပြောလျှင် ထိုစဉ်ကပင် ကျွန်တော် မျက်ခနဲပြန်ပြောလိုက်မိမှာအမှန်။

"ဘာလဲ . . . မင်းက ငါ့ဆင်းရဲတယ် နွမ်းပါးတယ် ဆိုတာနဲ့ သိပ်သနားသွားပြီး ဒီလို ပြောတာလား၊ မလိုချင်ဘူး၊ နောက်ကို ဒီစကားမျိုး ဘယ်တော့မှ မပြောနဲ့၊ ဘယ်မှသွားစရာ ပိုက်ဆံမရှိရင် ဘယ်မှမသွားဘူး၊ ဘာမှစားစရာ ပိုက်ဆံမရှိရင် ဘာမှမစားဘူး၊ သူများက သနားလို့ ကျွေးတာမွေးတာ ပေးတာကမ်းတာမျိုးကို အေးချမ်း ဘယ်တုန်းကမှ အလကားသက်သက် မယူခဲ့ဖူးဘူး၊ အေးချမ်းလျှာမှာ မြတ်ကောကြီး ဖြစ်နေချင်နေပစေ၊ အေးချမ်း ဘယ်သူ့သနားတာမှ ခံတာမဟုတ်ဘူး"

တု ရိုင်းရိုင်းပျပျ ပြန်ပြောမိမှာ သေချာသည်။

ခုပြောတာက သူများမဟုတ် . . . 'မီး' ဖြစ်နေသည်။

မီးဝင်လျှင် ရှေ့က စကားဦးခံ၍ သူတို့ကို ညီမအရင်းလို သဘောထား၊ ကျွန်တော့်ကို အစ်ကိုအရင်းလို သဘောထားမည်ဟု ပြောသည့်ပြင် ဘာမှ နားမလည်သော အရွယ်မို့ သူတို့စေတနာကို သူတို့ရိုးသားစွာ ပြောပြခြင်းဟု နားလည်သဖြင့်သာ သက်ပြင်းနှင့်အတူ ငြိမ်နေလိုက်ခြင်းဖြစ်သည်။

ကျွန်တော် ထင်ပါသည်။ သိဂီနှင့် မီးတို့ ပထမ စတွေ့သည့်နေ့က ပြန်သွားသည့်အခါ ကျွန်တော့်အကြောင်း စကားစ မိကြပါလိမ့်မည်။

ထိုအခါ သိဂီက . . .

"ကိုအေးချမ်းက တို့အစ်ကို တစ်ဝမ်းပဲကွဲတယ်၊ တို့အဖေနဲ့ သူ့အမေက မောင်နှမအရင်းတွေ . . ." အစချီ၍ ကိုအေးချမ်း



တို့က သိပ်ဆင်းရဲတယ်၊ သူ့အမေက ဘယ်လိုနေရ ထိုင်ရတာ၊ သူ တက္ကသိုလ်ကျောင်းတက်ရတာကိုတ ဘယ်လိုဘယ်ညာ၊ ဒါပေမဲ့ ကိုအေးချမ်းက သိပ်သဘောကောင်းတယ်၊ အေးလည်း အေးတယ်၊ စာလည်း သိပ်ကြိုးစားတယ် ဘာညာစသဖြင့် စိတ်ကောင်း နှလုံး ကောင်းရှိသူ မိန်းကလေးတစ်ယောက် ကျွန်တော့်အပေါ် သနား ခင်မင်စိတ် ဝင်လာအောင်ပြောလိုက်ပါလိမ့်မည်။

ဒီအတွက်လည်း 'မီး' က ဒီနေ့ ဒီလို စကားမျိုး ပြောလာ ခြင်းမင်။

ဒီအတိုင်းဆို . . . ဒီမိန်းကလေး နှစ်ယောက်နှင့် ကျွန်တော် ဝေးဝေးနေရလျှင် ကောင်းမည်ဟု စဉ်းစားမိ၏။ ဘာပြောပြော ဒီမိန်းကလေးမျိုးလေးတွေ၏ သဘာဝကို ကျွန်တော် အသင့် သလောက် သိသည်။

ကျွန်တော့်ကို ခင်မင်ဖို့ကောင်းသော နွမ်းပါးသော သဘော ကောင်း လူဆင်းရဲတစ်ယောက်အနေနှင့် ခင်မင်ခြင်း၊ သနားခြင်း များစွာ ဖြစ်ပေလိမ့်မည်။

တစ်ဘက်ကလည်း ကျွန်တော့်အပေါ် ဓာတ်အားသ၍ ကူညီ ပံ့ပိုးလိုသော စိတ်များလည်း ရိုးသားသော စေတနာအလျောက် ပေါ်ပေါက်ကောင်း ပေါ်ပေါက်နေပေလိမ့်မည်။

သို့သော် ဒါမျိုးကို ကျွန်တော် မကြိုက်။

ကျွန်တော့်သဘာဝက တိုက်ပွဲပျော်ကဗျာထဲကလိုပင် . . .

'ယောက်ျားဟော့နော်
တိုက်ပွဲပျော်၊
ကျွန်တော်တိုက်ရင်း တက်မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



တု အံခဲမာန်သွင်း၍ ကျွန်တော့်ဘဝကိုကျွန်တော် ရုန်းကန်ချင်သည်။

တိုက်ပွဲပေါင်းများစွာ၏ နောက်ဆုံးတစ်နေရာတွင် ဘဝအောင်ပွဲတစ်ခု ရှိရမည်ဟုလည်း ယုံကြည်သည်။ ရိုးသားဖြောင့်မတ်ခြင်းနှင့် ရဲရင့်ရင်ဆိုင်ခြင်းဟူသော ဘဝလက်နက်များကို ကိုင်စွဲ၍ ထိုတိုက်ပွဲပေါင်းများစွာကို အောင်နိုင်မည်ဟုလည်း ထာဝရ ခံယူသည်။

ထို့အပြင် . . .

ဟုတ်ခဲ့ . . . လေပွေတစ်ချက် မှုတ်ထုတ်လိုက်မိ၏။

ကျွန်တော် မီးကို ခင်နေပြီ။

အထူးသဖြင့် မီးကို . . . ကျွန်တော့် ရင်ထဲမှာ တစ်ခါမှ မဖြစ်ပေါ်စဖူးသော ရင်ခုန်မြတ်နိုးခြင်းများဖြင့် ညီမလေးတစ်ယောက်ထက်ပင် ပို၍ 'ချစ်' နေမိသည်။

မီး၏ သက်ငြိမ်ရှစ်ပုံလေးများ၊ လှုပ်ရှားနေသော ဟန်လေးများ၊ ကျွန်တော့်မြင်လွှာပေါ်မှာ ထာဝရစွဲတည်နေသည်အထိ ကျွန်တော် မီးကို စွဲလမ်းတမ်းတမိ၏။

သို့သော် . . .

✿

နေ့လယ်ကျောင်းအားချိန်မတိုင်မီ စာသင်ချိန်တွင် ဆယ်မိနစ်စော၍ အတန်းထဲမှ ကျွန်တော် ထွက်ခဲ့သည်။

စီဗွာခန်းမ၏ ရှေ့ပေါက်မှထွက်လျှင် မတော်တဆ တွေ့



သွားနိုင်သဖြင့် ဖန်ခါးအသင်းခန်း တည်ရှိရာ အနောက်ဘက်ပေါက်မှ ကျွန်တော် ခပ်သုတ်သုတ် ထွက်ခဲ့သည်။ ထို့နောက် ပွားရေးတက္ကသိုလ်အလယ်ပေါက်ဆီသို့ ထွက်သည်။ စည်းရိုးသံတိုင်စစ်တိုင် ယပ်နေသော ထွက်ပေါက်မှ အပြင်ထွက်သည်။ အင်းလျားကမ်းပေါ်ရောက်မှ အင်းလျားလေပြည်တို့ ရှိုက်ရှုင်း ကျွန်တော် . . . စိတ်လွတ်လပ်သွားသည်။

အင်းလျားကန်ရေသည် စက်တင်ဘာနေ၏ ပြင်းထန်သော နေပူရှိန်အောက်တွင် လင်းလင်းလက်နေ၏။ အရိပ်တစ်ချို့ရှာ ပင်တစ်ပင်ရင်းဆီသို့ ကျွန်တော်လျှောက်ခဲ့သည်။

ထိုနေရာတွင် ထိုင်ရင်း ပြင်းထန်စွာ လှုပ်ရှားနေမည့် ကျွန်တော့်စိတ်များကို ရေလွှဲမြောင်းဖြင့် လွှဲပစ်သလို အာရုံပြောင်းနိ် ယူလာသည့် စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်လိုက်သည်။

'နှမကို ချစ်မိသည့် အချစ်မျိုးကို . . . မောင့်တစ်သက်တွင် တစ်ခါမျှ မကြုံဖူးခဲ့ပါ။ ဤကဲ့သို့သော အချစ်မျိုး ရှိလိမ့်မည်ဟုလည်း ယုံကြ မယုံခဲ့ပါ။ ဤအချစ်မျိုးသည် မောင့်အား မြှားကျအောင် လောင်ကျွမ်းသွားလေမည်လားဟုပင် ကြောက်မိပါသည်။ သို့သော် . . . ချစ်နှမကာသာ မောင့်ကို တကယ်ချစ်ပါလျှင် အချစ်မီးလျှံထဲတွင် နှင်းပေါက်ကလေးများနှင့်တူသော ပျော်ရွှင်မှုကလေးများ ဆွတ်ဖျန်းပေးပါက အချစ်မီး၏ဒဏ်ကို မခံနိုင်စရာမရှိဟု ထင်မိပါတော့သည်။'

ဒုက္ခပါပဲ . . . ဘယ်လိုစာမျိုးနဲ့ လာတွေ့နေပါလိမ့်ဟု စိတ်ထဲတွင် လှုပ်ခတ်သွား၏။ ဒီစာအုပ်က ခုမှ ဖတ်ရမည့်စာအုပ်။ အကြည့်တိုက်တွင် ဒေါ်ခင်မျိုးချစ် ပြန်ဆိုရေးသားသည့် 'ကမ္ဘာ

www.burmeseclassic.com



ကျော်ကြား စာနှင့်စကား ဆိုသော စာအုပ်ကို တွေ့မိသဖြင့် ဖတ်
ကြည့်မည်ဆိုပြီး ယူလာခဲ့သည်။ ခု ဒီရောက်တော့ ကြုံရာစာမျက်နှာ
လှန်ဖတ်လိုက်သည်တွင် စကားပြေရေးဟန် ရှေးဟောင်းကျသော်
လည်း ရင်ထဲကဝေဒနာကို မှားစွာ ဖော်ထုတ်နိုင်သော စာသား
ဘာများလဲဟု ခေါင်းစဉ်ကို စက်ကြည့်လိုက်သည်။ စာဆိုတော်
ရွှန်ကီထံမှ ချစ်သူ ဖန်နီဗရွန်းသို့ ပေးစာတဲ့ တွေ့လိုက်ရသည်။

ခုချိန်မှာ အချစ်ကိုမတွေ့ချင်၊ မတွေ့ရဲ၊ အချစ်အကြောင်း
ကို မဖတ်ချင်၊ မဖတ်ရဲ။

♪ နောက်ကျိတဲ့ရေဟာ ရေကြည်တွေလို
မပြတ်သားနိုင် . . . ပြုံးနိုင် ရယ်နိုင်သော်လည်း . . .
မချစ်နိုင်တဲ့လူ . . . ဪ . . . မနီးရဲ . . . မဝေးရဲ ♪
ဆိုသည့် ခင်ဝမ်း၏ နှင်းဆီဖြူရဲ့အဝေးကလူတစ်ယော
သီချင်းမပေါ် ချိန်မို့ ထိုစဉ်ကတော့ ထိုစာသားများကို သတိမရနိုင်
သို့သော် ထိုအတိုင်း ဖြစ်နေသည်ကတော့အမှန်။

ခုချိန်မှာ မနေ့ညနေက [illegible]းချက်ထားသည့်အတိုင်း။

"ကိုကို . . . နက်ဖြန်ကျရင် နေ့ခင်း ကျောင်းဆင်းတာ
ဘယ်မှမသွားနဲ့နော်၊ မီးတို့ လာခဲ့မယ်၊ ဒီဆိုင်မှာပဲ ထိုင်မယ်၊ ထမင်း
တူတူစားမယ်၊ အဆောင်ကဟင်းတွေ မကောင်းဘူး ပြောတယ်
ပြန်မစားနဲ့ . . . မီးတို့နဲ့ တူတူစားမယ်"

စကားအရ မီးတို့ ကျွန်တော့်ကို ရှာနေပေတော့မည်။

သူတို့နှစ်ယောက် ကင်တင်းကို အရင်သွား၍ ရှာမည်
တွေ့လျှင် ကျွန်တော့်အတန်းဘက်သို့သွားမည်။ အတန်းမရှိတော့
သည်ကိုသိလျှင် ကျောင်းကော်ရစ်ဒါများ၊ အတန်းအနီးအနား



တစ်ဝိုက်တွင် ရှိလိုရှိငြား ကြည့်မည်။ မတွေ့လျှင် အဆောင်ထိုပင်
လျှင် သွားကောင်းသွားမည်။ ကျွန်တော့်တို ဘယ်မှာမှ ရှာမတွေ့
သောအခါ မီးတို့ စိတ်မကောင်းခြင်း၊ စိတ်ပူခြင်း၊ စိတ်ဆိုးခြင်း
တစ်ခုခုဖြစ်နေတော့မည်။

မနီးရဲ၍ ရှောင်ထွက်လာခဲ့သော ကျွန်တော်သည် မဝေးရဲ
သဖြင့် စိတ်ထဲမှာ ပင်ပန်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com

အင်းလျားရေစပ်မှ ပြန်လာသောအခါ နောက်တက်ရမည့် အတန်းချိန် ကျော်နေပြီ။ စောစောလေးကတင် အချိန်ပြောင်း ခေါင်းလောင်းမြည်သံ ကြားရသည်။ သို့အတွက် လှမ်းလက်စ ခြေလှမ်းကို ပိုသွက်အောင် အရှိန်တင်လိုက်ပြီး ကျွန်တော်တို့ စာသင်ခန်းဘက်ချိုးသည့် ကော်ရစ်ဒါထောင့်ချိုးကို ချိုးကွေ့လိုက် ၏။

"ကို . . . ကို"

ကျွန်တော့်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါသွားသည်။ မမျှော်လင့်ဘဲ နောက်ဘက်မှ ကြားလိုက်ရသောအသံကြောင့် ချာချာပါအောင် လှည့်ကြည့်သည်။ ဝိဇ္ဇာခန်းမဘက် ထောင့်ချိုးကွေ့နံရံတွင် မီးတစ်ယောက်တည်း ရပ် . . . လျက်။

မျက်နှာလေး ညှိုးငယ်နေသည်။ အပြစ်တစ်ခုကြောင့် ဆရာ့ရှေ့ရောက်နေသည့် ကျောင်းသူတစ်ယောက်လို မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။

"တင် . . . မီး"



သိဂီမပါဘဲ တစ်ယောက်တည်းဖြစ်နေသည့်အဖြင့် ခေါ်မိုက သည်း မငံ့မရဲနိုင်မို့ ဘာများဖြစ်လို့ပါလဲ . . . ပူပန်သွားပြီး သွေ့ခိ စ်သွက်သွက် ပြန်လျှောက်သည်။

"မီး . . . တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ မီး ကိုကို့ကို လာစောင့်နေတာ"

"သိဂီရော"

"အတန်းတက်နေတယ်"

"မီးရော အတန်းမတက်ဘူးလား၊ အတန်းမရှိဘူးလား"

"ရှိတယ်၊ ကိုကို့ကို တမင်လာစောင့်နေတာ"

"ဟောဗျာ . . . ကိုယ့်ကို လာစောင့်နေတာ၊ ဘာကိစ္စလဲ အကြောင်းထူးရှိလို့လား"

မီးက ချက်ချင်းပြန်မဖြေသေးဘဲ မျက်တောင် ပုတ်ခတ် တ်ခတ်လုပ်သည်။ မျက်လွှာတစ်ချက်မခတ်ခင် စပ်ကြားကာလ ားများတွင် မီးမျက်လုံးများ၌ မျက်ရည်ကြည်လေးများ ဝိုင်းဝိုင်း သွားသည်ကို သတိထားမိ၏။

"ခုန . . . ကိုကို ဘယ်သွားနေတာလဲ၊ မီးတို့ကို ရှောင်နေ တာ မဟုတ်လား"

"မဟုတ်ပါဘူး မီး၊ ကိုယ့်မှာ အရေးကြီးတဲ့ကိစ္စရှိလို့"

"မညာပါနဲ့ ကိုကိုရယ်၊ မီး သိပါတယ်၊ မနေ့က မီးပြောတဲ့ ားကို စိတ်ဆိုးပြီး ကိုကို တမင် ထွက်သွားတာပါ၊ ကိုကို မီး တွေ့ချင်တော့ဘူး မဟုတ်လား၊ မီးစကားတွေက ကိုကို့ကို တ်တားမိသလို ဖြစ်သွားလို့ မီးကို မုန်းသွားပြီ မဟုတ်လား၊ မီး သိတယ် . . . မနေ့ကလည်း သိဂီက မီးကို ပြောပြီးပြီ၊ နင် အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



ပြောတာ မကောင်းဘူးတဲ့၊ ကိုကိုက ဒါမျိုးမှာ သိပ်မာနကြီးတယ်တဲ့ နင့်မို့ သူက အားနာပြီး ပြန်မပြောတာ၊ တခြားလူဆိုရင် ရမှာမဟုတ် ဘူးတဲ့၊ မီးတောင်းပန်ပါတယ် ကိုကိုရယ်၊ မီး ကိုကို့ကို စော်ကားတာ မဟုတ်ပါဘူး"

ပြောပြောဆိုဆိုနှင့် မီးက တစ်ဘက်လှည့်ပြီး နံရံနှင့်ကပ်၊ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်၍ ငိုပါတော့သည်။

"အဲ . . . အဲဒါမှ ဒုက္ခပါပဲ"

ကျွန်တော် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား၏။ ရုတ်တရက် ပေါ်ပေါက်လာသော အခြေအနေဆိုးကို ဘာလုပ်ရမှန်းမသိ။ သေသော တစ်ယောက်ယောက် မြင်လျှင်လည်း တစ်မျိုးတွေ အောက်မေ့ကုန်ရောမည်။ သူ သိမ်စိတ်ထိခိုက်သွားမှန်းသိ၍ စိတ်ထဲမှာလည်း မကောင်း။ စောစောက ကျောင်းပရဝုဏ်တွင်းမှနေ၍ အင်းလျားရေစပ်သို့ ရှောင်သွားရန် ဆုံးဖြတ်ခဲ့သည့် ကျွန်တော့်စိတ်နှင့် စိတ်နောက်ကိုယ်ပါဖြစ်ရန် ကျွန်တော့်ခန္ဓာကိုယ်ကို သယ်ဆောင်သွားသော ကျွန်တော့်ခြေထောက်များကို ထုထောင်းခြေမွဖြတ်တောက်ပစ်ချင်စိတ်များပင် ပေါ်လာ၏။

ခုမှတော့ သူကျေနပ်အောင် ချော့ရပေတော့မည်။

"မဟုတ်ပါဘူး မီးရယ်၊ မငိုပါနဲ့ . . . မနေ့က မီးပြောခဲ့တာတွေ ကိုယ် ဘယ်လိုမှ သဘောမထားပါဘူး၊ ခုလည်း တခြားကိစ္စကြောင့်ပါ၊ မီးကို စိတ်ဆိုးလို့ မုန်းလို့ မဟုတ်ပါဘူး"

"ဟင့်အင်း . . . မဟုတ်ဘူး . . . ကိုကိုညာတာ"

"မညာပါဘူး မီးရယ်၊ ကိုယ် တကယ်ပြောတာပါ၊ မယုံရင် နောက်နေ့ကစပြီး မီးတို့နဲ့ အတူတူနေပါ့မယ်၊ မီးတို့နဲ့ အတူတူစား



မယ်၊ သွားစရာရှိရင်လည်း မီးတို့နဲ့ အတူတူလိုက်ပါ့မယ်"

"နောက်နေ့ကျလည်း ကိုကို ရှောင်နေဦးမှာပဲ မဟုတ်လား"

"မရှောင်ပါဘူးဗျာ၊ ကိုယ် ကတိပေးပါတယ်"

"ကိုကို တကယ်ပြောတာလား"

"တကယ်ပြောတာပါ၊ ကိုယ် ကတိပေးပါတယ်ဆိုမှ"

"ကိုကို မီးကို တကယ်စိတ်မဆိုးဘူးပေါ့"

"မဆိုးပါဘူး မီးရယ်"

"တကယ်"

"တကယ်ပါ"

"ကိုကို . . . ဘုရားစူး"

"ဩဗျာ . . . ဘာကို ဘုရားစူးရမှာလဲ မီးရဲ့"

ရှောင်ထွက်သွားတာ မဟုတ်ဘူးဟု ကျိန်ခိုင်းသည်လား ထင်၍ ကျွန်တော် တွန့်သွားသည်။ သူ့လို ကလေးစိတ်မဟုတ်ဘဲ လူကြီးစိတ်နှင့် အရွယ်လေးရပေမယ့် ဘုရားစူးမှာတော့ ကျွန်တော်လည်း ကြောက်သည်။

"မီးကို စိတ်မဆိုးဘူးဆိုတာရယ်၊ နောက်နေ့ကျ မီးတို့နဲ့ အတူတူစားမယ် ဆိုတာရယ်"

အဲ . . . အဲဒါတော့ ကျွန်တော်များစွာ ကျိန်ရဲသည်။

"ဩ . . . ဟုတ်ပြီ၊ အဲဒါတော့ ယုံ၊ ဘုရားစူး . . . ဘုရားစူး"

ဒီတော့မှ ကလေးမက မျက်ရည်သုတ်တော်မူသည်။ စူထားသော နှုတ်ခမ်းကို ဒီအတိုင်းထားသော်လည်း မျက်လုံးများက ပြုံးလာသည်။

"ဒါဖြင့် မီးနဲ့ ခုလိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ . . . ဘယ်လဲ"

"ကိုကို ထမင်းစားပြီးပြီလား"

ဒီတစ်ခါတော့ ဘုရားစူးနှင့် တိုးမှာစိုး၍ ကျွန်တော် မညာ

ရဲတော့။ အမှန်အတိုင်း ပြောလိုက်သည်။

"မစားရသေးဘူး"

"ဒါဖြင့်လာ . . . ခု အတူတူသွားစားမယ်၊ မီးလည်း မစား

သေးဘူး"

ကျွန်တော် ပြုံးလိုက်သည်။ အေးချမ်းဆိုသည့်ကောင် ဘာ

မထက်နိုင်တော့။

အဝအတွက် ထားရှိခဲ့သော မာနဆိုသည်များကို ပလ

စတော်အိတ်နှင့် ထုပ်၍ မာလာဆောင်နောက်က အမှိုက်ပုံထဲ

ဆည့်လိုက်ရသော ရှိတော့သည်။ ဒီမျှ ကလေးဆန်သော ကလေး

တစ်ယောက်နှင့် ကျွန်တော် ပြိုင်မိုက်၍ ဘယ်လိုမှ ဖြစ်တော့မည်

မဟုတ်။

ကျွန်တော် ခေါင်းညိတ်ရသည်။

"ကဲ . . . ကဲ . . . လာ . . . လာ သွားစားကြမယ်၊ မသွ

ခင်လည်း မျက်နှာကို ပြန်လုပ်လိုက်ဦး၊ ကလေးမဟုတ် သူ

မဟုတ် ငိုထားလိုက်တာ နှပ်ချေးတွေတောင် ထွက်တော့မယ်"

သူ့မျက်နှာလေး ရဲခနဲ ဖြစ်၏။ နှာရည် ရှုပ်သွင်းရ

ကျွန်တော့်လက်မောင်းကို လှမ်းရိုက်၍ . . .

"သွား . . . အမှန်းလည်း မသိဘူး၊ လျှောက်ပြောတာ

ကျွန်တော် ရယ်လိုက်၏။

ကွန်ကီ၏ စကားလေးများ ခေါင်းထဲ ပြန်ရောက်သည်။



နှမကို ချစ်မိသည့် အချစ်မျိုးကို မောင့်တစ်သက်တွင်

တစ်ခါမျှ မကြုံဖူးခဲ့ပါ"

•

"ကိုကို . . . မီးကို တကယ် စိတ်မဆိုးဘူးနော်"

ထမင်းစားနေဆဲမှာပင် စိုးရိမ်တကြီး ထပ်မေးလိုက်သော

အမေးကြောင့် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ မြိုချလိုက်သော

ထမင်းလုတ်သည်ပင် ရင်ဝ၌ တန့်ခနဲ ဖြစ်သွားသည် ထင်၏။

"မီးကလည်းကွာ . . . ခုထက်ထိ ဒါပဲ မေးနေတာပဲ ကိုယ်

ပြောပြီးပါပကော၊ တကယ်စိတ်မဆိုးပါဘူးလို့၊ ဘာလဲ . . . ထပ်

ကျိန်ခိုင်းဦးမလို့လား"

ကျွန်တော်က ရယ်ပြုံးပြောလိုက်သော်လည်း မီးက သူ့စကား

ပေါ့ပျက်သွားမှာ စိုး၍ထားမသိ။ လိုက်မရယ်၊ လိုက်မပြုံးဘဲ . . .

"မဟုတ်ဘူး ကိုကို၊ မီး တကယ်စိုးရိမ်လို့ပါ၊ မနေ့က သီဂီက

ပြောပြီးတဲ့နောက်ပိုင်း မီး အရမ်းနောင်တရတာပဲ၊ ဒီနေ့တွေ့ရင်

ကိုကို့ကို အရမ်းတောင်းပန်မယ်လို့ ဆုံးဖြတ်ထားခါမှ ကိုကိုက ရှောင်

သွားတော့ ကိုကို အထင်လွဲသွားပြီဆိုပြီး မီး ဘယ်လိုစမ်းနည်းမှန်း

မသိဘူး၊ ဒါကြောင့် သီဂီကို အတန်းပြန်တက်မယ်လို့ ညာပြောခဲ့ပြီး

ကိုကို့ကို လာစောင့်နေတာ၊ ကိုကို မလာမချင်း ထိုင်စောင့်နေမှာပဲ၊

ဒီနေ့ ကိုကိုနဲ့မတွေ့ရင် တစ်ညလုံး မီး ငိုမှာပဲ"

"မဟုတ်တာ မီးရယ်၊ ကိုယ် ဒီလောက် စိတ်မဆိုးလွယ်ပါဘူး"

"စိတ်မဆိုးပေမယ့် ကျွဲမြီးတော့ တိုသွားတယ် မထုတ်လား။

www.burmeseclassic.com



ဒီလိုပါ ကိုကိုရယ်၊ မီးက ကိုတို့ကို နှိမ်ချင်တဲ့စိတ်၊ စော်ကားချင်တဲ့ စိတ်နဲ့ ပြောတာ မဟုတ်ပါဘူး။ မီးက ကိုကိုကိုခင်တယ်၊ နောက်ပြီး မီးတို့က ဟိုသွားဒီသွားလည်း လုပ်ချင်တယ်၊ အဲဒီအခါတွေကျရင် လည်း ကိုကိုနဲ့ သွားချင်တယ်၊ အဲဒါကို ကိုကိုက မီးတို့ကို အလိုလိုက် ပြီး လိုက်ပို့ လိုက်ကျွေးလှူပ်ဖို့ကျတော့ ကိုကို့မှာ အခက်အခဲရှိမယ်၊ အဲဒီလိုဆိုရင် ကိုကိုမလိုက်ဘဲနေမှာစိုးလို့ မီးက တမင် ကြိုပြော ထားတာပါ"

"ကိုယ်နားလည်ပါတယ် မီးရယ်၊ အဲဒါတွေ ထပ်မပြောနဲ့ တော့၊ မီးတို့ ဘယ်သွားသွား ကိုယ်လိုက်ခဲ့ပေးပါ့မယ်၊ ဒါပေမဲ့ တစ်ခု တော့ ရှိတာပေါ့၊ ဘယ်တော့မှ ကိုယ့်အိတ်ထဲက ပိုက်ဆံမထုတ်ရဘူး ဆိုတဲ့ စည်းကမ်းသတ်မှတ်ချက်မျိုးတော့မထားနဲ့ကွာ၊ အဲလိုကြီးကျ တော့လည်း ကိုယ့်ဘက်က တစ်မျိုးကြီးပဲ"

မီးက ရယ်သည်။ ကျွန်တော် ဒီတစ်ချက်ကို ခုနေသည်ဟု ထင်သွားသလား မသိ။ သိပ်တွေတွေထူးထူး မပြောတော့ဘဲ 'သဘော . . . သဘော' ဟု ရယ်သံဖြင့် ပြောသည်။ ပြီးမှ ဆက်၍ . . .

"မီးတို့ကို တစ်မျိုးမထင်ပါနဲ့ ကိုကိုရယ်၊ မီးက ကိုကို့ကို တကယ် ခင်လို့ပါ။ မီးက အိမ်မှာ တစ်ယောက်တည်းသမီး ကိုကိုရဲ့ ပြီးတော့ ညီအစ်ကိုမောင်နှမ ဝမ်းကွဲလည်း မရှိဘူး၊ မီးလေ အစ်ကို တစ်ယောက် သိပ်ရှိချင်တာပဲ၊ အဲဒီအစ်ကိုက သဘောလည်း ကောင်းရမယ်၊ အေးလည်းအေးရမယ်၊ မီးကိုလည်း သိပ်အလိုလိုက် စေချင်တာပဲ၊ အိမ်မှာဆို မီး ဘယ်လိုနေရမှန်းကို မသိဘူး၊ မီးဒက်ဒီ နဲ့ မာမီကလည်း မီးကို ဂရုစိုက်နိုင်တာ မဟုတ်ဘူး၊ အိမ်မှာလည်း



ဂျီဂျီနဲ့ ရန်ပဲ ဖြစ်နေကြတာ၊ ဒါကြောင့် ကိုကိုနဲ့လည်း ခင်ရော အရမ်းပျော်တာပဲ"

"စိတ်ချမီး . . . မီးလိုချင်တဲ့ အစ်ကိုမျိုးဖြစ်အောင် ကိုယ် နေပေးမယ်၊ ကိုယ်လည်း မီးကို ညီမလေးအရင်း တစ်ယောက်လို ပ်ပါတယ်၊ သိပ်မထူးပါဘူး မီးရယ်၊ ကိုလည်း မီးလိုပဲ တစ်ကောင် ကြက်ပါပဲ"

"ဒါဖြင့် နောက်ကို မီးစကားပြောမှားရင်လည်း ဘယ်တော့မှ မျိုးမတိုရဘူးနော်၊ အစ်ကိုဆိုတာ ညီမကို ဘယ်တော့မှ စိတ်မဆိုး ဘူး၊ မီးက စိတ်ထဲမှာရှိတာဆို ဘာမှစဉ်းစားမိတာ မဟုတ်ဘူး ဆိုပဲ ပြောတတ်တယ်၊ ကိုကိုက မကျေနပ်ရင် မီးကို ဆူချင်ဆူ ထ်ချင်ရိုက်၊ ဘယ်တော့မှ ရှောင်မနေနဲ့"

ကျွန်တော် သဘောကျစွာ ပြုံးမိသည်။

တကယ့်ကို သိပ်ချစ်ဖို့ကောင်းတဲ့ ညီမဆိုးလေးပါပဲ . . . ရှယ်။

ထ ❧ ထ

www.burmeseclassic.com

www.burmeseclassic.com

"ကိုအေးချမ်း"

"ဗျာ . . ."

ဟန်ဆောင်မှုန်းလပြည့် ကျော်သွားပြီမို့ ကောင်းကင်တွင် တိမ်စ တိမ်မျှင်များပင် သိပ်မရှိချင်တော့။ ညချမ်းကလည်း အေးစိမ့်နှင့် လမ်းလျှောက်၍ ကောင်းနေသည်။ ဂျပ်ဆင်ဟော ထိပ်များတွင် ဆုတ်လက်စလက မေးတင်ထားသလို ဖြစ်နေ၏။

ဂျပ်ဆင်ဟောလ်မှ သီရိဆောင်ဘက်သို့ ကွေ့သည့် အကွေ့ ချိုးနားအရောက်တွင် ကိုကျော်စွာက စကားစသည်။ ကျွန်တော် ပြန်ထူးလိုက်သောအခါ သူက ကျွန်တော့်ဘက်လှည့်ပြီး . . .

"ခင်ဗျား လွမ်းနေတာတော့ မဟုတ်ပါဘူးနော်"

ကျွန်တော် ရယ်လိုက်သည်။ သူ့စကားကို နားမလည်သဖြင့်

. . .

"ဘာ့ဖြစ်လို့လဲဗျ . . . ခင်ဗျားစကားက အရင်းမရှိ အဖျား မရှိနဲ့"

"မဟုတ်ဘူးလေ . . . ခင်ဗျားကို ကျွန်တော် သတိထားကြည့်



နေမိတယ်၊ အဆောင်ပေါ်က ဆင်းလာတည်းကနေ ခုထက်ထိ စကားတစ်ခွန်းမှ မပြောသေးဘူး လရောင်မော့ကြည့်လိုက်၊ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း တွေးနေလိုက် လုပ်နေလို့ လွမ်းတယ်ဆိုတာ ဒါမျိုးလားလို့ သိချင်တာနဲ့ မေးကြည့်တာ"

"မဟုတ်ပါဘူးဗျာ . . . လရောင်နဲ့ လင်းမြိုင်းလောကကြီးက အေးချမ်းနေလို့ နေရထိုင်ရတာကို သိပ်သဘောကျနေလို့ပါ"

"လွမ်းတော့ မလွမ်းဘူးပေါ့"

"ဟာဗျာ . . . ကျွန်တော်က ဘယ်သူ့ကို လွမ်းရမှာလဲ"

"ကျွန်တော်လည်း အဲဒါပဲ မေးမလို့ဗျ . . . လွမ်းတာ မဟုတ်ဘူး သတိရနေတယ်ဆိုတာတောင် ဘယ်သူ့ကို သတိရနေတာလဲလို့ မေးမလို့"

"လွမ်းစရာရော သတိရစရာရော မရှိသေးပါဘူးဗျာ"

ကိုကျော်စွာက အသံထွက်သည်ဆိုရုံလေးထွက်၍ ရယ်သည်။

"မဖြေချင်ဘူး ဆိုရင်တော့လည်း မမေးတော့ပါဘူးဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ဇာတ်လမ်းကို ကျွန်တော်သောကနေ စိတ်ဝင်စားနေတာတော့ အမှန်ပဲ"

"ဘယ်ဇာတ်လမ်းလဲဗျ"

ကိုကျော်စွာနှင့် ကျွန်တော်က အဆောင်မှာ အခန်းချင်း ကပ်လျက်နေ၍ အတန်းတူကျောင်းသားများ ဖြစ်သည်။ သူ ဘာကို ရည်ရွယ်၍ မေးချင်နေသည် ဆိုသည်ကို ကျွန်တော် သိပါသည်။ သို့သော် သူ သိချင်နေသည့် မီးတို့အုပ်စုနှင့် ကျွန်တော်တို့ အကြောင်းအနေ အဖြစ်အပျက်ကို စဦးကတည်းကလည်း မည်သူနှင့်မျှ မတိုင်ပင်ဘဲ ကိုယ့်ဘာသာကိုယ် နေခဲ့သည်ဖြစ်ရာ ခုလည်း ဘယ်သူနှင့်မှ

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ချင်စိတ် မရှိသဖြင့် ဆင်ခြေ့ရန်ရှောင် လုပ်နေခြင်း ဖြစ်၏။

"ခင်ဗျားကလည်း သိရဲ့သားနဲ့ ဟိုလိုလို ဒီလိုလိုလုပ်မနေပါနဲ့ တိုအေးအေးရော၊ ခင်ဗျားနဲ့ ဟိုကောင်မလေးနှစ်ယောက် တတွဲတွဲ လုပ်နေကြတာ ကျွန်တော်သိပါတယ်၊ ခင်ဗျားက အချင်းချင်း ချစ်သလို မှုက်သလို လုပ်နေတာ"

"ဩော် . . . အဲဒါလား . . . အဲဒါက ကျွန်တော့်ညီမတွေပါ"

"အင်း . . . လာပြန်ပြီ ဒီအချိုးမျိုး၊ ခင်ဗျားကလည်း ဘိုးတော်ဘုရားလက်ထက် တက္ကသိုလ်က ပုံစံမျိုးတွေ လာမချိုးပါနဲ့၊ ဒီမှာ မသေမချင်း မှတ်ထား . . . တက္ကသိုလ်မှာ မောင်နှမမှန်ရင် တွဲသွားတွဲလာမနေဘူး ဘာဆိုင်ဘာညာ နေကြတာ၊ တွဲပြီဆိုရင်လည်း ဘယ်တော့မှ မောင်နှမ မဟုတ်နိုင်တော့ဘူး"

သူ့စကားကြောင့် ကျွန်တော် ရယ်နေလိုက်သည်။ သူပြောတာလည်း မှန်သင့်သလောက် မှန်ပါသည်။ သို့သော် လောကကြီးမှာ ဘယ်အရာမှ ပုံသေနည်းနဲ့ တွက်၍မရသလို တက္ကသိုလ်မှာလည်း ပုံသေနည်းအတိုင်း အမြဲတမ်း မဖြစ်ပါ။

"အဲဒါက ဘာအဓိပ္ပာယ်လဲဗျ"

ကျွန်တော်က သူ့စကားကို ဘာမှမတုံ့ပြန်ဘဲ ရယ်ရုံရယ်နေသဖြင့် သူက ထပ်မေးသည်။

"ဘာမှမဟုတ်ပါဘူးဗျာ၊ ခင်ဗျားပြောတာ ကျွန်တော် သဘောကျလို့ပါ"

"ဘာလဲ . . . ကျွန်တော့်စကားက မှန်နေလို့လား"

"မှန်တော့ မမှန်ဘူး ကိုကျော်စွာ၊ ဒါပေမဲ့ မှားတယ်လို့လည်း



ပြောလို့တော့ မရဘူးပေါ့၊ ထားပါတော့ဗျာ၊ အဲဒီကိစ္စ မမေးပါနဲ့တော့၊ တခြားအကြောင်းပဲ ပြောရအောင်၊ ကျွန်တော် ဒီအကြောင်းတွေ သိပ်မပြောချင်ဘူး"

ကျွန်တော့်စကားအဆုံးတွင် ကိုကျော်စွာ ဟားတိုက်ရယ်သည်။

"မပြောနဲ့ဆိုလည်း မပြောတော့ဘူးဗျို့၊ ဒါပေမဲ့ ခင်ဗျား ဘာဖြစ်နေတယ်ဆိုတာကို ကျွန်တော် သိသွားပါပြီ"

သူ့ကို ဘာမှပြန်မပြောသော်လည်း ဒီတစ်ခါ သူ့စကားတော့ သွက်သွက်ခါအောင် မှားပြီဟု သိလိုက်သည်။ ကျွန်တော် ဘာဖြစ်နေသလဲဆိုတာ သူသိပြီဆိုခြင်းမှာ လုံးဝ အဓိပ္ပာယ်မရှိ။ ကျွန်တော့်ဘာသာကျွန်တော်ပင် ဘာဖြစ်နေမှန်း မသိ။

အမှန်ကို ဝန်ခံရလျှင် ကျောင်းဖွင့်စရက်များကို ကျွန်တော် မီးတို့ကို ရှောင်နေခဲ့ခြင်းတိစ္စနှင့် ပတ်သက်၍ မီးငိုကတည်းက မီးငိုသည့်ကို သနားပြီး သူတို့ကို အလိုလိုက်ခဲ့မိသည်မှာ မှားများမှားသည်လားဟု တဖြည်းဖြည်း နောင်တရချင်နေ၏။

ထိုစဉ်ကတည်းက ဘာဖြစ်ဖြစ် . . .

'ကိုယ့်ကို ဘယ်လိုမှ သဘောမထားနဲ့မီးရေ၊ မီးတို့ဘာနဲ့ ကိုယ့်ဘဝက တူတာမဟုတ်ဘူး၊ ကိုယ်လည်း မီးတို့အတွက် အချိန်မပေးနိုင်ဘူး၊ ကိုယ့်ကိုလည်း မခင်ပါနဲ့၊ မီးတို့ကိုလည်း ကိုယ်မခင်ဘူး' ဟု ရက်ရက်စက်စက်ပင် ပြော၍ တစ်ခါတည်း လမ်းခွဲပြတ်ခဲ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။

ထိုသို့ဆိုလျှင် ကျွန်တော့်အတွက် ထိုတစ်ကြိမ်သော စိတ်မကောင်းဖြစ်ရမည်။ ပြီးမှ ကိုယ့်ဘာသာကိုယ် သေလုအောင် ခံစားရ ခံစားရ တစ်ယောက်တည်း ကျိတ်ခံစားလိုက်တာက ပို၍ သက်သာသည် ဖြစ်သည်။

ကျွန်တော် သတ်ပြင်းချမိ၏။

ဒီအတိုင်းဆက်သွားလျှင် ကြာသော် ခက်ပေလိမ့်မည်။

ခုပင် အတော်ခက်စပြုပြီ။

မိုးနှောင်းစက်တင်ဘာ ကျောင်းဖွင့်စရက်များမှသည် ဆောင်းဦးနိုဝင်ဘာရောက်သည်အထိ ဖြတ်သန်းလာခဲ့ရသော ကာလများသည် ကျောက်တုံးကျောက်စရစ်မဟုတ်။ မျိုးစေ့မှ ထမြှည်းဖြည်း သီးပွင့်ဝေဆာလာသော သစ်ပင်ကဲ့သို့ ရက်များဖြစ်သည်။

သစ်ပင်ကဲ့သို့ ရက်များမှ တွယ်ရစ်လာသော သံယောဇဉ်နွယ်များသည်လည်း နည်းနည်းနောနော မဟုတ်။

ကျွန်တော် မှတ်မိသောရက်များကို ပြောပြချင်ပါသည်။

❁

စက်တင်ဘာလ ၁၉ ရက်နေ့ နေ့လယ်က ဌာနအလိုက် သစ်လွင်ကြိုဆိုပွဲတွင် မီးတို့ဌာန အလှည့်ကျသည်။

ထို့ကြောင့် ထိုနေ့က တက္ကသိုလ်အပန်းဖြေရိပ်သာတွင် ကျွန်တော်၊ သိင်္ဂီနှင့် မီးတို့သုံးယောက်စလုံး ရှိနေသော်လည်း မီး



အခမ်းအနားထဲ ရောက်နေသဖြင့် အပန်းဖြေရိပ်သာအပေါ်ထပ်တွင် ကျွန်တော်နှင့် သိင်္ဂီသာ ရှိနေသည်။

သိင်္ဂီက မီးအကြောင်း ထိုအခါမှ ပြောပြ၏။

"ဒီလို ကိုကို . . . ဟိုနေ့က မီးတစ်ယောက်တည်း လစ်ထွက်လာပြီး ကိုကိုကို တောင်းပန်တာ၊ သူ တော်တော်စိတ်မကောင်းဖြစ်သွားလို့၊ အဲဒီနေ့က ပထမတစ်ခေါက် သိင်္ဂီနဲ့လာတော့ တိုက်ဆိုင်တွေ့တည်းက သူ ဝိုတော့မလို ဖြစ်နေတာ"

ကျွန်တော် ရယ်လိုက်သည်။ သူတို့စိတ်ထဲတွင် ဒီကိစ္စကို အမှုအထစ်တစ်ခုအဖြစ် ရှိမနေစေချင်တော့သဖြင့် တမင် ရယ်ပြလိုက်ခြင်း ဖြစ်သည်။

"အမှန်တော့ တို့လည်း ကလေးဆန်သွားတာပါ သိင်္ဂီရာ၊ အဲဒီနေ့က ပြန်လာတော့ ဘာပြောသေးလဲ"

"ကိုကိုနဲ့ ထမင်းစားပြီး ပြန်လာလာချင်းပဲ သိင်္ဂီဆီလာတယ်၊ အကျိုးအကြောင်း ဝမ်းသာအားရပဲ ပြောတယ်၊ ကိုကို့ကို သူ တောင်းပန်ခဲ့တယ်၊ တော်သေးတာပေါ့ ကိုကိုက ခွင့်လွှတ်လွယ်လို့တဲ့"

"အဲဒီတော့ သိင်္ဂီက ဘာပြောလိုက်လဲ"

သိင်္ဂီက ပြန်မဖြေခင် အရင်ရယ်လိုက်သေးသည်။ ပြီးမှ . . .

"တို့အစ်ကိုက ခွင့်လွှတ်လွယ်ပါတယ်ကွာ၊ အထူးသဖြင့် မီးကိုဆို ပိုခွင့်လွှတ်မှာပေါ့လို့ ပြောလိုက်တာပေါ့"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ကိုကိုရဲ့၊ မီးက လှတာကိုး၊ မီးက လှလည်း လှတယ်၊ ချစ်စရာလည်း ကောင်းတယ်၊ သူ့မှ ခွင့်မလွှတ်ရင် တို့ကို

www.burmeseclassic.com

ဘယ်သူ့ကို သွားခွင့်လွှတ်မလဲ"

"ဟာ . . . သိဂီကလည်း . . . မဟုတ်တာကွာ"

"မဟုတ်တာကွာ . . . လုပ်မနေနဲ့ ကိုကို၊ စိတ်ဈေးလည်း မလွဲနဲ့၊ သိဂီကတော့ မီးကိုပြောပြီးပြီ၊ ယောက်မတော်မယ်လို့"

ကျွန်တော့်မျက်နှာ ပူရှိန်းရှိန်း ဖြစ်သွားသည်။

"ဖွစွပါပဲ သိဂီရာ၊ မဟုတ်မဟတ်တွေ လျှောက်မပြောပါနဲ့"

"လုပ်မနေပါနဲ့နော်၊ သိဂီ မသိတာမှတ်လို့၊ မီးကို လစ်ရင် လစ်သလို ကိုကို ခိုးခိုးကြည့်နေတာ သိဂီ မသိဘူးမှတ်လို့လား"

သူပြောတာ ထုတ်နေသဖြင့် ဘာပြန်ပြောရမှန်း မသိသော်လည်း ပြုံးသာနေရသော်လည်း စိတ်ထဲတွင် အောက်မေ့လိုက်၏။

✿

အခမ်းအနား ပြီးခါနီးသောအခါ ကျွန်တော်တို့နှစ်ယောက် ဂျပ်ဆင်ယောဘက် အနောက်ဘက်ထွက်ပေါက်မှ သွားစောင့်သည်။

ဟိုရာဒီရှာ ရှာရာမှ ကျွန်တော်တို့ကို တွေ့သွားသောအခါ မီးက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း . . .

"စောင့်နေတာ အကြာကြီးပဲလား၊ အားနာလိုက်တာ၊ သိပ်ကြာနေရင်လည်း မီးကိုထားပြီး သွားစရာရှိတာသွားကြ ပြီးရော"

"အမယ် . . . မလုပ်ပါနဲ့နော်၊ တော်ကြာ တစ်ယောက်က စိတ်ကောက်ကျန်ခဲ့ပြီး နောက်တစ်ယောက်က ပြန်ချော့နဲ့ ကျုပ်တကြားထဲက အနေရခက်ပါတယ်၊ သူ့ဟာနဲ့သူပဲ ရှိပါစေ"

"သိဂီနော် . . ."



သူတို့ချင်း ပြောကြသောစကားများက အသွားအနေ့ာင့် သိပ်မလွတ်သည့်ကို သတိထားမိသည်။ သူတို့ချင်း ပြောဆိုနောက်ပြောင်နေသော အခြေအနေကို စောစောက သိဂီစကားကြောင့် သိထားပြီးဖြစ်နေ၍ နည်းနည်း အနေရခက်သလို ဖြစ်နေသည်။ သို့သော် ကိုယ်က လူကြီးမို့ လူကြီးပီပီ မသိချင်ယောင်ဆောင်နေလိုက်၏။

"ကဲ . . . သုံးနာရီထိုးပြီနော်၊ အပြန် မိုးချုပ်နေကြမယ်"

မီးက လျှာတစ်ဖစ်ထုတ်၍ . . .

"ဟုတ်သားပဲ၊ ကားလာတာတွေ့လား သိဂီ"

"တွေ့တယ် . . . စာကြည့်တိုက်ရှေ့မှာ ရပ်ထားတာလေ"

"ဒါဖြင့် သွားမယ်လေ"

သုံးယောက်သား မီးတို့အိမ်က လာကြိုနေသော ဒတ်ဆန်းအလှုံးဘဒ်ကားနီလေးရှိရာသို့ သွားသည်။

အင်ဖွိုင်းမှာ ဘာပြပွဲဆိုလည်း မသိ . . . ဖန်းချီပြပွဲတစ်ခုရှိ၍ မဟာတာဝန်အရ လိုက်ပို့ရပေဦးမည်။

ꩤ ✿ ꩤ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို . . . ခဏလေးနော်၊ ဒီနားကပဲစောင့်"

"ဟာ . . . မပြီးသေးဘူးလား၊ ဘာဝယ်ဦးမလို့လဲ"

ထိုနေ့က စက်တင်ဘာ ၂၆ ရက် စနေနေ့။ ဒီဇာစ်ပတ်တွင် ဌာနအလိုက် မောင့်မယ်သစ်လွင်ကြိုဆိုပွဲက သိင်္ဂီတို့မကျာအလှည့်။ ထို့ကြောင့် ကျောင်းထဲမှာ ကျွန်တော်တို့နှစ်ယောက်ပဲ ကျန်နေခဲ့စဉ်၊ မီးဇာ သိင်္ဂီတို့မပြီးမီ လှည်းတန်းဈေး ခဏလေး သွားရအောင် ဆိုသဖြင့် ကျွန်တော်ပါလာခြင်း ဖြစ်သည်။

ရတနာထွန်းစတိုးဆိုင်မှာ ဘာညာဘာညာ သူတို့သုံး ထွေလီကာလီပစ္စည်းလေးများ ဝယ်ခြမ်းပြီး၍ လှည်းတန်းဈေးဘက် ကူးပြီး သူ အင်္ကျီစတစ်စ ဝယ်သည်။

ဝယ်ပြီး ပြန်မည်အောက်မေ့၍ ပြန်လှည့်စဉ် သူ့စကားကြောင့် ကျွန်တော် ခဏရပ်လိုက်သည်။

"ဝယ်ဖို့လို့ မဟုတ်ဘူး ကိုကိုရဲ့၊ ဒီပိတ်စကို တစ်ခါတည်း ချုပ်သွားမလို့၊ နို့မို့ တစ်ခေါက်ပြန်လာရတာ ပင်ပန်းတယ်"

သူ့ဟာနှင့်သူကတော့ ဟုတ်နေ၏။ ကျွန်တော် ဘာမှမပြော



တော့ဘဲ ခေါင်းညိတ်ပြီး အပ်ချုပ်တန်းထိပ်ကပဲ စောင့်နေလိုက်သည်။

သူတို့ ကျွန်တော်နှင့်အတူနေရတာ စိတ်ချမ်းသာတာလည်း မပြောနှင့်။ သူတို့မှာ အလကားနေရင်း ဘယ်သွားသွား ဘာလုပ်လုပ် အဖော်ကောင်းကြီးတစ်ယောက် ရထားသလိုဖြစ်နေသည်။

တဖြည်းဖြည်း ရင်းနှီးလာတော့လည်း တောင်ပြော မြောက်ပြော ပြောဖို့လည်း အားမနာရ။ အပျင်းပြေ စကားစရာအရုပ်ကြီး ထစ်ရုပ် ရထားသလိုလည်း ပျော်မြူးနေသည်။

ပြောသာပြောရသည်။ သူတို့နှင့်နေရတာ ကျွန်တော်လည်း စိတ်ချမ်းသာပါသည်။ ပြောရလျှင် စိတ်ချမ်းသာခြင်းမှာ ကျွန်တော်ကပင် ပိုပါဦးမည် ထင်ပါသည်။ သူတို့နှင့် မဆုံရခင် ကျွန်တော့်ဘဝက ခြောက်သွေ့လွန်းသော အထီးကျန်ဘဝသာ။

ကိုယ့်အခြေအနေကိုယ် သိသူမို့ မိတ်ဆွေသင်္ဂဟပင် သိပ်အများကြီးထား၍ မပေါင်းရဲ။ တက္ကသိုလ်ဆိုသည်ကလည်း ခက်သည်။ အထက်တန်းကျောင်းကဲ့သို့ ကလေးဘဝဖြင့် ပညာသင်ရခြင်းမျိုး မဟုတ်ဘဲ လူလားမြောက်စွာ ပညာဆည်းပူးရသော အရပ်မို့ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းနယ်ပယ်ကို ချဲ့ထွင်ဖတ်လျှင် ချဲ့ထွင်နိုင်သလောက် ကျယ်ပြန့်သည်။ အကျိုးရှိအောင် ပေါင်းတတ်လျှင်လည်း များစွာအကျိုးရှိသည်။

တက္ကသိုလ်ဆိုသည်က နောင်တစ်ချိန် တိုင်းပြည်၏ ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထာကိစ္စများတွင် ပညာဇာတ်များ အရာရှိများ မွေးဖွားပေးရာ အရပ်ဖြစ်သလို တက္ကသိုလ်မှာ လာတက်သော ကျောင်းသားကျောင်းသူများကလည်း အလွှာပေါင်းစုံမှ လာကြသူများဖြစ်ရာ

www.burmeseclassic.com



ကိုယ့်မှာ မိတ်ဆွေများလျှင် များသလောက် နောင်တစ်ချိန် လူ့ဘဝကိစ္စများ ဆောင်ရွက်ရာတွင် နေရာတိုင်းလိုလိုမှာ သူငယ်ချင်း မိတ်ဆွေများရှိနေ၍ များစွာ အဆင်ပြေတတ်သည်။

အပျော်ပေါင်းလျှင်လည်း ပျော်ချင်သလောက် ပေါင်း၍ ရသည်။ အပေါင်းအသင်းများခြင်းကိုလည်း ဂုဏ်တစ်ခုလို ဖြစ်သည်။

သို့သော် . . . ကျွန်တော့်ဘဝနှင့် ကျွန်တော်ကျတော့ ကျွန်တော့်မှာ လေးနှစ်တန်သောဘွဲ့ကို လေးနှစ်နှင့်ရဖို့က သိပ်အရေးကြီးနေသည်။ ထိုလေးနှစ်တာကာလကိုလည်း စရိတ်အနည်းဆုံး အကုန်အကျ အသက်သာဆုံးနည်းဖြင့် ကျော်ဖြတ်ရမည်ဖြစ်ရာ အချိန်ရှောင့ငွေပါ ချွေတာသည့်အနေနှင့် တတ်အားသ၍ မိတ်ဆွေနည်းရန် နေသည်။

သိပ်ခင်မင်ရင်းနှီးသော သူငယ်ချင်း လေးငါးခြောက်ယောက်နှင့်မင်လျှင် တစ်ခါတစ်ရံ လက်ဖက်ရည်ဆိုင် ထိုင်တာမျိုးလောက်ကလွဲ၍ ရုပ်ရှင်ပင် မြို့ထဲလိုက်မကြည့်ဖူးခဲ့။ သူတို့က အကုန်အကျခံမည်ဆိုသည့်တိုင် အသွားအပြန်ဆိုသည့်သဘောကို အားနာ၍ ကျွန်တော် ရှောင်နေသည်က များသည်။

သူငယ်ချင်းများကလည်း ကျွန်တော့်ကို နားလည်ကြပါသည်။

သို့သော် ကျွန်တော်ကတော့ ကိုယ့်ကို ပိုနားလည်နိုင်သည့် ကိုယ့်လို ဘိုင်သမား ကိုကျော်စွာတို့နှင့်သာ ပိုက်ဆံအကုန်အကျနည်းသော ပျော်ရွှင်မှုဖြစ်ဆည့် ဟာဝါးပန်းခြင်းကိစ္စများနှင့်သာ ရှည်လျားသော တက္ကသိုလ်များကို ဖြတ်သန်းနိုင်အောင် ကြိုးစားခဲ့သည်။

ယခု မလွှဲသာမရှောင်သာ သိပ်ခင်မင်ဖို့ကောင်းသည့် ညီမ



တစ်ယောက်နှင့် သိမ်ချစ်စရာကောင်းသည့် ညီမလိုမျိုးလေး တစ်ယောက်ရှိလာသောအခါ မိုးဦးတွေ သစ်ပုတ်ပင်ကြီးကဲ့သို့ ဖြစ်လာသော ကျွန်တော့်ဘဝကို ကျွန်တော် များစွာပျော်ပါသည်။

"ကြာသွားလား . . . ဆိုင်က တရုတ်မ လေကြောရှည်နေတာနဲ့ နားထောင်နေရတာ ကိုကိုရေ၊ ကိုကို့ကို အားတောင်နာတယ်"

ဘယ်အချိန်က အနား ဘယ်လိုရောက်လာမှန်းပင် မသိလိုက်၊ အသံကြားမှ သတိပြန်ဝင်သည်။ ကျွန်တော် အာမှမပြောခင် သူက ဆက်၍ . . .

"အချိန်တော့ ရပါသေးတယ်၊ သီဂီတို့က သုံးနာရီလောက်မှ ပြီးမှာ၊ အမောပြေ ဖာလူဒါလေး တစ်ခွက်စီလောက် သောက်ရအောင် ကိုကိုရယ် . . . နော်"

"မီး သောက်ရင်သောက်လေ၊ ကိုယ်တော့ မဆာပါဘူး၊ ခုန ထမင်းစားထားလို့ ဗိုက်ပြည့်နေတယ်"

"စေတနာနဲ့ ကျွေးရင် ဖာလူဒါဟာ ဆေးဆေးထက် အများကြီး ချိုတယ်နော် ကိုကို၊ အေးအေးဆေးဆေး မသောက်ရင် မီးက ခေါင်းပိတ်ပြီး ကလေးဆေးတိုက်သလို ပါးစပ်ထဲ အတင်းလောင်းမည့်မှာ၊ လူကြီးက ကောင်းတယ်ထင်လို့ စီမံတာကို ကလန်ကဆန် လုပ်နဲ့ . . . လာခဲ့"

ကျွန်တော် ပြုံးလိုက်ရပြန်သည်။

ထိုစဉ် အဲ့နေသောမိုးက ပြန်းခနဲ ရှာချသဖြင့် မီးလေးလေးထဲမှာ နှစ်ယောက်အတူတူ ခိုလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"တိုတို . . . ရော့"

"ဟောဗျာ . . . ဒါက ဘာလဲ"

"ရည်းစားစာ"

"အဲ . . . အဲဒါ ဘာဖြစ်လာရပြန်တာလဲ"

ကျွန်တော့်ဖြစ်ပုံကိုကြည့်၍ နှစ်ယောက်စလုံးက ရယ်သည်။ သိင်္ဂီက နှုတ်ခွက်လျှာခွက် ဝင်ပြော၏။

"ဘာမှ မဖြစ်ဘူး၊ မီးက ကိုကို့ကို ရည်းစားစာပေးတာ"

"အင်းလေ . . . ရည်းစားစာပါလို့ ပေါ်တင်ကြီး ပြောပေးတာတောင် သူက မူနေရသေးတယ်၊ ယူနော်၊ မယူရင် . . . မီးက ကိုကိုသွားတဲ့နောက် တကောက်ကောက် လိုက်ပြီး မယူမချင်း ပေးမှာပဲ"

"အို . . . နင်ကလည်း အ,လိုက်တာ၊ အဲလိုကြီး အကြမ်းပတမ်း လိုက်ပေးရင် ဟိုက ရှက်ပြီး ဘယ်ယူရဲတော့မလဲ၊ ဒါမျိုးဆိုတာ ချော့ပေးရတယ် . . . ဟဲ"

"ဩော် . . . အေး ဟုတ်သားပဲ၊ စိတ်မဆိုးပါနဲ့ အစ်ကိုကြီးရယ်၊ ညီမလေးက အစ်ကိုကြီးကို မြင်းမြင်းချင်း နွားနွားချင်း ဆိုသလို၊ အဲလေ . . . မြင်မြင်ချင်း မေတ္တာရှိလို့ ညီမလေး ဝေဒနာတွေကို စာစီကုံးလာခဲ့တာပါ။ လက်ခံပါ အစ်ကိုကြီးရယ်နော်၊ အစ်ကိုကြီးက လီမှာပါတယ်"

ပြောပြီးမှ သူတို့နှစ်ယောက် သဘောကျစွာ ရယ်သည်။

ကျွန်တော် စိတ်မထိန်းနိုင်ဘဲ ပြုံးလိုက်ရင်း . . .

"ဟာ . . . ဒီကောင်မလေး၊ မတော်မတဲ့တွေ လာပြောမနေနဲ့ ဘာလဲ . . . ဘယ်သူက ဒီစာပေးလိုက်ပြန်ပလဲ"



"ဘယ်သူတာမလဲ . . . ကိုကိုတို့ ဘားမိစ်ပိုင်နယ်တ ကိုမောင်မောင်ကြီးဆိုတဲ့လူပေါ့၊ သူ့အသက်တောင် အားမနာဘူး၊ စာမယူလို့တဲ့၊ မျက်ရည်တွေ ဘာတွေကျနေလို့ အငိုခံရတဲ့လူ အသုဘမဖြစ်အောင် ယူထားလိုက်ရတယ်"

ကျွန်တော် ရယ်မိသည်။ သူတို့တော့ သိမည်မဟုတ်။ ထိုဆရာက နောင်အခါ နာမည်ကြီး စာရေးဆရာအဖြစ် အလွမ်းဝတ္ထုတွေ လှိုင်လှိုင်ရေး၊ လူကြိုက်များလာမည့် ပုဂ္ဂိုလ်ဖြစ်သည်။ ပထမနှစ်မှာပင် အမျိုးသားစာပေဆုတွေ ဘာတွေရခဲ့သော်လည်း ထိုဆရာ့ခမျာ မြန်မာစာမေဂျာဘာသာကျသောကြောင့် တစ်တန်း သုံးနှစ်နေလာရပြီး လွမ်းစရာလေးတွေဖြစ်၊ လွမ်းစရာလေးတွေ ရှာကြံနေရသဖြင့် သူတို့ပြောလည်း ပြောစရာ ဖြစ်နေသည်။

"ဒါပဲလား . . ."

"ဘယ်ဟုတ်မလဲ၊ ဒီမှာ နောက်ထပ်နှစ်စောင် ကျန်သေးတယ်၊ အီကိုက တောင်တစ်ယောက်ဆီက တစ်စောင်၊ နောက်ပြီးတော့ ဘယ်ကမှန်း မသိပါဘူး၊ ဘောင်းဘီလက်ရှည်တွေဘာတွေနဲ့ နှစ်ရက်ရှိပြီ အုတန်းဝက လာချောင်းနေတဲ့တစ်ယောက်"

"စကားရော၊ ဘယ်သူ လိုက်ပြောလိုက်သေးလဲ"

"အမယ်လေး . . . မန္တလေးဆောင်နဲ့ ဒီနဲ့ ကြားထဲမှာတောင် နှစ်ယောက်လောက် လိုက်ပြောသေးတယ်၊ ကြာတော့ မီးက ဒီကိစ္စရှည်တာနဲ့ . . . နောက်တစ်လှမ်း ထပ်လိုက်ပြောရင် မင်းငိုမယ်၊ ရှိရင် တစ်လှမ်းတိုးဆိုပြီး ဘုပြောမှ လန့်ဖျပ်ကျန်ခဲ့တာ"

သူတို့ဖလေးတွေနှင့် ကျွန်တော့်ဘဝက ဒီလိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဆိုလိုတာက အပြန်ကျရင်၊ ကိုယ်ပြန်လိုက်ပို့ရမယ်ပေါ့"

"အင်းပေါ့ . . . လူတွေက ကိုကို့အလစ်ပဲ ကြည့်နေတာ၊ တိုကို ထစ်တာနဲ့ အတင်းလိုက်တာပဲ၊ နောက်ကို ကိုကို့ဆီ မလာဘူးတိုတိုရှာ၊ မီးတို့ဆီပဲ ကိုကိုလာခဲ့ ဟိုမှာပဲ ထမင်းစားမယ်၊ အဲဒါမှ လိုက်သေးရင်လည်း တစ်ခါတည်း ပြောပစ်လိုက်မယ်၊ လိုက်မနေနဲ့ ငါ့မှာ ရည်းစားရှိတယ် နေ့ခင်းကျ ထမင်းလာစားတယ်၊ သေချာကြည့်ထား . . . လို့"

"ဟာ . . . ဗုက္ခပါပဲ၊ မိုးကြိုးတွေတော့ ပစ်ကုန်တော့မှာပဲ မီးကလည်း"

"ဩော် . . . သူတို့ မလိုက်အောင် ပြောတာပဲ ဘာဖြစ်လဲ"

အဲလိုအချိန်မျိုးလေးတွေမှာ ကိုကို ဘယ်လို ခံစားရသလဲလို့ မီးက မေးချင်မေးမယ်။

ကိုယ်မညာချင်ပါဘူး မီးရယ်။ ရင်ထဲမှာ ကြည်နူးသာယာတာလည်း ကြည်နူးသာယာတာပါပဲ၊ ပြီးတော့လည်း မီးပြောသလို ဘဝမျိုးလေး တကယ်ဖြစ်လာရင် ဘယ်လောက်ကောင်းမလဲလေ ဆိုပြီး တောင့်တမိတာလည်း အမှန်ပါ။

ရိုးသားစွာဝန်ခံရရင် ဘာက္ကသိုလ်ကျောင်းလို နေရာမျိုးမှာ မီးလို မိန်းကလေးတစ်ယောက်အတွက် မီး ခြေထောက်ဆေးချင်တယ်ဆိုရင်တောင် သူတို့ နှလုံးသွေး ဖောက်ပေးဖို့ ဝန်မလေးတဲ့ ပုဂ္ဂိုလ်လေး



တွေ တစ်ပုံကြီးရှိတာလည်း သိပါတယ်။ အဲဒီလူမျိုးတွေထဲမှာ မီးအနေနဲ့ တကယ် လက်ခံမယ်ဆိုရင် လက်ခံသင့်တဲ့ လူတွေ တလှေကြီးပါတာပဲ။ အဲဒီကြားထဲက တစ်ပုဂ္ဂိုလ် တစ်ကိုယ်တော်ကိုမှ မီး လက်မခံဘဲ တစ်နေ့တစ်နေ့ ကိုယ့်ကိုလာတိုင်ပြီး တစ်ယောက်ပြီးတစ်ယောက်ကို ပစ်ပစ်ခါခါ ပြောပြော နေတဲ့အတွက် ရင်ထဲမှာ အေးနေရတာလည်း မညာချင်ပါဘူး။ အဲဒီထဲက တစ်ယောက်ယောက်ကို မီးလက်ခံသွားလေမလားဆိုတဲ့စိတ်နဲ့ အလကား နေရင်း ဣသာမစ္ဆရိယတွေ ခဏခဏပွားဖူးတယ် ဆိုတာလည်း မညာချင်ပါဘူး။

မင်ပန်းတာတော့ အရမ်းပင်ပန်းတာပဲ မီးရေ…

ဒီလို ပြဿနာမျိုးတွေက တစ်နေ့နေ့လည်း မနည်းဘူး မဟုတ်လား …

ဒါမျိုးတွေ လျှောက်ပြောနေလည်း ဆုံးမှာ မဟုတ်ဘူး၊ တစ်ဘက်က လူတွေကလည်း ကြိုးစားနေလိုက်ကြတာ နည်းပေါင်းကို စုံပါရော …

ကောင်းတော့ကောင်း ပါတယ်လေ၊ အဲဒါကြောင့်လည်း မီးနဲ့ ကိုယ့်ကြားထဲမှာ မမျှော်လင့်တဲ့ အပြောင်းအလဲလေးတွေ ဖြစ်ကုန်ကြတာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

ဒီပြဿနာတာ ကိုကျော်စွာနှင့် ကျွန်တော် သိရှိဆောင်ဘတ် လမ်းလျှောက်ရင်း စကားပြောဖြစ်ခဲ့သည့် နောက်ပိုင်း တစ်ရက် နှစ်ရက်မှာ ဖြစ်သည့်ကိစ္စ။

"ဟော . . . စောစောစီးစီး စာကြည့်စားပွဲ ုိင် နပလာ ဗျ"

ထိုနေ့က ထမင်းစားပြီး အပြင်ဘက် လမ်းမလျှောက်ချ တော့သဖြင့် အဆောင်ဝရန်တာတွင်သာ နည်းနည်းပါးပါး အ ကျေ ပိုဒ်လျှောက်လိုက်ပြီး ဖတ်စရာရှိသော စာအုပ်များကို ထို ဖတ်နေစဉ် ကိုကျော်စွာအသံကြောင့် ကျွန်တော် လှည့်ကြည့်လို သည်။

ကိုကျော်စွာက စားပွဲဘေးတွင် ဝင်ရပ်သည်။

"ဘာတွေဖတ်နေတာလဲ"

"ပထဝီစာအုပ်တွေပါဗျာ၊ စာကြည့်တိုက်က ငှားထား ရက်စေ့တော့မှာမို့ ကမန်းကတန်း အပြီးသတ်နေတာ၊ ဘာဖြစ်လို့ ကိစ္စရှိလို့လား . . . ကိုကျော်စွာ"



ကိုကျော်စွာက ခေါင်းခါပြီး . . .

"အထွေအထူးတော့ မရှိပါဘူး။ အေးအေးဆေးဆေး စကား ပြောချင်တာနဲ့ လာခေါ်တာ၊ လာမှာ စာအုပ်ထားခဲ့လို့ရရင် ခဏ ထားခဲ့ပါ၊ ဦးချစ်ဆိုင် သွားရအောင်"

ပထမတော့ မလိုက်တော့ဘူးဟု ကျွန်တော် ပြောလိုက်မည် ကြံသေးသည်။ သို့သော် ကိုယ်က အချိန်အခါမဟုတ်ဘဲ စာကြည့် စားပွဲထိုင်နေသည့်အမြင် လာခေါ်သူကလည်း တကူးတက လာခေါ် နေသဖြင့် ခဏတစ်ဖြုတ်တော့ လိုက်သွားမည်ဟု စိတ်ကူးမိသည်။

ထို့ကြောင့် ဖတ်လက်စ စာအုပ်ကို စာရွက်အဟောင်း တစ်ရွက်ခံပိတ်၍ ထရပ်လိုက်ပြီး . . .

"ရပါတယ် ကိုကျော်စွာ ခဏပေါ့ . . . နေဦးနော်၊ အပေါ် အင်္ကျီ ခပ်လိုက်ဦးမယ်"

ကိုကျော်စွာက ခေါင်းညိတ်သည်။

ကျွန်တော်က ဝတ်ထားသော စွပ်ကျယ်လက်ပြတ်အပေါ်မှ အင်္ကျီလက်ရှည်တစ်ထည် ကောက်စွပ်လိုက်ပြီး သူနှင့်အတူတူ အခန်းပြင် ထွက်လာခဲ့သည်။

အခန်းအပြင်တွင် လူငယ်တစ်ယောက် ရပ်နေသည်။

ကိုကျော်စွာက ထိုလူငယ်ကို လှမ်းခေါ်သည်။

"လာဟေ့ . . . ဆန်းနိုင် ၁ မယ်၊ ဪ . . . ကိုအေးချမ်း များနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ . . . ကျွန်တော့်ညီဝမ်းကွဲ မိစ်ကို ဒီနှစ်တက်တဲ့ ဆရာဝန်လောင်း . . . မောင်ဆန်းနိုင်တဲ့၊ နိုင် . . . ဒါငါ့သူငယ်ချင်း ကိုအေးချမ်း"

ကျွန်တော် ကိုဆန်းနိုင်ဘက် လှည့်၍ ပြုံးပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ . . . ကိုဆန်းနိုင်၊ သိရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ်ကဲ့ . . . အစ်ကို ကျွန်တော်လည်း ဝမ်းသာပါတယ်"

"ဒီကောင်နဲ့ ကျွန်တော်က ညီအစ်ကိုသာဖြစ်တာ တစ်နယ်စီ နေတာဗျ၊ ဒီနှစ်မှ သူလည်း တက္ကသိုလ်ရောက်လာပြီး ကျွန်တော့်ဆီ လာလည်တာ"

ကိုကျော့်စွာက မလိုအပ်ပါဘဲ သူ့ညီအကြောင်းတွေ ရှင်းပြ သည်။ ကျွန်တော် ခေါင်းညိတ်၍သာ တုံ့ပြန်သည်။

သူ့ညီ လာလည်သည့်ကိစ္စ သူ့ဘာသာသူ ပြောမခံဘဲ ကျွန်တော့်ကို ဘာကြောင့် လာခေါ်ရသည် ဆိုသည့်ကိစ္စကို တွေးမ မတွေးမိ။

အမှန်တော့ သူ့ညီရောက်သည့်ကိစ္စတွင် ကျွန်တော်က အမိကအရေးပါသော လူဖြစ်နေကြောင်း လက်ဖက်ရည်ဆိုင်ရောက် မှ သိ၏။

❀

ရောက်ရောက်ချင်းကတော့ အရေးပါသော စကားများ မပြောကြ။ ဒီလိုပဲ တောင်ပြောမြောက်ပြော ဟားနေကြသည်။

ကျွန်တော်လည်း သူ့မှာ အရေးကြီးသော စကားပြောစရာ ရှိသည်ကို မသိသဖြင့် သူတို့နှင့်အတူ ရယ်လိုက်မောလိုက်၊ ပြော လိုက်ဆိုလိုက် လုပ်နေခဲ့သည်။

အတော်လေး ဝိုင်းစည်လာပြီဆိုမှ ကိုကျော့်စွာက ဖျတ်ခနဲ စကားစတစ်ခု စ,ပြောသည်။



"ဪ . . . ဒါနဲ့ ခင်ဗျားကို မေးရဦးမယ်၊ ခင်ဗျားက ကျွန်တော့်ကိုသာ ကွယ်လိုက်တာလိုက် ဖုံးလိုက်အုပ်လိုက် လုပ်နေ တာ အင်မတန် ယုံကြည်လောက်တဲ့နေရာက သတင်းတစ်ခု ရထား ပါလား"

ကျွန်တော် သူ့စကားကို ဘာမှန်းမသိသဖြင့် အံ့ဩစွာပင်။

"ဘာသတင်းလဲဗျ၊ ကျွန်တော်လည်း ဘာမှမသိပါလား"

"အမယ် . . . မသိချင်ယောင်ဆောင်နေပြန်ပါပြီ၊ ခင်ဗျားနဲ့ ဟိုတစ်ခါ ကျွန်တော် ပြောဖူးတဲ့ ဖော်စ်ယီးလားက ဝေယံမြူဆိုတဲ့ ကောင်မလေးနဲ့ စွဲသွားပြီဆိုတာ"

"ဟာ . . . မဟုတ်ကဟုတ်ကဗျာ၊ ခင်ဗျား ဘယ်သူက ချွန် ထွတ်လိုက်လည်း မသိပြန်ဘူး"

"မဟုတ်ဘူး ကိုယ့်လူရဲ့၊ တကယ်ပြောတာ၊ ကျွန်တော်က သေသေချာချာကို သိပြီးနေတာ၊ ဒါကြောင့် ခုတောင် ခင်ဗျားကို လက်ဖက်ရည် တိုက်ခိုင်းမလို့ တမင် ခေါ်လာခဲ့တာ"

သာမန်အားဖြင့်တော့ လက်ဖက်ရည်ဆိုင်မှာ ယောကျ်ား သူငယ်ချင်းချင်းဆုံလျှင် ဒါမျိုးကိုပဲ အမိကထား ပြောလေ့ပြောထ ရှိကြသည်မို့ သူ့မှာ အကြောင်းထူးတစ်ခု ရှိလိမ့်မည်ဟု ကျွန်တော် မတွေးထင်မိ။

သူ့စကားကြောင့် ကျွန်တော် ရယ်လိုက်ပြီး . . .

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ကြားတဲ့သတင်းက လွဲနေပါပြီ။ ကျွန်တော်က သူတို့အစ်ကိုလို ဖြစ်နေပြီး စောင့်ရှောက်ပေးနေရတာ ပါ၊ ကျွန်တော့်ညီမ သူငယ်ချင်းပါ၊ ကျွန်တော်နဲ့ မောင်နှမလိုနေတာ ပါ၊ လက်ဖက်ရည်လည်း မတိုက်ပါရစေနဲ့၊ ဟုတ်လည်း လုံးဝ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

"ဒါဖြင့် ခင်ဗျားက ဖွင့်မပြောသေးတာလား၊ ကြိုက်တာ တော့ စိတ်ထဲက ကြိုက်နေတယ်ပေါ့လေ"

ကျွန်တော် ရယ်ဖြုံရယ်သည်။

"ခင်ဗျားကလည်း ကြာမှပြီး အစ်နေတော့တာပဲ၊ မကြိုက် ပါဘူးဗျာ၊ ကြိုက်လို့လည်း မဖြစ်ပါဘူး၊ ကိုယ့်ညီမလို နေနေတဲ့ ကလေးကို ကျွန်တော် သွားကြိုက်လို့ ဖြစ်မလား"

ဒီကိစ္စတော့ ကိုယ့်ကိုယ်ကိုယ်တောင် ညာနေရသည်ဖြစ် ရာ အားပတ်ဝန်းကျင်မှာတော့ ပိုညာစရာ လိုအပ်သဖြင့် ကျွန်တော် ခပ်တည်တည်ပင် ငြင်းကွယ်လိုက်သည်။

ကိုကျော်စွာ၏ညီ ကိုဆန်းနိုင်ကတော့ ဘာတစ်ခွန်းမှ မပြော သေးဘဲ အေးက ပြုံးကြည့်၍ နားထောင်နေသည်။ ကျွန်တော်လည်း ကျွန်တော့်ကိစ္စ ကျွန်တော် ကာကွယ်နေရ၍ သူ့မျက်နှာပေါ်တွင် အပြုံးတစ်ခု ဝင်းလက်သွားမှန်း သတိမထားမိလိုက်။

"ခင်ဗျား . . . တကယ်ပြောတာလား"

"တကယ်ပြောတာပါဗျာ၊ ကျွန်တော် ခင်ဗျားကို ဘာဖြစ်လို့ ညာရမှာလဲ"

"အင်းလေ . . . ဒါဖြင့် ခင်ဗျားကို စကားတစ်ခု ပွင့်ပွင့် လင်းလင်းပဲ ပြောမယ်၊ ကျွန်တော်နဲ့ ခင်ဗျားကြားမှာ ဘာပြဿနာ မှလည်း မပေါ်ချင်ဘူး၊ မလိမ့်တပတ်လည်း မလုပ်ချင်ဘူး ကျွန်တော် ဒီကိစ္စကို မေးရတာ အကြောင်းရှိလို့"

ဟင် . . . ဟု ရင်ထဲမှာ ရေရွတ်လိုက်ပြီး ထိတ်ခနဲဖြစ်သည်။

သူ့စကားကြောင့် ကျွန်တော် တစ်နည်းနည်းနှင့် ခံရတော့



မည်ဟုလည်း သိလိုက်သည်။

တောက်ပင်ရိုက်လိုစကားနှင့်တော့ တွေ့ရပေပြီ။

သောက်ရန် ဟန်ပြင်လိုက်သော လက်သည်ပင် လက်ဖက် ရည် ပန်းကန်နားရောက်မှ တွန့်သွား၏။

ကိုကျော်စွာက လေအေးအေးဖြင့် သူ့စကား သူဆက်သည်။

"ဒီလို . . . ကိုအေးချမ်း၊ ကျွန်တော့်ညီ ဆန်းနိုင်က အဲဒီ မယ်မြှူဆိုတဲ့ ကောင်မလေးကို ကြိုက်နေတယ်၊ လိုက်လည်း လိုက် နေတယ်၊ သူက ကောင်မလေးကို တကယ်ချစ်တာပါ၊ ကျွန်တော် လည်း သူ့ကို သေချာမေးပြီးပြီ၊ သူ ကောင်မလေးကို တကယ်ချစ် တာလို့ အတိပေးမှ ခင်ဗျားကို ဒီစကားပြောတာ"

ဒုက္ခတော့ များပြီဟု ကျွန်တော်သိသည်။ သို့သော် ကိုယ့် စကားနှင့်ကိုယ်မို့ ဘာမှမပြောသာဘဲ သူ့စကားကို နားထောင်ရင်း ခေါင်းညိတ်ပြရသည်။

"အဲဒါ . . . သူ ကောင်မလေးကို စကားလိုက်ပြောတာ သုံး လေးခါရှိပြီတဲ့၊ ကောင်မလေးက သူ့ကို လက်မခံပါဘူး၊ မဖြစ်နိုင် ဘူးလို့ပဲ ပြောပြောလွှတ်တယ်၊ မနေ့ကတော့ ကောင်မလေးက ရှင်း ရှင်းပဲ ပြောလိုက်တယ်တဲ့၊ သူ့မှာ ရည်းစားရှိတယ်၊ အဲဒီရည်းစားက ခင်ဗျားပဲတဲ့၊ နာမည်နဲ့ပါ ပြောလိုက်တာ"

ဟိုတစ်ရက်က မီးပြောသွားခဲ့သည့် စကားများကို အမှတ် ရသည်။ မီးသည် ပြောရုံသာပြောသွားတာ မဟုတ်ဘဲ သူ့ပြဿနာ

www.burmeseclassic.com



ကို ဒီနည်းနှင့် ပြေရှင်းနေပြီဆိုသည်ကိုလည်း ခုမှသိသည်။

"အဲဒီတော့ ဘာဖြစ်လဲ ကိုကျော်စွာ"

"အဲဒီတော့ ဘာဖြစ်သလဲဆိုတော့ ဘယ်လိုပြောရမလဲ အမှန်တော့ မူလရည်ရွယ်ချက်ကတစ်မျိုးဗျ။ ဆန်းနိုင် ကျွန်တော့်ဆီ ရောက်လာတယ်၊ သူကလည်း ကျွန်တော်နဲ့တွေ့ဖို့လာတာပါ လာတော့ စကားပြောရင်းကနေ သူက ဒီအကြောင်း ရောက်သွားပြီ ခင်ဗျားကို သိလားမေးတော့ ကျွန်တော် အံ့ဩသွားတယ်၊ ခင်ဗျားက မဟုတ်ဘူး . . . မဟုတ်ဘူး ငြင်းနေတဲ့ကြားက ဒီစကားကြားရလို့ပါ၊ ဒါနဲ့ ကျွန်တော်က ဒီလူ့ကို ဒါဖြင့် လက်ဖက်ရည် တိုက်ခိုင်းမယ်ဆိုပြီး ခေါ်လာတာ"

သူ့စကားကို နားထောင်ရင်း ကျွန်တော့် ခေါင်းထဲမှာ အလှုပ်များစွာ ရှုပ်နေသည်။ သူ့စကား ဘယ်ရောက်တော့မည် ဆိုသည်ကိုလည်း ကြိုသိနေသည်။ ထိုစကားများ ပြောလာလျှင် ကျွန်တော် မည်ကဲ့သို့ တုံ့ပြန်ရမည်ဆိုသည်ကိုလည်း အသည်းအသန် စဉ်းစားနေရသည်။

သူက ဆက်ပြော၏။

"ဒီရောက်တော့ ခင်ဗျားက တစ်မျိုးပြောတော့ ကျွန်တော့် ရည်ရွယ်ချက် ပြောင်းရမလို ဖြစ်နေတယ်၊ ဘယ်လိုလဲ ကိုအေးချမ်း . . . ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ၊ ခင်ဗျား အဲဒီ ကောင်မလေးနဲ့ ဖြစ်နေလား၊ ဒါမှမဟုတ် ခင်ဗျား ရည်ရွယ်ထားလား"

သိသည်။ သိသည်။ ဒီစကားမျိုး ရောက်လာလိမ့်မည်ဟု ကျွန်တော် ကောင်းစွာသိနေသည်။ သို့သော် ဒီနေရာမှာ သိပ်ကြာ



ကြာ စဉ်းစားချိန်မရ။ ဆုံးဖြတ်ချက်တစ်ခုကို အမြန်ဆုံးနှင့် ယတိပြတ် ချရတော့မည်။

ကျွန်တော် စိတ်ကို လျှော့ချလိုက်၏။

ခေါင်းကို ခါလိုက်ပြီး။

"မဖြစ်ပါဘူးဗျာ၊ ရည်လည်း မရည်ရွယ်ထားပါဘူး။ ကောင်မလေးက ငြင်းစရာ အကြောင်းတစ်ခုခု ရှာတဲ့အနေနဲ့ တမင်ပြောလွှတ်လိုက်တာ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်ကတော့ ခုနပြောသလိုပါပဲ၊ ညီမလေးတစ်ယောက်လို စောင့်ရှောက်နေရတာပါ"

ကိုကျော်စွာ ကျေနပ်စွာ ခေါင်းညိတ်သည်။ ပြီးမှ ကိုဆန်းနိုင်ဘက်လှည့်၍ . . .

"ကဲ . . . ဆန်းနိုင် မင်းကြားပြီနော်၊ ကျွန်တော့်စိတ်ကတော့ မင်းကိစ္စပဲ၊ မင်းပဲ ဆက်ပြောတော့"

ကျွန်တော် ပင့်သက်တစ်ခုကို ခိုးရှိုက်လိုက်သည်။ ကိုဆန်းနိုင်မျက်နှာကိုလည်း တစ်ချက် လှမ်းအကဲခတ်သည်။ သူ့မျက်နှာတွင် အရမ်းကျေနပ် ရွှင်လန်းတက်ကြွနေသည့် အရိပ်အယောင်များ တွေ့နေရသည်။

"ဒီလိုပါ အစ်ကို . . . ကျွန်တော် ထွေထွေထူးထူးတော့ ပြောစရာ မရှိပါဘူး၊ ကျွန်တော့်စိတ်ထဲမှာလည်း အစ်ကိုနဲ့စပယ်ဖြူတို့ တွဲနေကြတာတော့ သိတယ်၊ ဒါပေမဲ့ ချစ်သူတွေအဆင့် မရောက်သေးဘူးလို့ ထင်နေတယ်၊ ခုန အစ်ကိုပြောသလိုပဲ အကြောင်းတစ်ခုခု ကြံဖန်ရှာပြီး ငြင်းလိုက်တာလို့ပဲ အောက်မေ့တယ်၊ ဒါကြောင့် ဒီအကြောင်းတွေ သေချာသိချင်လို့ ကိုကျော်စွာဆီ လာခဲ့တာပါ၊ ကိုကျော်စွာကလည်း အစ်ကိုနဲ့ အဆောင်အတူတူ

www.burmeseclassic.com

www.burmeseclassic.com



နေတာဆိုတော့ အစ်ကိုနဲ့ ခင်ချစ်ခင်မယ်ဆိုတဲ့ မှန်းခြေနဲ့လာခဲ့တာပါ။ ခုတော့ ထင်တဲ့အတိုင်း ဖြစ်နေလို့ တရမ်းဝမ်းသာသွားမိတယ်"

သူ့စကားများ ကြားတော့ ကြားနေမိသည်။ သို့သော် စိတ်ထဲထိတိုင် သူ့စကားများ ရောက်မလာဘဲ ကျွန်တော့်ခေါင်းထဲတွင်လည်း ကျွန်တော့်အတွေးနှင့်ကျွန်တော် ရှုပ်နေသည်။

ကျွန်တော့်စိတ်တစ်ခုက ကျွန်တော့် အခြားစိတ်တစ်ခုကို မနည်း ချော့မော့ နားချနေရတာ . . .

"အင်း ဒီလို ပြောလိုက်တာပဲ ကောင်းပါတယ် ခေအးချမ်းရာ မင်းတာမင်းလည်း သိနေတာပဲ၊ မင်းနဲ့မီး ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတို့ယ်မှ ဖြစ်နိုင်တာ၊ တခြားလူတစ်ယောက် သူ့ဟာသူ တကယ်ချစ်တယ်ဆိုရင်လည်း မင်း ဘာမှဝင်ရှုပ်မနေနဲ့ပေါ့၊ ကောင်လေးကြည့်ရတာလည်း လိမ္မာရေးခြားရှိပုံရပါတယ်၊ ပြီးတော့ ဆရာဝန်လောင်းလေး၊ သူ့ဟာနဲ့သူ အဆင်ပြေနေတဲ့ကိစ္စမှာ မင်းက ကောက်ရိုးပုံစောင့်တဲ့ခွေး မလုပ်ချင်ပါနဲ့၊ ကိုယ့်ဟာကိုယ်ပဲ လွမ်းစရာရှိ လွမ်းနေလိုက်ပါ"

ကိုဆန်းနိုင်ကတော့ ကျွန်တော် သူ့ကိုစိုက်ကြည့်နေသည်ကို သူ့စကား စိတ်ဝင်စားစွာ နားထောင်နေသည်ဟု ယူဆ၍ အားရပါးရ ဆက်ပြောသည်။

"တခြားတော့ မဟုတ်ပါဘူး အစ်ကို၊ အစ်ကိုနဲ့ ဘာမှမပတ်သက်ဘူးဆိုရင် ကျွန်တော် စပယ်ဖြူကို ဆက်လိုက်ပါရစေ၊ ကျွန်တော် သူ့ကို သိပ်စွဲလမ်းပြီး တကယ်အချစ်စစ်နဲ့ချစ်တယ်ဆိုတာ သူသိသွားရင် သူ တစ်နေ့ ကျွန်တော့်ကို တုံ့ပြန်လာမှာပါ။



အဲဒါ ကျွန်တော် ရိုးရိုးသားသားနည်းလမ်းနဲ့ ကြွေရရုန် လိုက်မှာပါ။ အစ်ကိုက သူ့ကို စောင့်ရှောက်နေတာဆိုတော့ အစ်ကို့ဆီမှာ ထစ်ခါတည်း ခွင့်တောင်းပါရစေ"

"ကျွန်တော်က ဘာလုပ်ပေးရမှာလဲ ကိုဆန်းနိုင်"

သူ့ကပျာကယာ ခေါင်းခါသည်။

"မဟုတ်ဘူး အစ်ကို၊ အစ်ကို ကူညီပေးဖို့ ပြောတာ မဟုတ်ပါဘူး။ အစ်ကိုက သူ့ကိုစောင့်ရှောက်နေတာဆိုတော့ ကျွန်တော်လည်း အလိုက်သိပါတယ်၊ အစ်ကို သိသာသိစေ မမြင်စေရပါဘူး၊ အစ်ကို့မျက်ကွယ်မှာ ကျွန်တော် သူ့ဆီက မေတ္တာတုံ့ပြန်ရဖို့ သန့်သန့်ရှင်းရှင်းကြိုးစားမှာကို အစ်ကိုခွင့်ပြုဖို့ပါပဲ၊ ကျွန်တော် မကောင်းဖခင်သားသမီးပါ အစ်ကို၊ ကျွန်တော် မရှိုင်းပါဘူး"

"ဆိုလိုတာက ကိုအေးချမ်းရာ ခင်ဗျားက အဲဒီကောင်မလေးကို စောင့်ရှောက်နေတာ မဟုတ်လား။ အဲဒီတော့ သူ့အပေါ်က အကယ်မေတ္တာရှိတဲ့အကြောင်းနဲ့ သူ ရိုးရိုးသားသား ကြိုးစားမယ်ဆိုတဲ့အကြောင်း ခင်ဗျားကို အသိပေးတာပါ၊ တော်ကြာ သူနဲ့ခင်ဗျား ထိပ်တိုက်တွေ့ ဆွေ့ကုန်ရင် မကောင်းဘူး မဟုတ်လား။ ပြီးတော့ သူ့ကို စိတ်ချဖို့အကြောင်း ခင်ဗျားကို ကတိပေးနေတာပါ"

"ဟုတ်ပါတယ် အစ်ကို၊ ကိုကျော်စွာပြောသလိုပါပဲ"

ကျွန်တော် သက်ပြင်းချသည်။

"ဪ . . . ဒါကတော့ဗျာ၊ ကျွန်တော့် ပြောနေဖို့တောင် မလိုပါဘူး၊ ယောကျာ်းချင်းပဲ၊ ခင်ဗျ အပျော်သဘောနဲ့အနှောင့်အယှက်ပေးတာ မဟုတ်ဘူးဆိုရင် ကျွန်တော် တန့်ကွက်စရာ မရှိပါဘူး၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ် ကြိုးစားပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ အစ်ကို၊ ကျွန်တော် သူ့ကို တကယ်ချစ်လို့ပါ"

'ကိုယ်လည်း သူ့ကို တကယ်ချစ်တာပါကွာ၊ မောင်ရင်တို့လို ဖွင့်ပြောလို့ မဖြစ်လို့သာ ကိုယ်က မပြောတာပါ၊ မောင်ရင်ချစ်တာထက် ကိုယ်က အဆပေါင်းများစွာ ပိုပြီးတော့တောင် ချစ်ပါသေးတယ် . . .

ပြောဖြစ်လိုက်သော စကားများမဟုတ်။

ရင်ထဲတွင် မှိန်ပျောက်ပျောက်သွားသော စကားများသာ ဖြစ်ပါ၏။

သို့သော် . . . ထိုပြဿနာက ထိုမျှနှင့် မပြီး။

နောက်ရက်ကျတော့ ပြဿနာဆောင့်တက်တော့၏။

ညက ဦးချစ်ဆိုင်မှ ပြန်လာသောအခါ မိုးဖွဲလေးရွာနေသည်။

ထို့ကြောင့် ပြန်ရောက်သောအခါ နှာစေးပြီး အအေးမိချင်သလိုလို ဖြစ်နေသည်။

မနက်ကျတော့ ဖျားပြီး ကိုယ်နည်းနည်းပူနေသောကြောင့် ကျောင်းမတက်တော့ဘဲ မနက်ပိုင်း အတန်းများ ဖျက်ပစ်လိုက်ပြီး ဆေးသောက်၍ အဆောင်မှာပဲ နေသည်။

နေ့လယ် ကျောင်းဆင်းချိန်ကျတော့ ကျွန်တော် မနေနိုင်။

သွားနေကျထုံးစံအတိုင်း မီးတို့ဆီ ကျွန်တော်မသွားလျှင် သူတို့ ကျွန်တော့်အတန်းဆီ လိုက်လာလိမ့်မည်။ ကျွန်တော့် မတွေ့လျှင် သူတို့ ဘာဖြစ်ဦးမည်မသိ။

ခါတိုင်းဆို တခြားကိစ္စရှိလျှင် သူတို့ဆီ စောစောစီးစီး သွားပြောထားလိုက်သည်။ ဒီနေ့ကျတော့ နေမကောင်းသဖြင့် သွားလည်း မပြောဖြစ်။

မထူးပါဘူး . . . ခဏတော့ သူတို့ဆီသွားလိုက်လျှင် ကောင်းမည်ဟု ဆုံးဖြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းမှ အကျိုးအကြောင်းပြောပြပြီး ပြန်လာတော့မည်။ ကြာကြာတော့ နေ၍မဖြစ်။ ကျွန်တော့်ကိုယ်ခံအားအကြောင်း ကျွန်တော် ကောင်းကောင်းသိသည်။ နည်းနည်းဖျားရုံမှ မနားလျှင် ဗိုးဆိုးလာတတ်သည်။

ထို့ကြောင့် ကျောင်းဆင်းကာနီးသည်နှင့် ကျွန်တော် ကမန်းကတန်း အဝတ်အစားလဲ၊ အနွေးထည် ထပ်ဝတ်၍ အဆောင်ပေါ်မှ ဆင်းလာခဲ့သည်။ ထီးယူမလား စဉ်းစားသော်လည်း မိုးက အုံ့ရုံသာ အုံ့နေသဖြင့် အဆောင်ပေါ် ပြန်မတက်တော့ဘဲ ထွက်လာခဲ့သည်။

မိုးမျက်နှာလေး မြင်လိုက်ရလျှင် အားရှိပြီး၊ ရှိနေသော အဖျားလေး လွင့်စဉ်သွားနိုင်ပေ၏။

ထုံးစံအတိုင်း မန္တလေးဆောင်သို့သွားလျှင် တောင်ငူဆောင်ဝင်ပေါက်မှ ဖြတ်ထွက်သည်။

ကျွန်တော်တို့ ထမင်း စားနေကျဖြစ်သော တောင်ငူစားသောက်တန်း ထမင်းဆိုင်တွင် မိုးတို့က အများအားဖြင့် ရောက်နှင့်နေတတ်သည်။ သူတို့က ဆိုင်ရောက်နှင့်နေလျှင် ကျွန်တော် မန္တလေးဆောင်ကို အရင်တန်းသွားပါက လွဲနေမည်စိုးသဖြင့် ကင်တင်းတွင်ကြည့်ရင်း ဖြတ်သွားတတ်သည်မှာ ထုံးစံလိုဖြစ်နေပြီ။

သို့သော် ကျွန်တော် ကင်တင်းမှဖြတ်သွားသောအခါ မိုးတို့ကို မတွေ့။

ဒီနေ့ကျမှ ဘာဖြစ်လို့ နောက်ကျတာပါလိမ့် . . . ဟု တွေးရင်း ကျွန်တော် ဆက်လျှောက်လာခဲ့သည်။

"ဖြောက် . . . ဖြောက်"

နောက်ဘက်မှ လက်ခုပ်သံလိုလို ကြားရသည်။

လှည့်ကြည့်လိုက်သောအခါ အမရဆောင်နှင့် မန္တလေးဆောင်ကြား ဝိတောက်ပင်ကြီး တစ်ပင်အောက်တွင် သူတို့နှစ်ယောက်။

မိုးက အပင်ရင်းတွင် ဆောင့်ကြောင့်ထိုင်၍ ဘာလုပ်နေမှန်း မသိ။ သိဂီက အရေးတကြီးပုံစံဖြင့် လက်ယပ်ခေါ်သည်။

ကျွန်တော် ပျာပျာသလဲ လျှောက်သွား၏။

အနားရောက်တော့ ကျွန်တော့်ရင်ထဲ ထိတ်သွားသည်။ အပင်ရင်းတွင် မိုးငုတ်တုတ်ထိုင်နေခြင်းသည် စောစောက အဝေးကမို့ သဲသဲကွဲကွဲမတွေ့ရ။ ခုကြည့်လိုက်သောအခါ မျက်နှာတစ်ခုလုံးနီရဲ၍ ငိုထားကြောင်း တွေ့ရသည်။ ကျွန်တော့်ကိုလည်း မကြည့်။ မျက်နှာသည် ကောင်းကင်မှ အုံ့မည်းနေသော တိမ်တိုက်များကဲ့သို့ ဖြစ်နေသည်။ အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး တစ္ဆသိုလ်နိုင်သာလမ်းဘက် အကြည့်လွှဲထားသည်။

"ဘာဖြစ်လို့လဲ သိဂီ"

"ဟာ . . . လုပ်ပါဦး ကိုကိုရာ၊ ဒီမှာ ချော့လို့လည်းမရ၊ ခေါ်လို့လည်းမရနဲ့ ဘာဖြစ်နေမှန်း မသိဘူး"

ကျွန်တော် မိုးဘေးတွင် ဝင်ထိုင်လိုက်သည်။

"မိုး . . . ဘာဖြစ်လို့လဲ"

"မသိဘူး . . . လာမမေးနဲ့"

ရော် . . .၊ သိဂီက အားကိုးတကြီး အကူအညီတောင်းသလို ကျွန်တော်ကလည်း ဘာဖြစ်မှန်းမသိသဖြင့် အရမ်းစိတ်ပူပြီး မေးသည်။

သူက ကျွန်တော့်ကိုပါ ဟောက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိဂီကို ပြန်မေးကြည့်ပြီး . . .

"မသိဘူး ကိုကို၊ ဒီနေ့ သူတို့က တစ်ချိန်စောပြီးလို့၊ သူက အောက်ထပ်ပေါ် ကိုကိုအောက်မှာပဲ စောင့်နေမယ်ဆိုပြီး ဆင်းသွားတာ၊ သိဂီအတန်းပြီးလို့ ဆင်းလာလည်းလာရော သူ့ကိုမတွေ့ဘူး၊ ဒါနဲ့ လိုက်ရှာတော့ ဒီနားမှာ ဒီပုံစံနဲ့ လာတွေ့နေတာပဲ၊ သိဂီလည်း မေးလို့မရဘူး"

"ဘာဖြစ်လို့လဲ မီး၊ မီး ဘယ်သူ့ကို စိတ်ဆိုးနေတာလဲ၊ ဒါမှမဟုတ် ဘာပြဿနာဖြစ်လို့လဲ"

မီးက စူးစူးရဲရဲ ကျွန်တော့်ကို ကြည့်သည်။

"ဘယ်သူ့ကို စိတ်ဆိုးရမှာလဲ . . . ကိုကိုကိုပေါ့၊ ကိုကို့ကို မီး ကြည့်လည်း မကြည့်ချင်တော့ဘူး၊ ခင်လည်း မခင်ချင်တော့ဘူး၊ နောက်ကို မီးဆီ ဘယ်တော့မှ မလာနဲ့တော့၊ ကိုကို့ဆီလည်း မီး မလာတော့ဘူး"

"ဟောဗျာ . . . ပြဿနာက ကိုယ့်ဆီမှာပါလား၊ ဘာဖြစ်လို့လဲ မီးရဲ့၊ ကိုယ်နဲ့ ဘယ်လိုပတ်သက်လို့လဲ၊ ကိုယ်က ဘာလုပ်မိလို့လဲ"

"ဘာလုပ်မိလဲဆိုတာ ကိုယ့်ဟာကိုယ် ပြန်စဉ်းစားကြည့်ပေါ့၊ ကိုကိုလုပ်လိုက်တာ မီး ဘယ်လောက် အရှက်ကွဲတယ်မှတ်လဲ တော်ပြီ . . . ကိုကို့ကို မီး မုန်းတယ်"

"မဟုတ်ဘူးလေ . . . မီးဘာဖြစ်တယ်ဆိုတာ အရင်ပြောပါဦး၊ ကိုကို့ကို မုန်းတာလည်း မုန်းတာပေါ့၊ မီးက မလာနဲ့ဆိုရင်လည်း နောက် ကိုယ်မလာတော့ပါဘူး . . . ဘာဖြစ်တာလဲဆိုတာ ပြောပါ"

"အို . . . မပြောချင်ပါဘူး၊ ကိုကိုလုပ်တဲ့ကိစ္စပဲ ကိုကိုသိမှာပေါ့"



ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်သည်။ ဘာဖြစ်မှန်းလည်း မသိ။ ဘယ်လိုကြောင့် ဒီလောက် ဒေါသတကြီးနှင့် နေ့ချင်းညချင်း ပြောင်းလဲသွားမှန်း မသိသော သူ့အနေအထားကြောင့် ကျွန်တော့်စိတ်ထဲမှာ မကောင်း။ သို့သော် သူမပြောချင်သည့်ကိစ္စ ဇွတ်မမေးချင်။

"အင်းလေ . . . မီးမပြောချင်တာတော့လည်း ကိုယ် အတင်း မမေးတော့ပါဘူး၊ ဒါဖြင့် ခု ကိုယ်ဘာလုပ်ရမလဲ၊ ပြန်ရတော့မလား"

"ပြန် . . ."

ကျွန်တော် ဘာတတ်နိုင်တော့မည်နည်း။ စိတ်ထဲတွင် မီးတို့နှင့် သံယောဇဉ်တွယ်နေခြင်းအတွက် အမြဲ တထင့်ထင့်ဖြစ်နေသော်လည်း တကယ်တမ်း ခုလို ဘာမှန်းမသိ၊ ညာမှန်းမသိ၊ မုန်းခွဲကြီး ခွဲရမည်ဆိုတော့ ကျွန်တော့်ရင်ထဲ ပြောင်းဆန်အောင် လှုပ်ရှားနေသည်။

ရင်ထဲမှ အရာအားလုံးကို လက်ကြမ်းကြီးတစ်ခုနှင့် ဆွဲနုတ်ယူငင်ခြင်း ခံလိုက်ရသကဲ့သို့ နာကျင်လပ်ဟာသွားသည်။

ကျွန်တော် ထိုင်ရာမှ ထ ရပ်လိုက်၏။

"ကဲ . . . သိဂီ ကိုသွားတော့မယ်၊ ကို နေလည်းကောင်းကောင်း မကောင်းဘူး၊ မနက်ကလည်း အတန်းတောင် မတက်နိုင်ဘူး ခုတောင် သိဂီတို့ စောင့်နေမှာစိုးလို့ မနည်းအားတင်းပြီး ထလာခဲ့တာ၊ မီးဘာဖြစ်တာလဲဆိုတာတော့ ကိုလည်း မေးလို့မရဘူး"

သိဂီမျက်နှာလေးလည်း နွမ်းဖော့လောက်သာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ မီးရယ်၊ ဘာဖြစ်တယ်ဆိုတာတော့ မပြောပြမှ ပေါ့"

"နေပါစေ သိဂီရယ်၊ မီးမှ မပြောချင်တာ၊ ကဲ . . . သွားမယ် မီး သိဂီ သွားမယ်နော်၊ ခေါင်းထဲမှာ ရိပ်ရိပ်ရိပ်ရိပ်နဲ့ မူးနေလို့ အဆောင်မှာ ပြန်လှဲလိုက်ဦးမယ်"

မီးက မျက်ရည်ပြွမ်းသောအကြည့်ဖြင့် ကြည့်သည်။ ပြီး . .

"ပြန် . . . ပြန် . . . ကိုကိုကို မီး သိပ်မုန်းတယ် သိလား အရမ်းမုန်းတာပဲ"

ကျွန်တော့်ကျောဘက်မှ ကြားရသော အသံများသည် ရင်ထဲသို့ ဓားအစင်းပေါင်းများစွာဖြင့် ခုတ်ထစ်ထိုးနှက်၍ဝင်လာသည်။

မိုးရွာချတော့မည် ထင်သည်။ လေပြင်းပြင်းများ တိုက်ခတ်လာ၏။

ထင်သည့်အတိုင်းပင် တောင်ငူဆောင်မှ ထွက်ရုံရှိသေး မိုးက သဲသဲမဲမဲ ရွာချသည်။

ကျွန်တော့်မှာ ပြေးလည်း မပြေးနိုင်၊ အဆောင်းအကာ လည်း မပါသဖြင့် ကျလာသောမိုးပေါက်များကို ဒီအတိုင်း ငြိမ်ခံ နေလိုက်သည်။

အဆောင်ရောက်သောအခါ ကျွန်တော် မေးချင်းရိုက်နေ သည်။ အဝတ်အစားများ ကမန်းကတန်းလဲ၍ အိပ်ရာပေါ် တက် အိပ်ပြီး စောင်ဖြင့် ပတ်ထားသည့်တိုင် အချမ်းကမပြေ။




ထို့နောက် ခေါင်းတစ်ခုလုံး ဟာရိပ်ရိပ်ကိုက်ခဲမူးနောက်လာ သည်ကို သိသည်။ ရင်ထဲက အောင့်၍ အသက်ရှူရကျပ်လာသည်ကို လည်း သတိထားမိသည်။

ထို့နောက် ကျွန်တော် ဘာဖြစ်သွားမှန်း မသိတော့။

မှောင်မိုက်သွားသော ကျွန်တော့်ကမ္ဘာထဲတွင် မီးသည် တော်လက်၍ ရန်တွေ့မုန်းတီးနေဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့် အာရုံတစ်ခုကိုမျှ မိမိရရ ဆုပ်ဖမ်း၍ မရ။

ခန္ဓာကိုယ်တစ်ခုလုံး လေဟာပြင်ထဲတွင် စောက်ထိုးမိုးမျော လွင့်ပြေးနေသည် ထင်ရသည်။

စိတ်နှင့်နားထဲတွင် ဆန့်ကျင်ဘက်ဖြစ်နေသော စကားသံများ ရောထွေးကြားနေရ၏။

"ကိုကို့ကို အရမ်းမုန်းတယ်"

"ကိုကို . . . ကိုကို . . . မီးခေါ်တာ ကြားလားဟင်"

အာရုံသည် တဖြည်းဖြည်းနှင့် စုစည်းမိလာသည်။ နားထဲတွင် တကယ်ကြားနေရသော အသံများသာ ကြားရတော့သည်။

"ကိုကို . . . ကိုကို"

ကျွန်တော် ပြန်ထူးဖြစ်သည်လား၊ မထူးဖြစ်ဘဲနေသလား သိပ်ဝေခွဲ၍ မရ။ မျက်လုံးအစုံကို အားယူ၍ ဖွင့်သည်။ ဝန်ရိုး အား အတော်ကြီးများသော၊ သံထည့်တံခါးရွက်များကို ဖွင့်ရသလို သို့ မျက်ခွံများက လေးလံနေသည်။

တဖြည်းဖြည်း ပွင့်သွားသောအခါ စူးရဲသော အလင်းအား



အားက ချည့်နဲ့နေသေးသော မျက်လုံးအိမ်ထဲသို့ အလုအယက် တိုးဝင်လာသည်။

"ဟော . . . မျက်လုံးပွင့်လာပြီ၊ သတိရပြီနဲ့ တူတယ်"

သိင်္ဂီအသံ ထင်သည် . . . ကြားလိုက်ရ၏။

ကျွန်တော့်မျက်လုံးကို ပြန်မှိတ်၍ အလင်းရောင်၏ စူးရှအားကို ခံနိုင်ရန် ဖြည်းညင်းစွာ ပြန်ဖွင့်သည်။

ကိုကျော်စွာ၊ ကိုတိုး၊ သိင်္ဂီနှင့် မီးတို့ကို မြင်ရ၏။ မီးမျက်နှာတွင် ခုမှ စိတ်သက်သာရာရသွားတန် အပြုံးလေးတစ်ချက် ထင်းသည်။

"ကိုကို . . . သတိရပြီလားဟင်"

ကျွန်တော် ခေါင်းညိတ်တုံ့ပြန်သည်။ ကျွန်တော် ဘာဖြစ်သွားတာလဲ၊ ပြန်စဉ်းစားသည်။ ခေါင်းထဲက စစ်စစ် စစ်စစ်ကိုက်ခြင်းနှင့် တစ်ကိုယ်လုံး အားအင်ကုန်ခန်းပြီး မလှုပ်ချင် မရှားချင် ဖြစ်နေသည်ကို သတိထားမိသဖြင့် စောစောက အရမ်းဖျားခြင်းကို သတိရသည်။

ကျွန်တော် သတိလစ်သွားသည်ပဲ ဖြစ်မည်။ ကျွန်တော် မည်မျှကြာအောင် သတိလစ်သွားသည် မသိ။ ထို့အပြင် ဘယ်နေရာရောက်နေမှန်းလည်း မသိ။ ပတ်ဝန်းကျင်ကို မျက်စိ ကစားကြည့်သည်။

"တက္ကသိုလ်ဆေးရုံမှာ ကိုအေးချမ်း၊ ကျွန်တော် ကျောင်းက ပြန်လာတော့ အဆောင်က အခန်းထဲမှာ ခင်ဗျားကိုယ်တော့ ခြစ်ခြစ်တောက်ပူပြီး သတိမရတာနဲ့ ကျွန်တော်တို့ ဆေးရုံကို ခေါ်လာတာ"

"ခု . . . ဘယ်အချိန် ရှိပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



မီးက နာရီကို မော့ကြည့်ပြီး . . .

"လေးနာရီကျော်ပြီ ကိုကို"

ကျွန်တော် သတိလစ်သွားသည့်အချိန် မနည်းပါလား။

"မီးတို့ ဘယ်လိုလုပ်သိလဲ"

"ကျွန်တော် ပြောလိုက်တာ ကိုအေးချမ်း၊ ကျွန်တော် ခင်ဗျ

တို့ ဆေးရုံပို့ပြီး လိုက်ခဲ့ပစ္စည်း နည်းနည်းပါးပါးယူဖို့ အဆောင်

အပြန်မှာ . . . သူတို့ ကားနဲ့ ပြန်မလို့လုပ်နေတုန်း တွေ့တာ

ကျွန်တော်ပြောလိုက်တာ"

ထိုစဉ် သူနာပြုဆရာမတစ်ယောက် အခန်းထဲသို့ ခပ်သွ

သွက် ဝင်လာသည်။ ကျွန်တော့်ကို ကြည့်ပြီး . . .

"လူနာ သတိရပြီနော်"

"ဟုတ်ကဲ့"

"ဒါဖြင့် . . . သိပ်စကားမပြောနဲ့ဦး၊ ခင်ဗျား အရမ်းအ

နည်းနေတယ်၊ ဧည့်သည်တွေလည်း နောက်နေ့မှ လာပါလား၊ လူ

အနားယူစေချင်တယ်"

"ဟုတ်ကဲ့ ဆရာမ"

ကိုကျော်စွာက နားလည်စွာ ပြန်ပြောသည်။ တစ်ဆက်တည်

ပင် ကျွန်တော့်ဘက်လှည့်၍ . . .

"ကဲ ကိုအေးချမ်း . . . ကျွန်တော်တို့ ပြန်ဦးမယ်၊ မနက်

လာခဲ့မယ်"

"မီးတို့လည်း ပြန်မယ်နော်"

"အစ်ကို . . . ပြန်ဦးမယ်"

နှုတ်ဆက်ကြသူအားလုံးကို ကျွန်တော် ပြုံး၍ခေါင်းညိတ်



သည်။

မီးသည် ကျွန်တော့်အား မုန်းတော့ဟန် မတူ။

ဘာဖြစ်သလဲဆိုတာကိုတော့ မေးရဦးမည် ဖြစ်၏။

နောက်တစ်နေ့မနက်တွင် ကိုကျော်စွာ အစောကြီး ရောက်

လာသည်။ ကျွန်တော့်အတွက် နွားနို့တစ်ချိုင့်နှင့် ပေါင်မုန့်တစ်လုံး

ယူလာသည်။

ခဏကြာသောအခါ မီးတို့အုပ်စုရောက်လာသည်။ ကိုတိုးပါ

လိုက်လာ၏။ သူတို့ရောက်လာသောအခါ ကိုကျော်စွာက နှုတ်ဆက်

၍ ပြန်သွားသည်။

"သက်သာလား အစ်ကို"

တိုး၏အမေးကို ကျွန်တော် ခေါင်းညိတ်တုံ့ပြန်သည်။ မနေ့ည

က ဆေးသောက်ပြီး ကောင်းစွာ အနားယူလိုက်ရသဖြင့် အတော်

သေးတော့ လန်းဆန်းနေသည်။

"ကိုကို ဘာစားလဲ"

"ခုနက ကိုကျော်စွာယူလာတဲ့ နွားနို့သောက်ထားတယ် မီး၊

အစတ်တော့ မစားရသေးဘူးလို့ ဆရာဝန်က မှာထားတယ်"

"ညကရော အဖျားတက်သေးလား"

"မတက်တော့ဘူး သိကြီး၊ ဒါပေမဲ့ အဖျားလုံးလုံးတော့ မကျ

သေးဘူးပေါ့"

"ဘယ်လိုဖြစ်တာလဲ ကိုကိုရာ၊ နေ့ခင်းကတောင် ယမ်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာနိုင်သေးတဲ့ဥစ္စာ"

ကျွန်တော် ပြုံးလိုက်သည်။

"မနေ့က လာကတည်းက တို့ဖျားနေတာ သိတိရဲ့ မနည်း ကြိုးစားပြီး လျှောက်လာရတာ၊ ဟိုရောက်တော့ ရန်တွေ့ခံရလို့ အားတွေလျှော့သွားတာရယ်၊ မိုးမိတာရယ် ပေါင်းပြီး တစ်ခါတည်း အများဒီဂရီတွေ နင်းကန်တက်သွားတာနေမှာပေါ့"

ကျွန်တော်က နောက်ပြောလိုက်သော စကားဖြစ်သော်လည်း သိဂီရယ်သလို မီးက လိုက်မရယ်။ မျက်နှာလေး ညိုးသွားပြီး ခေါင်းငုံ့သည်။ ပြီးမှ ခပ်တိုးတိုးလေသံဖြင့် . . .

"မနေ့ကကိစ္စ မီး တောင်းပန်ပါတယ် ကိုကိုရယ်"

"ဩော် . . . ကိုယ်က နောက်တာပါ မီးရဲ့၊ တောင်းပန်စရာ မလိုပါဘူး၊ ကိုယ် ဘာမှမဖြစ်ပါဘူး"

ကိုတိုးကတော့ ကျွန်တော်တို့ စကားများကို နားမလည်သလို ကြည့်သည်။ ကျွန်တော်က တိုးလက်မှ နာရီကို လှမ်းဖမ်းကြည့်လိုက်ပြီး . . .

"ကဲ . . . ကျောင်းတက် နောက်ကျဦးမယ်၊ သွားကြတော့ ညနေ ကျောင်းဆင်းမှပဲ အေးအေးဆေးဆေး လာခဲ့"

ကျွန်တော့် စကားအဆုံးတွင် သူတို့က ခေါင်းညိတ်သည်။ သူတို့နှုတ်ဆက်၍ ပြန်ထွက်ခါနီး တံခါးဝရောက်မှ မီးက သူ့ပခုံးလွယ်အိတ်ကလေးကို ဖွင့်ပြီး ကမန်းကတန်း ပြန်လာသည်။

"ရော့ . . . ကိုကို၊ ကိုကို့အသံက နှာစေးနေတဲ့အသံပေါက်နေတယ်၊ ဒါလေး ယူထား"

ကျွန်တော် လှမ်းယူလိုက်သည်။



ဗစ်ထရီရှူဆေးဘူး အစိမ်းရောင်လေး။

သွက်သွက်လေး ပြန်ပြေးထွက်သွားသော မီးကို ကြည့်၍ ကျွန်တော် သက်ပြင်းချသည်။

သံယောဇဉ်ကြိုးများသည် မမြှောင်သာ မလွဲသာ ထပ်မံ၍ ရစ်ပတ်ဦးတော့မည်ဖြစ်ကြောင်း ရင်ခုန်ခြင်းနှင့် စိုးရိမ်ခြင်းများ တစ်ပြိုင်တည်း ခံစားလိုက်ရ၏။

www.burmeseclassic.com

“ဟင် . . .”

မမျှော်လင့်ဘဲနှင့်မို့ ကျွန်တော် အံ့အားသင့်သွားသည်။

“မီး . . . တစ်ယောက်တည်းလား၊ ဘာဖြစ်လို့ လာတာ

ကျောင်းတက်လေ”

မီးက မျက်လုံးလှန်ကြည့်ပြီး ခေါင်းခါသည်။ လက်ထဲ

ပန်းစည်းများကိုလည်း ခေါင်းရင်း ပန်းစည်းတင်ခုံလေးပေါ်တွင် တ

စီ ချသည်။ ကျွန်တော်က ဆက်၍ . . .

“ဘယ်သူမှ မပါဘူးလား”

“မပါဘူး . . . မီးတစ်ယောက်တည်း လာတာ”

“ဒုက္ခရှာလို့ မီးရာ၊ ပြီးတော့ အတန်းလည်း ပျက်ကုန်ပါ

ညနေကျောင်းဆင်းမှလာလို့ ပြောထားရဲ့သားနဲ့”

“ဟင့်အင်း . . . ကျောင်းလည်း တက်ချင်စိတ် မရှိဘူး၊ ကို

တစ်ယောက်တည်းလည်း မနေစေချင်ဘူး၊ မီး . . . ဒီနေ့ တစ်

လုံး ဒီမှာနေမလို့”

“ဟာ . . . ဘယ်ဖြစ်မလဲ မီးရဲ့၊ မီးကို ဆရာဝန် ဆူမှာ



“ဆူပစေ . . . နှင်မထုတ်ရင် ပြီးတာပဲ၊ ပြောလိုက်မှာပေါ့

ကျွန်မအစ်ကိုမှာ ပြုစုမယ့်သူမရှိလို့ လာစောင့်ပေးတာလို့”

ဒီကလေးမ ပုံစံက ချော့ပြောမရ ငေါက်ပြောမရမည့်ပုံ

ပေါက်နေသဖြင့် ကျွန်တော် ဘာမှထပ်မပြောတော့ . . .

တက္ကသိုလ်ဆေးရုံက ကျောင်းမီးသားစုသုံး ဆေးရုံမို့ လူနာ

လည်း သိပ်များများစားစား မရှိ။ ညေ့သည်တို့ ဘာတို့လည်း ရှုပ်

ယှက်ခတ်အောင် များမနေသဖြင့် အဝင်အထွက် ညေ့သည် စသည်

တို့ကို သိပ်တင်းတင်းကျပ်ကျပ်မထား။

ကျွန်တော် ဘာမှ ထပ်မပြောနိုင်ခင် မီးက ကျွန်တော့်နဖူး

တို့စမ်းကြည့်သည်။ ပြီးမှ ပြုံး၍ . . .

“ကဲ . . . ဒီအချိန်ကစပြီး မီး ကိုကို့စပယ်ရှယ်နပ်စ် ဖြစ်သွား

ပြီ ဒီဆေးရုံက ဒေါက်တာက မီးဒက်ဒီရဲ့ မိတ်ဆွေ၊ မီး သွားခွင့်

တောင်းထားပြီးပြီ၊ လူနာက ဆေးသောက်ဖို့ ဆေးထိုးဖို့ ဂျစ်ကန်ကန်

လုပ်နေရင် နဖူးကို လက်သီးနဲ့ သုံးချက်လောက် ထုပြီး ဆေးတိုက်

. . . တဲ့၊ တစ်ခါတည်း ခွင့်ပေးလိုက်တာ”

ဒီမျှဆိုးသော . . . မီး ဖြစ်၏။

“အဲဒါနဲ့ နေပါဦး . . . မနေ့က ဘာဖြစ်လို့ ဒါလောက်ထိ

ဆွေ တန်နေရတာလဲဆိုတာ . . . ပြောစမ်းပါဦး”

တစ်ညလုံး တစ်မနက်လုံးလိုလို ဟက်လက် အိပ်နေရသဖြင့်

ကျောတစ်ခုလုံး တင်းတောင့်နေသည်။ ထို့ကြောင့် အနေအထိုင်

www.burmeseclassic.com



သတ်သာသွားစေရန် ခုတင် ခေါင်းရင်းသံတိုင်တွင် ခေါင်းဦးဖြင့် မှီထိုင်လိုက်ပြီး ကျွန်တော် စကားစ,သည်။

မီးခါးနှုတ်ခမ်း သိသိသာသာ စူသွား၏။ မျက်စောင်းတစ်ချက်တလည်း ဝင့်ခနဲ ရောက်ရှိလာသည်။

"ဒေါကန်မှာပေါ့ . . . ကိုကိုက ဘာတွေလျှောက်လုပ်တာလည်းမှ မသိတာ"

"ဟောဗျာ . . . ကိုယ်က ဘာလုပ်မိလို့လဲ"

"ဘာလုပ်မိလို့လဲ ဟုတ်လား၊ ဒါဖြင့် အမ်စီက ဆန်းနိုင်ဆိုတဲ့လူကို ကိုကို ဘာပြောလိုက်လဲ"

ရင်ထဲတွင်. ထိတ်ခနဲ ဖြစ်သွားသည်။

မနေ့ကတော့ ကိုယ့်ဝေဒနာနှင့်ကိုယ်မို့ ဒီကိစ္စနှစ်ခုကို လုံးဝဆက်စပ်စဉ်းစားမိခြင်း မရှိ။ ခု သူပြောမှ ကိုကျော်စွာညီ ဆန်းနိုင်ဆိုသောငနဲ မီးကို ဘာတွေသွားပြောလိုက်ပါလိမ့်ဟု ပူပန်သွားသည်။

"ဟင် . . . ကိုဆန်းနိုင် လာသွားတယ် ဟုတ်လား၊ မီးကို ဘာတွေပြောသွားလို့လဲ"

"မီးမေးတာပဲ ကိုကို အရင်ဖြေပါဦး၊ ကိုကိုက ဘာသွားပြောလို့လဲ"

ကျွန်တော် သက်ပြင်းချလိုက်သည်။

ဒီကိစ္စကို ကွေ့ပတ်ရှောင်နေ၍လည်း ထူးမည် မဟုတ်တော့။

"တစ်နေ့က ညက သူ့အစ်ကို ကိုကျော်စွာနဲ့ ကိုယ့်ဆီကို ဆန်းနိုင်လာတယ်၊ အဲဒါ . . . သူက မီးနဲ့ကိုယ်နဲ့ ဖြစ်နေလားလို့ မေးတော့၊ ကိုယ်က မဟုတ်ပါဘူးလို့ ပြောလိုက်တယ်၊ အဲဒါ . . .



ဘာဖြစ်လို့လဲ မီး"

"ကိုကိုက ဘာလို့ အဲဒီလို ပြောလိုက်ရတာလဲ၊ ဟုတ်တယ် ဖြစ်နေတယ်လို့ပြောလိုက် ပြီးတဲ့ဟာပဲ"

ကျွန်တော့်မျက်နှာ နွေးသွားသည်။

"မဟုတ်တာဘဲ မီးရာ၊ ဟုတ်လည်းမဟုတ်ဘဲနဲ့ ကြောင်ကြီးသိမ်ရတာတော့ ဘယ်ကောင်းမလဲ"

"ဩော် . . . မီး အရှက်ကွဲတာတော့ ကောင်းတာပေါ့၊ ဟုတ်လား"

"မီးက ဘယ်လိုအရှက်ကွဲလို့လဲ"

"ဘယ်လို အရှက်ကွဲရမလဲ . . . သူက မီးကို ရိသွားတာပေါ့၊ မိန်းကလေးဖြစ်ပြီး အဲဒီလို မဟုတ်မဟတ် လိမ်တာညာတာတော့ မကောင်းပါဘူးတဲ့၊ တကယ်လည်း ရည်းစားမရှိဘဲနဲ့ လျှောက်ကြွားနေတာ မရှက်ဘူးလားတဲ့၊ ကဲ . . . ဘယ်လောက်ရှက်ဖို့ကောင်းလဲ"

စိတ်ထဲမှနေ၍ ဆန်းနိုင်ဆိုသော ငနဲကို ရိုက်သတ်ပစ်ချင်စိတ်ပေါ်သွားသည်။

တစ်နေ့ကတော့ ကောင်းမိကောင်းရဲ့နဲ့ အစ်အက်မေးသွားပြီး ကိုယ်သိကိုယ့်စိတ်ထဲထားတာ မဟုတ်။ သွားပြီး ရိဖြစ်အောင်ရှုသေးသည်။

ထို့ကြောင့်ပင် ပျိုတိုင်းကြိုက်သော ဆရာဝန်ဖြစ်လျက် မီးက ငါ့နေတာပဲဖြစ်မည် ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မီးက ဘာပြန်ပြောလိုက်လဲ"

ကျွန်တော် ဆက်မေးလိုက်သည်။ မီးက မကျေမချမ်းဖြစ်နေသော စိတ်များဖြင့် သူ ဟိုမှာ ပြောခဲ့သည့်အတိုင်း အတိအကျ ပြန်ပြောပြသည်။

"အိုး . . . ဘာပြောရမလဲ ဟုဟ်တယ်၊ နင့် ငါမကြိုက်လို့ ဒီလိုပဲ ပြောတာ၊ ခုမဖြစ်သေးလည်း နောင်ကျဖြစ်မှာပဲ၊ မယုံရင် စောင့်ကြည့်လို့ ပြောလိုက်တယ်"

"အဲ . . . တောင်းရော"

လွှတ်ခနဲ ပြောလိုက်ခြင်းနှင့်အတူ စိတ်ထဲတွင် ဆတ်ခနဲ ခုန်၏။

ထ ❁ ထ

မီးပြန်သွားသည်နှင့် ကျွန်တော့်ရင်ထဲမှာ တိုက်ပွဲတစ်ပွဲ ကြီးထန်စွာ ဖြစ်ပွားတော့သည်။

"နေပါဦး အေးချမ်း . . . မင်း ဘယ်လိုကောင်လဲ၊ ခုဟာက မင်း ဘာဖြစ်နေတာလဲ၊ မင်း ဘာလုပ်နေတယ်ဆိုတာရော မင်းဟာ မင်း သိရဲ့လား"

ကျွန်တော့်အမေးကို ကျွန်တော့်ဘာသာကျွန်တော် မဖြေတတ်။

ကျွန်တော့်ကိုယ်ကျွန်တော်လည်း သိသည်။ ကျွန်တော့်စိတ်သည် ပုံမှန်အနေအထား၌ မရှိ။

ဆောင်းတွင်းအိပ်မက် ကယောက်ကယက်များကြားမှာ အူကြောင်ကြောင် ဖြစ်နေသည့်လူလို၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ ဖုံဖော်၍မရဘဲ ဖြစ်နေသည်။

အရာအားလုံးသည် အစီအစဉ်တကျမရှိ။ မီးနှင့် စ,ဆုံကတည်းက ဖြစ်ခဲ့သည့် အဖြစ်များအားလုံးကို ပြန်ကြည့်လျှင် ဘယ်ခုမှ အဆီအငေါ် မတည့်။ ရှေ့နောက် လုံးဝမညီညွတ်။ ကျွန်တော် ရူးနေပြီလား . . . မိမိကိုယ်မိမိ သံသယဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ လူတစ်ယောက်သည် မိမိဘာသာမိမိ မသိပါဘဲ စိတ္တဝေဒနာတစ်ခုခု စွဲကပ်လာတတ်သည်၊ ထိုအခါမျိုးတွင် တိုယ် ဘာလုပ်နေသည်ဆိုသည်ကို ကိုယ့်ဟာကိုယ်ပင် မသိတော့ဘဲ ထင်ရာမြင်ရာတွေ လျှောက်လုပ်နေတတ်သည်ဟု တစ်ခါက စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးသည်။

ထိုသူသည် ကျွန်တော်များ ဖြစ်နေပြီလား။

သို့မဟုတ် . . .

တစ်ခါတစ်ရံ လူတစ်ယောက်သည် သူ့ဘဝတွင် မကြုံဖူးသော ဖြစ်ရပ်များနှင့် ကြုံကြိုက်လာသည့်အခါ စိတ်သည် နဂိုနေရာမှ ပြောင်းလဲ၍ အဓိပ္ပာယ်မဲ့သော အလုပ်များကို စွဲမိစွဲရာလျှောက်လုပ်တော့သည်။ မရှိသည်များကိုလည်း အရှိဟု မြင်လာတတ်သည်။ ရှိနေသောအရာများကိုလည်း မရှိဟု မြင်လာတတ်သည်။ ထို့ကြောင့် ထိုလူ၏လုပ်ရပ်များသည် လူအများအဖို့ နားမလည်နိုင်စရာတွေ ဖြစ်သလို ရယ်စရာတွေလည်း ဖြစ်ကုန်တော့၏ဟုလည်း ဖတ်ဖူးသည်။

ထိုကဲ့သို့များ ကျွန်တော် ဖြစ်နေပြီလား . . . တွေးရင်းနှင့် ကျွန်တော် ရယ်ချင်လာသည်။

ကျွန်တော်ဆိုသည့်ကောင် တစ်မျိုးကြီး ဖြစ်နေတာတော့ သေချာ၏။

❁

အဲဒီတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် ရူးများနေ ပလားလို့တောင် ထင်မိတာပဲ မီး။



အမှန်တော့ ... ခုကနေ ပြန်ကြည့်လိုက်တဲ့အခါကျတော့ ရှင်းပါတယ်၊ အဲဒီတုန်းက ကိုယ်ဖြစ်နေခဲ့တာတွေဟာ အရှင်းဆုံး ပေါ်ပါဟာရနဲ့ ပြောရရင် ကိုယ့်စိတ်ကို ကိုယ်မနိုင်လို့ ဗျာများနေခဲ့တာတွေပဲ ...

အင်းလေ ... အချစ်နဲ့တွေ့ရင် လူတိုင်းဟာ အရူးတွေ ဖြစ်ကုန်ကြတာပဲဆိုတဲ့ ဥပဓေပ စကားပုံတစ်ခုလည်း ရှိနေတာပဲ မီးရယ်၊ ကိုယ်လည်း ဒီလောက်တော့ ဖြစ်ရမှာပေါ့ ...

ဘာဖြစ်လို့လဲဆိုတော့ တစ်ဖက်က မီးကို သိပ်ချစ်တဲ့စိတ်က တဖြည်းဖြည်း ချုပ်ထိန်းလို့ မရနိုင်တော့လောက်အောင်ကလည်း ဖြစ်လာပြီကိုး၊ ချုပ်ထိန်းလို့မရနိုင်တာလည်း မပြောနဲ့ မီးရယ်၊ ကိုယ်တို့ဖြစ်ခဲ့တာတွေလည်း ပြန်တွေးကြည့်ပါဦး။

မီးကို စတွေ့ကတည်းက ကိုယ့်ရင်ထဲမှာ အရမ်းစွဲလမ်းသွားတယ်၊ မီးနဲ့ တွေ့နေရတဲ့ အချိန်လေးတွေမှာ ကိုယ့်ဘဝတစ်ခုလုံး တစ်ခါမှ မခံစားဖူးတဲ့ အပျော်ဆိုတာ[illegible]တွေ ခံစားရတယ်၊ စိတ်ကူးတစ်ချက် လစ်လစ်သွားတာနဲ့ မီးကို တစ်သက်လုံး ပိုင်ဆိုင်သွားချင်တဲ့ စိတ်လေးတွေ အလုအယက် တိုးဝှေ့ဝင်ဝင်လာတတ်တယ်။

ဒါပေမဲ့ တစ်ဖက်ကလည်း ကိုယ့်ဘဝအခြေအနေနဲ့ မီးဘဝအခြေအနေက ကွာခြားလွန်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မီးတစ်ယောက် ရုရှိန်မှာ စိတ်ကူးယဉ်တတ်တဲ့ အရွယ်ရှိ စိတ်ကူးယဉ်ပြီး ကိုယ့်အချစ်ကို လက်ခံ ဟောင်း လက်ခံလိုက်မှာ ဖြစ်ပေမယ့် ကိုယ့်ဘဝထဲကို မီး တကယ် ရောက်လာတဲ့အခါမှာ နောင်တ တွေရပြီး ... ကိုယ့်ကို ချစ်မိတာ မှားတယ်ဆိုတဲ့ နောင်တနဲ့ မီးစိတ်ဆင်းရဲမှာကို စိုးတယ်။

ဒါကြောင့်လည်း ကိုယ့်စိတ်ကို ကိုယ်အတတ်နိုင်ဆုံး ထိန်းချုပ်ပြီး မီးနဲ့ကိုယ်ဟာ မဖြစ်နိုင်ပါဘူး ဆိုပြီး အမြဲထာဝရ သတိထားနေမိတယ်။

ဒါပေမဲ့ မီးရယ် ... လောကမှာ အချစ်ဆိုတဲ့ အရာဟာ တားဆီးဖို့ ခက်သားကလား၊ အိပ်ချင်လို့ သမ်းတာ၊ စိတ်ပျံပြန်မှုဖြစ်တဲ့ နှာချေတာတွေပကြည့် အခြေအနေနဲ့ အချိန်အခါကြောင့် မသမ်းချင်၊ နှာမချေချင်လို့ ထိန်းလေဆဲ ပိုဆိုးလေဖြစ်တာမဲ့ မဟုတ်လား၊ ရိုးရိုးသမ်း တစ်ချက်တည်း ဟပ်ချိုး ဆိုပြီး ပြီးသွားမယ့်ကိစ္စ။ လူရှေ့မှာ မတင့်တယ်ပါဘူးဆိုပြီး ပါးစပ်အတင်းပိတ်၊ စိတ်ကို အတင်းထိန်း၊ နောက်ဆုံးပိတ် ထိန်းမရလို့ ပွင့်လည်းထွက်ရော ‘ဗွီး’ ဆိုပြီး နှာခေါင်းထဲကနှပ်တွေ အတောင့်လိုက် ထွက်ကျနဲ့တဲ့အထိ ဖြစ်ကုန်တာပဲ မဟုတ်လား။ အဲဒါတွေထက် အချစ်ကပိုဆိုးတယ် ...မီး။ ကိုယ့်ကို ပဲကြည့် ....

ထားပါတော့လေ ... ခုဟာက စာသွင်ခန်းထဲ



မှာ လက်ချာပေးနေတာမှ မဟုတ်ဘဲ၊ ပြီးခဲ့တဲ့ အဖြစ်အပျက်လေးတွေကို ပြန်တွေးပြီး လွမ်းနေတာ ပဲဟာ၊ ကြားထဲကနေ ဖြတ်ဖြတ်ပြီး ရှင်းပြချက်တွေ ထည့်ရတာ မကောင်းပါဘူး။ ခုခေတ်စကားနဲ့ ပြောရရင် ‘ဇီလင်အောက်ပါတယ်၊ လွမ်းစရာရှိ ... သူ့ဟာသူလေး ဒီအတိုင်းထားပြီး လွမ်းရတာက ပိုကောင်းပါတယ်။

ပွဲထဲမှာ မင်းသားရှူးနေတဲ့အချိန်မှာ ကားထိုင် ကြားထဲကနေ တောင်ပြောမြောက်ပြော ရှင်းပြနေတာကို နားထောင်ရတာထက် ... ရှုးနေသလိုပဲ ဆက်ကြည့်တာက ပိုကောင်းပါတယ်နော်၊ ဇာတ်လမ်းလေးက ပိုစိတ်ဝင်စားဖို့ ကောင်းလာပြီ မဟုတ်လား။

❁

လက်ထဲတွင် ကိုင်ထားသော မီးပေးထားသည့် ဇစ်ထရိရှူးဆေးတောင့်လေးကိုလည်း ငုံ့ကြည့်လိုက်မိသည်။

ထိုအရာလေး ရှူလိုက်လျှင် ကျွန်တော့်ခေါင်းထဲက ရှုပ်ထွေးခြင်းများစွာတို့ ရှင်းသွားမလား မသိဟု စိတ်ရူးတစ်ခု ပေါက်သွားသည်။ ထိုအတွက် ရှူဆေးဘူးငယ်လေး၏ အဖုံးကို ဖွင့်ပြီး မက်မောစွာလေး ရှိုက်ယူလိုက်သည်။

မှိတ်ထားသော မျက်လုံးထဲတွင် မီး၏ ချစ်စရာဟန်လေး

www.burmeseclassic.com

www.burmeseclassic.com



များ ပေါ်လာ၏။ မီးက လက်ညှိုးလေးတစ်ချောင်း ထောင်ထား သည်။ နှုတ်ခမ်းလေးစူ၍ ပြုံးမဲ့မဲ့မျက်စောင်းလေးဖြင့် . . .

"ကိုကိုနော် . . . အူကြောင်ကြောင်လုပ်မနေနဲ့၊ တော်ကြာမှ ကျွန်ရုပ်ကြီးဖြစ်နေလို့ ကိုကိုငိုနေရမယ်၊ ကိုကို မီးကို ချစ်တယ် မဟုတ်လား . . . ပြောစမ်း။ မီးကို ချစ်လည်းချစ်ရဲ့သားနဲ့ ခုဟာက ဘာဖြစ်နေရတာလဲ"

အတွေးထဲတွင်သာ မဟုတ်၊ အပြင်မှာပါ ကျွန်တော် တကယ် ပြုံးလိုက်သည်။

ပါးစပ်ကလည်း စကားတစ်ခွန်းကို ရင်ထဲမှထုတ်၍ လွတ် လွတ်လပ်လပ်လေး ပြောလိုက်ချင်လှသည်။

"ကိုကို မီးကို သိပ်ချစ်ပါတယ် မီးရယ် . . ." ဟု

သိပ်ပြောချင်သော စကားတစ်ခွန်းအား အတင်းဆို့ပိတ် သိုလှောင်ထားရသည်လောက် ပင်ပန်းကြီးစွာသော အဖြစ်သည် မရှိဟု ကျွန်တော် ထင်မိသည်။

မီးကို ဘယ်လောက် ကျွန်တော်ချစ်သည်ကို ကျွန်တော် ဘာသာကျွန်တော် အသိဆုံးဖြစ်၏။ ထို့အတူ ထိုစကားကို ပြောရ[illegible] မည်မျှခက်ကြောင်းလည်း ကျွန်တော်သာ အသိဆုံးဖြစ်နေသည်။

တစ်ခါတလေတော့လည်း စိတ်လွတ်ကိုယ်လွတ်လေး ပြော[illegible] လိုက်ချင်သည်။

ထို့ကြောင့် မှိတ်ထားသော မျက်လုံးထဲမှ မီးကိုပင် ကျွန်တော် အားရပါးရ စိုက်ကြည့်လိုက်သည်။ မီး အပြုံးလေး ပိုကြည်လင်လာ သည် ထင်မိသည်။

"ပြောလိုက်ပါ ကိုကိုရယ် . . . ရဲရဲပြောပါ၊ ကိုကို့အနား[illegible]



ဘယ်သူမှ မရှိပါဘူး" ဟုလည်း အားပေးနေသည် အောက်မေ့သည်။

ရင်ထဲက ပေါ့ပါးသွားစေခြင်းငှာ အကြိမ်ကြိမ်ထိန်းချုပ်ထား ခဲ့သော နှုတ်ကိုဖွင့်၍ အားရပါးရပြောချလိုက်သည်။

"မီးကို ကိုယ်သိပ်ချစ်တယ် . . . မီးရယ်၊ သိပ်ချစ်တာပဲ"

"ရှင် . . . ကိုကို၊ ကိုကို ဘာပြောလိုက်တယ်"

ဒိန်းခနဲ ကျွန်တော့်ငယ်ထိပ်ကို မိုးကြိုးပစ်ချ ခံလိုက်ရသလို ထိတ်လန့်သွားသည်။ မီးအသံသည် စိတ်ကူးထဲက အသံမဟုတ်။

မျက်လုံးကို ချက်ချင်း ဖွင့်ကြည့်လိုက်သည်။

ထိတ်လန့်ချောက်ချားစွာ ရပ်နေသော မီးကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . မီး ဘယ်တုန်းက ရောက်နေလဲ"

ကျွန်တော့်အမေးစကားများရှိ အသံတိုင်းသည် တုန်ခါ
ကြောင်း သတိထားမိသည်။ မီးမျက်နှာပေါ်တွင်လည်း အရော
မျိုးစုံ ဖျတ်ခနဲဖျတ်ခနဲ ကူးပြောင်းသွား၏။

"မီး လက်ကိုင်ပဝါလေးကျန်ခဲ့လို့ ဆေးရုံအပြင်ရောက်
ပြန်လာယူတာ ကိုကို၊ ကိုကိုအိပ်နေတယ်ထင်လို့ နိုးသွားမှာစိုးတာ
မီး အသံမကြားအောင် ဝင်လာခဲ့တာ၊ ကိုကို ခုန ဘာပြောလို
တာလဲ"

ကျွန်တော့်မျက်နှာတစ်ခုလုံး နွေးသွားသည်။ ထစ်
ကို့ရို့ကားယားနိုင်မှသော အဖြေစကားများ ကျွန်တော့်နှု
လွှတ်ခနဲ ထွက်သည်။

"ကိုယ် ဘာပြောလိုက်လို့လဲ မီး၊ ကိုယ်မှေးခနဲ အိပ်ပျော်
တယ်၊ အိပ်မက်ပြီးများ ယောင်လိုက်သလား မပြောတတ်ဘူး"

မီးက မဲ့ပြုံးကလေး တစ်ချက်ပြုံးသည်။

"ဆားပါတော့လေ . . . အိပ်မက်ပြီး ယောင်တာ ဖြစ်



မှာပေါ့၊ ကိုကိုက ဘာတွေ အိပ်မက်နေလို့လဲ၊ ကိုကို ပြောလိုက်
စကားကို မီးသေသေချာချာ ကြားလိုက်တယ်"

"ဟုတ်လား၊ ကိုယ်တော့ မမှတ်မိဘူး မီးရယ် . . . နေ့ခင်း
မက်တဲ့ အိပ်မက်ဆိုတော့ ဟိုရောက်ဒီရောက်နေမှာပါ။ ကိုယ်
ပြောလိုက်လဲဆိုတာလည်း ကိုယ် ဘယ်သိမလဲ"

"သေချာတယ်နော် ကိုကို . . . ကိုကို ဘာပြောလိုက်တယ်
ဆာ ကိုကို တကယ်မသိဘူးပေါ့"

ကျွန်တော့်နှုတ်များ ရုတ်တရက် ဆွံ့သွားသည်။ သိသိသာ
ကြီး ညာရတော့မှာမို့ နှုတ်သည် ဘယ်လိုဖွင့်မပွင့်တော့သည်မှန်း
မသိ။

သူ့မျက်နှာကို ကျွန်တော် ကြည့်လိုက်သည်။ မီး၏မျက်နှာ
ယောင်ဝ်ယောင်လေး တင်းမာနေသည်ဟု ထင်မိသည်။
ကြည့်ထဲတွင် စိမ်းသောအရိပ်များ ရှိနေသလို ခံစားရသည်။
မီးသည် တစ်ခါတစ်ခါ ကျွန်တော် စိုးရိမ်သလို ဖြစ်နေပြီ
ဟု အောက်မေ့လိုက်၏။

ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းသည့်အထဲတွင် ဒီ
ကြောင်းလည်း အချက်တစ်ခုအနေနှင့် ပါသည်။ မီးသည် သိဂ်ီနှင့်
သက်၍ ကျွန်တော့်ကို အစ်ကိုတစ်ယောက်လို ခင်ခဲ့သည်။ ထို
ကြောင့် ကျွန်တော်နှင့်ရဲတင်း လွတ်လပ်စွာပင် ပြောဆိုနေထိုင်ခဲ့

နောက်တစ်ခုက မီးသည် အချစ်နှင့် ပတ်သက်၍ ခေါင်းထဲ
ထည့်မစဉ်းစားတတ်။ သူ့အား ပိုးပန်းနေသူအားလုံးကိုပင်
ပြုံးခဲ့သည်။ လျစ်လျူရှုသည်ပင် မဟုတ်၊ သူ့အား ချစ်စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောသူများကို အမြဲအထင်သေး မုန်းတီးခဲ့သည်။

အတာယ်၏ ကျွန်တော်က မထိန်းနိုင် မသိမ်းနိုင် ဖွင့်ပြေ ပါတ ကျွန်တော့်အပေါ် ရိုးသားစွာ ခင်နေခြင်းကို အခွင့်ယူသည် ထင်သွားပြီး ကျန်လူများနှင့် ရောထွေးပစ်ကာ မုန်းတီးသွား သည်။

ယခု ဤသို့ဖြစ်နေပြီလား မသိ။

"ပြောလေ . . . ကိုကို"

အမေးစကားက ဆက်တောက်သည်။

ကြွတ်သွားသော မျက်မှောင်က မကျေနပ်မှုကို အတိုင်း ပြသည်။

ခါတိုင်းကဲ့သို့ စိုးရိမ်ကြောက်ရွံ့သော စိတ်များ ရင်ထဲတို လာသည်။

"မသိပါဘူး . . . မီး၊ ကိုယ်ဘာ့ပြောလိုက်တယ်ဆိုတာ မသိပါဘူး"

မီး ပြုံးသည်။ အရုပ်ဆိုးသော အပြုံး မဟုတ်သော် ရင်ထဲမှ နာကြည်းမှုကို ဖော်ပြထားသည်ကတော့ ထင်ရှား တစ်နည်းအားဖြင့် သရော်ပြုံး။

"ကိုကို . . . ဘာဖြစ်လို့ ညာတာလဲ၊ အင်းလေ . . . တော့၊ ကိုကို တကယ်မလိမ်ဘူးဆိုရင်လည်း မီးပြောပြမယ်၊ ခုနက ပြောတဲ့စကားက 'မီးကို ကိုယ်သိပ်ချစ်တယ် မီးရယ် သိပ်ချစ်တာပဲ . . .' တဲ့၊ ကြားပြီနော် ကိုကို၊ ဒါပါပဲ မီးသွား မယ်"

ခေါင်းရင်း စားပွဲပေါ်တွင် ကျွန်တော် သတိမထားမိ



သူ့လက်ကိုင်ပဝါလေးပင် မယူတော့ဘဲ အခန်းထဲမှ ချာခနဲ လှည့် ပြေးသွားသည်။ ကျွန်တော့်ကမ္ဘာကြီးသည် ရုတ်တရက် လေဟာနယ် ဖြစ်သွား၏။

တက္ကသိုလ်ဆေးရုံပရဝုဏ်အတွင်းတွင် သစ်ရွက်များစွာတို့ ကြွေကျနေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆုံးလက်ဆောင်

ခုကွဲစမ်းမှာ
ကဗျာလေ့နှင့် ရွက်ရုန်ဖွင့်လို့
သခင့်ထံပါး သွားချင်တယ် ... ။

ရှောရင်း ရှောရင်း
သီချင်းဝါဝါ ကာရံလေးတွေ
လေပြေထဲမှာ လွှင့်ခဲ့တယ် ...။

ကျွန်တော်တစ်ယောက်
သစ်ရွက်မှောက်လို့ ကာရံပျောက်ပြီး သေခဲ့ရင် ...
ကဗျာအပေါင်း၊ ရုပ်အလောင်းကို
စမ်းချောင်းရေကြား၊ မြူပ်မထားနှင့်
ပိရမစ်ကြား၊ ပိတ်မထားနှင့်



ကျောက်သားပမာ၊ အသည်းရှာက
ကျိန်စာဆိပ်လူး၊ အချစ်ဦးထံ
တိမ်ဦးလေနှင့်၊ ချိန်ခါသင့်၍
လေလွှင့်လွှတ်လိုက် ... လွတ်လွတ်ထဝ် ...။

ဒီတစ်ခါတော့ ကျွန်တော် လွမ်းရပြီဖြစ်ပါး

ဆောင်းတွင်းနံနက်လို နှင်းဝေပိန်းပိတ်အောင်ကျနေချိန်တနှင်းလုံးမြူထုများကြားတွင် ကျွန်တော် ရောက်နေခဲ့သည်။ နှင်းများကြောင့် အေးချမ်းပြီး ကြည်နူးနေချိန်တွင် ကျွန်တော်ရောက်နေသည့်အရပ်ကို ကျွန်တော် ချစ်ရကောင်းမှန်း မသိ။ နှင်းတို့ပိတ်မှုခြင်း အရာအားလုံးကို သဲကွဲစွာ မမြင်နိုင်ခြင်း စသည့် နှင်းကျချိန်၏ အဖြစ်များကိုသာ ကွက်တွေးပြီး နှင်းတောမှ လွတ်ရာလွတ်ကြောင်း လမ်းစလမ်းပေါက်ကိုသာ မရရအောင် ရှာဖွေ၍ ထွက်နေခဲ့သည်။

ထိုစဉ် ရုတ်တရက် နေထွက်လာသဖြင့် နှင်းများ သူတို့အာသာ ထွက်ပြေးသွားတော့မှ ကျွန်တော့်အိပ်မက်တို့ ပျက်သည်။ နေသည် ပွဲပြင်းကြောင်း ကျွန်တော် နားလည်လာသည်။

နှင်းထဲမှာ မမြင်မကန်း လျှောက်သွားနေရခြင်း၏ အရသာတို့ ပြန်တမ်းတလာသည်။ နှင်းကွဲချိန် နေရောင်အောက်မှ ပီသရှင်းလင်းစွာ မြင်နေရ သော အရပ်သည် ကိုယ်မရောက်ချင်သည့် အရပ်ဖြစ်နေကြောင်း ထိတ်လန့်စွာ ကျွန်တော် တွေ့လိုက်ရသည်။

မီးသည် ကျွန်တော့်အပါး၌ ရှိတော့။

www.burmeseclassic.com



ထိုနေ့ညနေက သိဂီ ဆေးရုံသို့ လာသောအခါ မျက်နှာလုံး
မကောင်း။ မီးလည်း ပါမလာ။

ကျွန်တော့်ဆီ ရောက်ရောက်ချင်း သူသိချင်သော အရာ
အလျှင်ဦးအောင် မေးသည်။

"ကိုကို . . . မီး ဘာဖြစ်သွားတာလဲ"

ကျွန်တော်မသိ။ ရိုးသားစွာ သူခင်မင်နေသော ကျွန်တော
ထံမှ မမျှော်လင့်ဘဲ ဖောက်ပြန်သော စကားတစ်ခွန်းကြော
ကျွန်တော့်ကို မုန်းသွားတာဖြစ်မည်ဆိုသော ထင်ကြေးတစ်ခုသ
ရှိသည်။ သို့အတွက် . . .

"မပြောတတ်ဘူး သိဂီ၊ မီး သိဂီ့ကို ဘာပြောလို့လဲ၊ ခုနေ
သူ ဘာဖြစ်လို့ လိုက်မလာတာလဲ"

"မသိဘူး ကိုကို၊ ထုံးစံအတိုင်းပဲ၊ ကိုကိုနဲ့ ပတ်သက်တဲ့ကိ
မှန်သမျှ မီးကို ဘာမှမေးလို့မရဘူး၊ သိဂီ့ကို သူတစ်ခုပဲ ပြောတယ
ကိုကို့ဆီကို နောက် သူ ဘယ်တော့မှ မသွားတော့ဘူး၊ ကိုကို့ဆီ
သွားရင် သိဂီ့ဘာသာ သိဂီသွားတော့၊ သူ့ကို ဘယ်တော့မှမခေါ်န
တော့တဲ့ . . . ဒါပဲ ပြောတယ်"

ကျွန်တော် သက်ပြင်းချလိုက်သည်။ နေ့ခင်းက ဖြစ်ခဲ့သည့်
အဖြစ်အပျက်ကိုသာ အကျဉ်းချုံး၍ ကျွန်တော် ပြောပြသည်။ သိဂီ
က နားထောင်ရင်းနှင့် မျက်လုံးဝိုင်းသွားပြီး . . .

"ဒါဖြင့် ကိုကိုက မီးကိုချစ်တော့ ချစ်နေတာပေါ့ ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်သည်။

ခုခါမှ ဘယ်ကနေဘယ်လို သတ္တိတွေဝင်ပြီး အမှန်တွေ ပြော



တ်ကုန်သည်မသိ။

"ဟုတ်တယ်သိဂီ၊ တို့ မီးကိုချစ်နေမိတယ်၊ ဒါပေမဲ့ ခုန တို့
ာသလိုပဲ၊ အကြောင်းမျိုးစုံနဲ့ ချိန်ဆကြည့်လိုက်တော့ ဘယ်လိုမှ
မှာမဟုတ်ပါဘူးလေဆိုပြီး တို့မှိုသိပ်ထားခဲ့တာ၊ နောက်ပြီး ပြော
တ်မှ ခုဖြစ်သလို ဖြစ်သွားမှာကိုလည်း ကြောက်တယ်၊ ဒါကြောင့်
ခင်ကို ဒီကိစ္စ ဘယ်သူ့ကိုမှ အရိပ်အမြွက် မပြောသဲနေခဲ့တာ"

သိဂီ ခေါင်းခါသည်။

"ကိုကိုရယ် . . . ဒီလိုဆိုရင်လည်း ဒီကိစ္စ မီးကို မပြောချင်
ာင်မှ သိဂီ့ကို အရင်ပြောပါလား၊ သိဂီထင်တာတော့ ခုကိစ္စဟာ
ကိုထင်သလို လုံးဝမဖြစ်နိုင်ဘူး"

"ဘယ်လိုသိဂီ၊ တို့ထင်သလိုဆိုတာ ဘယ်ဟာကိုပြောတာလဲ"

"ကိုကို့ကို သူက ရိုးရိုးခင်တာကို ကိုကိုက မရိုးမသားဆက်ဆံ
ယ်ဆိုပြီး သူစိတ်ဆိုးသွားတယ်ဆိုတာကိုပေါ့"

"မဟုတ်ဘူးလား သိဂီ၊ ဒါပဲ ဖြစ်နိုင်တာပဲဟာ"

"မဖြစ်နိုင်ဘူး ကိုကို၊ အဲဒါ လုံးဝ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့
ဲဆိုတော့ သူ့စိတ်ကို သိဂီ သိတယ်၊ သိဂီ့ကို သူခဏခဏ ဖွင့်ပြော
တယ်"

"ဘာကို ဖွင့်ပြောတာလဲ သိဂီ"

"ကိုကို့ကို သူ ချစ်တယ်ဆိုတာကိုပေါ့"

"ဟင် . . ."

အံ့သြခြင်းများ အထိတ်တလန့် ပြေးဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၅-ရက် (စနေနေ့)။

ဒီနေ့ ကိုကို့ကို စတွေ့ပြီး ခင်မင်ရတယ်။

ကိုကို့ကို စတွေ့ကတည်းက ကိုယ့်စိတ်ထဲမှာ တစ်မျိုးပဲ၊ စိတ်ထဲမှာ အရမ်းခင်သွားတယ်။

ကိုကို့မျက်နှာလေးက ကိုကို့နာမည်လိုပဲ အေးချမ်းနေတယ်။

မျက်နှာလေးတင် မဟုတ်ပါဘူးလေ၊ ကိုကို့ကို ကြည့်ရတာ အရာရာ အေးချမ်းပါတယ်။ ကိုကို့အပြုံးကလည်း အေးချမ်းတယ်၊ ကိုကို့အကြည့်ကလည်း အေးချမ်းတယ်၊ ပြောရရင် ကိုကို ဝတ်ပုံစားပုံကအစ အေးချမ်းနေပါတယ်။

ဒီနေ့ ကိုကိုဝတ်လာတာ ရှပ်အင်္ကျီလက်ရှည် အဖြူလေး၊ မဖြူမညို ကိုကို့အသားနဲ့ အရမ်းကြည့်ကောင်းတာပဲ၊ လုံချည်က ကချင်ပုဆိုး ဒူးဝါးဆင်။ ကိုယ့်မျက်လုံးထဲမှာ ကိုကို့ကို ကြည့်လို့ မဝဘူး။ နောက် ခင်သွားရင် ကိုကို့ကို ပြောရမယ်၊ ဒီလိုပဲ အမြဲဝတ် ... လို့။

ကိုကိုက သဘောလည်း ကောင်းတယ်နော်၊ ပြောတာဆိုတာကအစ သိပ်နူးညံ့တယ်၊ ကိုယ့်စိတ်ထဲမှာ အရမ်းသဘောကျသွားတယ်။

ဘာရမလဲ၊ ကိုကို မသိအောင် အပြတ်ရိုက်ပစ်လိုက်တာပေါ့။

သီဂီက သိပ်တုံးတာပဲကွာ၊ သူ့မှာ ဒီလိုမျိုး အစ်ကို



တစ်ယောက် ရှိတာတောင် ကိုယ့်ကို တစ်ခါမှ အသိမပေးဖူးဘူး၊ စောစောကပြောရင် ဘယ်လောက်ကောင်းမလဲ။

ကိုယ်တော့ ကိုကို့ကို ချစ်သွားပြီ ကိုကိုရေ ...

အင်း ... ကိုကိုကတော့ ခပ်တည်တည်ကြီးပဲနော်။

အဲလို မနေပါနဲ့ ကိုကိုရာ၊ ကိုကို ပြုံးလိုက်ရင် သိပ်ချစ်ဖို့ ကောင်းတဲ့ဥစ္စာ၊ အမြဲတမ်း ပြုံးနေစမ်းပါ။

ပြီးတော့ ကိုယ့်ကိုလည်း ချစ်ပေါ့ ...

ကိုယ်က ချစ်လို့မှ ကိုယ့်ကို ပြန်မချစ်ရင်တော့ ကိုယ်က သိပ်မုန်းပစ်လိုက်မှာပဲ၊ ကိုယ်က ဒီတစ်သက်မှာ ဘယ်သူ့ကိုမှ ချစ်ဖူးတာ မဟုတ်ဘူး၊ ကိုယ့်ကို ချစ်တဲ့လူတွေ အများကြီးရှိတာတောင် ကိုယ်က ပြန်ချစ်ခဲ့တာ မဟုတ်ဘူး၊ သူ့ကျမှ ... ချစ်တာ၊

ကိုယ့်ချစ်သလို မချစ်ရင်တော့ ငိုလည်းငိုမှာပဲ၊ မုန်းလည်း မုန်းမှာပဲ။

ကိုယ်လေ ... ကိုကို့အကြောင်းတွေ အများကြီး သိပြီးပြီ၊ သီဂီ့ကို မေးတာပေါ့၊ သီဂီက ပြောပြတယ်၊ ကိုကိုက လှည်းကူးနားက ရွာကလေးကတဲ့၊ ကိုကိုတို့က သိပ်ဆင်းရဲတယ်လို့ ပြောတယ်၊ အမေ မုဆိုးမကြီးကို လုပ်ကျွေးရင်း ဆယ်တန်းအောင်အောင် ကြိုးစားလာရတာတဲ့ ...

သီဂီတို့ အမျိုးထဲမှာတော့ ကိုကို အလိမ္မာဆုံးပဲ ... တဲ့။

ကိုယ်က ... ကိုကို့မှာ ရည်းစားရှိလားလို့ မေးတော့ ... ဟယ် ... မရှိပါဘူး၊ သူက ဘဝနာလာခဲ့တဲ့ လူဆိုတော့

www.burmeseclassic.com



ဒါရိုးတွေ စိတ်ကူးမယ်လည်း မထင်ဘူး၊ ကိုကိုက ဈောင်းဆစ် ကြိုးစားပြီး ဝါသနာပါတဲ့ စာပေအလုပ်ပဲ လုပ်တာတဲ့ ...။

ဓမ်းသာလိုက်တာ ကိုကိုရယ် ...။

အဲဒီလို လိမ္မာတာမျိုးမှ တို့က ပိုချစ်တာ၊ ရည်းစားတွေ ဘာတွေမထားနဲ့ဦးနော် ကိုကို၊ ထားချင်ရင်လည်း တို့ကိုပဲထား။

အမယ်လေးနော် ... ဒီကလည်း မိန်းကလေးတန်မဲ့နဲ့ ပြောလိုက်ရတာ ဒိုင်ယာရီထဲမှာမို့ တော်တော့တယ်၊ သေးက လူများကြားရင် ဘယ်လောက်များ ရှက်ဖို့ ကောင်းလိုက်မလဲ ...

အို ... မရှက်ပါဘူး၊ ကိုယ်ချစ်လို့ ကိုယ်ပြောတာ ဘာဖြစ်လဲ ...

နောက်ကို ဒီထက်တောင် ပိုပြောဦးမယ် ...

ဒီနေ့တော့ တော်ပြီ။

❁

"အဲဒါ . . . မီး ဒိုင်ယာရီ စာအုပ်ကို ခိုးဖတ်ရင်း တွေ့ခဲ့တာ ကိုကို၊ ကိုကိုနဲ့ စတွေ့တဲ့နေ့ကတည်းက မီးက ကိုကို့ကိုချစ်တယ်လို့ အပြတ်ရေးထားတာ၊ ဒါကြောင့် ကိုကို့ကို သိဂီ ပြောတာပေါ့၊ မီးက တစ်ခါတည်း ယောက်မတော်ထားလိုက်ပြီလို့"

သိဂီ့စကားများကို နားထောင်ရင်း ကျွန်တော် သက်ပြင်း



ချက် ရှိုက်ယူလိုက်မိသည်။

"အဲဒါ . . . မီးက ကိုကို့အပြော စောင့်နေခဲ့တာပဲ၊ နောက် သူ့စိတ်ထဲမှာလည်း ကိုကိုကလည်း သူ့ကိုချစ်နေတယ်ဆိုတာ သိတယ်လို့ ပြောတယ်၊ ဒါကြောင့် သိဂီတောင် ပြောလိုက် သေးတယ်၊ ချစ်ပေမယ့် ကိုကိုက ဖွင့်ပြောချင်မှပြောမှာမီး၊ ဘာဖြစ် လို့လဲဆိုတော့ ကိုကိုက မီးနဲ့ ဘဝချင်းမတူတာကို တွေးပြီး ပြောရဲမှာ မဟုတ်ဘူး . . . လို့"

"အဲဒီတော့ မီးက ဘာပြောလဲ သိဂီ"

"အိုး . . . ဘာလို့ ဘဝချင်း မတူရမှာလဲ၊ ကိုကို ယောက်ျားပဲ ဟာ၊ ဒါတွေ ထည့်တွေးစရာ မလိုပါဘူးလို့ ပြောတယ်"

သိဂီပြောသော စကားများကို အခြေပြု၍ မီးနှင့်သိဂီတို့၏ အားဝိုင်းလေး မျက်လုံးထဲ မြင်ယောင်လာသည်။

"မဟုတ်ဘူး မီး၊ နင်က အဲဒီလိုတွေးပေမယ့် ကိုကိုက နင့်လို ဘယ်တွေးမလဲ၊ သူ့ဘဝက ဆင်းရဲတယ်၊ သူ့ဘဝထဲကို နင့်ကိုဆွဲသွင်း ရင် နင် ပင်ပန်းဆင်းရဲမှာတို့ ဘာတို့ ထည့်တွေးပြီး ပူမှာပေါ့"

"မဆိုင်ပါဘူး သိဂီရာ . . . ဆင်းရဲတယ်၊ ချမ်းသာတယ်ဆို တာ လောကမှာ ဘာလုပ်ရမှာလဲ၊ ကိုကို ငါ့ကိုချစ်တာ ငါသိပါတယ်၊ ရင်မပါဘဲ နှစ်ယောက်တည်း ကိုကိုနဲ့ငါ သွားဖူးတာပဲ၊ ကိုကို့ရင်ထဲ မှာ ဘာဖြစ်နေတယ်ဆိုတာ ဖွင့်မပြောပေမယ့် သူ့မျက်လုံးကြည့် တာနဲ့ ငါသိတာပေါ့"

"အေးလေ . . . ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ငါပြောတာက သူချက်ချင်းတော့ နင့်ကို ဖွင့်ပြောရဲမှာ မဟုတ်ဘူး . . လို့ပြောတာ"

"အိုး . . . ဘယ်ရမလဲဟာ၊ ဖွင့်မပြောရင် ဖွင့်ပြောအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာပေါ့"

သိင်္ဂီက ရယ်သည်။

"ဒါဖြင့် . . . ဒီလိုလုပ်လေ မီး၊ နင် ဒီလောက်ဖြစ်နေရင်လည်း သူဖွင့်ပြောတာ ပင်ပန်းခံပြီး စောင့်မနေနဲ့တော့ပေါ့တာ ကိုယ်က မိန်းကလေးပဲ . . . ဘာဖြစ်လဲ ခပ်တည်တည်ပေါ့၊ ကျွန်မ ကိုကိုကို ချစ်နေပါတယ်ရှင်၊ အဲဒါ . . . ကိုကို့အဖြေလေး သိပါရစေလို့ ဖွင့်ပြောလိုက်ပါလား"

"တောင်မ . . . သူ့အစ်ကိုဘက်ကျတော့ တယ်သိတယ်၊ ဒါတော့ ဝေးဝေးတယ် သိင်္ဂီ၊ ဒါမြန်မာပြည်ဟ၊ အဲဒီလိုတော့ ဘယ်သိက္ခာကျခံလို့ ဖြစ်မလဲ"

"ဒါဖြင့် နင်မပြောချင်ရင်လည်း ငါပဲ ပြောပေးမယ်လေ၊ ကိုကို . . . မီးကတော့ ကိုကို့ကို မရရင် သေမလောက်ဖြစ်နေပြီ သနားပါတယ် ကိုကိုရာ ဖွင့်ပြောလိုက်ပါလို့ . . ."

"နင်သေမယ်နော် သိင်္ဂီ၊ ငါနင့်ကို သိပ်ချစ်တဲ့သူငယ်ချင်းမို့ ဖွင့်ပြောတာ၊ နင် အဲဒါမျိုး သွားပြောရင်တော့ သေခန်းဖြတ်ပဲ၊ နေပစေ၊ သူ့ဟာသူ ပြောလိမ့်မယ်"

သိင်္ဂီက ကျွန်တော့်ကိုကြည့်ရင်း သူ့စကားကို ဆက်ပြန်သည်။

"ဆန်းနိုင်ကိစ္စတုန်းကလည်း သူဒေါကန်တာ အဲဒါပဲ ကိုကို၊ သူက တစ်ဖက်လှည့်နဲ့ ကိုကို သတ္တိရှိလာအောင် တမင် အဲဒီလို ပြောတာ၊ အဲဒါ ကိုကိုက ဆန်းနိုင်ကို သွားငြင်းတော့ သူရှက်လည်း ရှက် ဒေါလည်းကန်ပြီး ငိုတာ၊ နောက် ကိုကို နေမကောင်းဖြစ်တယ် ဆိုမှ သူအရှမ်းစိတ်ပူပြီး ကိုကို့ဆီ လာတာ၊ ကိုကိုသတိလစ်နေတုန်း



ကလည်း သူ့လောက် ပျာယာခတ်နေတာ သူပဲ"

ကျွန်တော် သူ့စကားကို ခေါင်းညိတ်တုံ့ပြန်သည်။

ယခုအခါတွင် ဖြစ်ရပ်အားလုံးတို့ ကျွန်တော် တိတိကျကျ နားလည်သဘောပေါက်သွားပြီ ဖြစ်၏။

မီး ဘာဖြစ်သွားသည် ဆိုသည်ကိုလည်း ကျွန်တော် သိလိုက်ပြီ။

ဒီအတိုင်းဆို သိပ်တော့ မရှိ။

ကျွန်တော်လည်း အကြောင်းကြောင်းများကို တွေး၍ အာရုံ ထွေးဆုတ်နေစရာ မလိုတော့။ ဆေးရုံမှမဆင်းမီအတောအတွင်း တွေ့နိုင်မတွေ့လျှင်လည်း ကိစ္စမရှိ။ ဆေးရုံက ဆင်းသည်နှင့် မီးတို့ အိမ်သွားတော့မည်။ သူမျှော်လင့်သလို ကျွန်တော် သတ္တိရှိပြလိုက်လျှင် အားလုံးသည် လှပချောမွေ့စွာ အဆင်ပြေသွားပေလိမ့်မည်။

ဤသို့ပင် ကျွန်တော် တွေးမိသည်။

သို့သော် ထိုအတွေး မှားမှန်း ဆေးရုံမဆင်းမီပင် ကျွန်တော် သိရ၏။

၁ ၅ ၁

www.burmeseclassic.com

"အခြေအနေကတော့ လုံးဝမအောင်ဘူး ကိုကို၊ မိီး . . .
သိဂ္ဂီကိုတောင် အတွေ့မခံချင်တော့ဘူး၊ သူ အရမ်းရှက်သွားတ
ထင်တယ်၊ ဒါမှမဟုတ်လည်း ကိုကို ပြောင်ပြင်းလိုက်တဲ့ကိ
ပစ်သက်ပြီး သူ ကိုကို့ကို သိပ်စိတ်ဆိုးသွားပုံရတယ်၊ သိဂ္ဂီ
အပြတ်ပြောထွက်တယ်၊ အဲဒီအကြောင်းတွေ ပြောမယ်ဆိုရင် သူ
ဘယ်တော့မှ မလာနဲ့တဲ့"

သိဂ္ဂီ နောက်ဆုံးပြောသွားခဲ့သော စကားများကို ပြန်
စားမိတိုင်း ရင်ထဲမောသွားသည်။ ဆေးရုံတွင် ကျွန်တော် ငါးရ
လောက် နေလိုက်ရသည်။ မိီး တစ်ခေါက်မှ မလာတော့။ သိဂ္ဂီထံ
သာ ထိုစကား ကြားရသည်။

မိီး . . . ကျွန်တော့်ကို တကယ်မုန်းသွားပြီ ဆိုသည်ကို ဘာ
သံသယဖြစ်စရာ မလိုတော့။ မိီး၏ ကလေးဆန်သော စိတ်က မိီး
အချစ်ဆုံးကို အမုန်းဆုံးအဖြစ် လွယ်လင့်တကူ ပြောင်းပေးလို
ဟန်တူသည်။

ကျွန်တော် အစိုးရိမ်ဆုံးသော ဖြစ်ရပ်များသည် တကာ



ထာပြီဟု ကျွန်တော် မသိချင်သော်လည်း သိလိုက်ရသည်။
သို့သော် ကျွန်တော် နောက်ဆုံး ကြိုးပမ်းချက်တစ်ခုအနေ
မသေချာသော်လည်း အားထားစရာ တစ်ချက်တော့ ရှိသေး
ည်ဟု တွေးမိသည်။

ဒီနေ့ညနေတွင် ကျွန်တော် ဆေးရုံက ဆင်းရမည်။ မနက်
တွင် မိီးဆီကို ကျွန်တော် ကိုယ်တိုင်သွားတွေ့မည်။

မျှော်လင့်ချက်တော့ ရှိလိမ့်မည်ဟု မျှော်လင့်ရ၏။

www.burmeseclassic.com

အတန်းမှေ့ရောက်သွားသောအခါ ကျောင်းစာသင်ခန်းထဲ တွင် ကျောင်းသားကျောင်းသူ လေးငါးဆယ်ယောက်လောက်သာ ရှိ၏။

အတန်းထဲသို့ ငေးကြည့်လိုက်သောအခါ မီးကို အရိပ် အယောင်မျှ မမြင်။ ကျွန်တော်က အခန်းနောက်ဆုံး ခုံတန်းတွင် ထိုင်စကားပြောနေသော ကျောင်းသားနှစ်ယောက်ဆီ လျှောက် သွားပြီး ခပ်တိုးတိုး မေးကြည့်သည်။

"ဒီနေ့ အတန်း မရှိဘူးလား"

ကျောင်းသားတစ်ယောက်က ခေါင်းခါ၍ . . .

"မရှိဘူး . . . ဆရာ မလာလို့"

"နောက်အချိန်ရော သူငယ်ချင်း . . . ဒီအခန်းမှာပဲလား"

"ဟုတ်တယ်"

စောစောက ကျွန်တော် ကင်တင်းဘက်မှ ဖြတ်လျှောက်လာ ခဲ့ရာတွင် မီးကို မတွေ့။ ထို့ကြောင့် ကင်တင်းကိုလည်း ပြန်လျှောက် ၍ ရှာစရာမလို။ သီဂီတို့ဆီလည်း သွားမည်မဟုတ်။ သီဂီတို့က



အချိန် လက်တွေ့ချိန် . . . ဒီဘက်မှာ မရှိ။ လက်တွေ့ခန်းများ ရှာ မိန်းဘက် ရောက်နေမည်။

ခါတိုင်းတော့ ကျွန်တော် သို့မဟုတ် သီဂီမပါဘဲ ဘယ်မှ သွားတတ်။ ခု မတွေ့သောအခါ ဘယ်ရှာရမှန်း မသိ။ တစ်ချိန် ည်း လွတ်တာမို့ သိပ်ဝေးဝေးလံလံတော့ သွားမည်မထင်။

လိုက်ရှာနေရတာတာမှ အချိန်ကုန်ပြီး လွဲချင်လွဲသွားနိုင် သည်။ ခဏတစ်ဖြုတ် အပြင်ထွက်သွားတာ ဖြစ်ချင်ဖြစ်မည်၊ မိသာတို့ ဘာတို့ဘက် သွားတာလည်း ဖြစ်နိုင်သည်။ ဒီနားက စောင့်နေတာပဲ ကောင်းမည်ဟု တွေးမိ၏။

ကျွန်တော် ဝရန်တာလက်တန်းအုတ်ခုံပေါ် ခုန်တက်၍ ထိုင်စောင့်သည်။

အခြေအနေက ခါတိုင်းနှင့် မတူတော့သည်ကို သတိထား မိ၏။

❁

တစ်ဘက်ခန်းမှ ဝေါခနဲ ရယ်သံများ ကြားလိုက်ရသည်။

တစ်ဘက်ခန်းမှ အသင်အပြကောင်းသောဆရာအချိန် ဖြစ် နေပုံရသည်။ ခဏခဏ ရယ်သံများ ကြားနေရသည့်အပြင် အခန်း ထဲရော အခန်းပြင် ကော်ရစ်ဒါများတွင်ပါ ကျောင်းသားကျောင်းသူ များနှင့် ပြည့်ကျပ်နေ၏။ တခြားဆက်ရှင်မှ ကျောင်းသားများပါ လာတက်နေသည်ပဲဖြစ်မည်။

မျက်လုံးကို အခန်းထဲသို့ ပြန်ရွှေ့ကြည့်သည်။ အခန်းထဲတွင်

www.burmeseclassic.com

စောစောကထက် ကျောင်းသားကျောင်းသူ ပိုများလာသည်
နာရီကို အမှတ်တမဲ့ ငုံ့ကြည့်လိုက်၏။ ဒီတစ်ချိန် ကုန်တော့မည်

ခုထိ . . . မီးဘယ်ရောက်နေသည် မသိ။ မီးကို ရှာမတွေ့
အခန်းထဲသို့ ရိုပ်ခနဲ တစ်ယောက်ဝင်လာတိုင်း သူများလားဟု လှမ်း
လှမ်းကြည့်မိနေခြင်းသာ အဖတ်တင်သည်။ မီး ထိုင်လေ့ထိုင်ထ
သည့် ရှေ့ဆုံးတန်း၏ နောက်ဘက်အတန်းမှ မျက်မှန်းတန်းမိနေ
သော ကျောင်းသူသုံးလေးယောက်ကတော့ ကျွန်တော့်ဘက်
တစ်ချက်လှည့်ကြည့်ပြီး သူတို့ချင်း တိုးတိုးတိတ်တိတ် ပြန်ပြောနေ
သည်ကိုတော့ တွေ့သည်။

'ဒီလူကြီး ခုတလော လာတာလည်း မတွေ့ဘူး။ ဘယ်ပျောက်
နေသလဲ မသိဘူး' . . . စသဖြင့် ပြောနေကြတာ ဖြစ်ကောင်းဖြစ်
မည်ဟု တွေးမိသည်။ သို့မဟုတ် ဒီထက် ပိုလေးနက်သော
အကြောင်းအရာများ ပြောနေကြတာလည်း ဖြစ်နိုင်သည်။ ဥပမာ
'ဒီလူကြီးနဲ့ ဟိုကောင်မလေး တွဲတာ မတွေ့ဘူး၊ အာပြဿနာ
ဖြစ်နေလည်း မသိဘူးနော်' . . . 'ဖအေး . . . ဟုတ်တယ်၊ နင့်ပြော
သတိထားမိတယ်၊ ခွာပြကုန်ကြတာလား မသိဘူး' စသည်တို့ပင်

ကျွန်တော်ထိုင်စောင့်ရင်း ဝေါင်ဝေါင်နှင့် စိတ်ကူးတည့်ရာ
လျှောက်တွေးနေမိသည်။ နေရထိုင်ရ စိတ်ကျဉ်းကျပ်သလိုပင် ဖြစ်
လာ၏။ ရှက်လည်း နည်းနည်းရှက်နေမိသည်။ တက္ကသိုလ်မှာ
တက္ကသိုလ် ကျောင်းသားကျောင်းသူ အများစုဆိုသည်မှာ အချိန်မှ
နှိုင်အလောက် မှန်အောင်တက်၊ စာမေးပွဲနီး စာကျက်။ စာမေးပွဲ
ဖြေစရာရှိတာ ဖြေ . . . ဆိုသော အလုပ်မှလွဲ၍ ကျွန်ုပ်ပင်ပန်
ပန်းအလုပ် ရှိလှသည်မဟုတ်။



ဒီလောကမှာ စိတ်ဝင်စားစရာဟူ၍ အတန်းထဲက ဘယ်
ကောင်မလေးနှင့် ဘယ်ကောင်နှင့် တွဲနေသည်။ သူ့ကောင်က
ဘယ်သူ့သား သို့မဟုတ် ဘယ်ကျောင်းက ဘယ်အတွဲက လိုက်
သည်။ ဘယ်အတွဲက တစ်နေ့တစ်နေ့ ရန်ချည်းဖြစ်နေကြတာ၊ ဘယ်
အတွဲက ဘယ်နားမှာ တွေ့ခဲ့တာဖြင့် ဘယ်လောက်တဲနေကြတာ။
အကောင်ကလည်း လွန်ပါတယ်၊ ကောင်မကလည်း လွန်ပါတယ်
. . . စသော အလာပသလ္လာပအကြောင်းများသာ ရှိသည်။

အထူးသဖြင့် မိန်းကလေးများက စိတ်ဝင်စား၏။

'ဟယ် . . . ဒီအတွဲတော့ ပြတ်သွားပြီ၊ ဟိုကောင်မလေးတော့
သနားပါတယ်' တို့၊ 'ဒီလူကြီးတော့ ချွေးပြီ' တို့၊ 'အသည်းကွဲတာ
မြင်ဖူးလား၊ မမြင်ဖူးရင် ကြည့်ထား၊ ဟိုကော်ရစ်ဒါက မျောက်မှိုင်
မှိုင်နေတဲ့ ငနဲကြီးပဲ၊ အသည်းတွေကွဲနေတာ ဒီတစ်တောင် အသံကြား
ရတယ်၊ ဖြစ်ဖြစ်-ဖြစ်ဖြစ်နဲ့' . . . စသဖြင့် နောက်ကြပြောင်ကြ
ရယ်ကြသောကြတတ်သည်။

ကျွန်တော်လည်း ရယ်စရာသော်စရာ သတ္တဝါတစ်ကောင်
ဖြစ်နေပြီလား၊ ကိုယ့်ကိုယ်ကိုယ် သိပ်မလုံ။

ဒီကြားထဲ မီး ရောက်လာ၍ စိတ်တောက်နေခြင်းကို
အားလူသိသာအောင် စကားမပြော။ မျက်နှာထားတင်းတင်းဖြင့်
ခပ်တည်တည်ရှောင်သွားလျှင် ပိုဆိုးမည်။

ပြော၍ရသည် မဟုတ် . . . မီးက ကလေးစိတ်။ ခပ်ရွဲ့ရွဲ့
လုပ်ချင်ရာလုပ်မှာ ဖြစ်သည်။

ဒီလိုသာ တကယ်ဖြစ်လျှင် ကျွန်တော် နောက်တစ်ခါ
ဒီအတန်းရှေ့ပင် ဖြတ်လျှောက်ရဲတော့မည်မဟုတ်။

www.burmeseclassic.com



တွေးရင်းနှင့် အခန်းထောင့်ခြံ အလယ်မှ လှေကားဘက်သို့ လှည့်ကြည့်လိုက်သည်။ လူရိပ်နှစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရ၏။

ကျွန်တော် အံ့အားသင့်လွန်းသဖြင့် ကြက်သေ သေသွား၏။ ရင်ထဲတွင်လည်း တဒိန်းဒိန်းမြည်သံများ ဆူညံသွားသည်။ မျက်လုံးများကို မယုံ။

ကြည်ပြာရောင် အထက်အောက်ဆင်တူလေး ဝတ်ထားသော မီးသည် ရှပ်အင်္ကျီအပြာနု၊ ဂျင်းဘောင်းဘီ စသည်တို့ ဝတ်ဆင်ထားသော ကောင်လေးချောချော တစ်ယောက်နှင့် ပခုံးချင်းထိပြီး တွဲလျှောက်လာ၏။

"ဟင်"

ရင်ထဲမှ အထိတ်အလန့်နှင့်အတူ ကျွန်တော့် တစ်ကိုယ်လုံး ပူထူရှိန်းဖိန်းသွားသည်။ မီးနှင့် အကြည့်ချင်းဆုံ၏။

ရယ်မောပြုံးရွှင်လာသော မီးမျက်နှာလေး ရှုတ်တရက် တည်သွားသည်။ သိသိသာသာ တင်းသွားသောမျက်နှာ၊ ရှုတ်ခြည်းခက်ထန်သွားသော အကြည့်နှင့်အတူ ခေါင်းကို တစ်ဘက်သို့ ဆတ်ခနဲလှည့်သည်။

တစ်ဘက်ခန်းမှ နောက်ဆုံးပိတ် ဝါးခနဲရယ်သံများကြားလိုက်ရပြီး လွှတ်လိုက်သော အတန်းကြောင့် ကျောင်းသူကျောင်းသားများ ခဏချင်းဒါတွင် ရှုပ်ထွေးသွားသည်။

ကျွန်တော် လူအုပ်နှင့် ကပျာကယာ ရောထွေးပစ်လိုက်မိ



သည်။

ဒီနေရာမှ အမြန်ဆုံး ထွက်ခွာဖို့ နည်းလမ်းကိုသာ ခေါင်းထဲတွင် ရအောင်ရှာတော့သည်။

ဖြစ်နိုင်လျှင် စကြဝဠာတံတိုင်း အပြင်ဘက်ရောက်အောင် မြေတစ်လှမ်းဖြင့်ပင် ခုန်၍ ထွက်ပြေးလိုက်ချင်သည်။

တစ်ကိုယ်လုံးသည် မှုန်ဝါးနေထက်ပင် ချွေးစေးတို့ ထွက်လို့သွား၏။

ထ ❁ ထ

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ကိုကို၊ အဲဒါ မီး အခု အဲဒီကောင်လေးနဲ့ တွဲနေတယ်၊ ဖတ်စ်ယီးယား ဖစ်ဆစ်မဲဂျာက၊ သူ့အဖေက ရာထူးအတော်ကြီးကြီးထဲကပဲ၊ ရုပ်လည်း ချောတယ်၊ ချမ်းလည်း ချမ်းသာတယ် . . . ကျော်ဇေယျတဲ့၊ သီဂီတို့ဆီမှာတော့ နာမည်ကြီးပဲ၊ ကိုကို ဆေးရုံက မဆင်းခင်ကတည်းက မီး စတွဲနေပြီ၊ ကိုကို စိတ်မချမ်းမသာ ဖြစ်မှာစိုးလို့ သီဂီတို့ မပြောခဲ့တာ"

လှိုင်းပုတ်သံလေးများနှင့်အတူ သီဂီ့စကားသံများ ထပ်ပြန်တလဲလဲ ကြားနေမိသည်။

နိမ်းမည့်နိမ်းတော့ မီးတစ်ယောက်သည် မြရောင်ထက်ပင် ရင့်ကဲသွားချေပြီ။

"ပြီးတော့ သီဂီကိုလည်း ပြောသေးတယ်၊ သီဂီကိုကို့ကို တို့ကယောကျ်ားမှတ်လို့ ချစ်မိတာပါ၊ မိန်းကလေးတစ်ယောက်လောက်တောင် သတ္တိမရှိမှ ယောကျ်ားလို့ ဘယ်ခေါ် လို့ရတော့မလဲ၊ အချစ်နဲ့စစ်မှာ သတ္တိမှကြောင်ရဘူးဆိုတဲ့စကားကို သီဂီကိုကို ကြားဖူးအောင် ပြောပြလိုက်ပါတဲ့"



ယောကျ်ားမဟုတ်ဘူးတဲ့လား မီးရယ်၊ ကိုယ့်မှာ သတ္တိရှိရဲ့ သို့ တစ်စွန်းတစ်စမှ မရှိဘူးလို့ မီးယူဆလိုက်ပြီလား။

ရင်ထဲတွင် နာကျင်စူးရှမှုလေးများ နေရာအနှံ့ ဖြစ်ပေါ်လာသည်။ မီးကို အပြစ်ပြောစရာမရှိဟု နားလည်ပါသည်။ မီးဘက်က ကြည့်တော့လည်း မီးအမြင်က သဲလဲစင်နေပါသည်။

ယောကျ်ားဟော့နော် . . .

တိုက်ပွဲပျော်

ကျွန်တော် တိုက်ရင်းတက်မှာပဲ . . . ဆိုသော ကဗျာပိုဒ်တို့ အာဝရ မာန်သွင်းရွတ်ဆို၍ စစ်သက်လုံး တိုက်ပွဲပျော်လာခဲ့သော ကျွန်တော်သည် ယခုအရေးအခင်းတွင် မီး ပြစ်တင်ဝေဖန်သကဲ့သို့ သတ္တိကြောင်နေခဲ့သည်ဆိုသည့်ကိုလည်း ကျွန်တော့်ကိုယ်ကျွန်တော် သိပါသည်။

သို့သော် မီးမသိသော ကျွန်တော့်ဘဝအကြောင်းကိုလည်း ကျွန်တော်သာလျှင် သေသေချာချာ ဇစ်ဇစ်မြစ်မြစ် သိပါသည်။

ပုခက်ထဲက

အူဝဲဟစ်ကာ၊ စစ်ကြွေကြော်ပြီး

လောကကြီး၏

ခါးသီးတွေ့ကြုံ၊ အလုံးစုံကို

မဖြုံအံခဲ၊ ပွဲဆက်နွှဲရင်း . . . စသည့် ကဗျာပိုဒ်တို့ ကျွန်တော် ယ်သက် မြတ်နိုးခဲ့ရခြင်းမှာ ကာရန်လှရုံ ရွတ်လို့ကောင်းရုံ စာသား ကောင်းမြောက်ရုံမျှသော ကဗျာမို့ ချစ်မြတ်နိုးခဲ့ရခြင်း မဟုတ်ပါ။

ဤကဗျာကပေးသော အဓိပ္ပာယ်ကို ယုယမြတ်နိုးစွာ လက်ခံ ငယ်စဉ် ကျွန်တော်ဖြတ်သန်းလာခဲ့ရသောခရီးသည်များစွာ ခါးသီး

www.burmeseclassic.com

www.burmeseclassic.com



ခတ်ယာန်လှပါသည်။

ကျောက်ပြာ၌ လှိုင်းရိုက်ဆင်နေသော အင်းလျားရေပြင်ပေါ်သို့ အကြည့်သည် လျှပ်တိုက်ပြေးလွှားသွားသည်။

ယန်စပ်သစ်ပင်ရိပ်တွင် ထိုင်နေသော ကျွန်တော့်မျက်စိထဲတွင် ကြည်စိမ်းသော အင်းလျားရေပြင်သည် ရေပြင်ညီမှ မတ်ရပ်အနေအထားသို့ ဖြည်းညင်းစွာ ကူးပြောင်းသွား၏။

ရေမျက်နှာပြင်သည် ရုပ်ရှင်ပိတ်ကားကြီးတစ်ခု ဖြစ်သွားသည်။

ပြသနေသော ရုပ်ရှင်သည် 'အေးချမ်း' ဟု အမည်ရလျက် မအေးချမ်းသော ကျွန်တော့် ဘဝဇာတ်ကြောင်းများ ဖြစ်လာပါ၏။

ဓ ❀ ဓ

မှတ်တမ်းမှတ်ရာများတွင် ၁၉၅၂ ခုနှစ်အတွင်း ကမ္ဘာပေါ်၌ မှတ်ရရ ဖြစ်စရာကလေးများ အသင့်အတင့်ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရ၍ တွေ့ဖူးမှတ်ဖူးခဲ့ပါသည်။

ဆရာ လှသမိန်၏ မြန်မာ့ဒိုင်ယာရီ မှတ်တမ်းစာအုပ်တွင် အောက်ပါအတိုင်း ပါရှိ၏။

( ၁၉၅၂ )

| | | | |
|---|---|---|---|
| ဇန်နဝါရီ | ၃ | ရက် | မြန်မာနိုင်ငံ ကမ္ဘာ့ငွေကြေး ရန်ပုံငွေအဖွဲ့သို့ ဝင်သည်။ |
| 〃 | ၅ | 〃 | မင်္ဂလာဒုံ လေယာဉ်ပြေးလမ်းသစ်ကို ဖွင့်လှစ်သည်။ |
| 〃 | ၁၀ | 〃 | ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကြေငြာသည်။ |
| 〃 | ၁၅ | 〃 | ကယားပြည်နယ်နေ့အဖြစ် အသိအမှတ်ပြု ကြေငြာသည်။ |
| ဖေဖော်ဝါရီ | ၁၄ | ရက် | ပြည်ထောင်စု လက်တားသမဝါယမအဖွဲ့ကို ဖွဲ့စည်းသည်။ |
| 〃 | ၂၄ | 〃 | မြန်မာပြည် ငှက်ပြာအသင်းကို ရန်ကုန်မြို့တွင် စတင်ဖွဲ့စည်း တည်ထောင်သည်။ |
| ဧပြီလ | ၁ | ရက် | အမျိုးသားပြတိုက်ကို ဂျူဗလီဟောတွင် ဖွင့်လှစ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ။ | ၆ | ။ | ဝင်ယက်ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ကို ဖွဲ့သည်။ |
| ဖေဖော်ဝါရီလ | ၁ | ရက် | ဂျူးလီဘောလွင် အနုပညာရှင်ဝန်ကြီးများကျောင်း၊ ဖယ်ဖွင့်[illegible] သည်။ |
| ဩဂုတ်လ | ၄ | ရက် | ပြည်တော်သာညီလာခံကို ဖောင်ကျင်းပသည်။ |
| စက်တင်ဘာလ | ၅ | ရက် | ဘုရားဆောင် ဘိုးဖေခေါင် ကွယ်လွန်သည်။ |
| ။ | ၁၀ | ။ | ပါမိန်ခွဲဖွဲ့စည်းအုပ်ချုပ်ရေးအသေးကို မြို့တော်ခန်းမတွင် ကျင်းပသ[illegible] |
| အောက်တိုဘာလ | ၅ | ရက် | ရန်ကုန်မြို့သာမွေလမ်းတွင် ကလေးဖြူလေးရထားကို ဖွင့်လှစ်သ[illegible] |
| ။ | ၇ | ။ | မြန်မာပြည်ကြက်ခြေနီအသင်း၏ သင်းလုံးကျွတ်အစည်းအဝေး[illegible] ရန်ကုန်မြို့တွင် ကျင်းပသည်။ |
| ။ | ၁၅ | ။ | ရန်ကုန် စေတီပူဇော်ပွဲအရ ဆေးရုံကို ဖွင့်လှစ်သည်။ |
| ။ | ၁၇ | ။ | လေကြောင်းပို့ဆောင်ရေးဘုတ်အဖွဲ့ကို ဖြည့်ထောင်၍ မြန်မာ[illegible] လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့သ[illegible] |
| ။ | ၁၇ | ။ | ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့မှ ကြီးမှူးသည့် အာရှနိုင်ငံ[illegible] ဒေသ လူငယ်များ၊ ပညာဗဟုသုတနှီးနှောဖလှယ်ပွဲကို ရန်[illegible] တက္ကသိုလ်တွင် ကျင်းပသည်။ |
| ။ | ၁၇ | ။ | စာပေဗိမာန် ဆုနှင်းသဘင် ကျင်းပသည်။ |
| ။ | ၂၁ | ။ | အစိုးရက သုံးမျှာဘူးခွေးကြွေးကျင် တစ်ဦးအတွက် တစ်လ ၁[illegible] နှုန်းဖြင့် ထမ်းမှစ်ထောက်ပံ့မှု ကြေငြာသည်။ |
| ။ | ၃၁ | ။ | ဦးချစ်လှိုင် (သမိုင်း) (စစ်ကြိုခေတ် ဥပဒေပြုလွှတ်တော် [illegible] ထောင်း) ကွယ်လွန်သည်။ |
| နိုဝင်ဘာလ | ၁ | ရက် | စက်မှုလက်မှု ထိုးအံ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းဖွဲ့စည်းသ[illegible] |

[illegible]သည်ဖြင့် ပါရှိသည်။ ကမ္ဘာပေါ်၌လည်း . . .



| | | | |
|---|---|---|---|
| ဖေဖော်ဝါရီလ | ၆ | ရက် | အင်္ဂလန်ပြည် ဘုရင် ဂျော့ဂျ် နတ်ရွာစံ၍ သမီးတော် ဧလိဇဗက် အင်္ဂလန်ဘုရင်မ [illegible] နန်းတက်သည်။ |
| ။ | ၁၉ | ။ | ပြင်သစ်အမျိုးသားလွှတ်တော်က ဥရောပကာကွယ်ရေး စုဖွဲ့စည်းရေးမူကို ထောက်ခံသည်။ |
| ။ | ၂၀ | ။ | နာတိုးအစည်းအဝေးက ၁၉၅၂ခုနှစ်ကုန်တွင် [illegible] ထက်မနည်း ၅၀ ပါဝင်သော ဥရောပတပ် ဖွဲ့ရန် သဘော[illegible] |
| မေလ | ၂၆ | ရက် | အနောက်တိုင်းမိတ်များနှင့် အနောက်ဂျာမနီတို့ [illegible] ရေးစာချုပ် ချုပ်ဆိုသည်။ |
| ။ | ၂ | ။ | ဝယာမဆုံး ခရီးသည်တင် ဂျက်လေယာဉ် စတင်ပျံသန်းသည်။ ၂၄ နာရီအတွင်း ၆၇၂၄ မိုင် ပျံသန်းသည်။ |
| ဇူလိုင်လ | ၂၃ | ရက် | ဖြူအာတိုဗိုလ်ချုပ် နိုင်ငံသည် အမေရိကန်၏ အထောက်အနိုင်ငံ အဖွဲ့ဝင် ဖြစ်လာသည်။ |
| စက်တင်ဘာလ | ၁၀ | ရက် | အနောက်ဂျာမနီက ဂျူးအစ္စရေးအနေမျိုးများကြောင့် အစ္စရေးကို လျော်ကြေးငွေ ဒေါ်လာ ၈၂၂ သန်းပေးရန် သဘောတူသည်။ |
| အောက်တိုဘာလ | ၃ | ရက် | ဗြိတိန်က ဩစတြေးလျားတိုက် အနောက်မြောက်ဘက်တွင် အနုမြူဗုံး စမ်းသပ်ဖောက်ခွဲသည်။ |
| နိုဝင်ဘာလ | ၁ | ရက် | ပထမဆုံး ဟိုက်ဒရိုဂျင်ဗုံးကို အမေရိကန်က ပစိဖိတ်သမုဒ္ဒရာ ကျွန်းတွင် စမ်းသပ်သည်။ |

သို့သော် ဘယ်ကမ္ဘာ့မှတ်တမ်း၊ ဘယ်မြန်မာ့မှတ်တမ်းတွင်မှ အရေးပါအရာရောက်သော မှတ်တမ်းတစ်ခုအနေနှင့် မပါသော်လည်း ကျွန်တော့်ဘဝအတွက် အလွန်အရေးပါသော မှတ်တမ်းဝင်ဖြစ်ရပ်တစ်ခု ဖြစ်ပွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်တွင် ကျွန်တော် မွေးဖွားသည်။
ထိုနှစ်တွင်ပင် အဖေကွယ်လွန်၏။

●

အဝေးသို့ လှမ်းမျှော်ကြည့်လျှင် ပဲခူးရိုးမ၏မှိုင်းပြာသော တောရိပ်များကို မြင်နေရသည်။

တောင်တန်းများ၏ ဒီမှာဘက် တစ်လျှောက်လုံး၌မူကား စိမ်းလန်းစျယ်ဖြန့်သော ယာတောများ၊ လယ်ကွင်းများသည် အမြင်အာရုံ မဆုံး။

ညနေစောင်း၌ နေလုံးနီနီ အံနောက်ဘက် ရိုးမတောင်စွယ်ဘက် တဖြည်းဖြည်းဆင်းလာချိန်၊ ပန်းရောင်၊ အပြာရောင်၊ မီးနီရောင်၊ ပုစွန်ဆီသွေးရောင်တို့ ပန်းချီဆေးစပ်ခွက်ပေါ်တွင် ရောဖျော်ထားသလို ဖြစ်နေချိန်များတွင် အဝေး တောင်ပြာတန်းများဆီသို့ အိပ်တန်းဝင် ငှက်ကလေးများ အုပ်စုဖွဲ့၍ ပျံသန်းကြသောအခါ စိမ်းလန်းသော ယာတောထိပ်မှ ရပ်ကြည့်ပါက အလွန်အေးချမ်းသာယာလှပသည်။

"သားလေး မွေးရင်တော့ အေးချမ်းလို့ မှည့်မယ်ကွာ၊ မွေးရင်လည်း ဒီလို ညနေခင်းလေးမှာ မွေးပါစေလို့ ဆုတောင်းတယ်၊ တို့သားလေးကိုတော့ တို့လို မပင်ပန်း မဆင်းရဲအောင် အတိုးချယူရတာပေါ့"

အဖေ၏ နောက်ဆုံးစကားဟု သိရသည်။

အဖေသည် ယာခင်းများ၏အစပ်၌ တဲငယ်တစ်လုံးနှင့် နေ



သော်လည်း ယာသမားမဟုတ်၊ မြေတစ်ခု ယာတစ်ခု ပိုင်ဆိုင်နိုင်သော, အင်အားပင် အဖေ့၌ မရှိ။

အဖေ့အလုပ်က သူနေရသည့် အေးချမ်းသာယာလှပသည့် ရပ်ဒေသနှင့်လည်း မလျော်ညီသော အဖေ့ရင်တွင်းတစ်နေရာ၌ ပုန်းခိုနေသော နူးညံ့သိမ်မွေ့လှသည့် နှလုံးသားအသဘာဝနှင့်လည်းမယှဉ်သားအပေါ် တွယ်တာချစ်ခင်၍ တစ်ခါတစ်ရံ ယောကျာ်း အလှအပကို ခံစား၍ ကျွန်တော့်အပေါ် ကြီးစွာသော မေတ္တာနှင့် မျှော်လင့်ချက်ထားအပ်သော စိတ်များနှင့်လည်း မစပ်ဆိုင်လှသော လူမိုက်အလုပ်ဖြစ်သည်။

စင်စစ် အဖေသည် ကျွန်တော်တို့ရွာ၏ အထင်ကရ လူမိုက်ကြမ်း အမှုသမား၊ လူရမ်းကားကြီး ဖြစ်၏။ အဖေ့ကိုဆိုလျှင် တစ်ရွာလုံးက ဖိန့်ဖိန့်တုန် ကြောက်ရွံ့၊ ရွံ့ရှာမုန်းတီးသည်ဟု အဆိုရှိသည်။ အဖေ့ ပုံမှန်အလုပ်မှာ အရက်သောက်ခြင်းဖြစ်၍ အဖေ့ သက်မွေးဝမ်းကျောင်းအလုပ်မှာ ကြက်တိုက်ခြင်း၊ ဖဲရိုက်ခြင်း၊ သောင်းကစားခြင်း။ ရွာထဲမှ လူတစ်ယောက်က အခြားတစ်ယောက်ကို ရန်ရှာရိုက်နှက်လိုလျှင် အဖေက ကိုယ်စားရိုက်နှက် ခေါင်းခွဲပေးခြင်းနှင့် လူသတ်ခြင်းတို့ပင်။

သို့သော် အဖေ့ဘဝတွင် လူသတ်သည့် အလုပ်ကို တစ်သက်လုံးမှ တစ်ခါသာ ပြုခဲ့သည်ဟု သိရ၏။

ထိုလူသတ်ခြင်းသည်လည်း အဖေ့ဘဝကို ဒဏ်ပြားတစ်ချပ် ထုန်လိုက်သကဲ့သို့ ခေါင်းပန်းပြောင်းပစ်လိုက်သော အကြောင်းလည်း ဖြစ်၏။

အမေသည် ဤအကြောင်းများကို ပြန်ပြောတိုင်း မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



မကျသည့်အခါဟူ၍ မရှိ။

အဖေ့ . . . အဖေသည် အဖေကဲ့သို့ လူမိုက်မဟုတ်၊ အ
လူမိုက် မလုပ်ခင်ကတဲ့သို့ပင် ရိုးသားဖြောင့်မတ်စွာဖြင့် အလုပ်
ရှိသေစည်းကမ်းရှိစွာ လုပ်သော ပန်းထိမ်ဆရာကြီးတစ်ဦး ဖြ
သည်။

အဘိုး၏ ပန်းထိမ်လက်ရာသည် ကျွန်တော်တို့ ရွာကလေ
ကွယ်တွက်မှုသာမက ရွာနီးချုပ်စပ်က လူတိုင်းလိုလို နှစ်သက်မ
မော အားပေးကြသည်ဟု ကြားဖူးသည်။ အဘိုး၏ အမည်သ
ဦးဘိုးလတ်ဖြစ်ရာ ဘိုးလတ်လက်ရာဆိုလျှင် မမြင်ခင်ကပင် လူ
သား ကြိုက်ပြီးသားဖြစ်သည်ဟု အဆိုရှိ၏။

သို့သော် ရိုးသားသော ပန်းထိမ်ဆရာတို့မည်သည် လက်
အပ ကိုယ့်အတွက် အပိုကျန်ရရိုးထုံးစံ မရှိသဖြင့် အဘိုးတို့မိသား
သည် စားလောက်ရုံ သောက်လောက်ရုံမှအပ ဒီထက်ပို၍ မချ
သာကြ။ အဖေ အကြီးဆုံးဖြစ်သော သားသမီးသုံးယောက်
အဝတ်အစား အဆင်အပြင် စသည်တို့ကို အများနည်းတူမျှသ
ဆင်နိုင်သော်လည်း စာပေကို မြတ်နိုး၍ ပညာကို တန်ဖိုးထားသေ
အဘိုးသည် သားသမီး သုံးယောက်စလုံးကို ရွာထဲရှိ တခြားကလေ
များထက် ပညာပိုတတ်ကျွမ်းစေလိုသဖြင့် ရွာမှ အလယ်တန်
အောင်သည်နှင့် မြို့ရှိ၍ ဆယ်တန်းအောင်အောင် သင်ခိုင်းသည်
တက္ကသိုလ်ကျောင်းတိုက်အထိ ပို့၍ ဘွဲ့ရပညာတတ်ကြီးများ ဖြစ်



ည်ဟု ရည်မှန်းထားသည်ဟုလည်း သိရသည်။

သို့ရာတွင် အဖေ့သည် အဘိုး၏ ရည်မှန်းချက်ပန်းတိုင်သို့
န်းဝင်အောင်လံထူခဲ့သည့် ဘဝသို့ မရောက်ခဲ့ဘဲ အဘိုး၏
ည်မှန်းချက်တွင် စတေးခံလိုက်ရသည့် သားကောင်ဖြစ်သွားသည်။

အဖေ ခုနစ်တန်းအောင်သည့်နှစ်တွင် အဘိုး၌ ချောင်းဆိုး
သွးပါ ရောဂါစွဲကပ်သည်။ ခန္ဓာကိုယ်ရှိ အားအင်မှန်သမျှတို့
တ်ကြွမ်းကြီးများစွာဖြင့် ဆုတ်ဖွဲ့ ဆွဲနှုတ်ပစ်လိုက်သလို ရက်စက်
မ်းကြုတ်သော ထိုရောဂါဆိုးကြောင့် အဘိုးသည် နေ့ချင်းညချင်း
င် အိပ်ရာထဲ လဲသည်။

ယောက်ျားဖြစ်သဖြင့် လည်ချွဲသည့်တိုင် မျက်ရည်မကျသော်
ည်း၊ ပိန်လှီရိုးငေါ်သော မျက်နှာတွင် အံကိုတင်းတင်းကြိတ်၍
လာသော မျက်ရည်ကို မျက်တောင်ပုတ်ခတ်၍သိမ်းရင်း အဘိုး
ည် ကြေကွဲဖွယ်စကားကို ဆိုသည်။

“လေ့ပြေးတုန်း တက်ကျိုးသလို ဖြစ်ရတာ အဘ ရင်အနာ
မဲ သားရာ၊ ငါ့သား အကြီးရော၊ ငါ့သား အလတ်ရော၊ သမီး
ငယ်ဆုံးကိုရော အဖေ တက္ကသိုလ်ကျောင်းအထိ ပို့ချင်လိုက်တာ၊
တော့ ငါ့အတွက်နဲ့ မင်းတို့တွေရဲ့ နောင်ရေးတစ်ခုလုံး ပျက်စီး
တော့မယ် ထင်ပါတယ် သားရယ်”

အဘိုး၏စကားကို နားမထောင်ရင်း အဖေ စိတ်မကောင်း။
က်လုံးထဲတွင်လည်း ဇာတ်ပွဲများတွင် စစ်တိုက်ခန်းများ သရုပ်
ဆောင်ပါက ခေါင်းဆောင် ဗိုလ်မှူး၊ တပ်မှူး စသည်တို့ ကျဆုံးပါက
ကိုယခေါင်းဆောင်က ဆက်လက်ဦးဆောင်၍ အောင်ပွဲရသည်
ထိ ဆက်လက်တိုက်ခိုက်သည့် မြင်ကွင်းတို့ မြန်ပေါ် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး အအာနေရာ ယူထားရသော သားအကြီး အဖေ့စိတ်ထဲ၌ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ မနေ့တထက် ယနေ့ ပိုမိုနိမ့်ချိုခြောက်ကပ်သွားသည်ဟု ထင်ရသော အဘိုး အကြောပြိုင်းပြိုင်းထနေသော လက်များကို ဆုပ်ကိုင်လိုက်ပြီး . . .

"မပူပါနဲ့ အဘရာ၊ အအာရည်မှန်းချက် အကုန်လုံး မပြည့် တောင်မှ သုံးချိုးနှစ်ချိုးတော့ ပြည့်ရမှာပေါ့၊ ကျွန်ုပ်က အကြီးဆုံး သားပဲဥစ္စာ၊ အဘ ဖြစ်စေချင်သလို ဖြစ်ဖို့ ကျွန်ုပ်မှာ တာဝန်ရှိတ ပေါ့"

အဖေ့မျက်လုံးများသည် အိမ်ထောင့်တိုင် သံချိတ်တွင် ချိတ် ထားသော ကျောင်းလွယ်အိတ် ခပ်နွမ်းနွမ်းလေးဆီရောက်သွား သည်။

အဘိုး၏ အားပေးမှု၊ သူ၏ ကြိုးစားမှုတို့ကြောင့် ကျောင်း ၈ နေကတည်းက တစ်ခါမှ စာမေးပွဲ မကျခဲ့ဖူးဘဲ လေးတန်းတွင် အစိုးရ၏ စကောလားရှစ်ဆု ရအောင် ကြိုးစားနိုင်ခဲ့သော၊ အစိုး စစ် ခုနစ်တန်းကို နှစ်ချင်းပေါက် ထူးထူးချွန်ချွန်အောင်မြင်အောင် လုပ်နိုင်ခဲ့သော ပညာရေးလောကသည် သူနှင့်ဝေးပြီဟု သိလိုက် သည်။

သူမြတ်နိုးစွာ လွယ်ခဲ့သော ကျောင်းလွယ်အိတ်လေးကို နောက်ဆုံး နှုတ်ဆက်လိုက်သည်။

ပြီးမှ အံတစ်ချက် ကြိတ်လိုက်ပြီး . . .

"ကျွန်ုပ် တက္ကသိုလ် မရောက်ပေမယ့် ကျွန်ုပ်ညီနဲ့ ကျွန်ုပ်ညီမ လေးတွေ တက္ကသိုလ် ရောက်ရမယ် အဘရာ၊ ကျွန်ုပ် ကျောင်းဆက် မတက်တော့ဘူး၊ အဘပန်းထိမ်အလုပ်တွေလည်း ကျွန်ုပ်လုပ်တတ် နေပြီပဲဥစ္စာ၊ အဘ လက်မမီတောင် အဘမျက်နှာနဲ့ ကျွန်ုပ်တို့အလုပ် အပ်ကြမှာပါ၊ ကျွန်ုပ် . . . အလုပ်လုပ်ပြီး ကျွန်ုပ်ညီတွေ ကျွန်ုပ်ညီမတွေ ကို ကျောင်းဆက်ထားမယ်၊ အဘတို့ အစ်မတို့ကိုလည်း လုပ်ကျွေး မယ်၊ အဘလည်း စိတ်ချမ်းချမ်းသာသာနဲ့ ရောဂါပျောက်အောင် ကုပြီး နားနားနေနေနေ . . . အားလုံးကို ကျွန်ုပ်တာဝန်ထားလိုက်"

ထိုနေ့ကစ၍ အဖေတို့ ပန်းထိမ်တဲလေးရှေ့မှ ဆိုင်းဘုတ် တစ်မျိုး ပြောင်းသည်။

မူလ ဦးဘိုးလတ်ပန်းထိမ်ဆိုသောနေရာတွင် အဖေ့နာမည် ပါ စွက်၍ ဦးဘိုးလတ်၏သား မောင်ကြာထွန်း ပန်းထိမ်ဟု ဖြစ် သွား၏။

ရှေ့ကဆီး၍ . . .
ခရီးလမ်းထဲ၊ သစ်ပင်လှဲမလား
ရှေ့ကကန့်၍ . . .
အဟန့်အတား၊ ဆူးတွေထားမလား
ယောက်ျားပေါ့နော် . . .
တိုက်ပွဲပျော် . . .
ကျွန်တော်တိုက်ရင်း တက်မှာပဲ . . .။

ဆိုသော ကဗျာကို အဖေသာတွေ့ဖူး ဖတ်ဖူးခဲ့လျှင် ကျွန်တော့်ထက်ပင် ပိုကြိုက်နှစ်သစ်ဦးမည်မှာ သေချာလှ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ငါးနှစ်သားအရွယ်နှင့် သူ့တာဝန်ကို သူကျေပွန်စွာ ထမ်းဆောင် အနစ်နာခံခဲ့ပြီး မိသားစုတစ်ခုလုံးဝန်ကို ဘယ်အက်ပခုံးဖြင့်ထမ်း၊ ညီငယ်နှင့် ညီမငယ်ကို ညာလက်ဖြင့် တွဲခေါ်ပို့၍ ဘဝတိုက်ပွဲတို့ မရအရ အနိုင်ယူခဲ့သော အဖေသည် နောက်ဆယ်နှစ်အကြာ အသက် နှစ်ဆယ့်ငါးနှစ်သားတွင် လူသတ်မှုဖြင့် အပြစ်ဒဏ်စီရင်ခြင်း ခံရသည်။

ထိုအချိန်တွင် အဖေ့ညီ၊ ကျွန်တော့်ဦးလေး သိဂီတို့၏ဖခင်သည် ဆယ်တန်းအောင်၍ တက္ကသိုလ် ဒုတိယနှစ် ရောက်နေပေပြီ။ အဖေ့ညီမလေးက ဆယ်တန်းဖြေပြီး တက္ကသိုလ်ဆက်တက်ရန် စာမေးပွဲအောင်စာရင်း စောင့်ဆိုင်းနေဆဲအချိန် ဖြစ်၏။

အဖေတို့ ညီအစ်ကိုမောင်နှမသုံးယောက်တွင် သဘာဝချင်း မတူသည့် အနေအထားလေးများ ရှိသည်။

အဖေ ဆယ့်ငါးနှစ်သားတွင် အဘိုးရောဂါစွဲခဲ့ပြီး အဖေ ဆယ့်ရှစ်နှစ်သားတွင် အဘိုးဆုံးသည်။ အဘိုးနှင့်မရှေးမနှောင်းပင် အဘွားလည်း ဆုံးသည်။



အဖေက သူ့တာဝန်အတိုင်း မိသားစုတစ်ခုလုံးကို ဆက်အက်ထိန်းသိမ်း စောင့်ရှောက်၍ သူ့အလုပ်တိုသာ သူ ဖိလုပ်သည်။ နောက်ပိုင်းတွင် အဖေ့ကြိုးစားမှုကြောင့် 'ဘြာထွန်းလေး လက်ရာအလည်း ဦးဘိုးလတ်လက်ရာထက်တောင် သာသေး' ဟု အပြောခံရသည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။ အမေနှင့် အိမ်ထောင်ကျပြီးသည့်တိုင် အဖေ့ဘဝသည် သူ့ညီ သူ့ညီမနှင့် သူ့အလုပ်သာ ဖြစ်သည်။

အဖေ့ညီ ဦးလေးက ပုံစံတစ်မျိုး ခြားနားသည်။ အဖေတို့မိသားစုတွင် လောကဓံလှိုင်းတံပိုး ပြင်းထန်စဉ်က ကလေးသာသာအရွယ်မျှသာရှိခဲ့ပြီး သူ လူလားမြောက်ချိန်တွင် အဖေ့ကြောင့်မိသားစုလှေငယ်ကလေး ဘဝရေပြင်ငြိမ်ရောက်နေပြီမို့ ဘဝကို တစ်မျိုးမြင်ခဲ့ဟန်တူသည်။ သူက စာတော့ ကြိုးစားသည်။ တော်လည်းတော်သည်။ ဆယ်တန်းအထိ နှစ်ချင်းပေါက်အောင်ခဲ့ပြီး အိုင်အေအထိ ထိပ်ဆုံးပိုင်းကသာ ထူးထူးချွန်ချွန်အောင်၍ အိုင်အေနောက်ဆုံးနှစ်ရောက်သည်။

တက္ကသိုလ်ရှိရာ မြို့ကြီးပြကြီးရောက်၍ မြို့ငွေ့စပ်ခဲ့၍လားသိ။ ဦးလေးကျတော့ ရွာကိုလည်း မခင်တွယ်၊ အဖေ့အလုပ်ကိုလည်း နည်းနည်းမှ စိတ်မဝင်စား၊ မိသားစု အရေးအခင်းများကိုလည်း သိပ်ဂရုမစိုက်။ အိုင်အေ ပထမနှစ်တက်စဉ်ကပင် သူနှင့်တန်းတူ ရန်ကုန်က သူဌေးသမီးတစ်ယောက်နှင့် မေတ္တာမျှခဲ့သည်။ သိဂီတို့အမေ မဟုတ်၊ သိဂီတို့အမေက ဦးလေး၏ ... ဦးလေး၏ ပထမအိမ်ထောင်နှင့် သားသမီးမရ ... သူကလည်း ဦးလေးအတွက် လိုလေးသေးမရှိ ဂရုစိုက်ထော ...

www.burmeseclassic.com

www.burmeseclassic.com



ပေး၍ ဖြစ်နိုင်သမျှ သူ့အနားက မခွာစေခဲ့။

သို့အတွက် ကျောင်းပိတ်ရက်ဆိုလျှင် ဆယ်ကွေ့တစ်ကွေ့ပင် ဦးလေး ရွာပြန်မရောက်။ ရောက်သည့်အခါတွင်လည်း မိုးဆိုလျှင် ဗွက်ထ၍၊ ဆောင်းနှင့်နွေတွင် ဖုန်ထူလှသော ရွာလယ်လမ်းကို လျှောက်ရသည်ပင် ဦးလေးအဖို့ စိတ်မျက်စရာ ဖြစ်နေတတ်သည်။ အဖေတို့အိမ်၏ အနေအထိုင် ချို့တဲ့ခြင်းကိုလည်း သူ သဘောမကျ။ ထို့ကြောင့် နေလှလျှင် တစ်ရက်နှစ်ရက်၊ ပြီးလျှင် ရန်ကုန်ပဲ ပြန်ပြေးသည်။ အဖေတာတော့ သူ့ညီကို အပြစ်မပြော။

"ဒီကောင်တ မြို့သားဖြစ်သွားပြီဗျာ၊ မြို့မှာနေပြီး သူဌေးသမက်လုပ်၊ မြို့အုပ်ဘဝနဲ့ အိပ်စမတ်ကျမယ့် အကောင်"

ဟု သူ့ညီအတွက် အားရကျေနပ်စွာ ပြုံးပြုံးပြုံးပြုံးနှင့် ဂုဏ်ယူ၍ပင် ပြောနိုင်သည်။

အဖေ့ညီမ ဒေါ်လေးမမြိုင်ကျပြန်တော့ ဦးလေးလိုမဟုတ်ပြန်။ သူကတော့ မိန်းမလေးမို့လား မသိ၊ မိခင်တို့၏ အနွယ် ကြင်နာကရုဏာကြီးတတ်သော မိန်းမသားပီပီ အဖေ့ကို ကိုယ်ချင်းစာသနားတတ်သည်။ ထို့ကြောင့် ကျောင်းနေရင်းပင် အလကား မနေ။

ရွာနှင့် ဆယ့်ခုနစ်မိုင်မျှသာ ဝေးသော မြို့ကလေးတွင် သွားရောက် ကျောင်းတက်ရင်း မြို့က စက်ချုပ်ဆိုင်တစ်ဆိုင်တွင် အလုပ်လည်းလုပ် ဘော်ဒါသဖွယ်လည်းနေ၍ တစ်ဖက်တစ်လမ်းက သူ့တာဝန်ကျေခဲ့သည်။

လောကဓံသည် တစ်ခါတစ်ရံတော့ လွန်စွာ ရက်စက်ကြမ်းကြုတ်လှ၏။

❁



မြို့ပေါ်က မိတ်ဆွေတစ်ယောက် ကမန်းကတန်း လိုက်လာပြီး အကြောင်းကြားသည်။

အဖေ ချက်ချင်းထ၍ လိုက်သွားရာ မြို့ပေါ် ဆေးရုံသို့ ရောက်သောအခါ ဒေါ်လေး၏အသက် မဲ့လုမျှသာ ရှိတော့သည်။ ဝါဂွမ်းကဲ့သို့ ဖြူဆွတ်နေသော မျက်နှာနှင့် အသက်ရှူနေသေးသည် ဆိုရရုံ ရှူနေသော ဒေါ်လေးသည် အဖေလိုက်လာသည်ကိုပင် သိတော့မည် မထင်။

အဖေရောက်လာပြီး နာရီဝက်အကြာတွင် ဒေါ်လေးဆုံး၏။

အဖေ့တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ တဆတ်ဆတ် တုန်နေသည်။ နားထဲတွင် ဒီအခြေရောက်မှ အသိပေးကြသော ညီမဖြစ်သူ၏ သူငယ်ချင်းများ ပြောပြသော စကားသံများ ချောက်ချားဖွယ် ပဲ့တင်ထပ်နေသည်။

"မြိုင်လေးနဲ့ သူ့စက်ချုပ်ဆိုင်က စက်ချုပ်ဆိုင်ပိုင်ရှင်နဲ့ ငြိစွမ်းကြတယ် အစ်ကိုကြီး၊ အဲဒါ အခု မြိုင်လေး အခုလို ဒုက္ခရောက်တာပဲ"

စက်ချုပ်ဆိုင်ပိုင်ရှင်က အိမ်ထောင်သည် ဖြစ်ကြောင်း အဖေ သိသည်။ အဖေနှင့်လည်း အတော်ရင်းနှီးသည့် မိတ်ဆွေများ ဖြစ်သည်။ ဒီလိုလူက ဘာမှ မသိနားမလည်သော အရွယ်ဖြစ်သည့် ဒေါ်လေးမမြိုင်ကို ခုလိုဖြစ်အောင် ဒုက္ခပေးသည်မှာ ယုတ်မာရိုင်းစိုင်းလွန်းသည်ဟု အဖေ ဒေါသဖြင့်ယှဉ်ပြီး ဆုံးဖြတ်သည်။

ပြီးတော့ ဆေးရုံကိုတောင် သူကိုယ်တိုင် လိုက်ပို့သည် မဟုတ်။ မြိုင်လေး ခုလို ဖြစ်နေပြီဆိုသည်ကိုပင် သိဦးမည်မထင်

www.burmeseclassic.com

www.burmeseclassic.com



• • •

ဆေးရုံအမှုထမ်းများက ထုပ်ပိုးသယ်ယူရန် ပြင်ဆင်နေသော မြိုင်လေး၏ အလောင်းကို အဖေတစ်ချက် ကြည့်ပြီး တောက်ခေါက်သည်။

ထိုနောက် ချာခနဲလှည့်၍ ဆေးရုံပေါ်မှ မီးတောက်သော မျက်လုံးများဖြင့် ပြန်ထွက်လာခဲ့သည်။

ဟိုရောက်တော့ စက်ချုပ်ဆိုင်ပိုင်ရှင်က သူ မဟုတ်သလို ငေ့လည်ကြောင်ပတ်လုပ်နေသည်။ အဖေက ဒေါသထွက်လာပြီး စက်ပေါ်တွင်တင်ထားသော ကတ်ကြေးကို လှမ်းဆွဲသောအခါ ဆိုင်ရှင်က လမ်းမ ထွက်ပြေးသည်။

အဖေက ရအောင်လိုက်ပြီး ထိုကပ်ကြေးဖြင့် အချက်ပေါင်းများစွာ ထိုးတော့သည်။

ဤအမှုအတွက် အဖေ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံရ၏။

✿

တစ်သက်တစ်ကျွန်းအတွက် ထောင်ဒဏ်က အနှစ်နှစ်ဆယ် ဖြစ်သော်လည်း လျှော့ရက်အားရက်များစွာတို့ဖြင့် ဆယ်နှစ်သာနေလိုက်ရပြီး အသက်သုံးဆယ့်ငါးနှစ်တွင် အဖေ ထောင်ကထွက်လာသည်။

ရွာပြန်ရောက်သောအခါ အဖေရင်ကျိုးရတော့သည်။

သူ ထောင်ကျသွားသောအခါ အမေသည် ခိုကိုးရာမဲ့သွားတော့၏။ ဦးလေးကလည်း အာမှုကို လှည့်မကြည့်။ ပန်းထိမ်



လုပ်ငန်းကလည်း အထိန်းအတွပ် မရှိတော့သဖြင့် ပျက်စီးသွားသည်။ သစ္စာရှိသော အမေကလည်း အားကိုးရာ ထပ်မရှာတော့ဘဲ အဖေပြန်လာသည်အထိ ဘဝဒုက္ခအသီးသီးကို ရင်စည်းခံ၍ ကျော်နင်းပြီး စောင့်သည်။

အဖေပြန်ရောက်သောအခါ အမေသည် ရွာစွန်ယာစပ်တွင် တဲငယ် အစုတ်ပလုပ်လေးတစ်လုံးနှင့်နေရင်း ရွာထဲမှာ ပဲပြုတ်လှည့်ရောင်းနေရသော အခြေအနေသို့ ရောက်နေပြီ။

အဖေက အမေ့မျက်ရည်စများကို ယုယစွာ သုတ်ပေးရင်း ဘဝသစ်တစ်ခု ပြန်လည်ထူထောင်ဖို့တော့ စိတ်ကူးသည်။ သို့သော် အဖေ့စိတ်ဓာတ်များသည် ဟိုတုန်းကကဲ့သို့ မခိုင်မာတော့။

အထူးသဖြင့် အဖေ့ကို အဆိုးရွားဆုံး ဖျက်ဆီးလိုက်သည်မှာ အရက်ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍လည်း ကျွန်တော်အဖေ့ကို အပြစ်ဟု မြင်ရန်ခက်သည်။ အဖေသည် ကျောင်းပညာတစ်ဝက်တစ်ပျက်သာ သင်ခဲ့ရသော ကျောင်းသားဘဝ၊ ပန်းထိမ်သည် လူရိုးလူအေးဘဝကနေ မမျှော်လင့်ဘဲ ဘဝကို ပြောင်းပြန်အလှန်ခံလိုက်ရသူ ဖြစ်သည်။

စိတ်ကောင်း စေတနာကောင်းအခံဖြင့် တတ်နိုင်သလောက် မိမိဘဝကိုမိမိ ပြန်လည်ပြင်ဆင်ဖို့ ဆန္ဒရှိသော်လည်း အဝေး ဆိုးရွားပြင်းထန်သော ရိုက်ပုတ်မှုကို ခုခံရန် အဖေ့တွင် လုံလောက်သော ဘဝအသိအမြင်၊ အတွေးအခေါ် လက်နက်မရှိ။ ထို့ကြောင့်လည်း ဘဝဒုက္ခများကို မေ့ပျောက်နိုင်ရန် ကြိုးစားခြင်း ဖြစ်သည်။

တစ်ဖက်က သူ အင်မတန်ချစ်ခဲ့ သူ အားကိုးရာ၍ ဘဝကို မြှုပ်ပေးခဲ့သော သူ့ညီကလည်း သူ့အပေါ် ချတော့ ပြန်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



မြို့တွင် ပညာတတ်တစ်ယောက်ဖြစ်ပြီး သူဌေးသမီးနှင့် အိမ်ထောင်ကျနေသော ဦး[illegible] ဘာတစ်ခုမှ လှည့်မကြည့်။ အဖေ အိမ်သွားသျှင်း[illegible]မှ သိပ်မကြိုက်သည့်ဟန်များ ပြသည်။

နောက်ဆုံးတော့ အဖေသည် ရပ်ရွာမှ လူများဝိုင်းဝန်းဆိုဆုံးမ ပြုပြင်ပေးသည့်ကြားက အရက်ဒုက္ခပေးမှုကြောင့် ဒုက္ခနွံထဲတွင် သံသရာ ပြန်လည်နေတော့သည်။

သို့သော် အဖေသည် တစ်သက်လုံးတော့ မိုက်မသွား။

ကျွန်တော့်ကို ကိုယ်ဝန်ရှိပြီဟု သိရသောနေ့က အမေ့ကို စကားတစ်ခွန်း ပြောခဲ့သည်ဆို၏။

"အင်း . . . သားသမီးရတော့မယ်ဆိုရင်တော့ ငါ ဒီလိုနေလို့ မဖြစ်တော့ဘူးပေါ့ကွာ၊ ငါ့သားသမီးက ငါ့ကို တာဝန်မကျေတဲ့ အဖေလို့ ပြောလာမှာမျိုးတော့ ငါ မခံနိုင်ဘူး"

ဒီနောက်ပိုင်းတွင် အဖေသည် တတ်နိုင်သလောက် သူ့ကိုယ်သူ ထိန်းခဲ့သည် ဆို၏။ ဆရာတော်ကျောင်း မကြာခဏ ရောက်တတ်သလို၊ ဆရာတော် အဆုံးအမဖြင့် ဘဝကို ပြုပြင်ရင်း ရွာက လူကြီးများ စီစဉ်ပေးမှုကြောင့် ရွာပြင်ချောင်းစပ်မှာ ယာအလေး တစ်ခင်းကို ကိုယ်တိုင်ကိုယ်ကြပ် ဦးစီးလုပ်ဆောင်ပြီး ရှင်လန်းနေခဲ့သည်။

အမေ့တွင် ပြုပြင်စရာဆို၍ တစ်ခုသာကျန်တော့၏။ ညနေတိုင် ဘုံဆိုင်သွား၍ တစ်ခွက်တစ်ဖလား မော့တတ်နေသော အကျင့်လေးတစ်ခုပင်ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ အဖေက . . .

"အရက်ကိုတော့ ရုတ်တရက် ဖြတ်မရသေးလို့ ဒီကလေး မမွေးမချင်း သောက်ပါရစေကွာ၊ ဒီကလေး မွေးတာနဲ့ ငါ အရက်



ဖြတ်ပါမယ်၊ ဒီကလေးမွေးတဲ့နေ့ဟာ ငါ အရက်ဖြတ်တဲ့နေ့ပဲ"

အဖေ့ နောက်ဆုံးနေ့တွင် ကျွန်တော် မွေးဖွားရန် ရက်ပိုင်းမျှသာ လိုတော့၏။

နောက်ဆုံးနေ့က အဖေသည် ခါတိုင်းတဲ့သို့ မတူတတ်ဘဲ ဝင်ချိန် လောကကြီး၏ အလှကို အေးချမ်းလှပကြောင်း ချီးမွမ်း ကျွန်တော့်အတွက်ပါ နာမည်ပါရွေးချယ်ပေးပြီးမှ ထုံးစံအတိုင်း ဆိုင်သို့ သွားသည်ဆို၏။

ထိုညတွင် ဘုံဆိုင်၌ ရန်ပွဲဖြစ်ပွားသည်။

လူမိုက် လူထွက်ကြီး အဖေသည် သူဖြတ်ရန် ရက်ပိုင်းမျှသာ တော့သော အသိုင်းအဝိုင်းမှ လူမိုက်တစ်ယောက်နှင့်သွားရန်ဖြစ် ထိုလူမိုက်က ဓားနှင့်ခုတ်သဖြင့် နေရာတွင် ပွဲချင်းပြီးဆုံးသည်။

အဖေရက်လည်သောနေ့တွင် အမေ ကျွန်တော့်ကိုမွေးသည်။

ထိုနှစ်သည် ၁၉၅၂ ခုနှစ် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

"အို . . ."

ကျွန်တော့်မျက်လုံးများ မှာခနဲ ဖြစ်သွားသည်။ ရုတ်တရ
ဘာလုပ်ရမည်မှန်းပင် မသိ။

အင်းလျားရေပြင်ကို ပိတ်ကားလုပ်ပြီး ကျွန်တော့်ဘ
နောက်ကြောင်းများကို စိတ်မှန်းဖြင့် တွေး၍ အတွေးလွန်နေ
နောက်ကျောနှင့် နီးနီးကပ်ကပ်မှ ကားတစ်စင်း ရပ်သံကြေ
စိတ်ကူးရုပ်ပုံများ လွင့်ပျောက်သွားသည်။

ဘာရယ်မဟုတ်။ ကိုယ်တစ်ယောက်တည်း ရှိနေသည့်နေ
နားကို အခြားလူများ ရောက်လာပြီဆိုသောအသိဖြင့် နောက်ဘ
သို့ လှည့်ကြည့်လိုက်စဉ် ကျွန်တော် ချောက်ချားတုန်လှုပ်သွားခြ
ဖြစ်၏။

ကားလေးက ကျွန်တော်နှင့် မနီးမဝေး ရေစပ်ခပ်လှမ်းလှ
မှ သစ်ပင်တစ်ပင်ရိပ် သဲဖြူဖြူလေးများပေါ်တွင် ရပ်ထားသည
ကားပေါ်က ဆင်းလာသောသူများက ကျွန်တော် တစ်ခါတွေ
သော ကျော်ဇေယျဆိုသည့်လူငယ်နှင့် ကျွန်တော်၏ ချစ်လှစွာ



. . . မီး . . .။

မီးကလည်း မမျှော်လင့်ဘဲ ကျွန်တော့်ကို တွေ့လိုက်ရခြင်း
ကျွန်တော့်နည်းတူ ချောက်ချားသွားဟန်တူသည်။ မျက်လုံးလေး
နှစ်လုံး ဝိုင်းခနဲ ဖြစ်သွားသည်။

စက္ကန့်ပိုင်းမျှသာ အကြည့်ချင်းဆုံသွားပြီး ဒီမြင်တွင်းကို
ကျွန်တော် မကြည့်ရဲတော့သဖြင့် မျက်လွှာလျှင်မြန်စွာ ချလိုက်
သည်။ မသိမသာခေါင်းငုံ့လိုက်ပြီး မူလပုံစံအတိုင်း ရှေ့ဘက်သို့
ပြန်လှည့်သည်။

ရင်ထဲမှ နှလုံးသားအစုံသည် ကပ္ပလီအရိုင်းများ တနေ့သတဲ့
သို့ ခုန်ပေါက်အော်ဟစ်နေသည်။ မျက်လုံးများကို ပိတ်ထားလိုက်
ရသည်။

နောက်ကျောမှ ကားတံခါး ပိတ်သံကြားရသည်။ သစ်ရွက်
ခြောက်များပေါ် ဖြတ်လျှောက်နင်းသံကြားရသည်။ စကားသံတချို့
ရောထွေးကပ်ပါလာ၏။

"ဘယ်သွားမလဲ ဖြူ . . . ရေစပ်မှာ ထိုင်မလား"

ပြန်ဖြေသံက တိုးသည်။ ကောင်းစွာ မကြားရ။ အစွန်းထွက်
စကားသံလေးသာ ခပ်ဝါးဝါး ကြားလိုက်ရသည်။

"အကြော်ဆိုင် သွားမယ်"

စိတ်ထဲမှနေ၍ ခြေလှမ်းများကို ရေတွက်ကြည့်သည်။

သူတို့သွားမည်ဟု ထင်ရသော အကြော်ဆိုင်က ကျွန်တော့်
နေရာနှင့် ခြေလှမ်းနှစ်ရာလောက်အကွာမှာ ရှိသည်။

ခြေလှမ်းနှစ်ရာပြည့်သောအခါ ကျွန်တော် ထိုင်ရာမှ ထရပ်
လိုက်သည်။ အကြော်ဆိုင်ဘက် ယောင်ပြီး ငုံမကြည့်ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကို ထိန်း၍ ကျွန်တော် ကျောင်းဘက် ပြန်လျှောက်လာခဲ့သည်။

နင်းခြေလျှောက်သွားမိသော သစ်ရွက်ခြောက်များသည် ကျွန်တော့်ရင်ထဲက နှလုံးသားများ ဖြစ်နေသည် အောက်မေ့ရ၏။

ော ● ော

"ဒါဖြင့် ကိုရင် ဆွေးနေရပြီပေါ့ . . . ဟုတ်လား"

ကျွန်တော်က မီးနှင့် ကျွန်တော့်အကြောင်း နောက်ဆုံးအခြေအနေထိ ပြောပြလိုက်သည်။ ကိုဝဏ္ဏက လျှာလေးအာလေးသံအမင်လုပ်၍ ပြောလိုက်၏။

ကျွန်တော် မချိပြုံးလေးဖြင့်သာ တုံ့ပြန်နိုင်သည်။

"ဒီလိုပဲ ပြောရတော့မှာပေါ့ ကိုဝဏ္ဏရာ၊ ပိုဆိုးတာက သူ ကျွန်တော့်ကို မုန်းသွားတာပဲ၊ ဝေးတာက အဝေးခံနိုင်ပါတယ်ဗျာ၊ ကိုတည်းက ပိုင်မှပိုင်ရစေလို့ ကျွန်တော် ပိုင်ဆိုင်ချင်စိတ်နဲ့ ချစ်ခဲ့တာမှ မဟုတ်ဘဲ၊ ကျွန်တော့်ဘဝကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ . . . သူ့ အမုန်းကိုတော့ မခံချင်ဘူးဗျာ၊ သူ့ ဆီက သိပ်စိမ်းကားတဲ့ ကြည့်နဲ့ အကြည့်ခံရတာလေး ... ရင်ထဲမှာ ကြေတွဲရတာ မရှိဘူး"

"ဒါပေါ့ . . . ဒါပေါ့ . . . ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ဘယ်သူမှ မမှတဲ့ဗျ၊ အစောတည်းက ခင်ဗျားလိုတား ခင်ဗျားကို ကျွန်တော် တာန်တန် မေးတာပဲ၊ ခင်ဗျားက အမြဲတမ်း ငြင်းခဲ့ ဖုံးခဲ့တယ်၊ တုန်းကသာ ကျွန်တော်တို့ အခြေအနေမှန်ကိုသိရင် ခင်ဗျားတို့

www.burmeseclassic.com



အကြံဉာဏ် ပေးနိုင်တာပေါ့"

ကိုကျော်စွာကလည်း ဝင်ပြောသည်။ ကျွန်တော် သက်ပြင်း တစ်ချက် လေးလေးပင်စွာ ချသည်။

"တိုင်ပင်တာတော့ ဘယ်သူ့ကိုမှ မတိုင်ပင်ချင်ဘူး ကိုကျော် စွာ၊ အဲဒီအချိန်က ကျွန်တော့် စိတ်ထဲမှာ ခုလိုဝေးသွားမှာ ကြောက် သလို သိပ်နီးသွားမှာလည်း ကြောက်တယ်၊ သူနဲ့ကျွန်တော့်ကြားက အကာအရံလေးဖြစ်တဲ့ မောင်နှမလို နေနေရတာလေးကို ကျွန်တော် ပျော်နေခဲ့တာ၊ ခုတောင်မှ ကျွန်တော့်ရင်ထဲမှာ တင်းကျပ် မွန်းသိပ်နေအောင် ခံစားရလွန်းလို့ သက်မှ သက်သာပါစေတော့ ဆိုပြီး ခင်ဗျားတို့ကို ဖွင့်ပြောတာ"

"အေးပေါ့ဗျာ . . . ဒါကြောင့်လည်း အခု ခင်ဗျား တောင် ကောင်း ဆွေးနေရတာပေါ့၊ ကြာရင် ဒီထက် ပိုဆွေးရဦးမယ်၊ ဆွေး . . . ဆွေးရာကနေ မြည့်၊ မြည့်ပြီးရင် တစ်ကိုယ်လုံး ဝုန်းခနဲ ပြိုပျ တောင် ကျသွားဦးမယ်၊ ဒီတော့ မမြည့်အောင် မပြိုအောင် ရင်ဖ အစွမ်းကုန်ဖွင့်ဗျာ၊ ရော . . . ဒါလေး ချလိုက်ဦး . . . ဒါမှ ပိုပြော ကောင်းမယ်"

ကိုဝဏ္ဏ ကိုယ်ကိုယ်မိမ်း၍ ပြောလိုက်ပြီး၊ အကြမ်းပန်းကန် တွင် သူငှဲ့ထည့်ထားသည့် ပယင်းရောင် အရည်များကို ကမ်းပေး သည်။

ကျွန်တော် ရယ်၍ လှမ်းယူလိုက်ပြီး တစ်ကျိုက်တည်းမော့ ချသည်။

"အား . . ."

ခါးသက်သော အရသာက လျှာပေါ်မှတစ်ဆင့် ဝမ်းထဲ



ပူနွေးစွာ ဝင်ရောက်သွားသည်။

"ဟာ . . . ခါးလိုက်တာဗျာ"

"ခါးရမယ်လေ . . . အချစ်ကြောင့် ဆွေးရတယ်ဆိုတာ ချိုတဲ့အရသာမှ မဟုတ်တာ၊ ခါးတာကို ခါးတာနဲ့ပဲ တုံ့ပြန်ရမှာပေါ့၊ ရော့ . . . ဒါလေးနဲ့ မြည်း၊ သူလည်း ခပ်ခါးခါးပဲ"

ကိုဝဏ္ဏက ပြောပြောဆိုဆိုနှင့် သူ့ရှေ့မှ လက်ဖက်ပန်းကန် ကို ကမ်းပေးသည်။ ကျွန်တော် လက်ဖက်သုပ် စားနေဆဲ ကိုကျော် စွာကလည်း သူ့ရှေ့မှ ပန်းကန်ကို ပေးသည်။

ပြီး မျက်နှာရှုံ့မဲ့သွား၍ . . .

"ဟာဗျာ . . . ကိုအေးချမ်း ပြောလည်း ပြောစရာပဲ၊ ခင်ဗျား ဟာက ခါးလှချည်လား ကိုဝဏ္ဏရာ၊ ခင်ဗျားဆီမှာ လက်ဖက်ချောက် ရော ကျန်သေးရဲ့လား"

"ကျန်တာပေါ့၊ နောက်ထပ် ငါးဆယ်သားလောက် ကျန်သေး တယ်၊ လိုချင်ရင် ထပ်ထည့်ဦး၊ နဂိုကတော့ ကျုပ်ဟာကျုပ် ရှမ်းပြည် သွမ်းဖို့ ယူလာတာ၊ ခုတော့ အချစ်အတွက် ဆွေးမြည့်လာတဲ့ လူတွေ ကို ဘေးကင်းတဲ့ ဧည့်ခံခြင်းမျိုးနဲ့ ဧည့်ခံဖို့ အစီအစဉ်ပြောင်းလိုက်ပြီ . . . ချ၊ အဲ . . . မူးချင်ရင်တော့ မတ်တတ်ထပြီး ကိုယ့်ကို အပတ် ငါးဆယ်လောက် လှည့်ပစ်လိုက်၊ အသည်းကွဲလို့ အရက်သောက်ရင် တော့ ပါးပိတ်ရိုက်မယ်"

ကိုဝဏ္ဏစကားကြောင့် ပြုံးလိုက်မိသည်။ ကိုဝဏ္ဏက သူ့ကိုယ်သိ နိုင် တစ်ခါတလေ သောက်သော်လည်း သူငယ်ချင်းများကိုတော့ ဘယ် တော့မှ အရက်မသောက်ဖို့ ပြောသည်။ ခုလည်း ရေနွေးခါးခါးနှင့် လက်ဖက်ကို စားနေကြခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ဖို့ကောင်းတဲ့ သူငယ်ချင်းတွေကြောင့် အလွမ်းမရ
တောင်မှ သတ်တော့ သက်သာတာပေါ့ မီးရယ်။

✿

အရူးတစ်ယောက်လို ဖြစ်နေ၏။

အတန်းတတ် စာကျက်နေချိန်များမှလွဲ၍ အချိန်တိုင်းလို
စိတ်သည် ကိုယ်နှင့် ကပ်လှသည်ဟူ၍ မရှိ။ မီး၏ အနီးအနား၌သ
စွန့်ဝဲသလို သွား၍ ဝဲနေမိသည်။

ဟိုတုန်းက ပျော်ရွှင်ဖွယ်ကောင်းသည့် အဖြစ်အပျက်မျ
သည်လည်း ခုခါ ကြေကွဲစရာ အဖြစ်ကလေးများ ဖြစ်နေကြသည်

အတန်းချိန်အားသည်နှင့် လှစ်ခနဲ ထွက်သွားပြီး အင်းလျာ
ရေစပ် ရောက်နေတတ်သည်။ ရေစပ်မှ တောင်ပိန္နဲပင်ကြီးသည်
ကျွန်တော့်အကြောင်း တော်တော်စေ့စေ့ငငှ သိနေပေပြီ။

ညဘက်ကျတော့လည်း ခြင်ထောင်အမိုးသည် စိတ်ကူးမျ
ထင်ဟပ်ရာ ကားချပ်ကြီးဖြစ်နေ၏။

သီဂီတို့ဘက်လည်း ကျွန်တော် မမြင်ရဲသည့် မြင်ကွင်းမျ
တိုးနေမှာစိုးသည့်အတွက် ခြေဦးပင် မလှည့်ရဲတော့။

'ကဗျာလေးတွေတော့ ရေးဖြစ်သည်။ သတိထားမိလျှင်ဖေ
ကဗျာသည် ကဗျာများမဟုတ်တော့ဘဲ ကြေကွဲမှုစကားများသ
ဖြစ်နေပေလိမ့်မည်။

ဘဝသည် ဤကဲ့သို့ ခြောက်သွေ့ထီးကျန်ခြင်းများစွာနှင်
ပြီးသွားတော့မည်ဟုလည်း ထင်မိပါသည်။



မီးနှင့် ကျွန်တော်တို့၏ ဘာမှထူးခြားမှု ရှိတော့မည်မဟုတ်
တော့ဘဲ ဤကဲ့သို့ ကျည်းတန်စွာပင် ဇာတ်သိမ်းသွားတော့မည်ဟု
လည်း အောက်မေ့မိသည်။

မမျှော်လင့်ရဲသည့် ရက်ထစ်ရက်၏နေ့တစ်ခင်းတွင် သတင်း
စာတစ်စောင်စောင်၏ မျက်နှာတစ်ခု၌ မီးနှင့်ကျော်ဇေယျတို့၏
စေ့စပ်သတင်း ကြော်ငြာတစ်ခုခု တွေ့လိုက်ရသည့်အခါ ဒီထက်ပို၍
ဘဝသည် ခြောက်သွေ့သွားပေလိမ့်မည်။

ဘဝတွင် တစ်ခါသာ လာရောက်ခဲ့၍ နောက်ထပ် ဝိုးတူ
တစ်ကောင်အနေနှင့်သော်လည်းကောင်း၊ အခြားမျိုးကွဲတစ်ကောင်
အနေနှင့်သော်လည်းကောင်း ပြန်လာစရာမရှိတော့သည့် အချစ်
ငှက်ငယ်၏သဘောကြောင့် နောက်ထပ် ရင်ထဲသို့ ဘာတစ်ခုမှ
ဝင်လာစရာအကြောင်းလည်း မရှိတော့။

တစ်သက်လုံး မီး၏လောင်မြိုက်ခြင်းကဲ့သို့ပင် ခံစား၍ မီးကို
အောက်မေ့ကာ ဘဝသည် ပြီးစီးသွားပေတော့မည်ဟုပင် တစ်ထစ်
ချ ယုံမှတ်ခံစားမိပါ၏။

ော ✿ ော

www.burmeseclassic.com

www.burmeseclassic.com

သို့သော် . . .

လောကသည် ခါတိုင်းကဲ့သို့ပင် ကျွန်တော် ထင်မှတ်သ

မဖြစ်။

ထိုနေ့ကလည်း အင်းလျားရေစပ်သို့ ကျွန်တော် ရောက်

သည်။ ထုံးစံအတိုင်း ရေစပ်၊ တောင်ပိန္နဲပင်ကြီး ခြေရင်းတွင် မှီထို

ပြီး စိတ်ပြေးရာနောက်လိုက်၍ တွေးနေမိသည်။

အတွေးထဲမှာ မည်မျှ မျောပါနေခဲ့သည်မသိ။ ပတ်ဝန်းကျ

တစ်ခုလုံးမှ လှုပ်ရှားမှုများကို တစ်ခုမှ သတိမထားမိ။ သို့သော

အနားတွင် လူတစ်ယောက် ရှိနေပြီဆိုသည်ကို အလိုလိုသိသော

ထူးဆန်းသည့် အာရုံတစ်ခုကြောင့် တွေးလက်စများ ဖျတ်ခ

ရပ်တန့်သည်။

ဒီတော့မှ နှာခေါင်းထဲတွင် သင်းပျံ့ပျံ့ရနံ့လေးတစ်ခု ရလိုက်

သည်။ ကျွန်တော် ဇာပျာကယာ လှည့်ကြည့်လိုက်သောအခါ . . .

မီး။

"ဟင် . . . မီးပါလား"



ဒီတစ်ခါ ရောက်နေသောမီးက အဖော်မပါ။ တစ်ယောက်တည်း ဖြစ်နေသည့်အပြင် ခါတိုင်းကဲ့သို့ တင်းမာခက်ထန်သော အကြည့်နှင့် မျက်နှာတို့မရှိဘဲ ပါးပေါ်တွင် မျက်ရည်ကြည်လေး တစ်စက် လိမ့်ဆင်းကျနေသဖြင့် ကျွန်တော် အံ့ဩတကြီး ရှေရှုတ်လိုက်သည်။

မီးက ကျွန်တော့်ကို တွေတွေပင်ကြည့်ရင်း ရှေ့လည်းမတိုး နောက်လည်းမဆုတ်ဘဲ နေရာမှာ ရပ်မြဲရပ်နေသည်။ ပါးပေါ်မှ မျက်ရည်စကြောင့် တစ်ခုခုတော့ထူးပြီဟု အိလိုက်၍ ကျွန်တော် ထိုင်ရာမှထရပ်ပြီး သူ့ဆီလျှောက်လာခဲ့သည်။

"မီး . . . ဒီမှာ ဘာလာလုပ်နေတာလဲ"

မီးက အပေါ်နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်သည်။ ပြီးမှ . . .

"ကိုကို . . . ခုထိ မီးကို နားမလည်သေးဘူးနော်၊ ဘာလာလုပ်တာလဲလို့ မေးတုန်းပဲလား"

သူ့စကား၏ အဓိပ္ပာယ်ကို ကျွန်တော် ရုတ်တရက် နားမလည်။ သူ ဘာကိုဆိုလိုသည်ကို ခန့်မှန်းမရ။ သို့သော် မီး၏အသံက တုန်ယင်နေသည့်အပြင် မီး၏မျက်နှာက မကြာခင် ငိုချတော့မည့် အရိပ်အရောင်များ ပေါက်နေသဖြင့် ကျွန်တော် စိုးရိမ်စွာ သူ့အနားကပ်သည်။ သူ့ပခုံးလေးနှစ်ဘက်ကို ခပ်ဖွဖွဆုပ်ကိုင်ရင်း . . .

"ကိုယ်ညံ့ပါတယ် မီး၊ တော်ရုံကိစ္စကို ဖွင့်မပြောဘဲနဲ့ ကိုယ်နားမလည်တတ်ပါဘူး၊ အခု မီးဘာဖြစ်လာလဲ၊ ကိုယ့်ကို ပြောစမ်းပါ။ မီးမှာ ပြဿနာတစ်ခုခုများ တွေ့လာလို့လား"

မီးက ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးမှာ တခြားဘာပြဿနာမှ မရှိပါဘူးကိုကို၊ ပြဿနာတစ်ခုတည်းပါ။ အဲဒါက ကိုကို ခုထိ မီးနဲ့ပတ်သက်ပြီး သံသယကြောင့်နေသေးလားဆိုတာပဲ"

"ကြော် . . . မီးရယ်၊ ဒါဖြင့် မီး အခု ကိုယ့်ကို မမုန်းတော့ဘူးပေါ့၊ ကိုယ့်ဆီ ပြန်လာတာပေါ့ . . . ဟုတ်လား"

"အင်းလေ . . . ဒါတော့ မီး အတိအကျ ဘယ်ပြောလို့ရမလဲ၊ ကိုကိုက မီးကို လက်ခံမခံဆိုတာက ရှိသေးတာပေါ့"

ရင်ထဲတွင် ဝမ်းသာလှုံးတစ်ခု ပြေးဆောင့်သည်။

ဘယ်တော့မှ ပြန်မရနိုင်တော့ပြီဟု လက်လျှော့စွန့်လွှတ်ထားခဲ့သော အမြတ်နိုးဆုံး ပစ္စည်းတစ်ခု မမျှော်လင့်ဘဲ ပြန်တွေ့ရသကဲ့သို့ ဝမ်းသာသွား၍ . . .

"ဝမ်းသာလိုက်တာ မီးရာ၊ မီး ကိုယ့်ဆီ ပြန်လာတယ်နော်၊ ဒီတစ်ခါ ကိုယ် သံသယမကြောင်တော့ပါဘူး မီးရယ်၊ မီးကို ကိုယ်ပြောမယ် . . . မီးကို ကိုယ်သိပ်ချစ်တယ်၊ တကယ်ပြောတာပါ မီးရယ်၊ မီးကို ကိုယ်သိပ်ချစ်ပါတယ်"

ပြောပြောဆိုဆိုနှင့် မီးကိုယ်လုံးလေးကို ဆွဲပွေ့ပြီး ရင်ခွင်နှင့် အပ်လိုက်သည်။

မီးက ကျွန်တော့်ရင်တွင် မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုချသည်။ ငိုသံနှင့်ရော၍ စကားသံတချို့ ပေါ်ထွက်လာ၏။

"ကိုကိုကို မီး သိပ်စိတ်ဆိုးတယ် သိလား၊ ကိုကိုကို မုန်းတယ်"

ဒီတစ်ခါတော့ ဒီစကားကြောင့် ကျွန်တော့်ရင် မနာကျင်တော့။ မီး၏ကျောပြင်လေးကို သိုင်းဖက်ရင်း . . .

"စိတ်မဆိုးပါနဲ့တော့ မီးရယ်၊ မုန်းလည်း မမုန်းပါနဲ့တော့၊



ကိုယ့်ကိုလည်း ဘယ်တော့မှ ထားမပစ်ခဲ့ပါနဲ့တော့နော် . . . မီး"

"သွား . . . သွား . . . အခုမှ လာမပြောနဲ့၊ ကိုကို့ကြောင့် မီး ဘယ်လောက် ငိုရတယ်မှတ်သလဲ"

ရင်ခွင်ထဲမှ မီးကို တင်းတင်းကျပ်ကျပ်လေး ဖက်ထားမိသည်။

ထိုအချိန်တွင် ကျွန်တော် အမိုးရိမ်ဆုံးအရာမှာ ကျွန်တော် အိပ်ရာမှ လန့်နိုး၍ ထိုအဖြစ်အပျက်တစ်ခုလုံး အိပ်မက်များ ဖြစ်သွားမှာကိုပင် ဖြစ်၏။

သို့သော် အိပ်မက်မဟုတ်။

"ကဲပါ . . . လူကို လွှတ်ပါဦး၊ ဘေးက လူတွေ မြင်လို့တောင် မကောင်းဘူး၊ ခုမှ လာသဲမနေနဲ့"

မှန်ရာကိုဝန်ခံရလျှင် ထိုအချိန် ထိုအခိုက်အတန့် ထိုအတောအတွင်းတွင် ကျွန်တော့်ခေါင်းထဲ၌ ရှေ့ရေးနောင်ရေး စသည်တို့ ဘာမျှမရှိတော့ပါ။ ကျွန်တော့်ခေါင်းထဲ၌ရှိသောအရာသည် အပျော်မျှသာ ဖြစ်သည်။

လောကကြီးတစ်ခုလုံး လှပနေသည်။

ရင်ခုန်ခြင်းများစွာဖြင့် အပျော်လေညင်းထဲတွင် မျောလွင့်နေသည်။

"ကိုကို . . . မီးကို ဘာမှမမေးတော့ဘူးလား"

"ဘာကိုလဲ မီး"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . မီး မင်းလူနဲ့ တွဲနေတာ ကိုကို့စိတ်ထဲ ဘယ်လို မဖြစ်ဘူးလား"

ကျွန်တော် ရယ်သည်။ ရယ်ရင်း ခေါင်းခါလျက် . . .

"လိုလို့လားမီး"

ကိုကျော်ဇေယျအကြောင်း စကားစပ်၍ မမေးမိ။ မေးစရာ မလိုဟု စိတ်ထဲအောက်မေ့သည်။ မီးက တစ်ချိန်ချိန် ဖွင့်ပြောလျှင် လည်း ကျွန်တော် သိလိုက်မည်။ သို့မဟုတ်၍ ဘာမှ မပြောလျှင် လည်း ဘာမှမဖြစ်ပါ။

မီးသည် ကျွန်တော့်ကို ချစ်သည်ဆိုလျှင် လုံလောက်ပါသည်။ မီးကို ကျွန်တော်ချစ်သည့်အချစ်တွင် မည်သည့်ခြွင်းချက် ပြဿနာမှ မရှိပါ။

မီး ဘာပဲဖြစ်ဖြစ် ကျွန်တော်ချစ်၏။

"မဟုတ်ပါဘူး၊ ကိုကို့စိတ်ထဲ တစ်မျိုးများဖြစ်မလားလို့"

"ဘယ်လိုတစ်မျိုးလဲ မီး၊ ဩော် . . . တွဲတုန်းကတော့ တွဲပြီး ခုမှ ဘာဖြစ်လို့ ငါ့ဆီ ပြန်လာခဲ့လဲ မသိဘူးဆိုတဲ့ တစ်မျိုးလား"

"အင်းပေါ့"

"မဖြစ်ပါဘူး . . . မီး ကိုယ့်ကိုချစ်လို့ဆိုတာ ကိုယ်သိတာပဲ"

"ဒါဖြင့် မီး အဲဒီလူနဲ့ တွဲနေတုန်းက ကိုကိုနည်းနည်းမှ သဝန် မတိုဘူးလား။ မခံချင်စိတ် မဖြစ်ဘူးလား"

"ဖြစ်တာပေါ့"

"ဒါဖြင့် မီး အဲလောက်တွဲပြတာတောင် ကိုကို ဘာဖြစ်လို့ စိတ် မဆိုးလဲ"

"ကိုယ် စိတ်မဆိုးဘူးလို့ ဘယ်သူကပြောလဲ"



"အို . . . စိတ်ဆိုးရင် မီးကို လာပြောရမှာပေါ့၊ မင်းက ဘာဖြစ်လို့ အဲဒီလူနဲ့ တွဲနေရတာလဲ၊ ငါမကြိုက်ဘူး၊ ဘာညာပေါ့"

"အဲလိုပြောမှ မီးက သဘောကျမှာလား"

"အင်းပေါ့ . . . သူများကတော့ သူ စိတ်ဆိုးပြီး လာပြော မလားလို့ စောင့်နေရတာ"

"ဟောဗျာ . . . အဲလိုပြောတော့ မီးက ကိုယ့်ကို ပိုမုန်းသွား မှာပေါ့"

"ဩော် . . . မီးက မုန်းရအောင် မီးက သူနဲ့ကြိုက်လို့သွား တွဲတာမှ မဟုတ်ဘဲ၊ သူနဲ့တွဲပြရင် ကိုကို မနာလိုဖြစ်မလားလို့ အရွဲ့တိုက်တာ"

ကျွန်တော် သဘောကျစွာ ပြုံးသည်။

"အဲဒါ မီးမှားတာပဲ၊ နောက်ကို မှတ်ထားနော် . . . ကိုယ် စိတ်ဆိုးဖို့ ဘယ်တော့မှ မမျှော်လင့်နဲ့၊ ကိုယ်က ဘယ်တော့မှ စိတ် မဆိုးတတ်ဘူး"

"ဟာကွာ . . . အဲဒါတော့ မီးမကြိုက်ဘူး၊ သိပ်စိတ်တိုတာပဲ၊ လူပဲဟာ၊ ဘာဖြစ်လို့ စိတ်မဆိုးတတ်ရမှာလဲ"

"ကိုယ်မှ စိတ်မဆိုးချင်တာ"

"မရဘူး ဆိုးရမှာပဲ"

"ဟယ် . . . ပြဿနာပါလား၊ မဆိုးလို့ မရဘူးလား"

"မရဘူး၊ မီးက ဆိုးအောင်လုပ်ရင် ကိုကို စိတ်တိုဆိုးရမယ်၊ နို့မို့ရင် စိတ်ဆိုးအောင်လုပ်တဲ့လူ ဘယ်လောက်သိက္ခာကျတယ်မှတ် လဲ"

"စိတ်ဆိုးတဲ့လူဆိုတာ ဘာမှ အဆင်ခြင် မရှိတော့ဘူး မီးရဲ့၊

www.burmeseclassic.com

တော်ကြာ ကိုယ်က စိတ်ဆိုးပြီး မီးကို ရိုက်မိရင် ဘယ်လိုလုပ်မလဲ"

"ရိုက်ပေါ့၊ မီးကလည်း ပြန်ကိုက်မှာပေါ့"

"ဟောဗျာ . . . ဘယ်လိုလေးလဲ၊ မီးက အလကားနေရင်း ကို ရန်ဖြစ်ချင်နေတာပဲလား"

"ဟုတ်တယ်၊ မီး ကိုကိုနဲ့ ရန်သိပ်ဖြစ်ချင်တာပဲ၊ မီးက ခွင့်လွှတ်တာတို့၊ သဘောထားကြီးတာတို့နဲ့ မလှုပ်တလှုပ်နေတာမျိုးကို မကြိုက်ဘူး၊ မီးလည်း ခွင့်မလွှတ်ဘူး သဘောထားလည်း မကြီးဘူး။ မကျေနပ်ရင် ထရိုက်၊ ကိုယ့်ကို ချစ်မှန်းသိလို့ ရိုက်ရင် ပိုတောင် သဘောကျသေးတယ် . . . အဲဒါ မြဲမြဲမှတ်ထား၊ နောက်ကို ခဏ ခဏ ရန်ဖြစ်မှာပဲ"

ကျွန်တော် ပြုံးမိပြန်၏။

ကျွန်တော်ချစ်သောမီးသည် တစ်ခါတစ်ရံ ဆယ့်ရှစ်နှစ်သမီးလေးလော၊ ရှစ်နှစ်သမီးလော ခွဲခြား၍မရ။

❀ ✿ ❀

"ရော့ . . . ကိုကို၊ ဒါကို ကိုင်ထား။ မီးက ညှိဆိုတာနဲ့ ညှိလိုက်၊ နေးမနေနဲ့နော်"

ကိစ္စဝိစ္စအားလုံးတွင် သူပင် ဒါရိုက်တာ၊ သူပဲ ဦးဆောင်သူမို့ ကျွန်တော် ဘာမှ ပြန်မပြောတော့ဘဲ သူပေးသည့် ရွှေချထားသော ဓါးဆိုဖယောင်းတိုင်ကြီးကို လှမ်းယူလိုက်သည်။

"အင့် . . . မီးခြစ်က တစ်ဘက်ကကိုင်ထား"

နောက်တစ်ခု ထပ်ဆင့်လာပြန်သေးသဖြင့် ဘယ်လက်ဖြင့် လှမ်းယူလိုက်ပြီး အသင့်စောင့်ရန် ပြင်သည်။

"ဟာ . . . ကိုကိုကလည်း ဒီလိုကြီး ကိုင်ထားတော့ ဘယ်လိုလုပ် လက်သင့်မလဲ၊ မီးက ညှိဆိုတာနဲ့ တစ်ခါတည်း တန်းညှိရမှာ"

"ဩော် . . . ဒီလိုလား၊ ဟုတ်ပြီ . . . ဟုတ်ပြီ၊ ဒီလို ကိုင်ရမှာပေါ့"

ကျွန်တော့် ပြောပြောဆိုဆိုနှင့် ဖယောင်းတိုင်ကြီးကို ဘယ်လက်နှင့် ပြောင်းကိုင်၊ ဘယ်လက်ဖြင့် မီးခြစ်ကိုယ်ထည်ကို ကိုင်၍ ညာလက်တွင် မီးခြစ်ဆံတစ်ချောင်း အဆင်သင့် ထုတ်ထားသည်။

www.burmeseclassic.com



"နေဦးနော် . . . ခဏလေးစောင့်၊ မီး နာရီကို သေသေချာချာ ကြည့်ထားမယ်"

မီးက သူ့စီတီဇင်ကွာ့ဇ်နာရီလေးကို စိုက်ကြည့်ရင်း ပြောသည်။

"အသင့်လုပ်ထားနော် ကိုကို . . . နီးပြီ ဆယ့်နှစ်နာရီ ဆယ့်နှစ်မိနစ်နဲ့ ငါးစက္ကန့်"

သူလုပ်ပုံကြောင့် ကျွန်တော်ပင် ရင်တုန်လာသည်၊ သူပြောသည့်အချိန်နှင့် ကွက်တိ ဖြစ်မှဖြစ်ပါ့မလား ပူလာ၏။

"ခြောက်စက္ကန့် . . . ခုနစ်စက္ကန့်"

မီးခြစ်ဆံတို့လည်း ငုံ့ကြည့်ရသေးသည်။ ကျွန်တော်တို့ မတော့မြန်မာမီးခြစ်များက ပြောလို့ရသည်မဟုတ်။ လက်သီးဆုပ်လောက် ယမ်းခေါင်းပါသည့် မီးခြစ်ဆံလောက်မှ ခပ်ရေးရေးတောက်ဖို့ သေချာတာ။

"ရှစ်စက္ကန့် . . . ကိုးစက္ကန့် . . . ကိုကို မီးခြစ်တော့ . . . ဆယ်စက္ကန့်"

တောက်ခနဲ မီးတောက်ခြစ်သည်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ ကောင်းစွာ စောင့်မကြည့်ရှုသည်ထင့် . . . ရှဲခနဲ ရှောရှောရှူရှူ ထတောက်သည်။

"ဆယ့်နှစ် . . . ညှိတော့"

အားလားလား . . . ကံကောင်းထောက်မစွာ ညှိ၍ ရသွားသည်။

"အမယ်လေး . . . တော်သေးတာပေါ့၊ အချိန်ကိုက်မှ ရပါ့မလားဆိုပြီး ပူလိုက်ရတာ၊ ကဲ . . . ရပြီ ကိုကို၊ စိုက်ထားလိုက်တော့



မှိုးရင် လာ . . . ဘုရားသွားရှိခိုးမယ်"

သူကတော့ ပေါ့သွားပုံရသည်။ စိတ်ထဲတွင် ရန်စွယ်မှန်သမျှ ချေမှုန်းပစ်လိုက်နိုင်သော စစ်သူကြီး၏မျက်နှာမျိုးဖြင့် ထ, ရပ်လိုက်သည်။

ကျွန်တော်က ကောင်းစွာ မပေါ့သေး။ ဒီတိစွ သူ ဘာကြောင့်လုပ်သည်ဆိုသည်ကို မေးရန် ကျန်နေသေးသည်။

သူ လုပ်ဆို၍သာ ကျွန်တော် လုပ်နေရသည်၊ ခုထိ ဘုမသိ ဘမသိ အဆင့်မျှသာ ရှိသေး၏။

မနေ့က တနင်္ဂနွေနေ့တစ်နေ့လုံး ကျောင်းပိတ်ထားသဖြင့် တစ်နေ့လုံး မီး ဘာတွေလျှောက်လုပ်ခဲ့သည် မသိ။ ဒီနေ့မနက် ဆုံးစံအတိုင်း သူ့ ကျောင်းအလာကို သွားစောင့်စဉ် သူက ရောက်ရောက်ချင်း ပြောသည်။

"ကိုကို . . . နေ့ခင်း ဆယ်နာရီခွဲ ဆယ့်တစ်နာရီလောက် ဆီ ဆက်ဆက်လာခဲ့"

"အဲဒီအချိန် အတန်းရှိတယ် မဟုတ်လား မီးရဲ့"

"ကိုကိုကလည်း ရှည်လိုက်တာ၊ အတန်းရှိရှိ ဘာရှိရှိ လာဖြစ်အောင် လာခဲ့ပါဆို၊ သိပ်အရေးကြီးတဲ့ ကိစ္စရှိလို့၊ နောက်မကျစေနဲ့နော်"

"အင်း . . . အင်း"

နေ့ခင်းဆယ်နာရီခွဲလောက် ကျွန်တော် သူ့ဆီရောက်သည်၊ အတန်းမပြီးသေးသဖြင့် ခဏရပ်စောင့်နေရသည်။ မီးတို့ အတန်း ဆင်းလိုက်သောအခါ ဆယ့်တစ်နာရီ ထိုးတော့မည်။ မီးလည်း ထွက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ . . . ကိုကို သွားစို့၊ နောက်ကျလို့ မဖြစ်ဘူး"

"ဘာကိုနောက်ကျလို့ မဖြစ်တာလဲ မီး၊ ဘာတွေ ဒီလောက် အရေးကြီးနေတယ်ဆိုတာလည်း ပြောမပြတော့ဘူးလား"

"နောက်ပြီးတော့မှ ပြောပြမယ် ကိုကို၊ ခုတော့ . . . မီးနဲ့ လိုက်ရုံသာ လိုက်ခဲ့ဦး"

ဤနည်းဖြင့် ဘုရားပေါ်ရောက်ပြီး နေ့လယ် ၁၂ နာရီ ၁၂ မိနစ်၊ ၁၂ စက္ကန့်တိတိတွင် ဝါဆို ဆေးဖယောင်းတိုင်ကို အချိန်ကိုက် ထွန်းညှိခြင်းကိစ္စ အောင်မြင်စွာ ဆင်နွှဲလိုက်နိုင်ခဲ့ခြင်း ဖြစ်၏။

"ကဲ . . . ပြောပါဦး ခေါ်ရွှေမီး၊ အဲဒီကိစ္စတွေအားလုံး ဘာအတွက် ဒီလောက် အရေးတကြီး လုပ်ရသလဲဆိုတာ"

နှစ်ယောက်သား ဘုရားဝတ်ပြုပြီးသည်နှင့် ကျွန်တော်က နေရိပ်ကောင်းသော နေရာလေးအထိ သူ့ကို ခေါ်လာခဲ့ပြီး အကျိုးအကြောင်း မေးရသည်။ မီးက ပြုံးစေ့စေ့လုပ်၍ . . .

"မနေ့က မီးနဲ့ သိင်္ဂီနဲ့ မျင်းတာနဲ့၊ ဗေဒင် သွားမေးကြတယ်"

"အဲဒါ ဗေဒင်ဆရာက ဘာပြောတယ်မှတ်လဲ၊ မီးမှာ ချစ်သူ ရှိတယ် မဟုတ်လားတဲ့"

"အဲဒီတော့"

"မီးက ဟုတ်တယ်လို့ ပြောတာပေါ့၊ အဲဒီတော့ ဆရာက မီးတို့နှစ်ယောက်ကြားမှာ ပြဿနာတွေ အများကြီးရှိတယ်၊ ဒီ အတိုင်းဆိုရင် ဘယ်လိုမှ ပေါင်းရမှာ မဟုတ်ဘူး၊ ပြဿနာတွေ တစ်ခုပြီးတစ်ခု တက်ပြီး ကွဲရလိမ့်မယ်တဲ့၊ အဲဒါ ယတြာချေပေးရ မယ်လို့ ပြောတာနဲ့ သူခိုင်းသလိုလုပ်တာ"

ကျွန်တော် ပြုံးမိသည်။



"အဲဒီဖယောင်းတိုင်က ဘယ်လောက်ပေးလိုက်ရသလဲ"

"သုံးရာ"

မြတ်စွာဘုရားဟု လွှတ်ခနဲ စိတ်က ပြောလိုက်မိသည်။

"များလှချည်လား မီးရယ်၊ အထက်တန်းစာရေး လစာ အောင် အဲသလောက် မရချင်ဘူး၊ ဘာဖြစ်လို့ အဲသလောက် အများ ကြီး သုံးရတာလဲ"

"အို . . . ပိုက်ဆံသုံးရတာက အရေးမကြီးဘူး ကိုကိုရဲ့၊ တော် ကြာ ပြဿနာတွေတက်ပြီး မီးနဲ့ကိုကို ကွဲတော့ ဘယ့်နှယ့်လုပ်မလဲ၊ ကောင်း မီးက သိပ်ကျေနပ်သေးတာ မဟုတ်သေးဘူး၊ ဆရာက သေသေချာချာ မှာလိုက်တယ်၊ ဒီယတြာက သူ သေသေချာချာ ယ်ထားတယ်တဲ့၊ ဒါပေမဲ့ ဒီကြားထဲမှာ ပြဿနာတစ်ခုခု ထပ်တက် င် သူ့ဆီလာခဲ့ဦး၊ နောက်ထပ် ဒီထက်ကောင်းတဲ့ ယတြာလုပ်ပေး ယ်တဲ့"

"အဲဒါ ဘယ်လောက် ကုန်ဦးမလဲ"

"ငါးရာတဲ့"

"အမယ်လေး . . . မလုပ်ပါနဲ့ မီးရာ၊ ကိုယ်တို့ ပေါင်းဖို့ ပေါင်းဖို့ ဆိုတာက ကိုယ်တို့စိတ်ပေါ် မူတည်ပါတယ်၊ ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိနဲ့ ဘာမဆို ရင်ဆိုင်မယ်ဆိုတဲ့ သတ္တိရှိရင် မပေါင်းရစရာ မရှိပါဘူး"

မီးမျက်နှာပေါ်တွင် မကျေနပ်သော အရိပ်များ ထင်သည်။

"နေစမ်းပါ . . . ကိုကို မသိပါဘူး၊ နောက် ဘာဖြစ်လာမယ် ဆိုတာ၊ အဲဒီဆရာတွေကမှ အတိအကျမြင်တာ၊ မီးတို့ ကိုကိုတို့က သိတာမဟုတ်ဘူး၊ မီးဟာမီးလုပ်မယ် . . . ကိုကို အေးအေးနေ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . မီးကလည်းကွာ"

ပြောရ၍လည်း ရမှာမဟုတ်မှန်း သိနေသည်။ ပိုက်ဆံငါးရာ တိုလည်း နမြောသွားမိသည်။ သို့သော် တစ်ခုတော့ ကျေနပ်ဝမ်း သာစရာကောင်းပါသည်။

မီးသည် ကျွန်တော်နှင့် ဘယ်တော့မှ ခွဲခွာလိုသောဆန္ဒမရှိ ကြောင်း သိလိုက်ရပါ၏။

✿

ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်ရှာတယ်ဆို သော စကားသည် နောက်ဓောက်တောက် ပြောင်ချော်ချော် ပ ပျက်ပျက်စကားမဟုတ်ကြောင်း ကိုယ့်ကိုယ်ကိုယ်ကြည့်၍ သိလိုက် ရ၏။

မီးနှင့် မနက်တည်းက ထွက်လည်ကြပြီး အခန်းထဲ ပြန် ရောက်သောအခါ ကျွန်တော့်မျက်လုံးအိမ်ထဲတွင် မျက်ရည်စများ ဝဲလည်ရစ်ဝိုင်းလာသည်။

မီးနှင့် သွားလာခဲ့သော အဖြစ်အပျက်လေးများ၊ ပြောဆို ကြသော စကားလေးများ ပြန်တွေးမိတိုင်း ရင်ထဲတွင် ကြည် ဝမ်းသာရသည်။

မနက်က ကျွန်တော်တို့နှစ်ယောက်သည် ရွှေတိဂုံဘုရားပေ တွင် ဆုတောင်းချခြင်း၊ ဘုရားဖူးခြင်းတို့ ပြုလုပ်ပြီးသောအခါ အရှေ့ ဘက်မုခ်မှဆင်း၍ တိရစ္ဆာန်ရုံဘက်သို့ လမ်းလျှောက်သွားကြသည်။ တိရစ္ဆာန်ရုံတွင် ထိုင်စရာ နေရာကောင်းလေးတစ်ခု ရွေးချယ်



နားပြီးနောက် မီးက စကားစသည်။

"ကိုကို"

"ဘာလဲ . . . မီး"

"မီးကို ကိုကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားဟင်"

မီးလေသံထဲတွင် ပူပန်ရိပ်ကလေးများ ပါသည်။ ကျွန်တော် မီးကို ရင်ခွင်ထဲတွင် ပွေ့ထားလိုက်ပြီး . . .

"မီးရယ် . . . ကိုယ့်လောက် မီးကိုချစ်တဲ့သူ ဒီလောကမှာ အခြားတစ်ယောက် မရှိနိုင်တော့ပါဘူး၊ ကိုယ့်ဘဝမှာလည်း မီး လောက်ချစ်ရမယ့်သူ တခြားတစ်ယောက် ဘယ်သူမှမရှိနိုင်ပါဘူး မီးဘာဖြစ်လို့ ကိုယ့်ကိုမေးတာလဲ"

"မဟုတ်ပါဘူး ကိုကိုရယ်၊ မီးစိတ်ထဲမှာ မီးကပဲ ကိုကို့ကို ချစ်ရတာလို့ ထင်နေမိတယ်၊ မီး ကိုကို့ကို ချစ်မှန်းသိလို့ ကိုကိုက သနားပြီး မီးကို အားနာပါးနာ ပြန်ချစ်နေရတာလားလို့ပါ"

မဟုတ်ကဟုတ်ကမှ တွေး၍ပူတတ်သော မီးစကားကြောင့် ကျွန်တော် ပြုံးမိသည်။

"မဟုတ်တာ မီးရယ်၊ ကဲလေ ထားပါဦး၊ အဲဒီကိစ္စကို နောက် မှတော့မှ ကိုယ်ပြောပြပါမယ်၊ မီးစကားနဲ့ မီး၊ မီးကို မေးရဦးမယ်"

"မေးလေ . . , ကိုကို၊ ဘာမေးမလို့လဲ"

"မီးကပဲ ကိုကို့ကို ချစ်ရတာလို့ မီးထင်မိတယ်လို့ ပြောတယ် ဟုတ်လား၊ အဲဒါ တကယ်ပဲလားမီး၊ မီး ကိုယ့်ကို တကယ်ချစ်တာ လား"

"ချစ်တာပေါ့ ကိုကိုရယ်၊ ကိုကို့ကို စတွေ့ကတည်းက မီး ချစ်ခဲ့တာ၊ မီး ကိုကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိစေ သိပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မယုံရင် ကိုကို သိ့ကိုမေးကြည့်"

"မေးစရာမလိုပါဘူး မီးရယ်၊ မီးစကားဆို ကိုယ် အ
ယုံပါတယ်၊ ဒါပေမဲ့ ကိုယ်မေးတာက အဓိပ္ပာယ်တစ်မျိုးပါ၊ မီး
သိပ်လှတယ်၊ ပြီးတော့ ချမ်းလည်းချမ်းသာတယ်၊ ပညာလ
ပြည့်စုံတယ်၊ မီးကို ချစ်တဲ့လူတွေလည်း ဝိုင်းဝိုင်းကို လည်နေတာ
အဲဒီလူတွေနဲ့ ယှဉ်လိုက်ရင် ကိုယ်က ဘာမှမဟုတ်တော့တဲ့
တစ်ယောက် ဖြစ်သွားပြီ၊ မီး ကိုယ့်ကို ဘာဖြစ်လို့ ချစ်လဲဆို
စဉ်းစားလို့တို မရဘူး"

"အင်း . . . အဲဒါတော့ မီးလည်းမသိဘူး ကိုကို၊ သူ့အလို
ချစ်သွားတာပဲ၊ မီးကိုယ်မီးတောင် အံ့ဩမိတယ်၊ မီးကို ဒီလော
ချစ်ပြီး အငမ်းမရလိုက်တဲ့ လူတွေကြားထဲမှာ ဒီလောက် ရှောင်
ရှောင်ဖယ်ဖယ်လုပ်နေတဲ့ ကိုကို့ကိုမှ မီး ဘာကြောင့် ဒီလောက်ချစ်
ရတာလဲလို့"

မီး စကားတထ်သည်ဟု စိတ်ထဲက ပြုံးပြီး မှတ်ချက်ချသ
ကျွန်တော့်ဘက်ကလည်း မီးကို ရှင်းပြသင့်သလောက် ရှင်းပြထ
လိုအပ်သည်ဟု တွေးမိသဖြင့် . . .

"ကိုယ် ရှောင်ဖယ်ရှောင်ဖယ် လုပ်တာမဟုတ်ပါဘူး မီး
ကိုယ် အမှန်အတိုင်း ဝန်ခံရရင် မီးကို မချစ်ရဲလို့ပါ၊ မချစ်
ကြောက်ပြီးရှောင်ရတိုင်း ကိုယ့်ရင်ထဲမှာ ဘယ်လောက် ခံ
တယ်ဆိုတာ မီး မသိပါဘူး၊ မီးနဲ့ပတ်သက်လို့ တွေးမိတိုင်း အား
တာဏ အရင်ဖြစ်ဖြစ်လာလို့ ကိုယ်ရှောင်မိတာပါ"

"ကိုကိုက ယောက်ျားဖြစ်ပြီး ဘာဖြစ်လို့ အားငယ်ရတာ
အဓိပ္ပာယ်မရှိဘူး"



"ရှိတာပေါ့ မီးရာ၊ သိပ်အဓိပ္ပာယ်ရှိတာပေါ့၊ ကိုယ့်ဘဝနဲ့
ပတ်သက်လို့ မီး ဘယ်လောက်သိလို့လဲ"

"အို . . . မီးက ကိုကို့ကိုချစ်တာပဲတာ၊ ကိုကို့ဘဝမှာ ဆင်းရဲ
တာ၊ ချမ်းသာတာ မီးနဲ့ ဘာမှမဆိုင်ပါဘူး မီး တစ်ခါမှ မစဉ်းစား
ဖူးဘူး"

"မဟုတ်ဘူး မီး၊ ဆင်းရဲတာ ချမ်းသာတာလောက်တင်
မဟုတ်ဘူး၊ မီး မသိတာတွေ အများကြီး ရှိသေးတယ်၊ မီးကို ကိုယ်
ပြောပြမယ်၊ ဒါ . . ကိုယ့်ရဲ့လက်ရှိဘဝအနေအထား မဟုတ်သေးဘူး
ကိုယ့်မိဘအသိုင်းအဝိုင်းနဲ့ ပတ်သက်လို့ မီးသိသင့်တဲ့ အချက်တွေ"

မီးက ကျွန်တော့်စကားများကို စိတ်ဝင်စားစွာ နားထောင်
သည်။

"အင်း . . . ဒါဖြင့် ကိုကို့ပြောပြ"

ဒီလိုမီး . . . ဟု အစချီ၍ ကျွန်တော့်အဖေနှင့် ပတ်သက်
သော ဇာတ်လမ်းများကို ကျွန်တော် အေးအေးဆေးဆေး ပြောပြ
သည်။

. . "အဖေရက်လည်တဲ့နေ့မှာ ကိုယ့်ကို အမေက မေးတာပဲ၊
ဒီတော့ ကိုယ် လူ့ဘဝထဲကို ရောက်လာတဲ့အချိန်မှာ ကိုယ်ဟာ
လူသတ်သမား ကျွန်းပြန်ထောင်ထွက်၊ လူများသတ်လို့ သေသွားတဲ့
လူဆိုးလူမိုက်တစ်ယောက်ရဲ့ သားအဖြစ်ကို ငြင်းလို့မရတော့ဘူး
အဖေကအဖေပဲ၊ အဲဒါကြောင့်လည်း အားငယ်မိတာ တစ်ပိုင်းပါမီး"

"ကြော် . . . ဒါတော့ ဘယ်တတ်နိုင်မလဲ၊ ဒါကြောင့် ကိုကို
ဘဝကို ကိုကို အားငယ်စရာမလိုပါဘူး၊ ကိုကို့ဖေဖေကလည်း သူ
မိုက်ချင်လို့ ဆိုးချင်လို့ ဖြစ်လာတာမျိုးမှ မဟုတ်တာ၊ သူ့နေရာမှာဆို

www.burmeseclassic.com

www.burmeseclassic.com



မီးလည်း သူ့လိုပဲ လုပ်မိမှာပေါ့”

“ဒါဆာ မီးတွေးတာကိုး၊ မီးရဲ့မိဘဆွေမျိုးအသိုင်းအဝိုင်း...
ကျတော့ မီးတွေးသလို ဘယ်တွေးတော့မလဲ”

“မပူပါနဲ့ ကိုကိုရာ၊ မီးကိစ္စကို မီးဘာသာ ဆုံးဖြတ်မှာ...
မီး သတ္တိရှိပါတယ်”

မီးက ကျွန်တော့်ရင်ခွင်မှ အကျႌကြယ်သီးလေးများ...
လှည့်၍ကစားရင်း ပြောသည်။ မီး၏အမူအရာက ဘယ်လိုပြဿနာ...
မျိုးနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ မှုတော့မည်မဟုတ်ဘဲ အရာရာ...
သတ္တိရှိရှိနှင့် ရင်ဆိုင်သွားရန် ဆုံးဖြတ်ချက်ချပြီးသားပုံရသည်။

“မီးလေး . . . တို့တို့အနားမှာ ဒီလိုပဲ တစ်သက်လုံး နေ...
တယ်၊ မီး ဆင်းရဲမှာလည်း မကြောက်ဘူး၊ ငတ်မှာလည်း မကြော...
ဘူး၊ တို့တို့နဲ့ ဝေးရမှာပဲ ကြောက်တယ်၊ ကိုကိုသာ မီးကို ပစ်သွား...
အဲဒီစိတ်နဲ့ မီးသေမှာပဲ”

စကားများက နွေး၍သာ တန့်မနေ၊ ရင့်ထဲအထိ စူးနစ်...
ရောက်သည်။ မီးကို ပွေ့ထားသည့်လက်များကို တင်းတင်းကျပ်ကျ...
လေး ပြင်လိုက်၏။

“စိတ်ချပါ မီးရယ်၊ မီးကို တစ်သက်လုံး ဘယ်တော့မှ ...
မသွားပါဘူး”

ဆောင်းလေရူးသည် ကျွန်တော်တို့နှစ်ယောက်ကြားမှ လုံး...
ဖြတ်မသွားနိုင်တော့။

ကို . . . ခနဲ အာရိုက်အုပ်သံ တစ်လမ်းလုံး ဆူညံသွားသည်။

“အမလေး”

ကျောနားကပ်၍ ကြားလိုက်ရသည်မို့ မီးကလည်း လန့်၍
အော်လိုက်သည်။ ကျွန်တော်လည်း ဖျတ်ခနဲ မီးကို ဖမ်းဆွဲ၍ ကိုယ်
နှင့်ကာလိုက်သည်။ အနားကပ်၍ ရပ်လိုက်သော ကားကိုလည်း
ဒေါသတကြီးဖြင့် လှည့်ကြည့်လိုက်၏။

“ဟာင်”

စိတ်ထဲတွင် ထိတ်သွား၏။ ရပ်ထားသော ကားပေါ်မှ မီး
ဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ဆင်းလာသူက . . .
ကျော်ဇေယျ။ မီး၏မျက်နှာလေး နီရဲသွားသည်။

“အဲဒါ ဘာလုပ်တာလဲ ကျော်ဇေယျ . . . ရမ်းလှချည်လား”

ကျွန်တော် တစ်စုံတရာ မတားဆီးနိုင်ခင်မှာပင် မီးက လှမ်း
ရန်တွေ့သည်။ ကျော်ဇေယျမျက်နှာ မှောင်မိုက်သွားသည်။

“ငါ ရမ်းတာလား၊ နင် ရမ်းတာလား စပယ်ပြူ နင် ဒါ
ဘာလုပ်တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဟာငါ ဘာလုပ်လုပ် နင်နဲ့မဆိုင်ဘူး၊ နင့်လှမ်း နင် အေ
အေးဆေးဆေးသွား ကျော်ဇေယျ၊ နင်နဲ့ငါ ဘာမှမပတ်သက်တော့
ဘူးလို့ ပြောပြီးပြီ"

"နင် မပတ်သက်တော့ဘူးဆိုတာနဲ့ ငါက ဒီအတိုင်း အေးသေ
လို့ ငြိမ်နေရမှာလား စပယ်ဖြူ၊ နင် ငါ့ကို ဘာအောက်မေ့လို့လဲ
နင့်ကစားစရာအရုပ် မဟုတ်ဘူး . . . အဲဒါ မြဲမြဲမှတ်ထား၊ နင်နဲ့ငါ
စာရင်းရှင်းစရာတွေ အများကြီးရှိသေးတယ်၊ နင် သတိထားနေ
ဒါပဲ"

ပြောပြောဆိုဆို ကားပေါ် ပြန်တက်၍ ကားတံခါးကို ဝုန်းခနဲ
ဆောင့်ပိတ်ပြီး ကားကို တရှိန်ထိုးမောင်းထွက်သွားသည်။ မီးထံ
ဒေါသတကြီး ရေရွတ်သံလေး ပေါ်လာ၏။

"တောက် . . . လူဝါးဝလိုက်တာ"

⁂

အွဲ့နှင်းသဘင်ခန်းမရှေ့ လမ်းခွဲမှနေ၍ ဘယ်ဘက်သို့ တွေ
သွားသော ကျော်ဇေယျကားလေးမှ မီးနီနီကို လှမ်းမြင်လိုက်ရ
သည်။

မီး၏မျက်နှာလေးရှုံ့မည်လည်း ထိုမီးလေးများကဲ့သို့ ဖြစ်နေ
၏။ ကျွန်တော် သက်ပြင်းတစ်ချက် ခပ်ဖွဖွချလိုက်ပြီး . . .

"မီး . . . ကိုကျော်ဇေယျကို ဘယ်လိုပြောထားခဲ့လို့လဲ"

"အို . . . သူနဲ့မီး ဘာဆိုင်တာမှ မဟုတ်ဘဲ၊ ဘာပြောစရာ
လိုမလဲ ကိုကိုရဲ့၊ ဘာလဲ ကိုကိုက မီးကို မယုံလို့လား"



သူ့ဒေါသ ပေါ်သွားစေခြင်းငှာ ကျွန်တော် တိုးတိုးရယ်လိုက်
သည်။

"ကိုယ့်ကို တလွဲမထင်ပါနဲ့ မီးရာ၊ ကိုယ်က ဒီအဓိပ္ပာယ်နဲ့
မေးတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာအဓိပ္ပာယ်နဲ့ မေးတာလဲ"

"ကိုကျော်ဇေယျကို ကြည့်ရတာ သိပ်ဒေါသထွက်နေပုံရ
တယ်၊ မီး သူ့ကို စော်ကားတယ်ဆိုပြီး သိပ်ခံပြင်းနေပုံလည်းရတယ်၊
သူ ရှက်တာ ဒေါသထွက်တာနဲ့ပေါင်းပြီး မီးကို သိပ်ပြီးသွားမှာ
စိုးရိမ်လို့"

"အို . . . ပြီးတော့ရော ဂရုစိုက်ရမှာလား၊ ဘာလဲ . . .
ကိုကိုက တွေးကြောက်နေပြန်ပြီလား"

"ဒီလောကမှာ ကိုယ်ကြောက်တာ မီး ကိုယ့်ကို မုန်းသွားမှာ
တစ်ခုပဲရှိတယ် မီး၊ အဲဒါကလွဲလို့ ကိုယ်ကြောက်တာ လောကမှာ
ဘာတစ်ခု၊ ဘယ်သူတစ်ယောက်မှ မရှိဘူး၊ အဲဒါနဲ့ မဆိုင်ဘူး၊ ကိုယ်
စိုးရိမ်တာက ကိုယ်မရှိတဲ့အချိန်မှာ မီးကို တစ်ခုခု ရန်ရှာမှာ စိုးတာ
ပါ"

"သူ ရှာချင်တိုင်းရှာလို့ရော ရမလားကိုကိုရယ်၊ တက္ကသိုလ်
ကျောင်းဆိုတာ စည်းမဲ့ကမ်းမဲ့ အရပ်ဒေသမှ မဟုတ်တာ၊ မီးကို
ဒေါသ ဒီလောက်ဖြစ်ရအောင် မီးတာ သူ့ကို ဘာလုပ်စားခဲ့လို့လဲ
ကိုကို့ကို မခံချင်တာနဲ့ သူနဲ့တွဲပြတာပဲ၊ မီးနဲ့သူနဲ့ ရည်းစားဖြစ်တာ
မှ မဟုတ်ဘဲ၊ သူက ရင်းနှီးအောင် မိတ်ဖွဲ့တာကို လက်ခံပြီး သူနဲ့
မိတ်ဆွေလိုပဲ ဆက်ဆံခဲ့တာပဲ၊ ဟိုသွားဒီသွား သွားတာလည်း
သူငယ်ချင်းလို သွားတာပဲ၊ နောက်ဆုံး သူက ရည်းစားစကားလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြောရော မီးလည်း သူတို့ ခွာလာခဲ့တာမဲ့ဥစ္စာ”

မီးဘက်ကတော့ သူ့ဟာနဲ့သူ ခိုင်လုံနေ၏။

သို့သော် ကျော်ဇေယျကတော့ ဒီမျှနှင့် ပြီးဆုံးသွားလိမ့်မည်ဟု မထင်မိ။ ပြဿနာကလည်း ဒီမျှနှင့် ပြီးဆုံးသွားလိမ့်မည်ဟု မထင်မိ။

လမ်းလျှောက်ရင်း တွေးလာမိသည်။

မန္တလေးဆောင် အဝင်ဝနားတွင် ကတ္တရာလမ်းသည် ချိုင့်ခွက် ခလုတ်ကနီသင်းများဖြင့် အတန်ငယ် ကြမ်းတမ်းနေ၏။

◆ ● ◆

သို့သော် ဒီတစ်ခါတော့ ကျွန်တော့်ထင်ကြေး မှားသွားပြီထင်သည်။ ကျော်ဇေယျနှင့် ထိုအခါ ဆုံမိသည်မှလွဲ၍ နောက်ထပ်ဘာပြဿနာမှ မဖြစ်တော့။

တစ်ပတ်လောက်အထိ ဘာမှထူးထူးခြားခြား ဖြစ်မလာသောအခါ ကျွန်တော်လည်း စိတ်အေးသွားသည်။ ဒီအတွက် ထိုကိစ္စကို ခေါင်းထဲ သိပ်ထည့်မထားတော့ဘဲ ဒီဇင်ဘာလတွင် ဖြေရမည့် ပထမနှစ်ဝက်စာမေးပွဲအတွက်သာ အထူးဂရုပြုလိုက်ကြသည်။

စာမေးပွဲဖြေပြီးသောအခါ ကျောင်းပိတ်သဖြင့် ကျွန်တော် ရွာပြန်ခဲ့သည်။

ညဘက်တွင် အိပ်ချင်စိတ်လည်း မရှိ တွေးချင်တာလေးတွေလည်း တွေးနေချင်သဖြင့် ရွာလယ်ချောင်းတမ်းပါးဘက်သို့ လျှောက်လာခဲ့သည်။ တွေးစရာ သိပ်အများကြီး ရှိလှ၍တော့ မဟုတ်။

ဒီခြားထဲမှာ တန်ဆောင်တိုင်ပွဲတော်တွင် လျှောက်လည်သည့် တစ်ညနှင့် စတိတ်ရှိုးတစ်ခု သွားကြည့်သောည နှစ်ညသာ

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ တွေးစရာ လွမ်းစရာ ရှိပါသည်။

လွမ်းစရာနေ့များကို ပြန်အစကောက်ခြင်းမို့ ထိုနေ့များကို မေ့ချန်ရစ်၍တော့ မဖြစ်။

စင်စစ် ထိုရက်များသည် ကျွန်ုပ်တော့်ဘဝတွင် အချစ်ဆုံး ရွှေထီးဆောင်းခဲ့သော ရက်များဝင်။

❀

"ကိုကို"

"ဘာလဲ မီး"

"ကိုကိုတို့အဆောင်က ညဘက် ထွက်လို့ရလား"

"ယောကျ်ားလေးဆောင်ပဲ မီးရ၊ ကိစ္စရှိရင်တော့ ထွက်လို့ရပါတယ်၊ ဘာဖြစ်လို့လဲ မီး"

မီးက ရှက်ပြုံးပြုံးသည်။

မျက်လွှာကို ချလိုက်ပြီးမှ မျက်ဝန်းလဲ့လဲ့ကို လှပစွာ ပြန်ဖွင့်၍ . . .

"တန်ဆောင်တိုင် လျှောက်ကြည့်မလို့"

"ဟာ ရတာပေါ့၊ မီးကို ကိုယ် ဘယ်မှာလာခေါ် ရမလဲ ပြော၊ မီးတို့အိမ် လာခဲ့ရမလား"

မီး မျက်လုံးလေး စိုင်းသွားသည်။

"အမယ်လေး . . . ရပါလိမ့်မယ်၊ အိမ်လာလို့ကတော့ မထွက်ရအောင့်အမြင် ဆော်ပလော်တီးတာတောင် ခံရဦးမယ်"

"ယောကျ္ာမကြီးတွေ မြော်ပြပေါ့ မီးရဲ့၊ ကိုကိုနဲ့ သွားမှာပါလို့"



ကျွန်တော်က ရယ်ပြောပြောသည်။ မီးက မျက်စောင်းထိုးလျက် . . .

"အဲဒီတော့ ပိုဆိုးမှာ . . . ငါတို့မွေးထားတာ သမီး တစ်ယောက်တည်း၊ ခုမှ ဘယ်က ကိုကိုတွေ ကက်ကက်တွေ ရောက်လာသလဲ ဆိုပြီး ကိုကို့ကိုပါ နဘန်ကျင်းလွှတ်မှာ"

ကျွန်တော် ရယ်လိုက်ပြီး . . .

"အင်း . . . ယောကျ္ာမတွေကတော့ ကိုယ့်ကို တော်တော် အထွာထားပုံရတယ်၊ ဒါဖြင့် မီးပြောလေ . . . ကိုယ် ဘယ်တိုလာရမလဲဆိုတာ"

"ဒီလိုလုပ်လေ . . . သန်ဘက်ခါညကျရင် ကိုကို အဆောင်မှာပဲ စောင့်၊ မီးဟာမီး အိမ်ကိုကြည့်ပြောပြီး ထွက်လာမယ်၊ ဦးလေးဟာစ်တလာကြီးကိုတော့ စည်းရုံးထားမှာပေါ့"

"ဖြစ်ပါ့မလား မီးရဲ့ . . . တော်ကြာ အဲဒီပုဂ္ဂိုလ်ကြီးက အိမ်ပြန်ပြောနေလို့ မီး ပြဿနာတက်နေဦးမယ်"

"ရပါတယ်၊ သူ့ကိုတော့ မီးက အသေပဲ၊ ရှုတ်ရှုတ်ရှုတ်ရှုတ် လုပ်ရင် နှုတ်ခမ်းမွေးနှစ်ဖက်ကို မီးနဲ့ရှို့ဝစ်မယ်"

နှစ်ယောက်သား ရယ်လိုက်ကြသည်။ ဦးလေးဟာစ်တလာကြီးဆိုသည်က မီးတို့အိမ်မှ ကားဆရာကြီးဖြစ်သည်။ အမည်ရင်းမှာ ဦးအောင်ဖြစ်သော်လည်း ဘယ်ကဘယ်လို ပေါက်နေမှန်းမသိသော နှုတ်ခမ်းမွေး တိုနံ့နံ့လေးက ဟာစ်တလာနှုတ်ခမ်းမွေးပုံ ဖြစ်နေသဖြင့် ဦးလေးဟာစ်တလာကြီး ဖြစ်နေခြင်းပင်။

မီးနှင့်ကျွန်တော်တို့ ဖြစ်နေခြင်းကိုလည်း နေ့စဉ်ကျောင်းလိုက်ပို့နေသူမို့ သူ မရိပ်မိစရာမရှိ။ မီးကိုလည်း ချစ်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုထိတော့ မီးက သူ့ကို စိတ်ချရသည်ဟုဆို၏။ သို့သော် ဒီတစ်ခါ ထွက်ပုံက ခါတိုင်းလို ကျောင်းသွားဟန်လွှဲ မဟုတ်ဘဲ ညဘက်မို့ ကျွန်တော် စိုးရိမ်ခြင်းဖြစ်သည်။

"ကဲ . . . ဘာများ ဆွေးနွေးစရာ ရှိသေးလဲကိုကို၊ ဘာမှ ဆွေးနွေးစရာ မရှိရင်လည်း အားလုံးသဘောတူ အတည်ပြုလိုက်တော့မယ်"

"ခဏနေပါဦး သဘာပတိမင်းရဲ့၊ တစ်ခု မေးပါရစေဦး"

"မေးနိုင်ပါတယ် . . . မေးနိုင်ပါတယ် . . . မေးပါ"

"တန်ဆောင်တိုင်ညကို သန်ဘက်ခါမဟုတ်ဘဲ ဒီညရွှေ့လို့ မရဘူးလားလို့"

"မောင်မင်းက ဘာလို့ရွှေ့ချင်ရတာလဲ"

"ကိုယ့်ရည်းစား ကိုယ်နမ်းဖို့ နှစ်ညလောက် စောင့်ရဦးမှာဆိုတော့ စိတ်မရှည်လို့ပါ သဘာပတိမင်းရယ်"

မီးမျက်နှာလေး ပန်းရောင်ပြေးသည်။ ကျွန်တော့်လက် မောင်းကို ရိုက်ပုတ်ရင်း . . .

"သွား . . ." ဟု ပြောသည်။

တန်ဆောင်မုန်းလ၏ တန်ဆောင်တိုင်ပွဲတော်သည် ခါတိုင်းကဲ့သို့ ခြောက်သွေ့ပျင်းရိဖွယ်ရှိတော့မည် မဟုတ်။

"ကိုကို . . . နောက်ကိုလာလေ"

ရွှေတံခါးကို လှမ်းဖွင့်လိုက်သော လက်များ တန့်ခနဲ ဖြစ်သွားသည်။



ဦးလေးဟစ်တလာနှင့် ကျွန်တော်က မျက်မှန်းတန်းမိရုံသာ ရှိသေးသည်မို့ သူ့ရှေ့တွင် မီးနှင့် နောက်ခန်း တစ်ထိုင်ခုံတည်း ထိုင်စီးဖို့ ကျွန်တော် သိပ်မရဲ။

"ရပါတယ် မီးရာ၊ ကိုယ်ရှေ့မှာပဲ ထိုင်ပါမယ်"

ထိုစဉ် ဦးလေးဟစ်တလာ၏လက်တစ်ဖက်သည် ရုတ်တရက် မြောက်တက်လာပြီး ကျွန်တော် ကိုင်ထားသည့် ရှေ့ခန်း တံခါးကို လှမ်းဆွဲသည်။

"မင်း တော်တော် အ,တဲ့ကောင်လေးပဲကွာ၊ ရှေ့ခန်းမှာ ငါနဲ့လာထိုင်ပြီး မင်းက ဘာလုပ်မယ်စိတ်ကူးလို့လဲ၊ လသာတုန်း ဗိုင်းငင်တဲ့၊ သွား . . . သွား . . . နောက်ခန်း သွားစမ်း"

သူ့ . . . ပြုံးနှင့် သူ့စကားကြောင့် ကျွန်တော်ပြုံးသည်။

မီးက သူ့ကို လှမ်းရိုက်ရင်း . . .

"ဦးလေးကလည်း ဘာမှန်းလဲမသိဘူး"

"ဦးလေးက နင့်ကောင်လေး အ,လို့ပြောတာ စပယ်ဖြူရဲ့ ဒီမယ့်ပို့ ကူးတို့ရောက်အောင်ပို့ရတယ် . . . တဲ့"

ကျွန်တော် ရယ်ပြီး နောက်ခန်းတံခါးကို ဖွင့်၍ မီးဘေးတွင် ဝင်ထိုင်သည်။ မီးထံမှ သင်းပျံ့သော ရနံ့လေးများက ရင်ခုန်အောင် လာတို့ထိသည်။

"ကဲ . . . သွားမယ် ဦးလေး"

"အေးပါကွာ . . . အချိန်တန်ရင် [illegible] ကန်ရမယ့်နှမ်း လေး သိပါတယ် . . . ဟဲ . . . ဟဲ"

ကားလေးက ဝူးခနဲ မောင်းထွက်သည်။

www.burmeseclassic.com



မီးက ကျွန်တော့်လက်မောင်းကို လာဆိတ်၏။

"ကောင်းတယ် . . . အဲ့တယ် ပြောတာတောင် နည်းသေ တယ်၊ ဘာမှန်းလဲ မသိဘူး၊ ဘာလို့ ရှေ့ခန်း သွားရတာလဲ"

"ကိုကိုမှ မသိဘဲ မီးရဲ"

"အေးပေါ့ကွာ၊ ဆရာ့မပြု နည်းမကျပေါ့၊ ဘာမှ မပူ ဦးလေး သင်ပေးမယ်"

"အဲတော့ . . . ကြားပြန်ပြီ"

မီးရော၊ ကျွန်တော်ရော၊ ဦးလေးဟစ်တလာပါ ရယ်ကြသည် စကားပြောလျှင် စကားပုံမပါဘဲ မပြောတတ်မှန်း ခုမှသိသ ဦးလေး ဟစ်တလာသည် သဘောလည်း များစွာကောင်းကြော ခုမှသိရ၏။

လင်းလင်းလက်လက် မီးရောင်များ မှေးမှေးစားစား မှ ရသေးခင် ဦးလေးဟစ်တလာက ကားကိုရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ ဦးလေး"

"ဆက်သွားလို့မရတော့ဘူး သမီးရဲ့၊ ရှေ့မှာ လမ်းပိတ်ထ လိုက်ပြီ၊ ဖြစ်သမျှအကြောင်း အကောင်းလို့ သဘောထားပေ ဦးလေး ဒီကပဲ စောင့်နေမယ်၊ မင်းတို့ဘာသာမင်းတို့ လွတ်လွ လပ်လပ်သွားကြတော့"

ကားရပ်သည့်နေရာက သိမ်ကြီးဈေး ဒီရှေ့၊ သွားရ နေရာက လမ်းမတော်ဘက်မို့ ခရီးက လိုသေးသည်။



မဟာဗန္ဓုလလမ်းပေါ်တွင် ပွဲကြည့်သူများ လျှောက်နေကြ သည်။ ကားအသွားအလာ ပိတ်ထားသဖြင့် ကားတော့ တစ်စီးမှ မရှိ။ ခရီးခပ်လှမ်းလှမ်းကို သယ်ပို့နေသော ဆိုက်ကားများသာ ရှိ သည်။

မီးနှင့်ကျွန်တော် စိတ်ကူးတစ်မျိုးရ၍ ဆိုက်ကားတစ်စီးကို လှမ်းတားပြီး နှစ်ယောက်ထိုင်လိုက်သည်။

ပွဲသွားသူများအထဲတွင် ထင်ထင်လင်းလင်းကြီး ဆိုက် ကားပေါ် ထိုင်လာရသဖြင့် ရှက်သလိုလိုလည်း ဖြစ်သည်။ မီး အသိုင်းအဝိုင်းက တစ်ယောက်ယောက် မြင်သွားမှာလည်း စိုးသည်။

သို့သော် . . . ဟိုဘက်ခရီးက ကျွန်တော်တို့နှစ်ယောက် တျော့ချင်းကပ်ပြီးသားမို့ စိတ်ညစ်စရာတော့ မဖြစ်။

www.burmeseclassic.com

ငမိုးရိပ်ချောင်းရေပြင်က လရောင်ဖြင့် လင်းလက်နေသည်

နတ်တော်လပြည့်ကျော်ပြီမို့ ချောင်းရေသည် အလွန်အကျ
မှ ဒူးဆစ်သာသာမျှသာ နက်တော့သည်။ အနောက်ဘက်ကမ်းမှ
သောင်ခုံသည် နှင်းမှုန်မှုန်များအောက်တွင် ဖွေးဖွေးစင်စင်
အိပ်မောကျနေ၏။

စင်စစ် . . . တစ်ရွာလုံးတွင် ဒီအချိန် အိပ်မပျော်သူမှာ
ကျွန်တော်တစ်ယောက်မှလွဲ၍ တခြားသူ ရှိလိမ့်မည်မဟုတ်ဟု
ထင်သည်။ တစ်လောကလုံးတွင်တော့ ကျွန်တော် မပြောဝံ့။

မီးတစ်ယောက် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် အိပ်စက်
အနားယူပါစေ၊ လှပသော အိပ်မက်နွေးနွေးလေးများ မက်နေပါ
စေ . . . ဟု စိတ်ထဲမှ တိုးတိုး ဆုတောင်းမိ၏။

ညဥ့်နက်ပိုင်းကျလာသော နှင်းမှုန်များနှင့် အအေးဒဏ်
ကြောင့် ကျွန်တော် ခေါင်းစွပ်ကို လုံအောင် ဆွဲဖုံးလိုက်ပြီး အိတ်ထဲ
တွင် ထာဝရရှိနေသော နွာရှူဆေးကို ထုတ်ယူ၍ ရှူလိုက်သည်။

အကြည့်သည် အဝေးသို့ ပျံ့လွင့်သွားပြန်သည်။



နေ့ခင်းက ဆရာတော် ဆွမ်းစားအပြီးတွင် မိန့်သော . . .
စကားများ နားထဲတွင် ပြန်ကြားယောင်လာ၏၊

"လောကမှာ လူဆိုတာ ကိုယ့်စိတ်ကို ကိုယ်နိုင်ဖို့ လိုအပ်
တယ် အေးချမ်း၊ စိတ်ဆိုတာမျိုးက ဒီအတိုင်း လွှတ်ပေးထားလို့
ရကောင်းတာမျိုး မဟုတ်ဘူး၊ အထိန်းအသိမ်းရှိရတယ်၊ အလုပ်
တစ်ခုကို စိတ်က လုပ်ချင်လာပြီဆိုရင် ဦးနှောက်က ချက်ချင်း
ဝေဖန်၊ ဒါ လုပ်သင့်လား မလုပ်သင့်လား ဆုံးဖြတ်၊ မလုပ်သင့်ဘူး
ဆိုရင် လုပ်ချင်တဲ့စိတ် ဆန္ဒ၊ အာသီသတို့ ထိန်း၊ သိုးမလုပ်ရ၊
အဲ . . . လုပ်သင့်ပြီဆိုရင်တော့ မလုပ်ချင်တဲ့စိတ်၊ မလုပ်ရဲတဲ့စိတ်၊
ကြောက်စိတ်၊ စိုးရိမ်စိတ်တွေကို ဖျောက်၊ လုပ်ဖြစ်အောင်ကို လုပ်ရ
မယ်၊ စိတ်နိုင်တယ်ဆိုတာ အဲဒါကို ခေါ်တာ"

ဆရာတော်သည် ကျွန်တော့်ရင်ထဲက ကျွန်တော် မနိုင်မနင်း
ဖြစ်နေသော စိတ်များကို ဖောက်ထွင်းမြင်တော်မူပြီဟု ကျွန်တော်
ယူဆသည်။ ထိုဩဝါဒစကားများသည် တိကျစွာ လမ်းညွှန်ပေး
လိုက်ခြင်းလည်း ဖြစ်သည်ဟု နားလည်လိုက်သည်။

ကျွန်တော် တစ်ခုခုတော့ လုပ်သင့်ပေပြီ။

အမှန်တော့ ဘာလုပ်ရမည်ဆိုသည့်ကိစ္စကို ကျွန်တော် မဝေ
ခွဲနိုင် ဖြစ်နေသည် မဟုတ်၊ ကျွန်တော် လုပ်ရမည့်ကိစ္စကို ပြတ်ပြတ်
ထင်ထင် သိနေသည်မှာ အတော်လေး ကြာပြီ ဖြစ်သည်။ မလုပ်
ဖြစ်ခြင်းမှာ ကျွန်တော့်စိတ်ကို ကျွန်တော် မနိုင်၍ ကြောက်နေ၍
ပင်။

မီးကို ပွင့်ပွင့်လင်းလင်း ပြောပြသင့်သည့် ကိစ္စများကို ပြော
ပြခြင်းဖြင့် ပြဿနာ၏ အဆုံးအဖြတ် ရနိုင်သည်ကို သိလျက်

www.burmeseclassic.com



ကျွန်တော် မပြောရဲခဲ့။ တစ်နည်းအားဖြင့် မပြောရက်ခဲ့။

အတယ်၍ ပြောလိုက်ပါက မီး အားလျော့သွားမည်ကို စိုးရိမ်ခဲ့သည်။ မီးအား ခေါင်းရှုပ်ဖွယ် စိတ်မချမ်းမြေ့ဖွယ်ကိစ္စတစ်ခု ပြောပြရမလို ဖြစ်နေ၍ ဝန်လေးနေမိသည်။

မီးနှင့် ကျွန်တော့်အကြား ရှိနေသော ပျော်ရွှင်မှုလေးများ ရွတ်တရက် ဆိတ်သုဉ်းပျောက်ကွယ်သွားမည်ကို စိုးရိမ်နေမိသည်။

မီးရင်ထဲမှာ မျှော်လင့်ချက်ရောင်ခြည်လေးများကို ရုတ်ခြည်းမှောင်မိုက် ပျောက်ကွယ်သွားအောင် ကျွန်တော် မလုပ်ရက်။

ဤကိစ္စကို တွေးမိတိုင်း မီးနှင့်ကျွန်တော် ပျော်ရွှင်ခဲ့ပုံလေးများ၊ မီး၏ရည်ရွယ်ချက်ကို ဖော်ပြသော မီး၏စကားလေးများ ကြားယောင်သည်။

ကျွန်တော့်အတွေးသည် အပျော်ရက်ကလေးများထဲ ပြန်ရောက်ရပြန်၏။

"ကိုကို . . . ပျော်လားဟင်"

မီးက ကျွန်တော့်လက်မောင်းကို တွဲရင်း မေးသည်။

ကျွန်တော်က ဇာတ်စင်ပေါ်မှ ဟာသပြကွက်တစ်ခုနှင့်အတူ ရော၍ ပြုံးပြီး . . .

"ပျော်တာပေါ့ မီးရယ်၊ ဘဝမှာ ဒီလောက် တစ်ခါမှ မပျော်ဖူးဘူး၊ စိတ်ထဲမှာ အားလုံးပြည့်စုံနေသလိုပဲ"

"မီးလည်း အဲလိုပဲ ကိုကို . . . ကိုကိုနဲ့ အမြဲတမ်း အခုလို



လျှောက်သွားနေချင်လိုက်တာ"

မီး၏ အရိုးခံစကားလေးများကြောင့် ကြက်သီးမွေးညင်းလေးများပင် ဖြန်းခနဲထသည်။ ကြည်နူးလွန်းသဖြင့် မျက်ရည်များပင် ဝိုင်းသွား၏။

နှစ်ယောက်သား ဆိုက်ကားတစ်စီးနှင့် သိမ်ကြီးဈေးရှေ့မှ စီးလာခဲ့ပြီး လမ်းမတော် မရောက်ခင် လသာလမ်းထိပ်တွင် ဆင်းသည်။ လသာထိပ် ဇာတ်စင်မှစ၍ လူအုပ်ကြီးတိုးရင်း တစ်စင်ပြီး တစ်စင် လျှောက်မော့နေခြင်းပင်။

ချမ်းသာသော ကုန်သည်ရပ်ကွက်မို့ ကနေသည့် စင်များကလည်း တကယ့်အကောင်းစားမှ အကောင်းစားတွေချည်း ဖြစ်၏။ လမ်းမတော်ထောင့်စင်တွင် နာမည်ကြီးအဆိုတော်များ သိုက်သိုက်မြိုက်မြိုက် ဖျော်ဖြေနေသဖြင့် လူအုပ်သည်လည်း မနည်းလှ။

ကျွန်တော်တို့နှစ်ယောက် လမ်းဘေးက တိုက်တစ်တိုက်၏ လှေကားထောင့်ချိုးတစ်ခုတွင် ခိုစရာရလိုက်သဖြင့် နေရာကောင်းမှ ကြည့်နေရသလို ဖြစ်နေသည်။ မီးက ကျွန်တော့်လက်မောင်းကို သူ့လက်ကလေးဖြင့် ပိုက်ထား၊ ကျွန်တော့်ပခုံးတွင် ခေါင်းမှီပြီး ကြည့်သည်။ မီးဆံပင်မှ သင်းပျံ့ပျံ့ ရနံ့လေးများသည် ရင်ခုန်စရာကောင်းလှ၏။

မီးပခုံးလေးကို ကျွန်တော် ကျစ်ကျစ်လေး ထွေးပိုက်သည်။

"ခုလို နှစ်ယောက်သား ထင်ထင်ပေါ်ပေါ်ကြီး လျှောက်သွားနေတာ မီးမကြောက်ဘူးလား"

"အင်း . . . ကိုကိုကလည်း ဘာကြောက်စရာရှိလို့လဲ"

"မီးကိုသိတဲ့ လူကြီးတစ်ယောက်ယောက်က တွေ့သွားပြီး

www.burmeseclassic.com

မီးအိမ်တို့ သွားတိုင်မှာတို့ ဘာတို့ပေါ့"

"တွေ့ချင်လည်း တွေ့ပစေပေါ့ ကိုကိုရာ၊ ဘယ်တတ်နိုင်မလဲ၊ သူတို့တွေ့လို့ ပြဿနာဖြစ်လာတော့လည်း ဖြစ်တော့မှ ရှင်းတာပေါ့၊ အဲဒါ တွေးကြောက်ပြီး ရှောင်ရရင် ဘယ်ကိုမှ သွားလို့ဖြစ်မှာ မဟုတ်တော့ဘူး"

ကျွန်တော်က ပြုံးရမြန်သည်။

"ပြဿနာဖြစ်လာရင် မီး ဘယ်လိုရှင်းမလဲ"

"ဘယ်လိုမှ မရှင်းဘူး၊ ဟုတ်တယ်လို့ပဲ ပြောမှာပဲ၊ ဆူချင်လည်း ဆူ၊ ရိုက်ချင်လည်း ရိုက်ပေါ့"

"ဆူရုံရိုက်ရုံကမလား မီးရဲ့ ကိုယ့်ကို တစ်ခါတည်း ဖြတ်ခိုင်းမှာပေါ့၊ ဒါမှမဟုတ် သူတို့ သဘောတူတဲ့သူ တစ်ယောက်ယောက်နဲ့ အတင်းပေးစားမှာပေါ့"

"အဲဒီတော့လည်း လွယ်ပါတယ် ကိုကိုရယ် . . . မီး ကိုကို့ဆီ တအားပြေးလာခဲ့မှာပေါ့၊ ကိုကိုက မီးကို သူတို့နဲ့ လွတ်လွတ်တင်း ကင်း တစ်နေရာကို ခိုးပြေးပေါ့"

"မီးတာ တကယ်လိုက်မှာမို့လား"

"လိုက်မှာပေါ့၊ ကိုကိုသာ မီးကို ခွဲချင်ခွဲနိုင်မှာ၊ မီးက ကိုကို့ကို ဘယ်တော့မှ မခွဲဘူး . . . သိလား"

စင်ပေါ်မှ တူရိယာပစ္စည်းဝေါင်းစုံဖြင့် ကြိုးကြိုးစားစား တီး ခတ်နေသော ဂီတသံသည် မီး၏တစ်ခွန်းတည်းသော စကားသံ နောက်တွင် များစွာညံ့ဖျင်းသိမ်နုပ်သွား၏။



"ဘယ်နှစ်နာရီထိုးပြီလဲ ကိုကို"

"ဆယ်နာရီ မီး . . . ဘာဖြစ်လို့လဲ၊ ပြန်ချင်လို့လား"

"တင့်အင်း . . . ပြန်ချင်ပါဘူး၊ ဒီမှာ ကြည့်နေရတာ ပျင်း လာလို့၊ ဘယ်သွားရကောင်းမလဲ စဉ်းစားနေတာ"

"မီး အိမ်ကို ဘယ်အချိန်ပြန်မယ်လို့ ပြောခဲ့လဲ"

"မသိဘူးလို့ ပြောခဲ့တယ်၊ သူငယ်ချင်းတွေလည်း လျှောက် သွားမယ်၊ သူတို့ပြန်ချင်တဲ့အချိန်မှ ပြန်လာမယ်၊ ဘာမှ စိတ်မပူနဲ့ လို့ ပြောခဲ့တာ"

"ဒါဆို ဘုရားသွားမယ် မီး၊ မသိုးသက်န်းပြိုင်ပွဲ ရှိတယ်"

မီးအမူအရာလေး တက်တက်ကြွကြွ ဖြစ်သွားသည်။

"အင်း . . . သွားမယ်၊ ကိုကို . . . မီး သေချာမကြည့်ဖူး ဘူး"

နှစ်ယောက်သား ကားကလေးဆီ ပြန်လာပြီး ရွှေတိဂုံဘုရား ဘက် ထွက်ခဲ့ပြန်၏။

ဘုရားပေါ်တွင် တစ်နာရီကျော်ကျော်လောက် ရတ်ကန်းခွင် ကိုကြည့်ပြီး အာဇာနည်ကုန်းမုခ်ဘက်မှ အညောင်းပြေ မီးမီး လျှောက်စကားပြောရန် ဆင်းလာသောအခါ ဆယ့်နှစ်နာရီထိုးခါ နီးနေပြီ။

"တော်တော်ချမ်းနေပြီနော်"

www.burmeseclassic.com



ဘုရားပေါ်တို့ပွဲခင်းထဲတို့တွင် လူအုပ်ကြားမှ မသိသာသော်လည်း တွင်းမြှုပ်ဘက်သို့ ရောက်လာသောအခါ အအေးဓာတ်က သိသိသာသာ သိပ်သည်းလာသည်။ မီးက သူ့ထမ္မိန်ဖာ အနွေးထည် ကြည့်ပြာလေးကို တင်းတင်းစေ့ရင်း ဟုတ်တယ်ဖေ့ ပြန်ပြောသည်။

မသိုးသက်နီးပြိုင်ပွဲ လုမ်သည်က ရင်ပြင်တော်ပေါ်တွင်ဖြစ်၍ ကျွန်တော်တို့ရောက်နေသော မြောက်ဘက်မုခ်ခြေရင်းတွင် လူသူရှင်းနေသည်။ လရောင်ဖြင့် လင်းထိန်နေသောကြောင့်သာ။ နို့မို့ ဒီအချိန်ဖြတ်လျှောက်ဖို့ အတော်သတ္တိမွေးပေးရပေမည်။

အဲ . . . လူမရှိဘူးဆိုသည့်တိုင် လုံးလုံးမရှိတော့ မဟုတ်။ ဘုရားဘေးမှ ဖတ်၍ ဆင်းလာပြီး၊ ဦးဝိစာရလမ်းနှင့် သွားဆုံသော လမ်းတစ်လျှောက် လမ်းဘေးသစ်ပင်ရိပ်များတွင် ကျွန်တော်တို့လို စုံတွဲ နှစ်တွဲ သုံးတွဲလောက် ရှိနေကြသည်။ တချို့က ပါးချင်းကပ်လျက်၊ တချို့က ထွေးထွေးနွေးနွေး . . . အချိန်နှင့် နေရာ၏ လှပသာယာမှုလေးများ ပေါင်းလျက် ရင်ထဲတွင် သွေးနွေးနွေးလေးများ အခုန်မြန်လာသည်။

"မီး . . . ဟိုမှာကြည့်စမ်း"

မီးက ကျွန်တော်ပြသော အတွဲလေးများဆီ လှမ်းကြည့်သည်။ ပြီးမှ ရှက်ပြုံးဖြင့် ကျွန်တော့် လက်မောင်းကို ထုရိုက်၍ . . .

"အဲဒါ . . . ဘာဖြစ်လဲ"

"အားမကျဘူးလားလို့ မေးမလို့"

"သွားပါ . . . မကျပါဘူး"



မီးလည်း ကျွန်တော့်လိုပင် ရင်ခုန်နေမည် ထင်သည်။ အသံလေးပင် မသိမသာ တုန်ရင်နေ၏။ နှစ်ယောက်ကြားရှိ အကျပ်အတည်းလေး ပြေလျော့သွားစေခြင်းငှာ ကျွန်တော် ရယ်လိုက်သည်။

"ဘာရယ်တာလဲ"

ရော် . . . ရယ်ခါမှ အဓိပ္ပာယ်တစ်မျိုး သက်ရောက်သွားမြန်ပြီထင်သည်။

"ဘာမှမဟုတ်ပါဘူး မီးရ . . . သဘောကျလို့ပါ"

"ဘာသဘောကျလို့လဲ . . . ကိုကိုနော်"

ရင်ထဲတွင် နွေးနွေးလေး ခံစားရသည်။ မီးပခုံးလေးကို ဖက်၍ လရောင်ကွယ်သော သစ်ပင်ရိပ်လေးဆီ ဦးတည်ရင်း . . .

"လာပါ မီးရာ ဒီနား . . . လာပါဦး"

မီးကိုယ်လေး မသိမသာ တုန်ခါသည်။

"ဟင့်အင်း . . . ကိုကိုရယ် . . . မီး ကြောက်တယ်"

သို့ရာတွင် မီးသည် ပြင်းထန်စွာတော့ မငြင်း။

အေးစက်ငြိမ်သက်သော လေထုထဲတွင် သင်းပျံ့သော သာရနံ့များ မွှေးပျံ့သည်။

ဆောင်းတွင်းညသည် အေးလွန်းချမ်းလွန်းသည်ဟု မည်သူ ပြောခဲ့ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com

"ကိုကို . . . သိပ်ဆိုးတာပဲကွာ"

မီးက ကျွန်တော့်ရင်ကို တွန်းရင်း မျက်စောင်းလှလှဖြင့် ပြောသည်။

ကျွန်တော်က သစ်ပင်ကို မှီရပ်နေရာက ပြုံးရင်း . . .

"ကိုယ်က သူတို့လောက် မဆိုးပါဘူး မီးရာ"

"အမယ် . . . ဆိုးချင်လို့ရော ရမလား၊ ကိုကို့ရင်ဘတ်ကြီး ကွဲသွားအောင် မီး ထုပစ်မှာပေါ့"

"ဒါဖြင့် အရင်ထုထားကွာ . . . ကိုယ်က ပြောလို့ရတာ မဟုတ်ဘူး၊ နေရင်းထိုင်ရင်း ဆိုးချင်စိတ် ပေါက်ချင်ပေါက်လာမှာ၊ ဒီမှာတွေ့လား . . . ရင်တွေ အရမ်းခုန်နေတယ်"

မီး လက်ကလေးကို ကျွန်တော့်ရင်ပေါ် တင်ရင်း ပြောသည်။ မီးက ရယ်သည်။ ကျွန်တော့်လက်မောင်းကို ဆိတ်ဆွဲ၍ ကျွန်တော် အနွေးထည်အိတ်ထဲသို့ လက်နှိုက်၍ ဗစ်ထရီနှာရှူဘူးလေး ဆွဲထုတ်သည်။ အဖုံးဖွင့်၍ နှာဝတွင် ကပ်နေးပြီး . . .

"ရှော . . . ဒါ ရှူထား၊ ဒီနေ့ သူ ဘယ်လိုက်နေမှန်း မသိဘူး"



နှစ်ပေါက်သား သဘောကျစွာ ရယ်သည်။

ကျွန်တော် ဇနေမှန်း သူ သိပါသည်။ ဒီလောက် လှပသန့်ရှင်းသော ညလေးသည် ညစ်နွမ်းစရာ ဖန်တီးရန်အတွက် များစွာနှမြောဖို့ကောင်းသော ညကလေး ဖြစ်၏။

"ကဲ . . . ထိုင်မယ် . . . ညောင်းတယ်"

မီးက ကျွန်တော့်ဘေးတွင် ဆောင့်ကြောင့်ကလေး ထိုင်သည်။

လွတ်လပ်သန့်ရှင်းသော လေအေးသည် ရင်ထဲသို့ အေးမြစွာ ဝင်ရောက်လာ၏။

"ကိုကို မြန်မြန်ဘွဲ့ရရင် သိပ်ကောင်းမှာပဲနော်"

"ကိုယ်လည်း အဲလို ဖြစ်ချင်ပါပြီ မီးရာ . . . တစ်သက်လုံး မီးနဲ့ စိတ်ချလက်ချ အတူတူနေချင်တာပေါ့"

"အရမ်းလည်း နေချင်မနေနဲ့ဦးနော် ဆရာကြီး၊ မီးလည်း ကျောင်းပြီးအောင် တက်ချင်သေးတယ်၊ ခုမှ ပဆမနှစ် ရှိသေးတာ"

မြက်ခင်းများက နှင်းဖြင့် စိုစွတ်နေသည်။ ခင်းထိုင်စရာ ဘာမှမပါသဖြင့် ကျွန်တော်တို့ ဆောင့်ကြောင့်လေးများနှင့်ပင် စကားပြောကြသည်။

"သုံးနှစ်တော့ စောင့်ရမှာပေါ့ မီးရာ"

"ဒီကြားထဲမှာ ဘာမှမဖြစ်ချင်ဘူး ကိုကိုရာ၊ ဘာပြဿနာမှ မတက်ဘဲ အေးအေးဆေးဆေး နေသွားချင်တယ်၊ မီးလ အမြဲတမ်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်ကြည့်တယ် . . . ကိုကိုလည်း ဘွဲ့ရ မီးလည်း ဘွဲ့ရ၊ နှစ်ယောက်စလုံး ကိုယ့်အလုပ်နဲ့ကိုယ် ဖြစ်သွားပြီဆိုရင် မီးတို့ ဘာမှ ပူစရာ မလိုတော့ဘူး"

"အယ့်နှယ့်မပူရမှာလဲ မီးရ . . . ပူတော့ပူရမှာပေါ့"

"ဟော့ . . ကိုကိုနော် . . ဘာတွေ လျှောက်ပြောနေတာလဲ"

မီးက မျက်လုံးလေးမှိတ်၍ အော်ပြီး ကျွန်တော့်ကို တွန်းသည်။

ရယ်လည်း ရယ်စရာ ကောင်း၏။

❀

သက်ပြင်းနှင့်အတူ သတိပြန်ဝင်သည်။

ငမိုးရိပ်ချောင်းတာမ်းပါးသို့ ကျွန်တော့်စိတ်များ ပြန်ရောက်လာပြန်သည်။

ဒီနေ့ နေ့စွဲကို ပြန်စဉ်းစားလိုက်ပြီး ကျောင်းဖွင့်ရက်ကို လက်ချိုး၍ ရေကြည့်သည်။

ငါးရက် . . ခြောက်ရက် . . ခုနစ်ရက် သိပ်တော့မလိုတော့။

တစ်ပတ်ကျော်လျှင် မီးနှင့် ကျွန်တော် ပြန်တွေ့မည်။

မီးကို ပြောရမည့်စကားများ ရင်ထဲတွင် စီစဉ်ကြည့်၏။

❀ ❀ ❀

ကျွန်တော်ပြောရမည့် စကားများကို ကျွန်တော် ခြောက်တန်းအောင်သောနှစ်က စရမည် ဖြစ်သည်။

ခြောက်တန်းအောင်၍ ခုနစ်တန်းမတက်မီ ကျောင်းပိတ်ရက်တွင်ပင် အမေ ကျွန်တော့်ကို ကျောင်းထုတ်ပစ်ဖို့ ဆုံးဖြတ်သည်။

အဖေဆုံးပြီး နောက်ပိုင်းတွင် အမေသည် ကျွန်တော်တို့ သားအမိ၏ တစ်ဝမ်းတစ်ခါးကို အိမ်ဈာကာလည်း၍ ဈောက်တို့မယ်ရ အခိုင်းခံပြီး ထိန်းကျောင်းခဲ့သည်။

အဖေဆုံးစဉ်က အမေသည် မွေးစပေါက် ကျွန်တော့်ကို ရင်ခွင်ပိုက်၍ အကူအညီတစ်ခုခု ရလိုရငြား ရန်ကုန်ရှိ ဦးလေးတို့ ထံသို့ သွားခဲ့သည်ဆို၏။

ထိုအခါ ဦးလေးက ငွေငါးဆယ် ထုတ်ပေးလိုက်ပြီး . . .

"တို့မှာလည်း တွင်းထဲကငွေတွေ ထွက်နေတာ မဟုတ်တော့ ခဏခဏလာပြီး ဒုက္ခမပေးနဲ့ပေါ့ဟာ၊ လူတိုင်းမှာ ကိုယ့်အပူနဲ့ကိုယ် ရှိနေကြတာပဲဥစ္စာ၊ ဒီလိုပဲ တို့ယ့်နည်းကိုယ့်ဟန်နဲ့ ပြေရှင်းမှ ဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့" ဟု တင်းသောမျက်နှာနှင့် ဆိုခဲ့သည်။

ထိုအခါကစ၍ အမေ နောက်ထပ်မသွားတော့။

အိမ်အကာမှာ သဇ္ဇါသရွေ ပေးသမျှကမ်းသမျှလေး ကျွေးသမျှ ဆင်သမျှလေးဖြင့် အမေသည် ကျွန်တော့်ကို ကြီးပြင်းအောင် မွေးမြူခဲ့သလို၊ ဖြစ်သည့်နည်းဖြင့် ကုတ်ကတ်၍ သင်စေခဲ့သည်။

ခက်ခဲသည်ဆိုစေကာမူ မဖြစ်နိုင်ဟူ၍တော့ မရှိခဲ့။ ခြောက်တန်းအောင်သည်အထိ ရှောရှောရှူရှူမဟုတ်သည့်တိုင် ဆိုက်ဆိုက်မြိုက်မြိုက်တော့ ရောက်လာခဲ့သည်။

တကယ်ပြဿနာတက်သည့်အခါတွင်မူ အမေလည်းမတတ်နိုင်တော့။ အခြေအနေကလည်း ကျွန်တော့်ကို ကျောင်းမထုတ်လျှင် မဖြစ်သည့် အခြေအနေ။

ထိုနေ့က ရွာထဲရှိ အိမ်လေးငါးဆယ်မှ ခြင်ထောင် လေးငါးလုံးကို စုလျှော်ပေးရန် နေပူကျဲတဲကြီးတွင် ချောင်းစပ်သို့ အဝတ်သွားလျှော်သည်။

ညနေစောင်း အိမ်ပြန်လာတော့ အမေက သိပ်နေမကောင်းချင်ဟု ပြောသည်။

ထို့နောက် ကျွန်တော့်ကို ညနေစာ ထမင်းချက်ခိုင်းပြီး အိမ်ရှေ့ကြမ်းပြင်တွင် ဝါးခြမ်းခေါင်းအုံးလေး ခု၍ လှဲသည်။ ထမင်းအိုးတည်ပြီး ကျွန်တော် တဲပေါ် ပြန်တက်သွားတော့ အမေအိပ်နေဆဲ။

အမေ့ကိုယ်များ သိပ်ပူနေသလား၊ အဖျားများသိပ်တက်နေလား စမ်းရန် ကျွန်တော် အမေ့နဖူးကို လက်ဖြင့်စမ်းကြည့်သောအခါ အမေ့တစ်ကိုယ်လုံး ရေခဲတုံးကဲ့သို့ အေးစက်နေသည်။

ကျွန်တော် အလန့်တကြားဖြင့် အမေ့ကို လှုပ်နိုးသောအခါ



အမေ့ကို နိုးလို့မရတော့။ ကျွန်တော် များစွာထိတ်လန့်ချောက်ချား၍ အော်ဟစ်ငိုယိုပြီး တဲနှင့်အနီးအနားမှ လူများထံ သွားရောက်ပြောသောအခါ ရွာထဲမှ လူကြီးတချို့ လိုက်လာသည်။ အမေ့ကို ငုံ့ခန်းကြည့်ရှုပြီး လေဖြတ်သွားတာဖြစ်မယ်။ အသက်တော့ ရှိသေးတယ်။ ဆေးရုံမြန်မြန်ပို့မှ ဖြစ်မယ် . . . စသဖြင့် ပြောဆိုသံများ ကြားရသည်။

ထို့နောက် ကျွန်တော့်ကို ချော့မော့ထားခဲ့ပြီး အမေ့ကို စောင်ဖြင့် ပြုလုပ်ထားသော ပုခက်ကြီးတစ်ခုတွင် ထည့်၍ ဝါးလုံးတစ်လုံးဖြင့် လူနှစ်ယောက်ထမ်းပြီး ဆေးရုံပို့သည်။

ကျွန်တော် ချောင်းစပ်တွင်ထိုင်ပြီး အမေ့ကို မျက်စိတဆုံးကြည့်ရင်းသာ ကျန်ရစ်ခဲ့သည်။

သို့သော် အမေကတော့ ကျွန်တော် မည်ကဲ့သို့ ဖြစ်ကျန်ခဲ့သည် ဆိုသည်ကိုပင် လုံးဝသိမည်မဟုတ်။

❀

"ဒီကလေးကိစ္စ ဘယ်လိုလုပ်ကြမလဲ"

ချောင်းရေကိုကြည့်ပြီး မျက်ရည်များ ကျနေခိုက် ကျွန်တော့်နောက်ကျောဘက်မှ အသံများ ကြားရသည်။

"အေး . . . အဲဒါ ဘယ့်နှယ့်လုပ်ကြမလဲ၊ သူတစ်ယောက်တည်း အိမ်တစ်လုံးနဲ့ ထားပြန်တော့လည်း သူ ဘယ်လိုနေပြီ ဘာသွားစားမလဲ"

"အင်း . . . ဒီသားအမိလောက် ကံဆိုးတာလည်း ဒီသား

www.burmeseclassic.com



အမိပါပဲလားတော၊ သနားပါတယ်"

"အဘ သနားရင်လည်း ကောင်လေးကို အဘပဲခေါ်ပြီး ခဏမွေးထားပါလားတော်၊ သူ့အမေ နေကောင်းလာတဲ့အထိပေါ့"

"ဖြစ်မလား မယ်စုရာ၊ ငါ့မှာလည်း ငါ့အိမ်ရှိတဲ့ လူတွေ ကောင် မနည်းလုပ်ကိုင်စားနေရတာ၊ နင်ရော ဘာထူးလို့လဲ"

"ဟုတ်တယ် အဘ ... ကျုပ်လည်း ဘာထူးမှာလဲ"

"ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်"

"ဘယ်လိုလဲ အဘ"

"ရန်ကုန်မှာ သူ့ဦးလေးတွေရှိတာပဲ၊ အဲဒီ ပို့ထားလိုက်ပေါ့"

"အမယ်လေး အဘရယ်၊ ဘယ်တုန်းကမှ လှည့်မကြည့်ခဲ့ ဥစ္စာ၊ ခုမှ သွားပို့တော့ ပို့တဲ့လူတောင် ရိုက်မထုတ်ရင်ကံကောင်း"

"အင်း ... ဒါဖြင့်လည်း ဘုန်းကြီးကျောင်းပို့ပြီး ဆရာတော် ဆီပဲ ခဏအပ်ထားရမလို ဖြစ်နေပြီ"

"အဲဒါ ကောင်းတာပဲ အဘ၊ ဆရာတော်ကို လျှောက်ကြည့် တာပေါ့"

"အေးလေ ... မကောင်း ကျောင်းပို့ဆိုတဲ့ စကားရှိသား ကံကြမ္မာမကောင်းတော့လည်း ကျောင်းပဲပို့ရတာပေါ့ကွာ"

အသံများ တဖြည်းဖြည်း ဝေးသွားသည်ဟု ထင်ရသည်။ ထိုအခါတွင် ကျွန်တော် မရင်းနှီးနွှသာ ကံကြမ္မာဆိုသည့် လူစိမ်းအား ပထမဆုံးအကြိမ် မုန်းတီးသွားမိ၏။



ဒီကစ၍ ကျန်သော ကျွန်တော့်ဘဝသက်တမ်းများကို ရွာ ကမင် မြစ်စောင့်ရှောက်ခဲ့သည်ဟု ဆိုနိုင်သည်။

အမေ ဆေးရုံက ပြန်ဆင်းလာနိုင်သော်လည်း လေဖြတ်ထား သည့် အရှိန်ကြောင့် ခြေလက်များကောင်းစွာ မလှုပ်ရှားနိုင်တော့။ အိပ်ရာနှင့် အိပ်ရာ၏ အနီးတစ်ဝိုက်သာ တရွတ်ဆွဲ ရွှေ့တိုက်သွား နိုင်တော့သည်။ ထို့ကြောင့် အမေသည်လည်း ကျွန်တော့်နည်းတူ ပင် ဘုန်းကြီးကျောင်းရှိ ဇရပ်အိုလေးတစ်ဆောင်သို့ ရောက်လာ တော့၏။

ရွာက ကျောင်းကို ထောက်ပံ့သော ငွေ၊ ပစ္စည်းများသည် လည်း ကျွန်တော်တို့သားအမိ၏ ဘဝအထောက်အပံ့များ ဖြစ်လာ သည်။ စင်စစ် ဤကဲ့သို့ ပြောင်းလဲသွားခြင်းသည် ကျွန်တော့်ဘဝ အတွက် ဆိုးသလားကောင်းသလား ပြောရန်ကိစ္စမှာ အတော် ခက်ခဲလှ၏။

ကျွန်တော့်ဘဝတွင် မှတ်မိနေသေးသော တစ်နေ့မှာ ဆရာ တော်ကျောင်းသို့ စရောက်သည့်နေ့ပင်။

ထိုနေ့က အမေ့ကို ဆေးရုံခေါ်သွားပြီး အတန်ကြာ စုဝေး တိုင်ပင်ကြသည်။ ထို့နောက် အားလုံးသဘောတူ ... ကျွန်တော့်ကို ရွာဦးအောင်တော်မူကျောင်းတိုက်သို့ ခေါ်လာကြသည်။

ကျောင်းပေါ် ရောက်သော အခါ ကျွန်တော့်ကို ဆရာတော် ရှေ့ တည့်တည့်တွင် ထိုင်ခိုင်းထားပြီး လူကြီးများက ဆရာတော်ကို အကျိုးအကြောင်း လျှောက်ပြီး အပ်သည်။ ဆရာတော်က အစ အဆုံး နားထောင်ပြီးမှ ကျွန်တော့်ကို ကြည့်ပြီး ...

"မောင်အေးချမ်း"

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ . . . ဘုရား"

"မင်း . . . ငါ့ကျောင်းမှာပဲ နေတော့ . . . ကြားလား"

"ကြားပါတယ် ဘုရား"

"အေး . . . ဒါဖြင့် သွားတော့၊ အောင်ငြိမ်း . . . ဒီကလေး နေရမယ့်နေရာကို မင်း စီစဉ်ပေးလိုက်"

ကျွန်တော် ဆရာတော့်ကို ဦးချပြီး ကပ္ပိယကြီး ဦးအောင်ငြိမ်းနောက်သို့ လိုက်သွားသည်။ ဆွမ်းစားကျောင်းရှိ ကပ္ပိယကြီး အိပ်သည့် နေရာနားမှာ နေရာကလေးရ၏။

ဦးအောင်ငြိမ်းနှင့်အတူနေ၍ ဤနေရာလေးကို ရလိုက်ခြင်းသည် ကျွန်တော့်အတွက် များစွာ ကုသိုလ်ထူးသွားသည် ဖြစ်ကြောင်း ထိုစဉ်က ကျွန်တော် မသိသေးပေ။

❁

"ကောင်လေး . . . မင်း ဘယ်နှစ်တန်းရောက်ပြီလဲ"

"ခြောက်တန်း အောင်ပြီးပါပြီ အဘ"

"ဘာကွ . . . ဘယ်လို . . . မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

သူ့ မြူးပြူးပျာပျာအမေးကြောင့် ကျွန်တော် လန့်သွားပြီး . . .

"အဘလို့ ခေါ်တာပါ၊ ဘာဖြစ်လို့လဲ အဘ"

"ဟ . . . မင့်အမေကလွှတ်တဲ့မှာပဲ၊ ငါ ကန်ချလိုက်ရရင် ကျောင်းပေါ်ကနေ ကျွမ်းခုနစ်ပတ်နဲ့ ဆင်းသွားရော့မယ် . . . မင်းကြီးဒေါ်ယောက်ျားမို့ ငါ့ကို အဘလို့ ခေါ်ရတာလား"

"ဒါဖြင့် ကျွန်တော် ဘယ်လိုခေါ်ရမလဲ"



"ဒီမှာ . . . မင်း ငါ့ကို သေသေချာချာကြည့်၊ မင်းအဘ အရွယ် မရှိသေးဘူး၊ မင်းဦးလေးအရွယ်ပဲ ရှိသေးတယ်၊ ဒါပေမဲ့ ဦးလေးလို့လည်း မခေါ်နဲ့ကွ၊ အစ်ကိုလို့ ဦးလေးကို ဘယ်လိုခေါ်လဲ သိလား"

ကျွန်တော်က ခေါင်းညိတ်သည်။

"သိပါတယ်ဗျ . . . အန်ကယ်လို့ ခေါ်တာပေါ့"

"အေး . . . မှန်တယ်၊ မင်း ငါ့ကို အန်ကယ်လို့ ခေါ် . . . ဟုတ်လား"

"ဟုတ် . . . ဟုတ် . . . အန်ကယ်"

ဒီတော့မှ အန်ကယ်မှ အခေါ်ခံချင်သူ ဦးအောင်ငြိမ်း သဘောကျစွာ ပြုံးနိုင်သည်။ သူ့အတွက်လည်း အဖော်ကောင်း တစ်ယောက်ရပြီဟု ယူဆသွားပြီလား မသိ။ ခဏအကြာတွင် သူ အိပ်သည့်နေရာ ခေါင်းရင်းတွင် စီထားသည့် မှန်မပါသော သစ်သားပိတ်ဗီရိုကြီးများဆီ လျှောက်သွားသည်။ ဗီရိုအနားရောက်မှ . . .

"ကောင်လေး . . . လာဦး"

"ဟုတ်ကဲ့ . . . အန်ကယ်"

ကျွန်တော့်စိတ်ထဲတွင် ကျိတ်ဝမ်းသာသွားသည်။ သူက ဒီကျောင်း၏ကျက်သရေခန်းပိုင် ဘဏ္ဍာစိုး ကပ္ပိယကြီးမို့ ကျွန်တော့်ကို သူ့သဘောကျပြီး ငှက်ပျောသီးတွေ မုန့်တွေ ထုတ်ကျွေးတော့မည်ထင်သည်ဟုလည်း တွေးလိုက်သည်။

ဦးအောင်ငြိမ်းက ဗီရိုတံခါးကို ဆွဲဖွင့်သည်။

"ကောင်လေး . . . ဒီမှာကြည့်စမ်း . . . ဘာတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုချင်ရသော မြင်ကွင်းကြောင့် ကျွန်တော့်စိတ်မှာတော့ အကြီးအကျယ်ကျသွား၏။ မျက်လုံးထဲတွင် မြင်လိုက်ရမည်ဟု ထင်သော မြင်ကွင်းက ဗီရိုထဲမှာ တန်းစီ၍ ချိတ်ထားသော ဖီးကြမ်း၊ သီးမွှေးငှက်ပျောသီးကြီးတွေ၊ လိမ္မော်သီးကြီးတွေ၊ ဗီရိုအဆင့် အဆင့်များပေါ်တွင် တန်းစီ၍ တင်ထားသောမုန့်တွေ မုန့်တွေ . . . အထုပ်လိုက်၊ အပုံလိုက်။

သို့သော် တကယ်တွေ့လိုက်ရသည်က ဒါတွေမဟုတ်။ ကျွန်တော့်အတွက် ဘာမှ သိပ်အဓိပ္ပာယ်မရှိလှသော စာအုပ်တွေ၊ ကတ်ထူဖုံးလည်း ပါသည်၊ သားရေဖုံးနှင့် ရွှေစာလုံးတွေလည်း ပါသည်၊ သတင်းစာ ဂျာနယ် မဂ္ဂဇင်းတွေလို ခပ်ပါးပါးအထပ်လိုက် တွေလည်း တစ်ပုံကြီး။

ကျွန်တော့်အသံက စိတ်ပျက်အားလျော့စွာ ထွက်သွား၏။

"စာအုပ်တွေ"

"ဟာ . . . မင်းအသံကြီးက ဘယ်လိုအသံကြီးလဲကွ၊ ဒါတွေ မြင်တော့ မင်း ဝမ်းမသာဘူးလား"

ကျွန်တော် ခေါင်းကုတ်သည်။

"အန်ကယ်ကလည်းဗျာ . . . ကျွန်တော်က ဒါတွေမြင်ပြီး ဘာလို့ ဝမ်းသာရမှာလဲ၊ ဒါတွေက စားလို့သောက်လို့ ရတာမှ မဟုတ်တာ"

ဦးအောင်ငြိမ်းမျက်နှာသည် ဖုန်တက်နေသော သူ့စာအုပ် တချို့ကဲ့သို့ ညှစ်ပုပ်သွားသည်။

"ဟာ . . . စားရသောက်ရတာမှ တန်ဖိုးရှိတယ် ထင်ရအောင် မင်းက တိရစ္ဆာန်လားကွ၊ စားရသောက်ရတာလေးပဲ တွယ်တာ



တတ်တာ တိရစ္ဆာန်၊ လူဆိုတာ စားရသောက်ရတာထက် တန်ဖိုးရှိ တာတွေ လောကမှာ အများကြီးရှိတာ သိရတယ်"

"ကျွန်တော်က ဒါတွေ ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမလဲကွ . . . ဖတ်ရမှာပေါ့၊ မင်း ဒါမျိုးတွေ ဖတ်ဖူးလား"

"ဟင့်အင်း"

"အထဲမှာ ဘာတွေပါလဲရော သိလား"

"စာတွေပါမှာပေါ့နော် အန်ကယ်ရာ"

"ရှီးတဲ့မှပဲ . . . စာတွေပါတာတော့ မင်းပြောမှသားတွေ၊ ဘာအကြောင်းတွေ ရေးထားလဲ သိလား . . . မေးတာ"

"မသိဘူး"

"အေး . . . အဲဒါဆို မင်း လောကမှာ လူဖြစ်ဖို့ သိပ်ခက်သွား ပြီ၊ လူ့လောကထဲမှာ လူပီပီသသဖြစ်ချင်ရင် ကိုယ့်အကြောင်း အပြင် လောကကြီးအကြောင်းကို အများကြီး သိရမယ်၊ ဒီစာအုပ် တွေက အဲဒီအကြောင်းတွေ ရေးထားတာ၊ ငါပြောတာ နားလည် လား ကောင်လေး"

"ဟင့်အင်း . . . နားမလည်ဘူး . . . အန်ကယ်"

"ဟာ . . . ခွေးမသားလေး"

သို့သော် ဤနည်းဖြင့် ကျွန်တော် စာပေဝါသနာပါခဲ့ပြီး လောကကြီးအကြောင်းများကို မသိချင်ဘဲ သိလာရသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

မီးကို ပြောရမည့် စကားများမှာ များလှသည်ဟု တွေးမိသည်။

ကျွန်တော့်ဘဝအကြောင်း။ ခုတိုင် ဒုက္ခိတလူမမာဘဝနှင့် ဘုန်းကြီးကျောင်းရှိ ဇရပ်အိုတစ်ခုတွင် နေနေရသော အမေ၊ ရပ်ရွာ၏ အထောက်အပံ့ဖြင့် ကြီးပြင်းလာရခြင်းအကြောင်း။

ထိုပြင် နောက်ဆုံးတစ်ခု ရှိသေးသည်။

ကျွန်တော့်အတွေးများသည် အတိတ်ဆီသို့ တစ်ခေါက်ပြန် ရောက်သွားရပြန်သည်။

ဆယ်တန်းအောင်သောနေ့က ဆရာကြီးပြောခဲ့သော စကားများ ပြန်ကြားလာ၏။

"မောင်နှအေးချမ်း"

"ခင်ဗျာ . . . ဆရာကြီး"

"ဆယ်တန်းအောင်ပြီး မင်း ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

ကျွန်တော့်နှုတ်ခမ်းများသည် တန်တစ်သောင်းကျော် လေးလံသော သံမဏိတံခါးကြီးများ ဖြစ်သွားသည်။



ကျွန်တော် ဘာဆက်လုပ်ရမည်နည်း။

ကျွန်တော် မဖြေတတ်။

ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် ကျွန်တော်စိုင် ကျွန်တော့်စွမ်းအားဖြင့် ဘာတစ်ခုမှ ဖန်တီးတည်ဆောက်ခဲ့ရသည် မဟုတ်။ ဆရာတော်က သူ့ကျောင်းတွင် လက်ခံထားပြီး ရွာရှိ အလယ်တန်းကျောင်းမှ ဆရာကြီးထံ အပ်၍ ပညာဆက်လက် သင်ကြားစေခဲ့သည်။

အလယ်တန်းကျောင်းမှ အောင်သောအခါ၊ မြို့ကျောင်းတွင် ဆယ်တန်းအထိ ဆက်သင်နိုင်ရန် ဆရာကြီးကပင် ဆရာတော်နှင့် တိုင်ပင်၍ ရွာ၏အကူအညီကို ရယူကာ စီမံပေးခဲ့သည်။

ဆယ်တန်းအောင်သောအခါ ဆရာကြီးက ဘာဆက်လုပ်မည်နည်း . . . ဟု ကျွန်တော့်ကို မေးလာပေပြီ။ ကျွန်တော် ဘာဆက်လုပ်ရမည်နည်း။

"ကျွန်တော် . . . ဘာလုပ်ရမလဲဆိုတာကို တိတိကျကျတော့ မဖြေတတ်သေးပါဘူး ဆရာကြီး။ ဒါပေမဲ့ . . . စိတ်ကူးတစ်ခုတော့ ရှိပါတယ်၊ ကျွန်တော် ရရာအလုပ်တစ်ခုခု ရှာလုပ်ချင်ပါတယ်၊ ဆရာတော်ရော၊ ဆရာကြီးရော၊ ရွာကလူတွေရော ဒုက္ခပေးလာခဲ့ရတာ များပါပြီ၊ ကျွန်တော့်ဘဝကို ကျွန်တော့်ဘာသာ ဖန်တီးဖို့ အချိန်ရောက်ပြီ . . . လို့ ထင်ပါတယ်"

ဆရာကြီးက ခေါင်းညိတ်သည်။

"မင်းစိတ်ကူးက ဆိုးတော့မဆိုးပါဘူး၊ ဒါပေမဲ့ ဆရာကြီး တစ်ခုမေးချင်တယ် မောင်အေးချမ်း"

"ဟုတ်ကဲ့ . . . မေးပါ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ဟာ မကျန်းမာလို့ အိပ်ရာထဲလဲနေတယ်၊ အဲဒီအချိန်မှာ သူ ဘာမှမလုပ်နိုင်လို့ အခြားသူတစ်ယောက်ဆီက ငွေချေးငှားပြီး သုံးရတယ်၊ သူ နေလည်းကောင်းလာရော၊ သူ့ဟာသူ လုပ်ကိုင်နိုင်လာပြီမို့ သူ့ဝမ်းစာ သူရှာစားတယ်၊ ဒါဖြင့်ရင် အဲဒီ လူဟာ သူနေမကောင်းစဉ်က ယူထားတဲ့ ကြွေးအတွက် ဘာလုပ်ရမလဲ မောင်အေးချမ်း"

"ခင်ဗျာ . . ."

ဆရာကြီးအမေးကို ရုတ်တရက် နားမလည်၊ ကျွန်တော့်အား ခက်ခဲသော သင်္ချာပုစ္ဆာပဟေဠိတစ်ပုဒ် မေးတာတော့ မဟုတ်နိုင်ဟု သိသည်။ ထို့ကြောင့် ကျွန်တော်က ဆက်၍ . . .

"ပြန်ဆပ်ရမှာပေါ့ . . . ဆရာကြီး"

"အေး . . . မင်းမှာ အဲဒီကြွေးရှိနေတယ်၊ မောင်အေးချမ်း မင်းရဲ့ဘဝ နေမကောင်း ဖြစ်နေတုန်းက မင်းကို တို့ရွာက ချေးထားတဲ့ အကြွေးတွေနဲ့ မင်းစားလာ ဆေးကုလာတာ၊ မင်း ထမင်း မင်းရှာစားရုံ လုပ်သွားမယ်ဆိုရင် အကြွေးတွေအတွက် ဘယ်လို စဉ်းစားမလဲ"

ဆရာကြီးတွင် ကျွန်တော့်အတွက် တစ်စုံတစ်ရာ ပြောစရာ ရှိနေပြီဟု သိလိုက်သည်။ ကျွန်တော့်စိတ်ကူးကို လက်မခံသော စကားများပင် . . .

"ဆရာကြီး ဆိုလိုတာကို ကျွန်တော် သဘောပေါက်ပါပြီ ဆရာကြီး၊ ဆရာကြီး ဖြစ်စေချင်တာကို ပြောပါ၊ အဲဒီအတိုင်း ကျွန်တော် လုပ်ပါ့မယ်။

ဆရာကြီးဟာ ကျွန်တော်ရဲ့ ကျေးဇူးရှင်ပါ၊ ဆရာကြီး စီမံ



တာကို ကျွန်တော် တီတီကျကျ လိုက်နာဆောင်ရွက်ပါ့မယ်"

ဆရာကြီးက ခေါင်းခါသည်။

"အဲဒါလည်း မင်းမှားတာပဲ မောင်အေးချမ်း၊ ဆရာကြီးက မင်းကျေးဇူးရှင် အစစ် မဟုတ်သေးပါဘူး ဘာခေါ်မလဲကွာ၊ ကျေးဇူးရှင်အစစ်ရဲ့ဆန္ဒကို ကြားကနေ ဆောင်ရွက်ပေးတဲ့ . . . အဲ . . . ကျေးဇူးပွဲစားဆိုပါတော့၊ ကျေးဇူးရှင်အစစ်က တို့ရွာပဲ၊ မင်း ပြန်ဆပ်ရမှာက ဆရာကြီးကို မဟုတ်ဘူး၊ မင်းရွာကို"

"ဟုတ်ကဲ့ပါ . . . ဆရာကြီး"

"အေး . . . ဒါကို သဘောပေါက်ရင် . . . မင်း ကျောင်း ဆက်တက်ရမယ်"

"ခင်ဗျာ"

"ဟုတ်တယ် . . . တို့ဘကီကလည်း ကျေးဇူးပြုလက်စနဲ့ တစ်ဝက်တစ်ပျက်တင် ရပ်မထားချင်တော့ဘူး မောင်အေးချမ်း၊ အစအဆုံး လုပ်ပေးလိုက်တော့မယ်၊ ဒါပေမဲ့ မင်းကလည်း ထိုက်ထိုက်တန်တန် ပြန်ဆပ်ရမယ်"

"ပြောပါ . . . ဆရာကြီး၊ ကျွန်တော် ဆရာကြီးစကားကို နားထောင်ပါ့မယ်"

"မင်း ဘွဲ့ရတဲ့အထိ တက္ကသိုလ်ဆက်တက်၊ ဘွဲ့ရပြီးတာနဲ့ အဲဒီဘွဲ့ကို မင်းသုံးချင်ရာ သုံးလို့မရတော့ဘူး မောင်အေးချမ်း ရွာက ရှာပေးလိုက်တဲ့ ဘွဲ့ဖြစ်တဲ့အတွက် ရွာအတွက်ပဲ ပြန်သုံးရမယ်၊ မင်းဘဝကိုလည်း မင်း မပိုင်တော့ဘူး၊ ရွာကို အပ်ရမယ်၊ မင်းဘဝကိုရော၊ မင်းပညာကိုရော တို့ရွာက သုံးချင်တယ်၊ ထဲ . . . ဘယ်လိုလဲ မောင်အေးချမ်း"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်ရည်ဝိုင်းလျက် ခေါင်းညိတ်သည်။

"စိတ်ချပါ ဆရာကြီး ကျွန်တော် အစွမ်းကုန် ကြိုးစားပါမယ်၊ ကြိုးစားလို့ အဲ့ရလာတဲ့အခါမှာလည်း ကျွန်တော်ကိုယ်ကျွန်တော် ရွာထို အာပ်ခဲ့ပါမယ်၊ ကျွန်တော့်ကို ကြိုက်သလိုသုံးပါ"

"အေး . . . ဝမ်းသာတယ် မောင်အေးချမ်း၊ တို့ရွာကလည်း မင်းကို ပြန်ကျေးဇူးတင်ကြမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ရွာကထွက်တဲ့ ပညာတတ်ကို ရွာက ပြန်မသုံးရတာ တို့တစ်ရွာတည်းမှ မဟုတ်ဘဲ၊ ရွာပိုင် ပညာတတ်တစ်ယောက် ရှိတဲ့အတွက် တို့ရွာကလည်း ဝိုင်း ဂုဏ်ယူကြမှာပါ"

ရင်ထဲ၌ ကြည်နူးခြင်းဖြင့် ခုန်လှုပ်ရဖူး၏။

"ကိုယ့်ဘဝကို ကိုယ်မပိုင်ဘူး . . . မီး၊ ကျောင်းပြီးတာနဲ့ ကိုယ့်ဘဝတစ်ခုလုံးကို ရွာအတွက်ပဲ မြှုပ်နှံရတော့မယ်၊ အဲဒီဘဝမှာ မီး ပျော်နိုင်ပါ့မလား၊ လိုက်ခဲ့ပါလို့တော့ မတရားသက်သက် ကိုယ်မခေါ်ချင်ဘူး မီးရယ်၊ မီးဘဝနဲ့မီး ကြိုက်သလို စဉ်းစားပါ၊ ပြီးတော့ ကြိုက်သလိုလည်း ဆုံးဖြတ်ပါ၊ မီး ဘယ်လိုဆုံးဖြတ်ဆုံးဖြတ် မီးကို ကိုယ်ခွင့်လွှတ်ပါတယ်"

မီးကို ပြောရမည့်စကားများ စီကြည့်သည်။

အကယ်၍ မီးက . . .

"ဟင့်အင်း ကိုကို . . . ဒါတော့ မီး လုံးဝ လက်မခံနိုင်ဘူး ကိုကို့ဘဝနဲ့ကိုကို ဖြစ်တဲ့ကိစ္စအတွက် မီး လိုက်ဒုက္ခမခံနိုင်ဘူး



တစ်သက်လုံးလည်း ဒီရွာသေးသေးလေးမှာနေပြီး ကိုယ့်ဘဝတိုယ် အဆုံးရှုံး မခံနိုင်ဘူး"

ပြောလျှင်လည်း ကြိုး၍ ခွင့်လွှတ်ထားရန် ဆုံးဖြတ်သည်။

သို့သော် . . . မတရားဘူးပဲ ပြောပြော၊ မီးသည် ကျွန်တော့် ဘဝနှင့် လာရောက်လက်တွဲပါရစေဟု အကြိမ်ကြိမ် ဆုတောင်းမိသည်ကတော့ အမှန်။

ကျွန်တော်ဆိပ်ချစ်သော မီးနှင့် ကျွန်တော့်ကျေးဇူးရှင် ရွာကလေးမှာ ဘဝသက်ဆုံး အတူတကွ နေသွားချင်တာတာလည်း အမှန်။

ကျောင်းဖွင့်ရက်များအတွက် စောင့်စားရသော ရက်များသည် ကျွန်တော့်ဘဝတွင် တစ်ခါမှ မကြုံစဖူးသော ရင်ခုန်ရက်များ ဖြစ်၏။

သို့ရာတွင် ထိုကျောင်းဖွင့်ရက်များသည် ကျွန်တော့် မမျှော်လင့် မသိရှိသော ပြဿနာတစ်ခုဖြင့် ရုပ်ဆိုးကျည်းတန်စွာ စောင့်ကြိုနေမှန်း ကျွန်တော် လုံးဝမသိ။

www.burmeseclassic.com

www.burmeseclassic.com

အဆောင်မှ ဆင်းလာကတည်းက ရင်ခုန်နေမိသည်။

ကျောင်းပိတ်ရက် တစ်လလောက်အတွင်း ကျွန်တော်နေ့စဉ်ထာဝရ သတိရနေသော မီး၏ မျက်နှာလေးကို ကျွန်တော် မြင်တွေ့ချင်လှပြီ။

မီး၏ 'ကိုကို' ဟုခေါ်သံလေးသည် လွန်ခဲ့သောတစ်လတာမှ အလွမ်းပူကို တစ်ချက်တည်းနှင့် ဖြေဖျောက်ပေးနိုင်မည့် ကျောက်စက်ရေအဖြစ် ရင်ထဲမှ တောင့်တမိ၏။

လွမ်းအောင်ခွဲသည့်နေရာမှာ မီးသည် အလွန်တော်သည်။ ဘဝကိစ္စများဖြစ် ဂျင်ခြေလည်နေသည့်ကြားက မီးကို မလွမ်းဘဲနေ၍မရ။

ကျောင်းဖွင့်ခါနီးတွင် ရွာကိုရောက်လာသော စာလေး တစ်စောင်၏ စွမ်းအင်စွမ်းအားကလည်း ကြီးမားလှသည်။

နဂိုက မီးနှင့်ကျွန်တော် စာအဆက်အသွယ်မလုပ်ရန် နှစ်ဦး သဘောတူ ဆုံးဖြတ်ထားခဲ့ကြသည်။ မီးက သူ့လိပ်စာနှင့် စာထည့် နိုင်းဖို့လည်း မရဲ။ ကျွန်တော့်စာ သူ့လက်ထဲ တည့်တည့်မရောက်ဘဲ



တခြားတစ်ယောက်ယောက်လက်ထဲ ရောက်သွားလျှင် ပြဿနာပေါ်နိုင်သည်။ သူငယ်ချင်းလိပ်စာတစ်ခုခုနှင့်ထည့်ဖို့ကျတော့လည်း ထိုသူငယ်ချင်းအိမ်တွေက တစ်မျိုးဖြစ်ဦးမည်။

သီဂီတို့အိမ်ပင်လျှင် လူကြီးချင်းပါ ခင်မင်သောအိမ် ဖြစ်သဖြင့် စိတ်မချ။

သို့အတွက် ကျောင်းပိတ်ရက် တစ်လလေးတို့ သည်းခံ၍ ကျော်ဖြတ်ကြရန် တိုင်ပင်ပြီး စာအဆက်အသွယ် မလုပ်ဖို့ ပြောထားခဲ့ကြသည်။ ထို့ကြောင့် ကျွန်တော်လည်း မီး၏စာ ရောက်လာမည်ဟု လုံးဝမမျှော်လင့်ခဲ့။

သို့သော် အလွမ်းလေးများ လက်ဆောင်ပေးရာတွင် တော်လှသော မီး၏စာတစ်စောင် မမျှော်လင့်ဘဲ ရောက်လာသည်။

ခွဲလည်း ခွဲသော မီးဖြစ်၏။

လွမ်းလို့ စာရေးလိုက်တယ် ... ကိုကိုရယ် ...

စာမရေးကြတော့ဘူးလို့ ပြောပြီးမှ ရေးလိုက်လို့ ကိုကို စိတ်များဆိုးမလားတော့ မသိဘူး။ ဆိုးချင်လည်း ဆိုးနော်၊ ဒီစာရောက်လာလို့ ကိုကို မသိစေချင်တဲ့ တခြား တစ်ယောက် သိပြီး ပြဿနာတွေ တက်သွားရင်လည်း ပြန်လာမှ မီးကို ရိုက်။ အရမ်းကြီးတော့ မရိုက်နဲ့နော်၊ နာရင်တော့ မီးက ငိုမှာပဲ ...သိလား။

အလကားပါ ကိုကိုရယ်၊ ကိုကို့ကို သိပ်သတိရတာနဲ့ ကိုကို့ဆီ စာရေးတာ။ ရေးရင်း ရေးရင်း အရမ်းပျော်လာလို့ နောက်နေတာပါ ...။

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် ကိုကိုရယ် ...

အရမ်း သတိရတာပဲ။

ကိုကို ဘွဲ့မြန်မြန်ရအောင်လုပ်၊ အမ်အက်စီတွေ ပီအိတ်ချ်ဒီတွေ ရအောင်လုပ်၊ ပါမောက္ခချုပ်ဖြစ်အောင် ကြိုးစား၊ ကိုကို ပါမောက္ခချုပ်ဖြစ်ရင် တက္ကသိုလ်မှာ ကျောင်းပိတ်ရက်မထားနဲ့တော့၊ တစ်လကြီးတောင် ခွဲရမှာ၊ သူတို့မို့ ချစ်သူတွေကို ကိုယ်ချင်းမစာ ကျောင်းပိတ်တယ် ကိုကိုရယ် ... နော်။

ကျောင်းဖွင့်တဲ့မနက်ကျရင် ကိုကို မန္တလေးဆောင်ရှေ့ ကနေ အစောကြီး လာစောင့် ... သိလား၊ မီး ကျောင်းကို အစောကြီးလာခဲ့မယ်၊ ပြီးတော့ တစ်နေ့လုံး လျှောက်လည် ကြမယ်၊ အဲဒီနေ့ ကိုကို့မျက်နှာကို တွေ့မှပဲ မီးလည်း ပျော်ရတော့မှာပဲ။

ခု မပျော်ဘူး ကိုကိုရယ် ...

မီး ခဏခဏ ငိုရတယ် သိလား ...

ကိုကို့ကို သတိရတာနဲ့ မီး ငိုတာပဲ၊ ခုတောင် စာရေးရင်း ငိုချင်လာပြီ။

ကိုကိုကတော့ မီးကို သတိရမှာ မဟုတ်ဘူးနော်... ရွာက ကောင်မလေးတွေနဲ့ ကြည့်ချင် ကြည့်နေမှာ ...

သွား ... ကိုကို့ကို မခေါ်ချင်တော့ဘူး ....

ကျွန်တော် ပြုံးလိုက်မိသည်။

မီးစာပါ နေ့စွဲအရ မီး စာထည့်သောနေ့သည် ကျောင်းပိတ်



၍မှ ဆယ်ရက်မပြည့်သေး။ လမ်းခရီး အခက်အခဲကြောင့်သာ ကျွန်တော့်ထံ စာအရောက် နောက်ကျခြင်း ဖြစ်သည်။

မီးထံသို့ သွားနေသော မြေလှမ်းများ တဖြည်းဖြည်း သွက် လာ၏။

မီးပြောသလို အစောကြီး ရောက်နေချင်ပြီ။

မီး အစောကြီး ရောက်နေ၍ ကျွန်တော့်ကို မတွေ့ပါက စိတ်ကောက်၍ ဆုံးတော့မည် မဟုတ်ပါ။

✿

မငြိမ်သော ရင်ဖြင့် ခြသေ့်တံခါးဘက် လှမ်းကြည့်လိုက်မြန် ၏။

မီးတို့ကား၊ သီဂိတို့ကား တစ်စီးမျှ မလာသေး။

ရင်ထဲ၌ ပူလာသည်။

နာရီကြည့်လိုက်သောအခါ ရှစ်နာရီထိုးရန် ငါးမိနစ်မျှသာ လိုတော့၏။ ကျောင်းပင် တက်တော့မည်။ ခါတိုင်းအချိန်ပင် မီးတို့ ဒီလောက် နောက်မကျဖူးချေ။ ဒီနေ့ စောစောလာခဲ့မည်ဆိုသော နေ့မှ ဘာကြောင့် နောက်ကျနေရပါလိမ့်။

ကျွန်တော် ဒီနေရာ ရောက်သည်မှာ တစ်နာရီကျော်ပြီ။

မီးတို့ ဝင်လာမည့်လမ်းရှိ ခြသေ့်တံခါးဘက်သို့ မျှော်မျှော် ကြည့်နေမိသည်မှာ အကြိမ်ပေါင်း ထစ်ထောင်မကတော့။

ထိုင်၍လည်း ဂနာမငြိမ်၊ ထ၍လည်း ရင်မအေး

ရှေးစကားဖြင့် ပြောရလျှင် လည်ပင်း ရှည်တောင်တော

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။

ထိုစဉ် တဖွဲဖွဲသိုလ်ရိပ်သာ လမ်းပေါ်မှ ကျောင်းထဲသို့ ချိုး ကွေ့လိုက်သော ကားကလေးကို ရိပ်ခနဲ မြင်လိုက်သည်။

မီးတို့ ကားကလေး . . .

ဒီတော့မှ ကျွန်တော် ပျော်သွားသည်။

စောသောစိတ်ဖြင့် မန္တလေးဆောင် ဆင်ဝင်တိုင်လုံးရှေ့သို့ ကမန်းကတန်း ထွက်လာသည်။

ကားလေးက ကျွန်တော့်ထံ ခေါင်းတည့်၍ ချိုးဝင်လာ၏။

ထ ❁ ထ

"အို . . ."

ရင်ထဲမှ အသံနှင့်အတူ နေရာတွင် ရပ်လျက်သား ဖြစ်သွား သည်။

ခြေလှမ်းကို ရှေ့ဆက်ဖို့ ဘယ်လိုမှ မဖြစ်တော့ဟုလည်း ားလည်လိုက်သည်။ သို့ရာတွင် နောက်ဆုတ်ဖို့လည်း ခက်သွား၏။ သို့ကြောင့် ကျွန်တော် ဘာလုပ်ရမှန်း မသိတော့ဘဲ ထိုနေရာတွင် င် ရပ်လိုက်ခြင်းဖြစ်သည်။

အခြေအနေ တစ်မျိုးပြောင်းသွားပြီဟု သိလိုက်၏။

ကားပေါ်တွင် ပါလာသောသူများက ခါတိုင်းကဲ့သို့ မဟုတ်။ ါတိုင်းကဲ့သို့ပင် ဦးလေးဟစ်တလာကြီးက မောင်းလာသော်လည်း ားပေါ်တွင် လူပိုများ ပါလာ ည်။ နောက်ခန်းမှာ အမျိုးသမီး တစ်ယောက်၊ ရှေ့ခန်းမှာ အမျိုးသားတစ်ယောက်။

မီးကလည်း ခါတိုင်းကဲ့သို့ ကျွန်တော့်ကို ပြုံးမပြ။ နောက်ခန်း င် ခပ်ကွယ်ကွယ်ထိုင်ပြီး ခေါင်းငုံ့ပါသွားသည်။ ကျွန်တော်ဘက် လုံးဝလှည့်မကြည့်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်နှာတစ်ခုလုံး ပူထူနွေးထွေးသွား၏။

ကားလေးကျော်သွားသည်နှင့် ခပ်သွက်သွက်လျှောက်ပြီး မန္တလေးဆောင်ဝင်း အဝင်ဝအုတ်ခုံရောက်မှ ရပ်သည်။ အုတ်ခုံပေါ်တွင် ဝင်ထိုင်လိုက်ပြီး မီးတို့ကားလေးထံ အခြေအနေ လှမ်းကြည့်သည်။

ကားပေါ်မှ ဦးစွာဆင်းလာသည်က ရှေ့ခန်းမှ အမျိုးသား။ အမျိုးသားဟု သုံးလိုက်သော်လည်း ထိုလူက ကျွန်တော့်ထက် နည်းနည်းကြီးမည် ထင်သည်။ နောက်ခန်းမှ ဆင်းလာကြသည်က မီးနှင့် မီး၏မေမေ။

မီးမေမေကိုတော့ ကျောင်း တစ်ခါနှစ်ခါ လိုက်ပို့ဖူးသဖြင့် မှတ်မိသည်။ ရှေ့က ဆင်းလာသော ပုဂ္ဂိုလ်ကိုတော့ မသိ။ ထိုပုဂ္ဂိုလ်က ဟော်စတယ်ဆောင်ကို ဟိုဒီကြည့်၍ အကဲခတ်သည်။ မီး၏မေမေကလည်း ဘေးဘယ်ညာ လှည့်ကြည့်သည်။ ဘယ်မှမကြည့်ဘဲ လုံးဝ ခေါင်းငုံ့မြင့်ထားသူက မီး။ မီးမျက်နှာ သိသိသာသာ ညှိုးနေသည်။

ပြဿနာတစ်ခုခု ဝင်နေပြီဆိုသည်ကို လုံးဝ သံသယဖြစ်စရာ မရှိတော့။ ဘာလုပ်ရမည်ဆိုသည်ကိုတော့ စဉ်းစားရန် ကျန်တော့သည်။

မီးတို့သုံးယောက် မန္တလေးဆောင်ထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်နှင့် စိတ်ထဲမှာ လက်ခနဲ အကြံတစ်ခုရသည်။

တက်သွားသော သုံးယောက်၏ အရိပ်အခြည်ကို ကြည့်ပြီး အပေါ်အထိ လိုက်ပို့သည် သေချာသဖြင့် ကျွန်တော် ထိုကားလေးထံ ကမန်းကာတန်း ပြေးသည်။

"ဦးလေး . . ."



ဦးလေးဟာစ်တလှာ လှည့်ကြည့်သည်။ ကျွန်တော့်မြင်သည်နှင့် မျက်လုံးပြူးသွားပြီး . . .

"ဟာ . . . မောင်အေးချမ်း"

"ဟုတ်တယ် ဦးလေး . . . ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော် အခြေအနေ သိချင်လို့ ဦးလေးဆီ ပြေးလာတာ"

"မလာနဲ့ ကောင်လေး၊ မင်း လွတ်လွတ်ကင်းကင်း တစ်နေရာကို ရှောင်နေ၊ ပြဿနာတွေ အရမ်းတက်နေတယ်"

"မဟုတ်ပါဘူး ဦးလေးရာ . . . ဘာဖြစ်သလဲဆိုတာ ကျွန်တော့်ကို ခပ်တိုတို ရှင်းပြစမ်းပါ၊ ကျွန်တော် အရမ်းသိချင်လို့ပါ"

"နောက်မှပြောပါ့မယ် မောင်အေးချမ်းရာ၊ စောင့်နိုင်ရင် အကျိုးရှိပါတယ်၊ ခုတော့ သွားပါဦး၊ မင်းနဲ့ငါ စကားပြောနေတာ တွေ့ရင် ငါပါ အလုပ်ပြုတ်လိမ့်မယ်"

ကျွန်တော် ဆက်မေးရန်မြင်သော နှုတ်ခမ်းများ ဆွံ့သွားသည်။

ခဏရပ်၍ တွေစဉ်းစားသည်။

ထို့နောက် ခပ်သွက်သွက် လှည့်ထွက်လာခဲ့၏။

အဆောင်ပေါ်မှ ပြန်ဆင်းလာသောအခါ မီးမေမေ တစ်ယောက်တည်း ဖြစ်သွားသည်။

အဆောင်ဝ လှေခါးတွင်ရပ်၍ ဘေးဘယ်ညာတစ်ချက် ကြည့်ပြီး ကားဆီလျှောက်သည်။ ထို့နောက် ကားပေါ်တက်၍ ထိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏကြာသောအခါ ကားလေး ပြန်မောင်းထွက်သွားသည်။

ဒီတော့မှ ကျွန်တော် အဆောင်ထောင့်ကွယ်မှ ပြန်ထွက်ပြီး မန္တလေးဆောင်ပေါ် တက်သည်။

မီးနှင့်ခဏလေးတွေ့ရလျှင် မည်မျှကောင်းပါမည်နည်း။

✿

မီးတို့အခန်းဘက် ချိုးကွေ့ခါနီး ကျွန်တော် ချက်ချင်း မီး ဝင်မသွားသေးဘဲ ကော်ရစ်ဒါကို လှမ်းကြည့်သည်။ အပြင်ဘက် ကော်ရစ်ဒါတွင် လက်ရမ်းကိုမှီ၍ ရပ်နေသောပုဂ္ဂိုလ်ကို တွေ့ရ တခြားလူသုံးလေးငါးယောက်ကြားမှာ ထိုလူသည် အမူအရာ ခပ် ကြွားကြွားနှင့် ထင်ထင်ပေါ်ပေါ်ပင် ရပ်နေသည်။

ကျွန်တော် မသိမသာ နောက်ပြန်လှည့်ပြီး အတွင်းဘက် ကော်ရစ်ဒါဘက်သို့ ပတ်လျှောက်သွားသည်။ ဒီဘက်ကော်ရစ်ဒါမှာ လည်း ကျောင်းသား လေးငါးယောက် ရှိနေသဖြင့် ကျွန်တော် တွန့်ဆုတ်တွန့်ဆုတ်လုပ်နေစရာ မလို။ အများနှင့် ဝင်ရောပြီး ရပ်နေလိုက်သည်။ ကျွန်တော့်နေရာမှနေ၍ ထိုပုဂ္ဂိုလ်ကို မမြင်ရ ဟိုကလည်း မမြင်နိုင်။

မီးက ကျွန်တော့်ဘက်ခြမ်းမှာ မရှိ။

ဟိုဘက်အခြမ်းတွင် ထိုင်နေပြီး စာသင်နေသော ဆရာမကို ကြည့်နေသည်။

ကျွန်တော် ဝင်ရပ်နေလိုက်ပြီး မကြာခင် မီး ကျွန်တော့်ကို တွေ့သွားသည်။



မီး၏မျက်လုံးလေး မသိမသာ ဝန်းဝိုင်းသွား၏။

မသိမသာ လှုပ်လှုပ်ရှားရှားလေးဖြစ်သွားပြီး မျက်ရိပ်ဖြင့် အပြင်မှာ ထိုလူရှိကြောင်း အချက်ပြသည်။ ကျွန်တော် ခေါင်းညိတ် ပြသည်။

နောက်တစ်ခါ မီးထပ်ကြည့်သောအခါ ကျွန်တော်က လက် ဟန်ခြေဟန်ဖြင့် ပြသည်။ ပထမ လက်ကာပြသည်။ နောက် ကျွန်တော့်ရင်ဘတ်ကို လက်ညှိုးထိုး၍ အပြင်ဘက် ခဏသွားမည် ဟု ပြောသည်။ နောက်ပြန်လာခဲ့မည်ဖြစ်ကြောင်း လက်ညှိုးကို ဝိုက်ယူပြီး စိုက်ပြသည်။ မီးကလည်း နားလည်ဟန်ဖြင့် ခေါင်းမသိ မသာ ညိတ်၍ မျက်လွှာချပြသည်။

ကျွန်တော် သွက်သွက် ပြန်လှည့်ထွက်လာရပြန်၏။

သို့ရာတွင် မီးနှင့်ကျွန်တော်တို့ကြား ဘာမှမဖြစ်သေးကြောင်း သိလိုက်ရ၍ ရင်ထဲမှာ ဒီလောက်ကြီး မပူတော့။

ပြဿနာဆိုတာက ရှင်းယူ၍ ရပါသည်။

ထ ✿ ထ

သိင်္ဂီကလည်း အံ့အားသင့်သွားပုံရသည်။

"ဘာဖြစ်တယ်ဆိုတာ သိင်္ဂီလည်း မသိဘူး ကိုကို၊ ပြီးခဲ့တဲ့ တစ်ပတ်ကတောင် သိင်္ဂီနဲ့ ဗိုလ်ချုပ်ဈေး သွားသေးတယ်၊ အဲဒီတုန်းကလည်း ဘာမှမဖြစ်ပါဘူး၊ ဒီနေ့လည်း ဘူစောင့်နေသေးတယ်၊ အိမ်ကို သူမလာတာနဲ့ သူ့အိမ်က လိုက်ပို့လို့ဖြစ်မယ်ဆိုပြီး သိင်္ဂီတို့လည်း ဒီအတိုင်း ထွက်လာခဲ့ကြတာ"

သိင်္ဂီပင် မသိသောကိစ္စဆိုလျှင်တော့ ဒီကိစ္စသည် မီးနှင့် တိုက်ရိုက်တွေ့မှပဲ အကြောင်းစုံ သိရလိမ့်မည်ထင်သည်။ ခုတိုင်းဆို မီးနှင့် တိုက်ရိုက်တွေ့ရဖို့ကလည်း မလွယ်။

"ဒါဖြင့် ခု ဒီလူက စောင့်နေတုန်းပဲလား"

"ဟုတ်တယ် သိင်္ဂီ . . . ကော်ရစ်ဒါမှာ ထိုင်စောင့်ပြီး ရစ်ကြည့်နေတာ၊ အဲဒါနဲ့ တို့လည်း ဒီဘက်ကော်ရစ်ဒါကနေ လက်ရိုက်လက်ခြေပြပြီး ခဏနေ ပြန်လာခဲ့မယ်လို့ ပြောခဲ့ရတယ်၊ ခု . . . သူ့ဆီကနေ သိင်္ဂီဆီ တန်းလာတာပဲ"

သိင်္ဂီက ခဏတွေ၍စဉ်းစားသည်။



ပြီးမှ . . .

"သိင်္ဂီ သွားတွေ့လို့ ကောင်းမလားမသိဘူး၊ ဘယ်လိုလုပ်ရမလဲ ကိုကို၊ သွားတွေ့ကြည့်ရမလား"

"ကောင်းသားပဲ သိင်္ဂီ . . . တို့ ခဏလေးလေးကနေ အရိပ်အခြည် ကြည့်နေမယ်လေ၊ ဪ . . . နေဦး . . . ခု သွားမတွေ့နဲ့၊ သူတို့လည်း အတန်းမပြီးသေးဘူး၊ အတန်းပြီးမှ သွားလိုက်"

"အင်း . . . အင်း . . . ဒါဖြင့်လည်း သိင်္ဂီ တာလစ်စ့်ဆက်တက်လိုက်ဦးမယ်၊ ကိုကို အဲဒီကပဲ သွားစောင့်နေ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး သိင်္ဂီကို ပြန်လွှတ်လိုက်သည်။

ထို့နောက် မီးတို့အတန်းဘက် ပြန်လျှောက်လာခဲ့သည်။ သို့သော် ဒီဘက်ကော်ရစ်ဒါတွင် စောစောက ဟိုလူမရှိတော့ဘဲ ရှင်းနေသဖြင့် မီးမြင်သာသော နေရာအထိ မသွားတော့ဘဲ ခပ်လှမ်းလှမ်းမှသာ ရပ်စောင့်နေသည်။

ဟိုဘက်ကော်ရစ်ဒါဘက် အမှတ်တမဲ့ လျှောက်သွားကြည့်သောအခါ ထိုပုဂ္ဂိုလ်သည် မူလအတိုင်း စောင့်မြဲစောင့်နေသည်ကို တွေ့ရ၏။

*

မိနစ် သုံးလေးဆယ်ကို ဆယ်ငါးသချင်နှင့် ကမ္ဘာအစ်သန်းလောက် ထင်ရအောင် စောင့်ပြီးသောအခါ သိင်္ဂီ ရောက်လာသည်။

"ကိုကို . . . ဒီကပဲ ခဏစောင့်နေဘ်၊ သိင်္ဂီ အခြေအနေ

www.burmeseclassic.com



သွားကြည့်လိုက်မယ်”

သိဂီ့အား ဒုတိယအကြိမ်မြောက် ခေါင်းညိတ်ပြရပြန်၏။

❁

“လာ . . . ကိုကို၊ သိဂီနဲ့လိုက်ခဲ့ ကင်တင်းသွားမယ်၊ ဟိုကျမှ သိဂီ အစအဆုံး ပြောပြမယ်”

နောက်ထပ် ဆယ့်လေးငါးမိနစ်ကို သုံးဆယ့်ငါးသချေ လောက် မျှော်လင့်စောင့်စားပြီးသည့်အခါ သိဂီ တစ်ခေါက်ပြန် ရောက်လာသည်။

ကျွန်တော် သိဂီနောက်က လိုက်လာခဲ့၏။

အအေးဆိုင် ဝင်ထိုင်၍ သံဘူးနှစ်ခွက် မှာသည်။

သိဂီက စကားစ၏။

“ဒီလို ကိုကို . . . ကိုကိုနဲ့မီးတို့ကိစ္စ မီးအိမ်က သိသွားတယ်၊ အဲဒါ မီးအိမ်က ကိုကိုနဲ့ ထပ်ဆက်သွယ်မှာစိုးလို့ဆိုပြီး လူတစ် ယောက် အစောင့်ထည့်ပေးထားတာတဲ့၊ အဲဒီလူက မီးရဲ့ ဦးလေး ဝမ်းကွဲတစ်ယောက်လို့ပြောတယ်၊ သူက အမေ့မောင်တစ်ဝမ်းကွဲ တဲ့၊ ခုလောလောဆယ်တော့ မီးနဲ့ကိုကို ဘယ်လိုမှ ဆက်သွယ် လို့ရမှာ မဟုတ်သေးဘူး၊ သူ့အိမ်ကလည်း အရမ်းကိုဆူပူနေတာ တဲ့၊ သိဂီတို့အိမ်တောင် မလွှတ်တော့ဘူး၊ ခုတောင် သိဂီနဲ့မီး [illegible] ပြောနေတာကို သူ့ဦးလေး ကပ်လာလို့ အိမ်သာထဲ သွားစကား ပြောလာရတာ”

“မီးက တို့ကို ဘာမှာလိုက်သေးလဲ”



“မှာလိုက်တယ် ကိုကို၊ ခုလောလောဆယ် သူ့အိမ်ကလာခေါ်ပါနဲ့ ဦးတဲ့၊ အခြေအနေကြည့်ပြီး သူ ဆက်သွယ်ပါ့မယ်၊ နောက်ပြီးတော့ ပြောလိုက်သေးတယ်၊ သူ့ကို စိတ်ချပါတဲ့ ဘာအကြောင်းကြောင့်နဲ့ ဖြစ်ဖြစ် သူ ကိုကိုနဲ့ မခွဲနိုင်ပါဘူးတဲ့၊ ကိုကို စိတ်ချလက်ချနေပါတဲ့”

ကျွန်တော် ပင့်သက်တစ်ချက် ရှိုက်လိုက်မိသည်။

စိတ်ချပါတဲ့လား . . . မီးရယ်။

ဘာအကြောင်းနဲ့ဖြစ်ဖြစ် ကိုကိုနဲ့ မခွဲနိုင်ပါဘူးတဲ့လား။

❁

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုဖြစ်ပြီး ပြန်လာပြန်ရတာလဲ ကိုအေးချမ်းရာ၊ ခင်ဗျားကြည့်ရတာ မသက်သာလိုက်တာ သွားတုန်းကတော့ တောင်မလေးနဲ့ တစ်လုံးခွဲနေရတာတွေ အတိုးချ အလွမ်းသယ် ဖို့ဆိုပြီး ကြောကြောမော့မော့နဲ့၊ ခုပြန်လာတော့ ကြက်နာကြီး လည် လိမ်ထားတဲ့ ပုံစံမျိုးကြီးနဲ့"

အမှန်က ဒီနေ့မျိုးတွင် ကျောင်းပြန်ဖွင့်စမို့ အတန်းတွေ သိပ်မရှိလှတတ်၊ ခုလည်း ကျွန်တော်တို့ အတန်းအားသည် ထင် သည်။ ကျွန်တော် စိတ်ပျက်လက်ပျက်နှင့် အဆောင် ပြန်လာ၍ အခန်းထဲဝင်လိုက်သည်နှင့် ကျွန်တော် ဘယ်လိုဖြစ်လျှင် ဘာနှင့် ကြုံ၍ ဘယ်ပုံဖြစ်တတ်သည်ဆိုသည်ကို သိနေသော ကိုကျော်စွာက လှမ်းမေးသည်။

ကျွန်တော် ခေါင်းခါပြရင်း . . .

"မလွယ်ဘူး ကိုကျော်စွာရာ . . . ကျွန်တော်လည်း ဘယ် ဘဝက ဘယ်လိုအကုသိုလ် များခဲ့သလဲ မသိဘူး၊ ဘဝတစ်လျှောက် လုံး ပြဿနာနဲ့ပဲ နပန်းလုံးနေရတာပဲ"



"ခု . . . ဘာပြဿနာနဲ့ နပန်းလုံးရပြန်ပြီလဲ၊ လုပ်စမ်းပါဦး"

"ဒီလို ကျွန်တော်နဲ့ မီးတိုကြိုက်နေတာ သူ့အိမ်က သိသွား တယ်တဲ့၊ အဲဒါ ကျွန်တော်တို့ချင်း မဆက်သွယ်နိုင်အောင် သူ့ဦးလေး တစ်ယောက် လိုက်လာပြီး ထိုင်စောင့်နေတယ်"

"ဘယ်လို . . ထိုင်စောင့်နေတယ် . . တုတ်လား၊ ခင်ဗျား ကတော့ ဖြစ်ရမယ်၊ ကြုံကြုံဖန်ဖန်ဗျာ . . . တက္ကသိုလ်မှာ ဒါမျိုး တစ်ခါမှ မကြားဖူးဘူး၊ တူမ ရည်းစားထားမှာစိုးလို့ ဦးလေးက လိုက်စောင့်ပေးနေတယ်ဆိုတာ"

"ဟုတ်တယ် . . . ပြောရင် ယုံမှာတောင် မဟုတ်ဘူး၊ တော် ရစ်ဒါမှာကို ငုတ်တုတ်ထိုင်စောင့်နေတာ"

"စံပဲဗျာ . . . သူ့အိမ်ကလည်း ဘယ်လို အလုပ်မရှိ အကိုင် မရှိ ဦးလေးတစ်ယောက်များ ရှာရထားလဲ မသိဘူး"

"သူ အားအားယားယားရှိလို့ လာစောင့်နိုင်တာက ကိစ္စမရှိ ဘူး ကိုကျော်စွာ၊ လောလောဆယ် ကျွန်တော် ဘယ်လိုမှ တွေ့လို့ မရတော့တာက ခက်တယ်"

"နေပါဦးဗျာ သိပ်တော့ စိတ်မာတ်မကျပါနဲ့၊ ခင်ဗျားလူက တစ်သက်လုံး ဒီလိုမျိုးလာစောင့်နေနိုင်မှာ မဟုတ်ပါဘူး၊ ဒီကြားထဲ အကြံအဖန် လုပ်နိုင်ရင် အဆင်ပြေမှာပါ၊ ခု ကောင်မလေးဆီကို ခင်ဗျားညီမ သွားလို့ မရဘူးလား"

"သူတော့ ရတာပေါ့၊ ရလို့ပဲ ကျွန်တော်လည်း အကျိုး အကြောင်း သိရတာ"

"အို . . . ဆက်သွယ်လို့ရရင် ပြီးတာပဲ၊ နေပါစေ . . . လောလောဆယ် သူ့အရှိန်နဲ့သူ လိုမ့်ပေးထားလိုက်၊ ကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးအိမ်က လူတွေကလည်း သိပ်ဦးနှောက်ရှိပုံမရပါဘူး။ ကိုယ့်သမီးကိုယ် ဒီလိုသိန်းလို့ရတာမှတ်လို့ မသကာ သူတို့သဘော မတူတဲ့လူနဲ့ကြိုက်ရင် သူတို့သဘောတူတဲ့လူနဲ့ မြန်မြန်ပေးစားလိုက်တာမျိုး လုပ်ရမယ့်ကိစ္စ”

“ဟာဗျာ . . . မဦးမချွတ် ခင်ဗျားကလည်း”

“ဘာလို့နဲ့ မဦးမချွတ်ရမှာလဲ၊ အဲဒါမျိုးလုပ်တော့ ကိုယ့်ဘက်ကလည်း ပြတ်ပြတ်သားသားလုပ်လို့ရတာပေါ့ဗျ၊ ဒီမှာ ကိုအေးချမ်း ဘာမှမပူနဲ့ ဒီလိုမျိုး ကြုံလာလို့ကတော့ ကျွန်တော့်သာအားကိုး၊ ကျွန်တော် မရရအောင် ခိုးပေးမယ်”

ကျွန်တော် သက်ပြင်းချမိသည်။

ပြဿနာဆိုတာတွေနှင့်တော့ ကြုံနေရပြီ။

နောက်ထပ် ဘာဆက်ဖြစ်ဦးမည် မသိ။

❁

ယောက်ျားဟောနော် . . .

တိုက်ပွဲပျော် . . .

ကျွန်တော် တိုက်ရင်း တက်မှာပဲ . . .။

တိုက်ပွဲပျော်ကဗျာ၏ အဆုံးပိုဒ်လေးကို မရွံ့မရဲ ရွတ်ဆိုကြည့်မိသည်။

ဘဝတစ်သက်တာလုံး ပြဿနာမှန်သမျှ ဘယ်ခါမှ မတုန်မလှုပ် ရင်ဆိုင်ခဲ့သော ကျွန်တော်သည် မီးနှင့် ပတ်သက်သောကိစ္စတွင် ရဲရဲစွာ ရင်ဆိုင်နိုင်ပါ့မလား။



ကျွန်တော့်ဘက်တွင် ဒီတိုက်ပွဲကို ဝင်ရောက်ဆင်နွှဲရန် အတွက် လက်နက်လွယ်သူကောင်အားချည့်နဲ့လွန်းနေသည်။ ပြဿနာ၏ အဖြေ ဘာမှန်းသိလျက် ထိုအဖြေအထိ ရောက်အောင် မဖြေရှင်းနိုင်သော ဘဝလောက် စိတ်ပင်ပန်းရသည်မရှိ။

တစ်ဘက်က ကျွန်တော့်အခြေအနေအတွက် မီးတို့ ပြောပြစရာတွေ ရှိနေသေးသည်။ ဒီအခြေအနေကို မီး လက်ခံနိုင် လက်မခံနိုင် ဆိုတာကလည်း မသေချာ။

ဒီကြားထဲ . . . နောက်ထပ် တက်လာသော ပြဿနာတစ်မှောင့်။

သာမန်အားဖြင့် ဒီပြဿနာတွေချည်း သီးသန့် ရင်ဆိုင်ရပါက ဘာမှ မှုလောက်သည်မဟုတ်။ အချစ်ရေးပြဿနာမှာ ဒါမျိုးလေးက များစွာသေးဖွဲ့လွန်းသည်။

သို့သော် ကျွန်တော့်နေရာကမူ ဒီလောက် မလွယ်လှ။ မီးကို ကျွန်တော် တွေ့ချင်၊ စကားပြောချင်၊ အနီးကပ် နေချင်တာ မှန်သမျှ ခုနေခါမှာ ဖြစ်တဲ့နည်းနှင့် ခိုးတွေ့လျှင် မရစရာမရှိ တွေ့ချင်လိုက်တာလည်း တစ်ဘက်က သေလုနေပြီ။

ခက်နေသည်က သူ့အိမ်က ဒီလောက် အာရုံစိုက်နေသည့်ကြားတွင် သိပ်စွန့်စားလိုက်ပါက ပြဿနာ ဒီထက်ကြီးသွားမည်။ ဒီထက်ကြီးသွား၍ ဒီထက် မီးကို ချုပ်ချယ်မည်ဆိုလျှင် လုပ်စရာတစ်ခုပဲ ရှိသည်။ မီးစိတ် မီးသဘောကိုလည်း ကျွန်တော် သိသည်။ ဖြစ်သည့်နည်းနှင့် ကျွန်တော့်နောက်သို့ လိုက်ခဲ့ပေမည်။

ထိုအခါ ကျွန်တော် ဘယ်ပုံဘယ်နည်းနှင့် မီးမီးတို့ ဆက်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်မည်နည်း။

ဤသည်က တစ်ဘက်။

တခြားတစ်ဘက်ကလည်း မီးကို ကျွန်တော် တွေ့ချင်လှ သည်။ ဒီနေ့ပါဆိုလျှင် ကျောင်းပြန်ဖွင့်သည်မှာ သုံးရက်ရှိသွားပြီ။ ပထမဆုံးနေ့က မီးကို ခပ်လှမ်းလှမ်း ခဏတွေ့ခဲ့သည်မှအပ၊ မီးနှင့် လည်း မတွေ့ရ၊ စကားမပြောရ။

ဘာလုပ်လုပ် ဘယ်သွားသွား . . . ရင်ထဲမှာ တစ်ခုခု လိုနေ သလို ခံစားရသည်။ ခေါင်းထဲမှာလည်း ဤအကြောင်းမှအပ အခြား ဘာအကြောင်းအရာကိုမျှ လက်ခံ၍မရ။ ညဘက်တွင် အိပ် မပျော်ပါဆိုသောစကားသည် မုသားစကားမဟုတ်။

ဖြစ်နိုင်လျှင် နောက်မှဘာဖြစ်ဖြစ် သဘောထားပြီး မီးဆီ သွားတွေ့ချင်လှသည်။

လမ်းသွားရင်းနှင့် မိန်းကလေးတစ်ယောက်ယောက် မြင် တိုင်း မီးပဲလားထင်ပြီး လိုက်ကြည့်မိသည်မှာ အကျင့်လိုဖြစ်နေပြီ။

ဘဝ၏အဝင်ပန်းဆုံး နေ့ရက်များပင် . . .

လေးရက်မြောက်သောနေ့တွင် ကျွန်တော် မည်သို့မျှ မနေ နိုင်တော့။

အနည်းဆုံး မီး၏မျက်နှာလေးကို ခပ်လှမ်းလှမ်းမှ ဖြစ်ဖြစ် မြင်ချင်လှနေပြီမို့ မီးတို့အတန်းဘက်သို့ ကျွန်တော် လျှောက်လာ ခဲ့သည်။



ခဏလေး တွေ့လိုက်ရလျှင်ပင် ကျွန်တော် ကျေနပ်ပါပြီ။

ကံကောင်းချင်တော့ မနုလေးဆောင် လှေကားထိပ်တွင် သိင်္ဂီနှင့်သွားဆုံသည်။

သိင်္ဂီက စာနာသောအကြည့်ဖြင့် ကြည့်၍ . . .

"ကိုကို . . . မီးဆီ သွားမလို့လား"

"ဟုတ်တယ် သိင်္ဂီ၊ တို့ ခဏသွားမလို့ပါ။ ဘယ်လိုမှ မနေတတ် တော့ဘူး သိင်္ဂီရယ် . . . စကားတွေ ဘာတွေ မပြောပါဘူးကွာ၊ ခပ်လှမ်းလှမ်းက သွားကြည့်ပြီး ပြန်မှာပါ"

"ဒါဖြင့် ဒီလိုလုပ် ကိုကို . . . သိင်္ဂီပါ လိုက်ခဲ့မယ်၊ ကိုကို ခပ်လှမ်းလှမ်းကနေပြီး သိင်္ဂီ့အရိပ်အခြည်ကို ကြည့်၊ သိင်္ဂီ အရင်သွား နှင့်မယ်"

ကျွန်တော် ခေါင်းညိတ်သည်။ သိင်္ဂီက မီးတို့အတန်းဘက် လျှောက်သွားသောအခါ ကျွန်တော် တစ်ဘက်ခြမ်း ဓာတ်ရစ်ဒါတွင် မယောင်မလည်လုပ်၍ နေရစ်ခဲ့သည်။

မနက်ခင်း ဆောင်းတွင်းမြောက်ပြန်လေသည် ကျွန်တော့်ကို အေးအောင် ဘယ်လိုမှ လုပ်၍မရ။

www.burmeseclassic.com

www.burmeseclassic.com

ခဏကြာသောအခါ ကျွန်တော်ရှိသည့် ကော်ရစ်ဒါဘက်ခြမ်းသို့ မီးတို့နှစ်ယောက် ထွက်လာသည်ကို တွေ့ရသည်။

သိဂီက နံရံအကွယ်ရောက်သည်တွင် ကျွန်တော့်ဘက်လှည့်၍ အလယ်လှေကားမှဆင်းပြီး သူတို့ဘက်လှေကားမှ ပြန်လှည့်တက်ခဲ့ရန် လက်ဟန်ခြေဟန်ဖြင့် ပြသည်။ ကျွန်တော် လှေကားဆီ ပြန်လျှောက်ပြီး အောက်ထပ်မှ ပြန်ပတ်လာခဲ့၏။

အောက်ထပ် လှေကားရင်းတွင် သူတို့နှစ်ယောက်နှင့် သွားဆုံသည်။

"ကဲ . . . အဲဒီနားမှာ စကားပြောကြ၊ သိဂီအပေါ်ကနေစောင့်နေမယ်၊ သိပ်တော့မကြာနဲ့နော်"

သိဂီက ပြောပြောဆိုဆိုနှင့် ပြန်လှည့်ထွက်သွားသည်။

ဒီတော့မှ မီးနှင့်ကျွန်တော် တိတိကျကျ မျက်နှာချင်းဆိုင်ဖြစ်သည်။ ခုထိ ကျွန်တော်တို့နှစ်ယောက်စလုံး မရယ်မပြုံးရသေး။

"လာ . . . မီး၊ ဒီဘက်နား သွားမယ်"

မီး လက်လေးကိုဆွဲ၍ လှေကားအကွယ် အခန်းထောင့်ချိုး



ဘက် ရွှေ့သည်။

ဖတာနယ် မှောင်ရိပ်ကျ၍ လုံခြုံသောနေရာလေးရောက်မှ ကျွန်တော် ရင်အေးသွားသည်။ စိတ်ထဲမှလည်း ပြုံးရန် သတိရ၏။

"ခုမှပဲ စိတ်ထဲ နည်းနည်းအေးသွားတယ် မီးရယ်"

မီးကလည်း ထက်ပြင်းချသည်။ မျက်နှာလေးကတော့ ပင့်ရင်း . . .

"စိတ်အေးမနေနဲ့ ကိုကို၊ ပြဿနာက ထင်တာထက် ပိုဆိုးနေပြီ၊ ကိုကိုတို့လည်း တွေ့ချင်နေတာမှ အရမ်းပဲ၊ ကိုကိုရောလည်း ဘယ်ပျောက်နေတာလဲ"

"ဟော်ဗျာ . . . မီးကပဲ ခဏရှောင်နေဦးဆို"

"အို . . . ရှောင်နေဆိုတာ ခဏမှ ရှောင်နေခိုင်းတဲ့ဥစ္စာ၊ ဒီလိုပဲ ခိုးတွေ့ရှိ ရရဲ့သားနဲ့"

"ဟာ . . . ဒီလိုမှန်းမှမသိဘဲ မီးရော၊ ကိုယ့်မှာ ဘယ်လောက်ဒုက္ခရောက်ရတယ် မှတ်လဲ၊ ဒီပြဿနာကြီးကို ဘယ်လိုလုပ်ရှင်းရမှန်းကို မသိဖြစ်နေတာ"

"ရှင်းစရာမလိုပါဘူး၊ သူတို့ဟာသူတို့ လုပ်ချင်ရာလုပ်၊ မီးကတော့ ဂရုမစိုက်ဘူး၊ မီးက ကိုကိုမလာတာပဲ ဒေါသနဲ့နေတာ၊ ကိုကိုနဲ့ ဆိုင်ပင်စရာတွေ အများကြီးရှိနေပြီ သိလား"

"ကဲ . . . ဒါဖြင့်ပြော မီး၊ ကိုယ်တို့ ဘာလုပ်ကြမလဲ"

"အစီအစဉ်တစ်ခုကော ဆွဲမှဖြစ်မယ် ကိုကို၊ ဒီတိုင်းသွားနေလို့ကတော့ မလွယ်ဘူး၊ မီးလည်း မနေတတ်ဘူး၊ အိမ်မှာနေရတာလည်း အရမ်းစိတ်ညစ်ဖို့ကောင်းတာပဲ၊ ဟိုကဆူ ဒီကဆူနဲ့"

"ကိုယ်ချင်းစာပါတယ် မီးရယ်၊ ကိုယ်လည်း ဘယ်လိုနေရမှန်းကို မသိတာပါ၊ ခုလည်း . . . မီးကို မျက်နှာလေးပဲ မြင်ရမြင်ရ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ငွတ်ထွက်လာခဲ့တာ၊ အဲဒီတော့ ကိုယ်စီစဉ်စရာရှိတာ စီစဉ်မယ်လေ၊ ခုပြဿနာက ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

"ဘယ်လိုဖြစ်ရမှာလဲ ကိုကိုရယ်၊ ဓာတ်ပုံပေါ့ . . . မီးတို့အိမ်ကို ဓာတ်ပုံတစ်ပုံ ရောက်လာတယ်"

"ဘယ်လို . . . ဓာတ်ပုံ တစ်ပုံ ရောက်လာတယ် . . . ဟုတ်လား၊ ဘယ်က ပုံလဲ"

"မီးနဲ့ကိုကိုနဲ့ တွဲလျှောက်နေတဲ့ပုံပေါ့"

"ကိုယ်တို့ ဘယ်တုန်းက ရိုက်လို့လဲ မီး"

"ဘယ်တုန်းကမှ မရိုက်ဘူး၊ ဒီပုံက မီးတို့မသိအောင် ခိုးရိုက်ထားတဲ့ပုံ"

ကျွန်တော် အံ့အားသင့်သွားသည်။ ကျွန်တော်တို့နှစ်ယောက်ချစ်ခြင်းကို ဤမျှ စီမံကိန်းချ၍ ဖြိုခွင်းဖို့ ကြိုးစားသူက ကြိုးစားနေပါလား။

"ဘယ်သူကများ . . . ဒီလောက် အပင်ပန်းခံပြီး ဖျက်လိုဖျက်ဆီး လုပ်ရတာလဲ မီးရယ်၊ ခိုးကြောင်ခိုးဝှက်နိုင်လိုက်တာ"

"ဘယ်သူရှိမလဲ ကိုကို . . . ကျော်ဇေယျပေါ့၊ ဓာတ်ပုံနောက်မှာကို စာရေးထည့်လိုက်တာ၊ ဤဓာတ်ပုံသည် လုပ်ကြံဖန်တီးတာလည်း မဟုတ်ပါ၊ အသေးစိတ် သိချင်ပါသေးလျှင် ကျွန်တော့်ထံ မေးမြန်းနိုင်ပါသည်။ ကျော်ဇေယျ . . . ဆိုပြီး သူ့လိပ်စာပါ ထည့်ရေးလိုက်တာ"

ကျွန်တော် သက်ပြင်းချမိ၏။

"အင်း . . . သူကတော့ သူပြောထားတဲ့အတိုင်း ဖြစ်အောင်လုပ်သွားတာပေါ့ မီးရယ်၊ ကဲလေ . . . ထားပါတော့၊ ဆက်ပြောပါ



ဦး၊ ဓာတ်ပုံရောက်လာတော့ ဘာဖြစ်လဲ"

"ဓာတ်ပုံရောက်လာတော့ မေမေက ဒေါကန်တာပေါ့၊ ပြီးတော့ ကိုကို ဘယ်သူလဲ ဘယ်ပါလဲဆိုပြီး မေးတယ်၊ ကျော်ဇေယျ ဘယ်သူလဲဆိုတာ မေးတယ်၊ မီးကလည်း ပြောပြလိုက်တယ်၊ ထူးမှ မထူးတော့ပဲ၊ ညာလည်း မညာချင်တော့ဘူး၊ တစ်ခုပဲ မပြောဘဲ ချန်ထားလိုက်တယ်၊ နောက် ဆက်သွယ်ရခက်မှာစိုးလို့ သီဂီ အစ်ကိုဆိုတာတော့ အိမ်ကို မပြောဘူး"

မီးကလည်း . . . ပြောပြလိုက်တယ် ဆိုသောစကားတွင် ဘယ်လောက်အထိ ပြောပြလိုက်သည်ဆိုသည်တော့ မပါ။ သို့သော် မီးပင်လျှင် ကျွန်တော့်အကြောင်းကို အကုန်သိသေးသည်မဟုတ်။ ဒီမျှနှင့် သဘောမတူဟုဆိုလျှင် သဘောတူစရာလမ်းစ ဘယ်လိုမှ မရှိတော့ဟု နားလည်လိုက်သည်။

"အဲဒီတော့ . . ."

"အဲဒီတော့ . . . ခု ကိုကို့အမြင်ပဲလေ၊ ဦးလေးလို့ ပြောတာပဲ၊ ဘယ်လိုတော်မှန်းလည်း မသိဘူး၊ မီးလည်း တစ်စက်မှ ကြည့်မရဘူး၊ အဲဒီလူကို ပုံအပ်ထားတာပဲ"

"ဩော် . . . အဲဒီလူက မီးအရင်က သိတဲ့လူ မဟုတ်ဘူးလား"

"သိတော့ သိသားပဲ၊ ဖေမေ့မောင် ဝမ်းကွဲတော်တယ်လို့ ပြောတယ်၊ အရင်းအချာထဲက မဟုတ်ပါဘူး"

"အဲဒီလူက ဘာလုပ်လဲ"

"ဘာမှလည်း အလုပ်အကိုင် မည်မည်ရရရှိတာ မဟုတ်ပါဘူး ကိုကိုရယ်၊ သူဌေးသား ပေါ်ကြော့ပါပဲ၊ နိုင်ငံခြားသဘော်ပဲ

www.burmeseclassic.com



လိုက်တော့ရော့[illegible] ပြောတာမှန်ရဲ့ ကိုယ်စားလှယ်ပါ ရှိတော့မလိုလိုနဲ့ ယောင်[illegible]ဆယ်ပါ"

ကျွန်တော် ဟားခနဲ လေပူတစ်ချက် မှုတ်ထုတ်သည်။

"ဒါဖြင့် ... ဒီလို ကိုလည်း စိတ်မချရဘူးပေါ့။ မီးနဲ့ တစ်ချိန်ချိန်မှာ ပတ်သက်မှု ရည်ရွယ်ထားရင် ရည်ရွယ်ထားမှာပေါ့ ဟုတ်လား"

"အင်း ... မီးလည်း ဒီအတိုင်းပဲထင်တယ် ကိုကို"

ရင်ထဲသို့ တပူလုံးများ ဆင့်ကဲ ရောက်ရှိလာရပြန်၏။

✿ ✿ ✿

"ဘယ်လိုလုပ်ကြရင် ကောင်းမလဲ မီး"

တိုင်ပင်ဆွေးနွေးရုံသက်သက် အလွယ်တကူမေးလိုက်သော အမေးမဟုတ်။ တုန်လှုပ်သွားသောစိတ်ကြောင့် ဖြစ်လာသော အထိတ်အလန့်ဖြင့် တွယ်ရာမဲ့ မေးလိုက်ခြင်းဖြစ်သည်။

"မီးလည်း အဲဒါပဲ စဉ်းစားနေတာပဲ ကိုကို၊ ခုလောလော ဆယ်လုပ်ဖို့ မဟုတ်ပေမယ့် တစ်ချိန်ချိန်ကျရင် မီးတို့ ပြတ်ပြတ်သားသားနဲ့ တစ်ခုခုဆုံးဖြတ်ဖို့ လိုမှာကတော့ သေချာတယ်၊ အဲဒီအတွက် မီးတို့မှာ အစီအစဉ် တစ်ခုခုတော့ ရှိထားရင်ကောင်းမယ်"

ကျွန်တော် ခေါင်းညိတ်သည်။

"ဟုတ်တယ် မီး ... ကိုယ်လည်း အဲဒီလိုပဲ နားလည်တယ်၊ ဒါပေမဲ့ အဲဒီအစီအစဉ်မဆွဲခင် မီးနဲ့ကိုယ် စကားနည်းနည်း ပြောချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မီးရဲ့ကလေးဆန်တဲ့အပေါ် နုနယ်သေးတဲ့ ဘဝအတွေ့အကြုံကြောင့် အချစ်အတွက် အရေးရာတို စွန့်လွှတ်ဖို့ အဆင်သင့်ရှိနေတဲ့ မိုက်ရူးရဲစိတ်အပေါ်မှာ ကိုယ် လူကြီးတစ်ယောက်အနေနဲ့ အခွင့်အရေးမယူချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို . . . ဘာပြောတာလဲဟင်"

"ဒီလိုမီး . . . မီးနဲ့ပတ်သက်လို့ ကိုယ့်မှာ အားနည်းချက်တွေ ရှိတယ်၊ အဲဒီအားနည်းချက်တွေ အကုန်လုံးကို မီးကိုဖွင့်ပြောပြချင်သေးတယ်၊ ကိုယ်ပြောပြတဲ့ အားနည်းချက်တွေ အကုန်လုံးကို မီးအကုန်သိပြီးမှ သိပြီးတာတောင် တစ်ခါပြန်ပြီး ခေါင်းအေးအေးနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ကိုယ်တို့လုပ်သင့်တာကို ဆက်လုပ်သွားချင်တယ်"

"ကိုကိုက ဘာအားနည်းချက်တွေ ရှိသေးလို့လဲ၊ ဟိုတစ်ခါလည်း ပြောပြီးပြီ မဟုတ်လား၊ တော်ပါတော့ ကိုကိုရယ်၊ အဲဒါတွေ မပြောပါနဲ့တော့၊ ကိုကိုပြောမှာတွေ မီးအကုန်သိတယ်၊ ကိုကို့ဘဝက ဆင်းရဲတာ၊ မီးကို တင့်တောင့်တင့်တယ် မထားနိုင်မှာ . . . မီး ဆင်းရဲမှာ၊ အဲဒါတွေ စဉ်းစားပြီးမှ မီးဆုံးဖြတ်လို့ ပြောမလို့ မဟုတ်လား"

"အဲဒါတွေလည်း ပါတယ်မီး၊ နောက်ထပ် တစ်ခုနှစ်ခုလောက် ပြောစရာ ရှိသေးတယ်"

"ကဲ ခုပြော . . . ကိုကိုရာ . . . ခုပြော"

ကျွန်တော် လေပူတစ်ချက် မှုတ်ထုတ်သည်။

"ခုပြောဖို့ အချိန်ရမှာ မဟုတ်ဘူး မီး၊ မီးနဲ့ကိုယ် နောက်တစ်ခါ ခဏလောက် အချိန်ယူပြီး တွေ့ချင်သေးတယ်၊ အဲဒီတော့ ပြောပြပါ့မယ်"

မီးက မျက်နှာမဲ့၍ ခေါင်းခါသည်။ ငိုမလို အမူအရာနှင့် မျက်ရည်ဝိုင်းလာပြီး . . .

"ဟာကွာ . . . သိပ်စိတ်ညစ်တာပဲ၊ ကိုကိုက ဘာမှန်းလည်း



မသိဘူး . . . မီး ငိုချင်လာပြီ၊ နောက်တစ်ခါတွေ ဘာတွေ လုပ်မနေနဲ့၊ ခု တစ်ခါတည်းပြော၊ ဒီလိုကြီး ပြန်သွားရရင် မီး အိပ်ပျော်မှာ မဟုတ်ဘူး"

ရင်ထဲတွင် ဆို့နင့်သွားသည်။ သူ မည်တဲ့သို့ ခံစားနေရမည်ဆိုသည်ကို ကျွန်တော် ကိုယ်ချင်းစာမိပါသည်။ သို့သော် ကျွန်တော်ပြောမည့်စကားရှည်ရှည်ကို စောင့်စားနားထောင်ရန် မီးမှာ အချိန်ရပါ့မလား။ အဆောင်ကော်ရစ်ဒါမှ ပုဂ္ဂိုလ်ကရော သူ့မှတ်စိအောက်မှ ဒီမျှကြာကြာ ပျောက်နေသော မီးအပေါ် သံသယတင်းကင်းနှင့် စောင့်နေပါ့မလား။

ကျွန်တော့်ခေါင်းထဲတွင် ဆုံးဖြတ်ချက်တစ်ခု ချက်ချင်းချသည်။

"ကဲ . . . မီး . . . မီးလည်း စိတ်ထဲမှာ မတင်မကျကြီးနဲ့ အပင်ပန်းခံမနေနဲ့၊ ခုရတဲ့အချိန်လေးနဲ့ ပြောရင်လည်း ကိုယ့်စကားက လုံလောက်မှာ မဟုတ်ဘူး၊ ဒီတော့ မီး အခု အခန်းထဲ ပြန်သွား၊ ညနေကျောင်းဆင်းခါနီး နောက်ဆုံးအချိန် မတက်ခင် ဒီလိုပဲ အိမ်သာသွားသလိုနဲ့ ဒီနားကို ခဏလာခဲ့ . . . ကိုယ် စောင့်နေမယ်၊ ကိုယ်ပြောချင်တာတွေ အကုန်လုံးကို စာနဲ့ရေးပြီး ပေးလိုက်မယ်၊ မီး အိမ်ကျမှ သေချာဖတ်၊ သေချာစဉ်းစား၊ မနက်ဖြန်ကျရင် မီးနဲ့ ကိုယ် ပြန်ဆုံမယ်၊ ဒီလိုမျိုးလေး ခိုးတွေ့လို့တော့ တစ်နေ့တစ်ခါလောက် ရမှာပါ၊ ကဲ . . . မီးသွားတော့နော်"

မီး သက်ပြင်းချသည်။

"ညနေနော်"

"ဟုတ်တယ် မီး . . . နောက်ဆုံးအချိန် မတက်ခင်မှာ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့"

မီးက ကျွန်တော့်မျက်နှာကို စူးစမ်းသလို တစ်ချက်ကြည့်သည်။ ထို့နောက် 'ဒါဖြင့် မီးသွားမယ်' ဟုပြောပြီး လှေကားမှ ပြန်တက်သွားသည်။

ကျွန်တော့်ရင်ထဲ နည်းနည်းပေါ့ပါးသွားသည်။

ကျွန်တော်ပြောပြီး မီး ဘယ်လိုဆုံးဖြတ်ဆုံးဖြတ် ကျွန်တော် ဝမ်းသာပျော်ရွှင်ရန် သို့မဟုတ် ဝမ်းနည်းကြေကွဲရန် ဒါ်းစည်း၍ ခံနိုင်သည်။

ကျွန်တော်သည် စကားများမပြောဘဲတော့ ဘာတစ်ခုမှ ဆုံးဖြတ်ရမည် မဟုတ်။

ကျွန်တော်က မီးထက် အသက်ကြီး၏။

... အဲဒါတွေပဲ မီး

ကိုယ့်ဘဝတစ်လျှောက်လုံးလိုလိုဟာ ကိုယ့်ရွာရဲ့ ကျေးဇူးနဲ့ ကြီးပြင်းလာခဲ့ရတာပါ၊ ဒါကြောင့် ရွာက မျှော်လင့်သလို ကိုယ်ကလည်း ရွာကို တစ်သက်လုံး လုပ်ကျွေးပြုစုဖို့ ဆုံးဖြတ်ထားပါတယ်။

တစ်ဖက်ကလည်း မီးကို ကိုယ့် အသက်နဲ့ အမျှ ချစ်တယ်။

ဒါပေမဲ့ ... ကိုယ့်ကတိ၊ ကိုယ့်ဆုံးဖြတ်ချက်အတိုင်း လုပ်သွားမယ်ဆိုရင် ကိုယ် ဒီနှစ် စာမေးပွဲ ဖြေပြီးတဲ့အထိ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကျောင်း



တက်ရဦးမယ်၊ ကျောင်းပြီးလို့ မီးကို ယူနိုင်ပြီဆိုရင်လည်း ကိုယ့်ရွာမှာပဲ မီးတစ်သက်လုံး လိုက်နေရတော့မယ်။

အဲဒီကိစ္စကို မီးဆန္ဒမပါဘဲ ကိုယ် ဘယ်လိုလုပ်ဆုံးဖြတ်မလဲ မီး။

နောက်တစ်ခုက မီးကို သေသေချာချာ စဉ်းစားချိန်မပေးဘဲ ကိုယ့်သဘောကျ ကိုယ့်အစီအစဉ်အတိုင်း လုပ်သွားရင်လည်း ကိုယ် ဘယ်တရားပါ့မလဲ။

မီး သေသေချာချာ စဉ်းစားနော်၊ ကိုယ့်ကိုချစ်တဲ့ စိတ်တစ်ခုတည်း ရှေ့ဆောင်ပြီး ဘယ်လိုဘဝမျိုးဖြစ်ဖြစ် ပျော်အောင်နေမယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးကို အလျင်စလို မချနဲ့၊ ဒါက ဘဝကိစ္စ မီး...။

မြို့ကြီး မတိုးတက်သေးတဲ့ ရွာကလေးတစ်ရွာမှာ မွေးမြို့တိုးတက်အောင် ကြိုးစားရင်း တစ်သက်လုံး နေသွားဖို့ဆိုတာ တော်ရုံယုံကြည်ချက်နဲ့ မရဘူး၊ အထူးသဖြင့် မီးတို့လို မြို့ပြထဲ မနေခဲ့ဘူးတဲ့ လူတွေအဖို့မှာ မလွယ်ဘူး၊ ဒါ ... မီးကို ခြောက်နေတာလည်း မဟုတ်ဘူး။

ကိုယ့်သဘောနဲ့ကိုယ် ပြောရရင် မီးကို ကိုယ်နဲ့ သိပ်လိုက်စေချင်တယ်၊ ဖြစ်နိုင်ရင်လည်း မရအရ ခေါ်သွားချင်တယ်၊ မီးကို ခေါ်လာနိုင်ခဲ့ရင် ကိုယ် တင်မဟုတ်ဘူး၊ ကိုယ်တို့ တစ်ရွာလုံးကပါ အရမ်း

www.burmeseclassic.com

www.burmeseclassic.com



ပျော်ကြမယ်ဆိုတာ ကိုယ်သိတယ်။

ဒါပေမဲ့ ... မီးဆန္ဒကိုလည်း မီးဘဝနဲ့မီး စဉ်းစားပြီးမှ အကောင်အထည် ဖော်စေချင်တယ်။ ဒါကြောင့်ပါ ...။

ကဲ ... ကိုယ်ပြောစရာကတော့ ဒါပါပဲ မီး။

မီး စဉ်းစားပါ။

ကျန်တာတော့ ... ဘာမှမပူနဲ့၊ ကိုယ်က ယောက်ျားပါ၊ မီးအတွက် ကိုယ် ဘာမဆို ရင်ဆိုင်ရဲပါတယ်၊ မီးအဖြေကို ကိုယ်စောင့်နေမယ် ...။

မီးရဲ့
ကိုကို
အေးချမ်း

"နက်ဖြန်ကျရင် ဒုတိယအချိန်ပြီးတာနဲ့ ဆင်းလာခဲ့နော်၊ ကိုယ် ဒီနေရာကပဲ စောင့်နေမယ်"

မီးက ကျွန်တော့်လက်ထဲမှစာကို လှမ်းယူရင်း ခေါင်းညိတ်သည်။

မီးပြန်သွားပြီးနောက် အဆောင်သို့ ကျွန်တော် ပြန်လာရင်း ရင်ထဲမှနေ၍ ဆုတောင်းတစ်ခုကို လေးလေးနက်နက် ဆုတောင်း



လိုက်မိ၏။

"တပည့်တော်သည် တပည့်တော်၏ချစ်သူကို သန့်ရှင်းစင်ကြယ်သော ချစ်မေတ္တာဖြင့် မြတ်နိုးခဲ့သည်မှာ မှန်ပါသည်ဘုရား၊ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်၏ချစ်သူနှင့် ကံကောင်းအကြောင်းလှ၍ ပေါင်းရလျှင်လည်း ပျော်ရွှင်ချမ်းမြေ့စွာ ပေါင်းသင်းရပါစေ . . . အကယ်၍ ကံမကောင်း အကြောင်းမလှ၍ မပေါင်းရလျှင်လည်း ကျေကျေနပ်နပ်ပင် လွမ်းနေရပါစေ ဘုရား"

www.burmeseclassic.com

'ရင်အခုန်ရဆုံး နေ့ရက်များ' အမည်ဖြင့် ငယ်ငယ်တုန်းကလို စာစီစာကုံးရေးရမည်ဆိုလျှင် ထိုနေ့များကို ရွေးချယ်မိမည်မှာ သေချာ၏။

မီးကို စာပေးခဲ့ပြီး ပြန်လာသည့်ညကလည်း တစ်ညလုံးလိုလို အိပ်မရ။ မီး၏အဆုံးအဖြတ်နှင့် ပတ်သက်လျှင် စိတ်စောနေမိသည်။ အများအမြင်မှာတော့ ရယ်စရာပင် ဖြစ်နေမလားမသိ။

ထိုညက အိပ်မရသဖြင့် ကိုကျော်စွာကိုနှိုးပြီး အဆောင်ဝရန်တာတွင် ချမ်းချမ်းစီးစီး ထွက်စကားပြောရန် အဖော်ဆွယ်ကြည့်သည်။

ကျွန်တော်က အကျိုးအကြောင်း ပြောပြသောအခါ ကိုကျော်စွာက ဟားတိုက်၍ပင်ရယ်သည်။

"ခင်ဗျားကလည်းဗျာ ပူစရာမရှိ ကြံဖန်ပူတတ်လိုက်တာ။ ခုအခြေအနေထိ ခင်ဗျားဘဝကို သူလက်ခံနိုင်ပြီးတဲ့နောက်တော့ ဒီပြဿနာက အသေးအမွှား ဖြစ်မနေဘူးလား၊ ခင်ဗျားဟာခင်ဗျားသာ ပြဿနာကြီးလုပ်ပြီး စဉ်းစားနေတာ၊ ကျွန်တော့်အမြင်မှာတော့



ဒါဟာ စဉ်းစားစရာပြဿနာ မဟုတ်ဘူးလို့ပဲ ထင်တယ်"

ကျွန်တော် ခေါင်းခါသည်။

"မဟုတ်ဘူး ကိုကျော်စွာ၊ ကျွန်တော် နားလည်သလောက်မှာ ဒါဟာ နည်းနည်းနောနော အရေးကြီးတဲ့ပြဿနာ မဟုတ်ဘူး၊ အတော်စဉ်းစားရမယ့် ပြဿနာလို့ ထင်တယ်"

"ဟာဗျာ . . . ခင်ဗျားကလည်း ခင်ဗျားရွာ ခင်ဗျားပြန်ပြီး တစ်သက်လုံး နေရမယ်ဆိုတာက ဆင်းဆင်းရဲရဲ မွဲမွဲပြာပြာတောနဲ့ လယ်ထွန်ကျောက်စိုက် ပြန်လုပ်ရမှာမှ မဟုတ်တာ၊ ရွာမှာ ဘာလုပ်စရာရှိလဲ . . . ကျောင်းဆရာလုပ်၊ ရပ်ရေးရွာရေးဆို ရှေ့ကနေ ဦးဆောင်ပေး . . . ဒါပဲလုပ်ရမှာ မဟုတ်လား"

"လုပ်ရမှာကတော့ ဒါပဲပေါ့ ကိုကျော်စွာ၊ ဒါပေမဲ့ ရန်ကုန်မှာပဲ မွေး၊ ရန်ကုန်မှာပဲ ကြီးပြီး ဘာမှလိုလေသေးမရှိအောင် တိုက်နဲ့ကားနဲ့နေလာခဲ့တဲ့ တက္ကသိုလ်ကျောင်းထွက်ပညာတတ်တစ်ယောက် အနေနဲ့ ကျွန်တော့်နည်းတူ အဲဒီလိုရွာလေးမှာ ဘဝကိုမြှုပ်နှံဖို့ကိစ္စဆိုတာ ရေဒီယိုဇာတ်လမ်းဝမာထဲကလောက် မလွယ်ဘူး၊ စိတ်ကူးယဉ်နဲ့ လက်တွေ့က တခြားစီပဲနော် ကိုကျော်စွာ"

ကိုကျော်စွာ ခေါင်းခါသည်။

"မဟုတ်ဘူး ကိုအေးချမ်း၊ ခင်ဗျား အတွေးခေါင်နေပြီလို့ ထင်တယ်၊ မိန်းမသားတစ်ယောက်ရဲ့ အချစ်ကို သိပ်လျှော့တွက်သလို ဖြစ်နေတယ်၊ မိန်းကလေးဆိုတာ ကိုယ့်ချစ်သူမျက်နှာကို တစ်ကမ္ဘာ ထင်တာပါဗျာ၊ ကိုယ့်ချစ်သူကလွဲရင် ဘုရင်ခံတောင် မလိုချင်ပေါင်ဆိုတဲ့ သီချင်းလိုပေါ့"

"အေးလေ . . . ခင်ဗျားပြောသလို မီးကလည်း ဘယ်ဘဝ

www.burmeseclassic.com



မျိုးရောက်ရောက် ကျွန်တော်နဲ့အတူ မခွဲဘူးဆိုရင်တော့ သားရွှေအိုးထမ်းလာသလို အင်မတန် ပျော်စရာကောင်းမှာပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော့်ဘက်က ဒီလောက် ပေါ့ပေါ့မတွက်တာတော့ အမှန်ပဲ ကိုကျော်စွာ၊ ကျွန်တော့်စိတ်ထဲမှာ ယုံကြည်ဆုံးဖြတ်ထားတာ တစ်ခု ရှိတယ်"

"ဆိုပါဦး"

"ကျွန်တော် မီးကို အရမ်းချစ်တယ်၊ ဒါပေမဲ့ မီးနဲ့ မပေါင်းရဘဲနေဆို နေနိုင်တယ် ကိုကျော်စွာ၊ အတူပေါင်းပြီးမှ ဘဝကြမ်းတမ်းတဲ့ဒဏ်ကို မခံနိုင်လို့ တစ်ယောက်နဲ့တစ်ယောက် ပြဿနာတက်ပြီး ခွဲရမှာကို ပိုကြောက်တယ်"

"ခင်ဗျားတို့ရွာက သိပ်အခြေအနေဆိုးနေလို့လား ကိုအေးချမ်း"

"မဟုတ်ဘူး ကိုကျော်စွာ၊ မဖွံ့ဖြိုးသေးတဲ့ သူများရွာတွေလောက်ပဲ၊ တိုးတက်မှု နှေးကွေးတာပါ၊ ဒါကို ပြောတာ မဟုတ်ဘူး။ ခင်ဗျားလည်း နယ်ကျောင်းသားပဲ၊ ခင်ဗျားဘွဲ့ရပြီး ခင်ဗျားတို့ မြို့နားက ရွာလေးတစ်ရွာမှာ တစ်သက်လုံး အခြေစိုက်နေသွားနိုင်မလား"

"မတတ်သာရင်တော့ နေရမှာပေါ့ဗျာ"

"အေး . . . အဲဒါ ပြောတာပေါ့၊ မတတ်သာမှ ခင်ဗျားနေမှာပေါ့၊ တတ်သာရင် ခင်ဗျား ဘယ်နေမလဲ၊ ဒါတောင် ခင်ဗျားက အဲဒီရွာနဲ့ မလှမ်းမကမ်း နယ်မြို့ကလေးကနေ လာတဲ့လူ၊ ရန်ကုန်က ပိုက်ဆံရှိ သားသမီး ကျောင်းသားတစ်ယောက်ကို မေးကြည့် . . . သူ နေနိုင်မလားလို့"



"ဒါဖြင့် ခင်ဗျားဆိုလိုတာက . . . မီး နေနိုင်ချင်မှ နေနိုင်မယ်ပေါ့"

"ကျွန်တော် မပြောတတ်သေးဘူး ကိုကျော်စွာ၊ မနက်ဖြန်မှ သိမှာပဲ"

"တကယ်လို့ မနေနိုင်ဘူးဆိုရင်ရော၊ ဒါမှမဟုတ် ရွာမှာ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် သွားလုပ်၊ အခြေအနေကောင်းတဲ့အခါမှာ မြို့ပြောင်းပြီး နေမယ်ဆိုရင်ရော"

"အဲလို . . . ကျွန်တော့်ဘက်က လုပ်လို့မရလို့ ဒီစကားတွေ ပြောနေရတာပေါ့ ကိုကျော်စွာ"

ကိုကျော်စွာ ငိုင်သွားသည်။ အတန်ကြာ စကားမဆိုဖြစ်။ တော်တော်လေးကြာမှ သူ စကားစသည်။

"အေးလေ . . . မီး ဘာပြောမလဲဆိုတာ စောင့်ကြည့်သေးတာပေါ့"

မီးနှင့် ချိန်းဆိုထားသော အရပ်နှင့် နီးလာလေ ကျွန်တော့်ရင် ပိုခုန်လေ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ."

နခရီလက်ဖဝါးများရွှေ့လျားနေသည်ကိုကြည့်ပြီး ကျွန်တော် ပူပန်လာသည်။

"မီး ဘာဖြစ်လို့ ခုထိ မလာသေးတာပါလိမ့်"

မီးနှင့်ချိန်းဆိုထားသော အချိန်များ လွဲနေပြီလား စိတ်ထဲ၌ ဇဝေဇဝါဖြစ်သည်။ ဒုတိယအချိန်ပြီးလျှင် တွေ့မည်ဟု ပြောခဲ့သည်မှာ မှားစရာမရှိ။ သို့ရာတွင် မီး ခုထိ ပေါ်မလာ။ ဒုတိယအချိန်ပြီး၍ တတိယအချိန် ပြန်တက်ရန် နှစ်မိနစ် သုံးမိနစ်မျှသာ လိုတော့သည်။

ရင်ထဲ၌ ပူပန်လှုပ်ရှားလာ၏။

"ဟာ . . ."

ထိုစဉ် မမျှော်လင့်သူတစ်ယောက်နှင့် တွေ့လိုက်ရ၍ ဝမ်းအားသင့်ပြီး လွတ်ခနဲ ခေါ်ရှုတ်လိုက်၏ . . . ကိုကျော်စွာ။

"ဘယ်လိုလဲ ကိုအေးချမ်း . . . တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး ကိုကျော်စွာ . . . ဘာဖြစ်လို့လဲ"



သူ ခေါင်းခါသည်။

"ဘာမှ မဖြစ်ပါဘူး၊ လက်ဖက်ရည်ဆိုင်ကနေ ခင်ဗျား ပြန်အလာကို စောင့်ရင်း မစောင့်နိုင်တာနဲ့ ခင်ဗျားဆီ လာခဲ့တာ၊ ခင်ဗျားအခြေအနေ သိချင်လို့"

"ခုထက်ထိ ဆင်းမလာသေးဘူးဗျာ၊ အဲဒါ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

ကိုကျော်စွာ နာရီကို တစ်ချက်ငုံ့ကြည့်ပြီး . . .

"နောက်အချိန်တောင် တက်တော့မှာပဲ၊ ဒီလိုလုပ်ပါလား၊ အပေါ်တက်ပြီး နည်းနည်းပါးပါး အရိပ်အခြည် သွားကြည့်လိုက်ပေါ့"

ထိုစဉ် အချိန်ပြောင်းခေါင်းလောင်းတီးသံ ကြားလိုက်ရသည်။

မီးနှင့်ကျွန်တော် ချိန်းဆိုထားသောကာလ လွန်မြောက်သွားလေပြီ။

ကိုကျော်စွာပြောသလို ကျွန်တော် အပေါ်ထပ်တက်လိုက်သွားရမလား၊ သို့မဟုတ် စောင့်လက်စနှင့် ဆက်၍ပဲ စောင့်နေရမည်လား . . . ဝေခွဲမရ။

"ကျွန်တော့်ကို တစ်ခုကူညီပါဗျာ . . . ကိုကျော်စွာ"

"ပြောလေ . . . ဘာလုပ်ပေးရမလဲ"

"ခင်ဗျား အပေါ်ထပ်ကို ခဏတက်သွားပြီး အခြေအနေ ကြည့်ပေးစမ်းပါ"

ကိုကျော်စွာ ခေါင်းညိတ်သည်။ သွားပေးမယ်လေ . . . ခင်ဗျား ဒီကပဲ ခဏစောင့်ဟုဆိုကာ လှေကားမှနေ၍ အပေါ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



တက်သွားသည်။

ခဏကြာသောအခါ ခပ်သုတ်သုတ် ပြန်ဆင်းလာသည်။ ကျွန်တော် ဘာမှမမေးခင် သူက ကြိုပြောလိုက်၏။

"မရှိဘူး . . . ကိုအေးချမ်း၊ အပေါ်ထပ်မှာ ခင်ဗျားမီး မတွေ့ခဲ့ဘူး"

❁

ကျွန်တော့်ခေါင်းထဲတွင် အန္တရာယ်သတိပေး မီးနီလေးများ ရှတ်တရက် လင်းလာသည်။

မီးမှာ ပြဿနာတစ်ခုခုများ တွေ့နေပြီလား။

ရုတ်ခြည်း ဆုံးဖြတ်ချက်နှင့်အတူ ကိုကျော်စွာ့ကို လက်ကုတ်၍ . . .

"လာဗျာ . . . ကျွန်တော် အပေါ်ထပ် တက်ကြည့်မယ်။ ခင်ဗျားပါ လိုက်ခဲ့"

ကိုကျော်စွာ ခေါင်းညိတ်ပြီး ကျွန်တော်နှင့်အတူ သွက်သွက် လိုက်တက်သည်။ ကျွန်တော် အပေါ်ထပ်သို့ ဘယ်လိုရောက်သွား မှန်းပင် မသိ။

အမောတကောနှင့် မီးတို့ အတန်းရှေ့သို့ အမြန်ဆုံးရောက် အောင် လှမ်းသည်။ ထို့နောက် မီး ထိုင်နေကျခုံကို ဦးစွာ လှမ်းကြည့် သည်။

မတွေ့။

ကျွန်တော် တစ်တန်းလုံး နေရာလပ်မကျန်အောင် လိုက်



ကြည့်သည် . . . မီး မရှိ။ မီးကို စောင့်ရှောက်ရန် လိုက်လာသည် ဆိုသော ပုဂ္ဂိုလ်ကိုလည်း ကမန်းကတန်း ရှာသည်။ ထိုသူလည်း မရှိ။

တစ်ခုခုတော့ ဖြစ်ပြီဟု မသိချင်ဘဲ သိလိုက်ရ၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

"သိင်္ဂီက ဘာပြောလဲ"

"သူလည်းမသိဘူး ကိုကျော်ဇွာ၊ ညနေကျရင်တော့ အခြေအနေ သိရအောင် အိမ်သွားမေးပေးမယ်လို့တော့ ပြောတယ်"

ကျွန်တော်တို့နှစ်ယောက် မန္တလေးဆောင်မှ အပြန်တွင် သိင်္ဂီဆီ ဝင်မေးသည်။ သိင်္ဂီဆီမှ ပြန်လာလာချင်း ကိုကျော်ဇွာက လှမ်းမေးလိုက်ခြင်း ဖြစ်၏။ ကျွန်တော့်အဖြေကြောင့် ကိုကျော်ဇွာ မျက်မှောင်ကြုတ်သွားသည်။

"အဖြစ်နိုင်ဆုံးကတော့ မနွဲ့က ခင်ဗျားတို့နှစ်ယောက် တွေ့ပြီး စာပေးလိုက်တဲ့ကိစ္စ၊ သူ့အိမ်က သိသွားပြီး ပြဿနာရှာတာလို့ပဲ ထင်တယ် ကိုအေးချမ်း"

ကျွန်တော် သက်ပြင်းချသည်။

"နောက်တစ်ခုက ကျွန်တော့်အစီအစဉ်ကို သူလက်မခံနိုင်လို့ တမင်ရှောင်နေလိုက်တာရော မဖြစ်နိုင်ဘူးလား ကိုကျော်ဇွာ"

"ဟာ . . ဒါကတော့ မဖြစ်နိုင်ဘူး ထင်တယ်ဗျာ၊ ကျွန်တော့်စိတ်ထဲမှာ မီး ဒီကိစ္စကြောင့်တော့ နောက်ဆုတ်မှာ မဟုတ်ဘူးလို့



ခေါက်မေ့တယ်၊ အေးဗျာ . . . ခုနေမှာ ခင်ဗျား မီးနဲ့ တစ်ခုခု အဆက်အသွယ်ရအောင် လုပ်နိုင်ရင် သိပ်ကောင်းမှာပဲ"

"ကျွန်တော်လည်း အဲဒါပဲ စဉ်းစားနေတာပဲ ကိုကျော်ဇွာ၊ ဘယ်လိုလုပ်ရမယ်မှန်းကို မသိတော့ဘူး"

"တစ်ခုတော့ရှိပါတယ်၊ ညနေကျရင် သိင်္ဂီသွားမှာဟဲ၊ အဲဒီမှာ တစ်ခုခုတော့ သိရမှာပေါ့"

ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်မိသည်။ ခုအခြေအနေမှာတော့ သူပြောသလိုပင် ညနေထိစောင့်ရုံသာ ရှိတော့သည်။ စောင့်နိုင်၍ တစ်ခုခုလုပ်ချင်လျှင်လည်း လုပ်စရာ ဘာမှမရှိတော့။ မနေနိုင်၍ တစ်ခုခု ထလုပ်မိခါမှ ပိုဆိုးသွားနိုင်စရာတွေလည်း ရှိသည်။

"ညနေကျရင် သိင်္ဂီနဲ့ တယ်လိုဆုံမှာလဲ"

"ကျွန်တော် သိင်္ဂီတို့ကျောင်းအဆင်းမှာ တစ်ခါတည်း လိုက်သွားမယ်လို့ ဆုံးဖြတ်တယ် ကိုကျော်ဇွာ၊ မီးတို့အိမ်နားရောက်မှ တစ်နေရာရာမှာ ကျွန်တော် ဆင်းနေခဲ့ပြီး သိင်္ဂီဆီက သတင်းစကားနားထောင်မယ်"

"ကောင်းသားပဲ၊ အဲဒီအတိုင်းပဲ လုပ်ပါဗျာ၊ သိပ်လည်း စိတ်မပူပါနဲ့ဦး၊ ကိုယ့်ဘက်က လုပ်စရာတစ်ခုခုတော့ ပေါ်လာမှာပေါ့"

ကျွန်တော် ခေါင်းညိတ်သည်။

သို့ရာတွင် ထိုညနေဆိုသောအချိန်အထိ ရောက်အောင် ကျွန်တော် မည်မျှခက်ခဲပင်ပန်းစွာ စောင့်ရဦးမည်ဆိုသည်ကိုတော့ ကျွန်တော့်ဘာသာကျွန်တော်သာ သိမည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးက မဆန်းကြယ်ဘူးလား မီး။

မီးနဲ့ကိုယ့်ဇာတ်လမ်းလေးကို ပြန်စဉ်းစားတိုင်း ဒီနေရာရောက်ရင် တန့်တန့်သွားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာမှမထူးဆန်းလှသလို၊ အင်မတန် ဖြစ်နိုးဖြစ်စဉ် ဖြစ်ပျက်ခဲ့တဲ့ ကိုယ်တို့ရဲ့ ဇာတ်လမ်းအပိုင်းဟာ ဒီအထိပဲ သဘာဝကျခဲ့တာ မဟုတ်လား . . .။

စဉ်းစားကြည့်လေ , . .

မီးနဲ့ကိုယ် ဘာမှမထူးဆန်းတဲ့ တွေ့ဆုံခြင်းမျိုးနဲ့ပဲ တွေ့ဆုံခဲ့တယ်၊ မမျှော်လင့်ဘဲ . . . မမျှော်လင့်ဘဲ အပြောင်းအလွဲလေးတွေဖြစ်ခဲ့ပြီး ကိုယ်တို့နှစ်ယောက်ရဲ့ ဘဝအဆုံးအဖြတ်ပိုင်းကို ရောက်လာခဲ့ပေမယ့် လောကကြီးမှာ ဒါမျိုးက ဘာထူးဆန်းတာမှတ်လို့။

မီးနဲ့ကိုယ်နဲ့ ချစ်တယ်၊ မီးက ငယ်ရွယ်သူမို့ အချစ်နဲ့ပတ်သက်တဲ့ကိစ္စမှာ သတ္တိပိုရှိတယ်၊ ကိုယ်က မီးထက် အသက်အားဖြင့်ကြီးသလို ဘဝအားဖြင့်လည်း ပိုရင့်ကျက်တာမို့ တစ်လျှောက်လုံး



တွေဝေလိုက် ရဲရင့်လိုက်နဲ့ ချီတုံချတုံပေါင်းများစွာနဲ့ သိသရာလည်ခဲ့တယ်။

နောက်ဆုံးကျတော့ မီးရောကိုယ်ရော မလွှဲသာ မရှောင်သာ ရင်ဆိုင်ရမယ့် ပြဿနာတစ်ခုဆီသို့ ရောက်လာတယ်၊ ကိုယ့်ဘက်ကလည်း ကိုယ် ရဲရဲဝံ့ဝံ့ရင်ဆိုင်ရမှာ တစ်ခုအတွက် မီးကိုအသိပေးပြီး မီးအဆုံးအဖြတ်ကို စောင့်နေတယ်။

မီးက ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး . . .

"ဖြစ်တယ် ကိုကို၊ မီး ဆုံးဖြတ်ပြီးပြီ၊ ကိုကို စီစဉ်စရာရှိတာ စီစဉ်တော့" လို့ အဖြေတစ်ခုပေးလိုက်တာနဲ့ ကိုယ့်ဘက်က ရင်ဆိုင်ရမယ့်ကိစ္စတွေ ရင်ဆိုင်ပြီး သတ္တိရှိရှိနဲ့ ရှေ့ဆက်ရုံပဲ ကျန်တော့တယ်။

အဲဒီလိုလေးသာ ဖြစ်သွားရင် ကိုယ်တို့ဘဝမှာ ဘာမှပြောစရာကို ရှိတော့မှာ မဟုတ်ဘူး။ အားလုံးဟာ သဘာဝကျကျလေးနဲ့ လှလှပပလေး ပြီးသွားမှာပဲ မီး။

ခုနေခါမှာ ဘာမှလွမ်းနေစရာတောင် လိုမယ်မထင်ဘူး။

ဒါပေမဲ့ လောကကြီးက ကိုယ်တို့ထင်သလိုမှ မဟုတ်ဘဲ။

တကယ့်ဖြစ်ရပ်ဟာ စိတ်ကူးယဉ်ထက် အများကြီးဆန်းကြယ်တယ်ဆိုတာ အစက ကိုယ် သိပ်မယုံခဲ့ဘူး မီး၊ ကိုယ်တိုင်ကြုံတော့မှပဲ သိပ်အံ့သြရတယ်။

အဲဖြစ်အပျက်တွေက တစ်ညနေလေးအတွင်းမှာ မထင်မှတ်လောက်အောင် ပြောင်းလဲကုန်လွန်းတော့ ကိုယ်လည်း ဘယ်လိုအံ့သြလို့ အံ့သြရမှန်းတောင် မသိကော့ဘူး။

လူတွေကိုပြောပြရင် ယုံမှာတောင် မဟုတ်ဘူးနော်။ ယုံစရာလည်း ဘယ်ရှိလို့လဲ၊ ကိုယ်တောင် တကယ်ဖြစ်သွားလို့သာ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ သိလိုက်ရတယ်။ တခြားတစ်ယောက်ကသာ သူ့ဇာတ်လမ်းလို့ လာပြောရင် ယုံမိမှာ မဟုတ်ဘူး။

အဲဒီညနေကစပြီး ဖြစ်ပျက်တဲ့ အဖြစ်တွေကတော့ တကယ့်ကို ထူးဆန်းတယ် မီး။

✽

ကျွန်တော့်ဘဝတွင် အံ့ဩစရာကောင်းသော အဖြစ်အပျက်များများ ကြုံကြိုက်ခဲ့ဖူးပါသည်။

သို့ရာတွင် ထိုနေ့ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်လောက် အံ့ဩဖို့ကောင်းသော အဖြစ်အပျက်မျိုး ကျွန်တော် ဒီဘဝတွင်ရော၊ နောက်ဘဝပေါင်းများစွာ၌ရော ကြုံတော့မည်ဟု မထင်မိ။

မယုံနိုင်စရာကောင်းသော လောကဓံလှည့်စားမှုတစ်ခုသည် မီးနှင့်ကျွန်တော့်ကြားမှ ခိုင်မြဲလှသည့် မေတ္တာသစ္စာများကို ဖျက်ဆီးချေမှုန်းပစ်လိုက်သည်။

ပြောပြလျှင် ယုံပင် ယုံကြမည် မဟုတ်။

✽

ဒီတစ်နေ့ခင်းကို လွယ်လွယ်ကူကူ သက်သက်သာသာနှင့် ကုန်ဆုံးသွားစေနိုင်မည့် နည်းလမ်းတစ်ခုတော့ ရှာရမည်ဟု တွေးမိသည်။

ဒီအတိုင်း ကုန်ဆုံးသွားစေဖို့ကတော့ မလွယ်။ စိတ်ထဲတွင် ထွေပြားမှုများဖြစ်ကာ လှိုက်နေ၏။ ဇန်နဝါရီလ ဆောင်းလယ်၏ နေ့လယ်ခင်း ပူပြင်းခြောက်သွေ့မှုကို ကျွန်တော် သည်းမခံနိုင်။

မီးနှင့်ပတ်သက်၍လည်း ကျွန်တော် ယတိပြတ် ကောက်ချက်ချ၍မရ။ ကိုကျော်စွာ ထင်ကြေးပေးသွားသလို ကျွန်တော် စိတ်တစ်ပိုင်းတစ်စက ထင်မြင်နေသလို သူ့အိမ်က ပိုချုပ်ချယ်တင်းကျပ်သွား၍ ကျောင်းမလာသည်လည်း ဖြစ်နိုင်သည်။ နောက်တစ်ခုက နေထိုင်မကောင်း၍များလား။ ဒါမှမဟုတ် ကျောင်းလာရင်း တစ်ခုခုဖြစ်နေလို့များ ကျောင်းမရောက်တာလား။

သို့တည်းမဟုတ် မီးကိုယ်တိုင်ကပင် ကျွန်တော့်ကို ဖတ်ရှုပြီး စိတ်ပြောင်းလဲကာ တစ်ခါတည်း လက်စသတ် ပြတ်တောက်ရန် ကြိုးစားလိုက်တာများလား။

www.burmeseclassic.com

www.burmeseclassic.com



ဝေခွဲမရ။

သူကိုယ်တိုင် စိတ်ပြောင်းတာနှင့် လမ်းမှာတစ်ခုခုဖြစ်တာက လွဲလျှင် ကျန်သည့် ပြဿနာများက သိပ်မှုစရာမရှိ။ မီးနှင့် ကျွန်တော်ကြား စိတ်တူကိုယ်တူဖြစ်လျှင် ရှင်းရသည်မှာ လွယ်လွယ် လေးများချည်းပင်။

လာမည့်အေး ပြေးတွေ့လိုက်ချင်၏။ ဘာဖြစ်မှန်း မသိ၊ ဘာလုပ်ရမှန်းမသိ၊ ထိုင်စဉ်းစားနေသည်က ပိုပင်ပန်းလှသည်။ ထို့ကြောင့် အနည်းငယ် စိတ်ပြေပျောက်သက်သာမှ သက်သာ ကောင်း၏ဟု တွေးပြီး အိပ်ရာပေါ် လှဲနေရာမှ ကျွန်တော် ထ,ရပ် လိုက်သည်။

ဝတ်ထားသော စွပ်ကျယ်အင်္ကျီကို ချွတ်လိုက်ပြီး ခြင်ထောင် ပေါ် လွှားတင်ထားသည့် မျက်နှာသုတ်ပဝါကို လှမ်းယူသည်။

ရေမိုးချိုးလိုက်လျှင် စိတ်များပေ့ါပါးသွားပေမည်ဟု တွေး၍ ရေချိုးခန်းဘက်သို့ လျှောက်လာခဲ့သည်။

ဒီအချိန်ထိ ဘာဖြစ်မည်ဆိုသည်ကို ကျွန်တော် မသိသေး။

❁

ရေချိုးခန်းမှ ပြန်ရောက်သောအခါ တစ်ခါမှမမြင်ဖူးသော ပုံပန်းမျိုးဖြင့် ထူးဆန်းစွာ ရပ်နေသော ကိုဝဏ္ဏကိုမြင်လိုက်ရသည်။

ကျွန်တော် အံ့အားသင့်သွားပြီး . . .

"ဟာ ကိုဝဏ္ဏ . . . ဘယ်လိုဖြစ်တာလဲ"

သူ့ပုံပန်းကြောင့် ကျွန်တော့်ကိစ္စများပင် ကျွန်တော် မေ့



သလို ဖြစ်သွားပြီး ရယ်မော၍ မေးလိုက်သည်။ သူ့ပုံကလည်း ကျွန်တော့်အတွက် ထူးဆန်းနေသည်။ တစ်ခါမှ ဘောင်းဘီတွေ ဘာတွေ မဝတ်ဖူးသူက ဂျင်းဘောင်းဘီတွေ၊ စပို့ရှပ်တွေ ဝတ်ထား ပြီး လက်ထဲမှာလည်း ဆိုင်ကယ်သမားသုံး ခေါင်းစွပ်တစ်ခုကို ကိုင် ထားသည်။

သူက ကျွန်တော့်အမေးကို ရယ်၍ တုံ့ပြန်ပြီး . . .

"ဘာလဲ . . . ကျွန်တော့်ပုံကြည့်ပြီး ခင်ဗျား သိပ်အထင်ကြီး သွားလို့လား"

"အထင်ကြီးလို့ မဟုတ်ဘူး၊ ခင်ဗျား ရူးကြောင်ကြောင်များ ဖြစ်သွားပြီလား အံ့ဩသွားလို့"

ကိုဝဏ္ဏ မျက်နှာရှုံ့သွားသည်။

"ဟာဗျာ . . . ခင်ဗျားကလည်း ပြောတော့မယ်၊ ကဲပါ လာ ပါ အဝတ်အစား မြန်မြန်လဲ၊ ကျွန်တော်နဲ့ လိုက်ခဲ့စမ်းပါ"

"ဘယ်လဲ . . . ဘယ်လိုက်ရမှာလဲ"

"မေးမနေနဲ့ လိုက်ခဲ့ဆို လိုက်ခဲ့စမ်းပါဗျာ၊ ကဲ . . . လုပ် မြန်မြန်လေး"

"အိုး . . . ဘာလုပ်ရမှာလဲ၊ ခင်ဗျားကလည်း အရင်းမရှိ အဖျားမရှိ"

"အဝတ်လဲလို့ ပြောတာဗျ"

သူ့စကားကြောင့် ကျွန်တော် ရယ်လိုက်ပြီး အခန်းတံခါးကို သော့ဖွင့်၍ အထဲဝင်သည်။ ကမန်းကတန်းနှင့် အဝတ်အစားတစ်စုံ လဲလိုက်ပြီး . . .

"သိပ်တော့ မကြာစေနဲ့နော် ကိုဝဏ္ဏ၊ ညနေ ကိစ္စလေးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိနေလို့"

"ဘာကိစ္စလဲ"

"အရေးကြီးတဲ့ ကိစ္စတစ်ခု ချိန်းထားလို့ပါ၊ လမ်းကျတော့ ကျွန်တော်ပြောပြမယ်၊ ပြောရမှာက တိုတိုလေး မဟုတ်ဘူး ခင်ဗျား ကိစ္စသာ သိပ်မကြာစေနဲ့"

"ဘယ်အချိန် ချိန်းထားလို့လဲ"

"ကျောင်းဆင်းချိန် လေးနာရီလောက်ပေါ့"

"ဟာ . . . ကျွန်တော်က ဒီလောက်အထိ မနေပါဘူး၊ ပြည်က ကျွန်တော့်အစ်ကိုတစ်ယောက် ရန်ကုန်ရောက်လာလို့၊ သူ့မော်တော်ဆိုင်ကယ်နဲ့ သူ့အဝတ်အစားတွေယူလာပြီး လျှောက်ကြွားမလို့"

သူ့စကားကြောင့် ကျွန်တော် လန့်သွားပြီး . . .

"ဟေ့လူ . . . ဟုတ်မှလည်း လုပ်နော်၊ ခင်ဗျားဟာ သေချာရော စီးတတ်ရဲ့လား၊ တော်ကြာ တိုက်မိခိုက်မိကုန်မှ ကိစ္စချောကုန်ကြမယ်"

"ဟာ . . . ဒီလူ နိမိတ်မရှိ နမာမရှိ ပြောတော့မယ်၊ စီးတတ်ပါတယ်ဗျ၊ ခုတောင် မြို့ထဲကနေ ဆိုင်ကယ်ယူလာတာပဲ"

"ခင်ဗျားဟာခင်ဗျားယူလာပြီး ခင်ဗျားဟာခင်ဗျားပဲ လျှောက်စီး . . ပြီးရောဗျာ၊ ဘာဖြစ်လို့ ကျွန်တော့်လာခေါ်ရတာလဲ"

"တစ်ယောက်တည်းလျှောက်သွားရတာ ပျင်းတယ်ဗျ၊ တွဲစရာ ရည်းစားလေး ဘာလေးရှိရင်လည်း အကောင်းသား၊ ရည်းစား ရှိလို့ကတော့ ခု ခင်ဗျားကို လှည့်တောင်မကြည့်ပါဘူး၊ အဖော်မရှိလို့ ခင်ဗျားလာခေါ်တာ"



"အင်း . . . ကောင်းတာပေါ့ဗျာ"

ခုမှတော့ မလိုက်ချင်လည်း လိုက်ရတော့မှာမို့ ကျွန်တော် ဘာမှမပြောတော့ဘဲ သူနှင့်လိုက်လာခဲ့သည်။

ကောင်းတော့ ကောင်းပါသည်။ တစ်နေ့ခင်းလုံး ဝေါင်တောင်တောင်နှင့် စိတ်ပင်ပန်းနေရမည့်အစား နည်းနည်းပါးပါး ဟိုလျှောက်သွား ဒီလျှောက်သွားလုပ်လိုက်ရတော့ စိတ်သက်သာတာပေါ့ဟု တွေးမိသည်။

ဆေးအတွက် ပိုလေးတတ်သည် ဆိုသော စကားကို ထိုစဉ်က အမှတ်မရ . . .။

"ကဲ . . . ဆိုပါဦး၊ ခင်ဗျားကိစ္စ"

ကိုဝဏ္ဏက သူငှားလာသည့် ဘီအက်စ်အေ မော်တော်ဆိုင်ကယ်ကြီးကို ခပ်မှန်မှန်မောင်းရင်း၊ သူ့ခါးကိုဖက်၍ နောက်ခုံတွင် ထိုင်လိုက်လာသည့် ကျွန်တော့်ကို လှည့်မေးသည်။

ကျွန်တော်က ကျွန်တော်နှင့်မီးကိစ္စကို နောက်ဆုံးအခြေအနေအထိ ရှင်းပြလိုက်သည်။ ကိုဝဏ္ဏက နားထောင်ရင်း . . .

"အဲဒီတော့ ကောင်မလေး ဘာဖြစ်တယ်ဆိုတာ ခင်ဗျား ခုထိ မသိရသေးဘူးပေါ့"

"မသိသေးဘူး"

"ကိစ္စမရှိပါဘူး၊ ညနေကျရင်သာ အခြေအနေကို သိရအောင် စုံစမ်းခဲ့၊ ကောင်မလေးက ခင်ဗျားနောက် လိုက်ချင်ရက်နဲ့

www.burmeseclassic.com



သူ့မိဘတွေ ပြဿနာရှာနေတာ ဆိုရင်တော့ ဘာမှမပူနဲ့ . . . ဟိမေကိုယ် ကြိုပေးမယ်၊ တတ်နိုင်လို့ တာဝတိံသာမှာ သွားဖွက်ထား . . . ရအောင်ရှာပြီး ခိုးမယ်ဗျာ"

ကျွန်တော် ရယ်လိုက်သည်။

ခုခါမှာတော့ ကျွန်တော်လည်း သူ့လိုပင် ဆုံးဖြတ်ပြီးသား ဖြစ်နေ၏။ မီးကသာ ကျွန်တော့်အနေအထားကို လက်ခံနိုင်သည် ဆိုပါက လောကမှာ ဘာကိုမှ ဂရုမစိုက်တော့။ ကိုဝဏ္ဏပြောသလို တာဝတိံသာပဲ သွားဖွက်ထားထား၊ သံကွန်ချာ ဆယ့်လေးထပ် လောက်ပဲ အုပ်ထားထား . . . ကျွန်တော်ကတော့ ရအောင် ခိုး တော့မည်။

တွေးရင်းနှင့် မီးကို သတိရသွားသည်။

မီး ခုနေမှာ ဘာဖြစ်နေပါလိမ့်။ ကျွန်တော့်မှာ ကျွန်တော့် ပြဿနာနှင့်ကျွန်တော်သာ လုံးနေသည်။ မီးဘာဖြစ်နေသည်ကို ကျွန်တော် မသိရ။

ကျွန်တော့်ရင်ထဲမှာ ပူလာသည်။

ကျွန်တော် တွေး၍သာ တွေးပူနေပါသည်။ မီးသည် ကျွန်တော့်ကို ဘယ်ခါမှ ရှောင်ခွာထွက်ပြေးလိမ့်မည် မဟုတ်ဆိုသည် ကိုတော့ ရင်ထဲတစ်နေရာက သိနေ၏။

မီး တစ်ခါက ပြောခဲ့ဖူးသော စကားလေးများကို အမှတ်ရ သည်။

"ဆင်းရဲတာ ချမ်းသာတာက အကြောင်းမဟုတ်ပါဘူး ကိုထီ ရယ်၊ အရေးကြီးတာက ကိုယ်ချစ်တဲ့သူနဲ့ တစ်သက်လုံး အတူနေ ဖို့ပါ၊ ဆင်းရဲတယ် ချမ်းသာတယ် ဆိုတာက ကြုံပြောလို့ရတဲ့ကိစ္စ



မဟုတ်ဘဲ၊ တချို့ဆို ချမ်းသာမလားထင်ပြီး ပိုက်ဆံရှိတဲ့သူကို ယူမိ တယ်၊ ယူလည်းပြီးရော အဲဒီလူက စီးပွားပျက်၊ ဒုက္ခရောက်နဲ့ တစ်သက်လုံး စိတ်ဆင်းရဲသွားရတဲ့သူတွေ တစ်ပုံကြီးပါ၊ တချို့ကျ တော့လည်း ကိုယ်ချစ်တဲ့သူနဲ့ ဝေါင်းရမြီးရောဆိုပြီး ဆင်းရဲတဲ့ ချစ်သူကို ယူတာပဲ၊ အဲဒီလူက နောက်မှ သူ့အရည်အချင်းနဲ့သူ ကြိုးစားပြီး ချမ်းသာသွားလို့ သားမြေးအိုးထမ်းလာတာ မြင်ရတာ ထက်တောင် စိတ်ချမ်းသာကြရသေးတယ်"

"စိတ်ချပါ မီးရယ် . . . ကိုယ့်ဘက်က ကိုယ့်တာဝန်အရ လောလောဆယ် ချို့ချို့ငဲ့ငဲ့နဲ့ရုန်းကန်သွားရပေမယ့် မီးပြောသလိုပဲ တစ်ချိန်ချိန်မှာ အဲဒီက ရပ်သူရွာသားတွေနဲ့အတူ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်သွားအောင် ကိုယ်ကြိုးစားပါ့မယ်"

ဆိုင်ကယ်အရှိန်ကြောင့် တိုးလာသော လေအေးများက အိကျနေသော စိတ်ရေလှိုင်းများကို မြင့်မောက်စေလာသည်။ တရိပ် ရိပ်ပြေးလွှားနေသော မြင်ကွင်းနှင့် ဆိုင်ကယ်၏ အမြန်နှုန်းကလည်း ရင်ကိုတက်ကြွလာစေသည်။

စိတ်ကူးထဲတွင် စီမံကိန်းများ အဆင့်ဆင့်ပေါ်လာ၏။

မီးနှင့်ကျွန်တော် အဆက်အသွယ်ရပြီးလျှင် မီးကို ကျွန်တော် ရအောင်ခိုးမည်။ သူ့မိဘက ပစ်ပစ်စွန့်စွန့် ကျွန်တော် ဂရုမစိုက်။ ရန်ကုန်မှာ ကျောင်းတက်ရင်း ငွေတစ်ခုခုရအောင် လုပ်၍ မီးကိုပါ ကျောင်းဆက်ထားမည်။ ကျွန်တော် ကျောင်းအရင်ပြီးလျှင် ရွာမှာ ကျောင်းဆရာ ပြန်လုပ်မည်။ မီးကို ဘွဲ့ရသည်အထိ ကျောင်း တက်စေမည်။ ပြီးလျှင် မီးလည်း ရွာမှာပင် ကျောင်းဆရာမ ပြန် လုပ်မည်။ နှစ်ယောက်ဝင်ငွေနှင့် ကျွန်တော်တို့ရွာမှာဆို သုံးရုံမကလို့

www.burmeseclassic.com



ဖြုန်းပစ်ပစ် မလောက်မှော မပူရ။ သို့သော် ကျွန်တော်တို့ကလည်း ဖြုန်းပစ်စရာ အကြောင်းမရှိ။

ကျွန်တော်တို့နှစ်ယောက် လက်ချင်းတွဲ၍ ရွာအကျိုး ရပ်အကျိုးကို ရှေ့တန်းကနေ ထမ်းဆောင်မည်။ အမေ့ကို ပြုစုမည်။ ပြီးတော့ ကျွန်တော်တို့ အိမ်ထောင်စုလေးကိုလည်း အကောင်းဆုံး စံပြအိမ်ထောင်တစ်ခုဖြစ်အောင် ကြိုးစားမည်။ ဒီပုံစံနှင့် ဘဝတက်လမ်းကိုလည်း အစွမ်းကုန် ကြိုးစားမည်။

အတန်ကြာ တိမ်မြုပ်နေသော စိတ်အားစိတ်မာန်များ ထဟုန်းဟုန်း တက်ကြွလာသည်။ ဆိုနေကျ ကဗျာလေးကို သတိတရ ရွတ်ဆိုမိ၏။

"ယောက်ျားပျော့နော်
တိုက်ပွဲပျော်
ကျွန်တော် တိုက်ရင်း တက်မှာပဲ"

ကျွန်တော်တို့နှစ်ယောက် မြို့ထဲ ဆိုင်ကယ်လျှောက်စီးပြီး ပြန်လာသောအခါ သုံးနာရီကျော်ပြီ။

မန္တလေးဆောင် ဆင်ဝင်အောက်တွင် ဆိုင်ကယ်ရပ်ထားပြီး ကျွန် [illegible] သီဂီတို့အခန်းဘက် တက်သွားသည်။ တိုက်ဆိုင်ချင်တော့ ကျွန်တော် အပေါ်ရောက်သွားသည့်အချိန်တွင် သီဂီတို့ကလည်း အတန်းပြီး၍ ထွက်လာသည်နှင့် တိုးနေသည်။

"ဟာ . . . ကိုကို အတော်ပဲ၊ သီဂီတောင်မှ ကိုကို့ကို လိုက်ရှာတော့မလို့"

"ဘာလုပ်မလို့လဲ သီဂီ"

"သီဂီတို့ နောက်ဆုံးအချိန် ၇ ဆရာမ မယူဘူးလို့ လာပြောသွားတယ် ကိုကို၊ အဲဒါ . . . [illegible] ိုးကလည်း ဒီနေ့စောဆင်းမှာမို့ ညနေစောစော ရောက်မှာဆိုပြီး နေ့ခင်းက တစ်ခေါက်လာသွားတော့ အဆင်ပြေသွားတယ်၊ ကိုကိုမလာသေးရင် ကိုကို့ [illegible] ရှာပြီး သွားမလို့"

"ဒါဖြင့် တိုးတိုး လာတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကိုကိုရောက်လာတုန်းက မတွေ့ခဲ့ဘူးလား"

"မတွေ့ခဲ့ဘူး သိဂီ"

"ဒါဖြင့် လာလေကိုကို၊ အောက်ကပဲ သွားစောင့်ကြတာပေါ့ ကိုကိုပါ သိဂီတို့နဲ့ တစ်ခါတည်း လိုက်ခဲ့ပေါ့"

"[illegible]တို့ကားနဲ့ မလိုက်ခဲ့ဘူး သိဂီ၊ တို့သူငယ်ချင်း မော်တော်ဆိုင်ကယ်နဲ့ လိုက်ခဲ့မယ်၊ လမ်းထိပ်မှာ စောင့်နေမယ်"

"အင်း . . . အဲဒါလည်း ကောင်းသားပဲ"

ပြောပြောဆိုဆိုနှင့် နှစ်ယောက်သား အောက်ထပ်သို့ ဆင်းလာကြသည်။ အံ့သြဖွယ် အဆင်ပြေလာသည့် အခြေအနေများကြောင့် စိတ်လည်း စောစောကထက်ပင် တက်ကြွလန်းဆန်းလာ၏။

အောက်သို့ရောက်သောအခါ မောင်တိုးလွင်ဘို့ကားလည်း ရောက်နေသည်ကို တွေ့ရ၏။

"အခြေအနေတွေကို တိုး သိပြီးပြီလား သိဂီ"

သိဂီက ခေါင်းညိတ်သည်။

"သိပြီးပြီ ကိုကို၊ နေ့ခင်းက သိဂီ ပြောပြလိုက်တယ်"

"တိုးက ဘာပြောသေးလဲ"

"တိုးအကြောင်း ကိုကိုသိသားပဲဟာ၊ ဒါမျိုး သူက ဘယ်[illegible] မလဲ၊ မီးအိမ်က ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်ရင်တော့ သိမယ်၊ မီး[illegible] မရ ရအောင် ခိုးပြေးပြီး ကိုကို့လက်ထဲ ထည့်ပေးလိုက်မယ်၊ ဘာ[illegible] နဲ့ ကြိမ်းတာပေါ့"

ကျွန်တော် ပြုံးလိုက်သည်။ မီးနှင့် မတွေ့ရသေး၍ နော[illegible] ပိုင်း ဘာတွေ ဘယ်လိုရင်ဆိုင်ရဦးမည်မသိသော်လည်း ကိုယ်[illegible]



နှင့် ကိုယ်ကတော့ အတော်ကို ပျော်စရာကောင်းနေပြီ။ အရေးဆို လျှင် ဆင်ဆင်ခြင်ခြင်နှင့် တားပေးမည့်သူပင် တစ်ယောက်မှမရှိ၊ ဝိုင်းအားပေးကြသည်နှင့်ပင် အတော်အားရ ကျေနပ်စရာများ ဖြစ်နေပြီ။

မောင်တိုးလွင်ကလည်း ကားပေါ်မှ ဆင်းလာပြီး . . .

"ဘယ်လိုလဲ အစ်ကို . . . အခုတစ်ခါတည်း အိမ်ထဲအတင်း ဝင် အတင်းခေါ် အတင်းခိုးမလား၊ အစ်ကို လုပ်ချင်တာပြော ကျွန်တော် တစ်ခါတည်း အပြတ်ရှင်းပေးမယ်၊ ကားထဲမှာလည်း ဓာတ်ဆီအပြည့်ပဲ၊ လမ်းမှာ တစ်ခါလောက် ဝယ်ဖြည့်လိုက်ရင် မန္တလေးလောက်အထိ တစ်ခါတည်း ခိုးပြေးလို့ ရတယ်"

ကျွန်တော် ရယ်လိုက်ရသည်။

"မလုပ်ပါနဲ့ တိုးရယ်၊ တော်ကြာ မင်းရောငါရော အချုပ်ထဲမှာ ဂန့်နေပါဦးမယ်"

"ကျွန်တော့်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲ အစ်ကိုရဲ၊ သူတို့ မီကို မမိစေရဘူး၊ ကျွန်တော် တာဝန်ယူတယ်"

"နေပါဦး တိုးရာ၊ မင်းကဲ ခိုးဖို့သာ စွတ်ပြောနေတာ၊ ဟိုတစ်ယောက်က ဘယ်လိုဆုံးဖြတ်ထားမှန်းတောင် သိတာ မဟုတ်ဘူး၊ တော်ကြာ ဟိုက မိဘပေးစားတာပဲ ယူတော့မယ်ဆိုမှ မောနေရပါဦးမယ်"

"ဟာ . . . ဒီလိုမျိုးလုပ်လို့ကတော့ သူ့ထိုက်နဲ့သူကံ နေပါစေပေါ့ အစ်ကိုရဲ တက္ကသိုလ်မှာ အဲဒါမျိုးတွေ ဘယ်အမိုက်ပုံလိုက်ကောက်ကောက်"

"ဟောဗျာ . . . မင်းဟာက ဘယ်လိုဖြစ်ရပြန်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ မဖြစ်ဘူး၊ အစ်ကိုကို ချစ်လို့ကတော့ သေသေ ကြေကြေ ရအောင်ခိုးမှာပဲ၊ မချစ်လို့ ဂဏိုဂချောင်လုပ်ရင်တော့လည်း ကောင်းပေါ့"

မောင်တိုးလွင်ပြောဟန်ကို သဘောကျ၍ ကျွန်တော် ပြုံးမိသည်။ သူ့စိတ်ကူး သူ့အတွေး သူ့ပြတ်သားမှုနှင့် သူကတော့ အတော့်ကို ပြတ်သားနေသည်။

"ကဲ . . . သွားကြစို့ . . . ကိုကို"

သိဂီက စကားဝင်ဖြတ်ပေးမှ ကျွန်တော်တို့လည်း ကမန်းကတန်းနှင့် ကိုယ်စီးရမည့် ယာဉ်များပေါ်တွင် နေရာယူလိုက်သည်။

"သွားနှင့်တိုး၊ မီးတို့လမ်းထိပ်ကနေ တို့စောင့်နေမယ်"

တိုးက ခေါင်းညိတ်တုံ့ပြန်ပြီး သူ့ကားလေးကို မောင်းထွက်သည်။

ကျွန်တော်က ကိုဝဏ္ဏနောက်မှနေ၍ မော်တော်ဆိုင်ကယ်နောက်ခုံပေါ် ခွထိုင်လိုက်သည်။

ခုံမှ ခုန်လာသော ရင်၏အသံသည် မော်တော်ဆိုင်ကယ်စက်နှိုးသံကိုပင် ဖုံးသွား၏။

❀

"အမယ် . . . အတော်ကလေးတောင် ကြာပါရော့လား တိုအေးချမ်း"

ကိုဝဏ္ဏက လမ်းထိပ်ကွမ်းယာဆိုင်မှ ဝယ်လာသော စီးကရက်တစ်လိပ် လှမ်းပေးရင်း ပြောသည်။



ကျွန်တော် လှမ်းယူ၍ သူ့စီးကရက်မီးမှ မီးကူးညှိရင်း ခေါင်းညိတ်သည်။

သိဂီတို့ ဝင်သွားသည်မှာ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ရှိပေပြီ၊ ခုထိ ဘာအရိပ်အရောင်မှ မမြင်ရသေး။

"ကောင်းတော့ ကောင်းပါတယ်၊ ခု သွားတွေ့ပုံမျိုးက ကြာမှဖြစ်မှာ၊ ချက်ချင်းပြန်ထွက်လာလို့ကတော့ ဆောရီးပဲ ဖြစ်မှာပဲ"

ကိုဝဏ္ဏစကားကို ကျွန်တော် ခေါင်းထပ်မံညိတ်၍ တုံ့ပြန်ရပြန်သည်။ မီးနှင့် သူတို့ တွေ့ခွင့်ရ၍ စကားပြောခွင့်ရနေပြီဟု ထင်ရသည်။

"ကိုကျော်စွာကြီးကတော့ ခင်ဗျားကို တမျှော်မျှော်နဲ့ စောင့်နေမှာပဲ"

"ဟုတ်တယ်၊ မနက်ကလည်း သူ မနေနိုင်လို့ လိုက်လာသေးတယ်"

"ခင်ဗျားညီမရဲ့ ယောက်လှမ်းရေးခရီးမှာ အဆင်ပြေမယ့် သတင်းပါလာရင် သိပ်ကောင်းမှာပဲဗျာ၊ ခင်ဗျားခိုးတဲ့အခါ ကျွန်တော်တို့ တပြုံကြီး လိုက်ခဲ့မယ်၊ သိပ်ပျော်ဖို့ကောင်းမှာပဲ"

သူက ဝမ်းသာစွာပြောမှ ကျွန်တော့်ရင် ပိုလှုပ်ရှားလာသည်။ ခုချိန်သည် အပျော်စွန်းနှင့် အလွမ်းစွန်း၊ အစွန်းနှစ်ခု၏ လမ်းခွဲမှတ်တိုင် အခြေပြောင်းထောင့်၌ ရောက်နေပေပြီ။

သိဂီထံမှ ပြန်ကြားရမည့် စကားတစ်ခွန်းသည် ကျွန်တော့်ကို အပျော်ဆုံးအစွန်းအမှတ်ထိ ရောက်သွားအောင် လုပ်ပေးနိုင်သလို၊ တစ်ချက်တည်း ဖြတ်အရိုက်ခံလိုက်ရသဖြင့် တစ်ခါတည်း ပုံလဲကျလုနီးပါး ကြေကွဲဝမ်းနည်းအောင်လည်း လုပ်ပေးနိုင်သည်။

www.burmeseclassic.com



ရင်မောရတာယ် . . . မီး။

❁

"ဟော . . ."

ကိုဝဏ္ဏစကားကြောင့် ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ခုန်သည်။ ကျွန်တော့်မျက်လုံးများသည် မီးတို့ခြံရှေ့သို့ ရောက်သွား၏။

မီးတို့ခြံထဲမှ မောင်တိုးလွင်၏ကားကလေး ရိပ်ခနဲ ထွက်လာသည်ကို တွေ့ရသည်။

"ပြန်တော့လာပြီ ကိုအေးချမ်း၊ အဆင်ပြေမယ့်စကား ကြားရပါစေလို့သာ ဆုတောင်းထားတော့"

မီးတို့အိမ်နှင့်လမ်းထိပ်က အတော်လေး လှမ်းသဖြင့် တိုး၏ကားလေး ကျွန်တော်တို့ဆီရောက်ရန် မိနစ်အနည်းငယ်တော့ စောင့်ရမည်။

ထိုမိနစ်အနည်းငယ်သည် ကပ်ကမ္ဘာသိန်းနှင့်သန်းနှင့် ချီ၍ ကြာနေသည်ဟု ထင်မိ၏။

ကားကလေးက တဖြည်းဖြည်း နီးလာသည်။

❁

ကိုဝဏ္ဏက ဘယ်လိုဖြစ်တာလဲဆိုသော အကြည့်ဖြင့် လှမ်းကြည့်သည်။ ကျွန်တော်လည်း ရုတ်တရက် နားမလည်နိုင် ဖြစ်သွား၏။

မောင်တိုးလွင်၏ ကားကလေး ကျွန်တော်တို့ ခပ်လှမ်းလှမ်း ရောက်သောအခါ ကားအတွင်း၌ မောင်တိုးလွင်တစ်ယောက်က လွဲ၍ ဘယ်သူမှ ပါမလာသည်ကို သတိထားမိသောကြောင့်ပင်။

ကျွန်တော်တို့နှစ်ယောက် ရပ်နေသည့်နေရာအနီးသို့ ရောက်သောအခါ မောင်တိုးလွင်က နောက်ဘက်သို့ အရိပ်အခြည် ကြည့်သလို တစ်ချက်လှမ်းကြည့်လိုက်ပြီး ကားကလေးကို ထိုးရပ်သည်။

ကျွန်တော် သူ့အပြောအထိပင် စောင့်မနေနိုင်တော့သဖြင့် . . .

"ဘယ်လိုလဲ တိုး၊ အခြေအနေ ဘယ်နှယ်လဲ . . . ဒီမှာ"

"အခြေအနေ ကောင်းတယ် အစ်ကို၊ အစ်ကိုတို့နှစ်ယောက် ကျွန်တော့်ကားနောက်က လိုက်ခဲ့၊ သိဂီနဲ့မီးတို့ နောက်တနေ့ လိုက်

www.burmeseclassic.com



လာလိမ့်မယ်"

"ဘာလုပ်ဖို့လဲ တိုး"

"မသိဘူး အစ်ကို၊ အဲဒါတွေ မေးမနေနဲ့၊ ကျွန်တော်တို့ သွားနှင့်ပြီး ဘုတ်ကလပ်နားက စောင့်နေလို့ သိင်္ဂီက မှာလိုက်တယ်။ အစ်ကို ဘယ်လိုလုပ်မလဲ . . . ကျွန်တော့်ကားနဲ့ လိုက်မလား၊ ဆိုင်ကယ်နဲ့ လိုက်ခဲ့မလား"

ကျွန်တော် ကိုဝဏ္ဏကို လှည့်ကြည့်လိုက်သည်။ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုသော အနက်အဓိပ္ပာယ်နှင့် ဖြစ်၏။

ကိုဝဏ္ဏက . . .

"ခင်ဗျား ကြိုက်တာနဲ့လိုက်လေ ကိုအေးချမ်း၊ လိုလိုမယ်မယ် ကျွန်တော် နောက်ကနေ ဆိုင်ကယ်နဲ့ လိုက်ခဲ့မယ်၊ တစ်ခုခု အကြောင်းပေါ်လာတော့လည်း ကျွန်တော်ဝါ ဝိုင်းကူပေးလို့ ရတာပေါ့"

ဟုတ်တော့ ဟုတ်သည်။ အကြောင်းရယ်လို့ ရှိလာလျှင် မောင်တိုးလွင်နှင့် စာပါက ကိုဝဏ္ဏက ပိုအကူအညီပေးနိုင်သည်။

ထို့ကြောင့် မောင်တိုးလွင်ကို ခေါင်းဆတ်ပြလိုက်ပြီး . . .

"ဒါဖြင့် မင်းသွားနှင့်တော့ တိုး၊ ကိုယ် ကိုဝဏ္ဏဆိုင်ကယ်နဲ့ပဲ နောက်ကလိုက်ခဲ့မယ်"

မောင်တိုးလွင်က ခေါင်းညိတ်၍ ကားလေးကို မောင်းထွက်သည်။

ကျွန်တော်နှင့် ကိုဝဏ္ဏက နောက်မှ . . .။

ဘုတ်ကလပ်ကို ကျွန်တော်တို့နှစ်ယောက်နှင့် တိုး ရှေ့ဆင့်နောက်ဆင့် ရောက်သည်။



ကျွန်တော် မောင်တိုးလွင့်ဆီ လျှောက်သွားပြီး . . .

"တိုး . . . မင်း မီးကိုရော တွေ့ခဲ့လား"

"တွေ့ခဲ့တယ် အစ်ကို၊ အခြေအနေက သိပ်မဆိုးသေးပါဘူး၊ ခုလည်း သူတို့နှစ်ယောက်သားတိုင်ပင်ပြီး ဘယ်လိုလုပ်ကြမလို့လဲ မသိဘူး၊ အိမ်ကိုလှည့်ပတ်ပြီး တစ်နည်းနည်းနဲ့ ထွက်လာကြလိမ့်မယ်"

ထိုစဉ် တက္ကသိုလ်လေ့လော့အသင်း ဘုတ်ကလပ်တွန်းဆွယ်ဘက်သို့ မီးတို့ကားကလေး ခေါင်းချိုးဝင်လာသည်ကို မြင်လိုက်ရသည်။

ကားပေါ်တွင် ဦးလေးဟစ်တလာကြီးနှင့်အတူ မီးနှင့် သိင်္ဂီတို့ ပါလာသည်ကို တွေ့ရ၏။

"ဘယ်လိုဖြစ်လဲ မီး"

စိတ်စောနေသဖြင့် ခရီးရောက်မဆိုက်ပင် မီးကိုမေးသည်။

မီးက ဦးလေးဟစ်တလာကြီးကို တစ်ချက်လှမ်းကြည့်ပြီး . . .

"လာ . . . ကိုကို၊ မီးပြောပြမယ်"

မီးနှင့်ကျွန်တော် ကုန်းမြင့်လေးပေါ်မှ အောက်ဘက်အနိမ့်ပိုင်းသို့ ဆင်းလိုက်ကြသည်။ မြစ်ပျဉ်းကြီးများရှိသော သစ်ပင်တစ်ပင်၏ အကွယ်ရောက်မှ မီးက ကျွန်တော့်လက်များကို ဆုပ်ကိုင်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မီးတစ်ခု ပြောပြမယ်နော်"

"ပြောလေ မီး"

"ခုနေ ကိုကို မီးကို လက်ထပ်လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် မီး၊ ဘာဖြစ်လို့လဲ"

"ကိုကို့စာအုပ်ထဲမှာပါတဲ့ အခြေအနေအတိုင်းဆိုရင် ကိုကို့မှာ အခက်အခဲတွေများ ရှိနေမလားလို့"

"ရှိတော့ရှိတာပေါ့ မီး၊ ဒါပေမဲ့ ကိုယ်ဆုံးဖြတ်ပြီးသားပါ၊ ရှေ့ဘာဆက်လုပ်ရမယ်ဆိုတာလည်း စဉ်းစားပြီးသား၊ ခုလည်း လိုအပ်လာရင် မီးကို တစ်ခါတည်း ခိုးသွားချင် ခိုးသွားမလို့ စောင့်နေတာ"

"ခုတော့ မခိုးနဲ့ဦး ကိုကို၊ ခု ခိုးလိုက်ရင် သိင်္ဂီရော ဦးလေးဟာစ်တလာကြီးပါ ပြဿနာတက်ကုန်လိမ့်မယ်၊ ဒါပေမဲ့ အခြေအနေက ကိုကိုမခိုးလို့ မရတော့ဘူး၊ ဖေဖေက ခုလကုန်မှာ စင်္ကာပူကို သံရုံးအဖွဲ့ဝင်အနေနဲ့ သွားရမယ်၊ အစတုန်းကတော့ မီးကို ဒီမှာ ကျောင်းတက်ဖို့ထားခဲ့မလို့ပဲ၊ ဒါပေမဲ့ ကိုကိုနဲ့ကိစ္စပေါ်လာတော့ ခုမှ ပထမနှစ်ပဲရှိသေးတာ မထူးဘူး၊ တစ်နှစ်အနားခံပြီး ဟိုကျမှ ကျောင်းဆက်တက်ခိုင်းမယ်ဆိုပြီး မီးကိုခေါ်သွားဖို့ စီစဉ်ပြီးပြီ၊ ဒါကြောင့် ဒီနေ့ကစပြီး ကျောင်းကို မလွှတ်တော့တာ၊ ခုတောင် သိင်္ဂီနဲ့ တိုင်ပင်ပြီး ဆရာ ဆရာမတွေကို နှုတ်ဆက်မယ်ဆိုပြီး ထွက်လာကြတာ"

ဒီနေ့ရက်စွဲအရဆိုလျှင် လကုန်ရန် ဘာမျှမလိုတော့။ ဆယ့်ခုနစ်ရက်လောက်သာ ကျန်တော့သည်။

"ဒါဖြင့် ကိုယ်တို့ ဘယ်လိုလုပ်မလဲ မီး၊ ကိုယ်အမှန်အတိုင်း



ပြောမယ်နော်၊ ဖြစ်နိုင်ရင်တော့ မီးကို ကိုယ် အခု တစ်ခါတည်း ခိုးသွားချင်တယ်၊ တော်ကြာ ဒီထက်ခက်လာရင် ဘယ်လိုမှ လုပ်မရဘဲ ဖြစ်နေလိမ့်မယ်၊ မီး ကိုယ့်စာကိုရော သေချာဖတ်ပြီးပြီ မဟုတ်လား"

"ဖတ်ပြီးပါပြီ"

"ကိုယ့်ဘဝကိုရော မီး လက်ခံနိုင်ရဲ့လား"

"အဲဒါက မေးနေစရာမလိုပါဘူး ကိုကိုရယ်၊ မီးဆုံးဖြတ်ပြီးသားပါ၊ အရေးကြီးတာက ကိုကိုနဲ့မီး နောက်တစ်ခါ ထပ်ဆုံမှဖြစ်မယ်၊ ခုလာတာ သိင်္ဂီနဲ့ထွက်လာတာဆိုတော့ သိင်္ဂီကလည်း ခုချက်ချင်းတော့ မသွားပါနဲ့ သူကြောက်တယ်လို့ ပြောတယ်"

ကျွန်တော် သက်ပြင်းချပြီး . . .

"ကဲလေ . . . ဒီလိုလုပ်၊ မီး ဒီည အိမ်ကခိုးထွက်လို့ ရမလား၊ အားလုံးအိပ်ပြီဆိုတဲ့အချိန်ပေါ့၊ ကိုယ်လာခေါ်မယ်"

"ဖြစ်ပါ့မလား ကိုကိုရယ်၊ အဲလိုကျတော့လည်း မီးကြောက်တယ်"

"ကိုယ်စဉ်းစားမိသလောက်ကတော့ အဲဒီနည်းက ဘယ်သူ့မှ ဒုက္ခမပေးဘဲ ကိုယ့်ဟာကိုယ် စွန့်စားတဲ့နည်းပဲမီး၊ နေ့ခင်းဘက်ကျတော့လည်း မီးတစ်ယောက်တည်း ဘယ်လိုလုပ် ထွက်မလဲ"

မီးတစ်ချက် တွေသွားသည်။

သက်ပြင်းဖွဖွတစ်ခု ချချပြီး အကြည့်ကို အင်းလျားကန်ရေမျက်နှာပြင်ပေါ်သို့ ရွှေ့သည်။ အကြည့်သည် ရေပြင်ပေါ် လျှပ်တိုက် ပြေးလွှားသွားရာက တစ်ဘက်ကမ်း စိမ်းညို့ညို့သစ်ပင်အစုများထဲ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ၏အတိုင်းအဆကို ချင့်ချိန်နေဟန်ရှိ၏။

❁

"မီး သိပ်များ စိုးရိမ်နေလား"

မီးမျက်နှာ ညှိုးသွားသည်ထင်၍ ကျွန်တော် ခပ်တိုးတိုး ညင်သာသာ မေးမိသည်။ ကျွန်တော့်အမေးကြောင့် မီးက မျက်လွှာပင့်ပြီး ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်လေးကြည့်၍ . . .

"ကိုကို ဒီည လာခေါ်မလား"

ကျွန်တော် ခေါင်းညိတ်ပြသည်။ မီးထံမှ ဆက်လက်ပေါ်ထွက်လာမည့် စကားများကိုလည်း ထိတ်သောရင်ဖြင့် နားစွင့်နေမိသည်။ မီးက အပြီးသတ်ဆုံးဖြတ်ချက် ချလိုက်ဟန်တူ၏။ ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီး . . .

"မဟုတ်ပါဘူး ကိုကိုရယ် . . . စွန့်စားရမယ့်အတူတူ စွန့်စားလိုက်တာပဲ ကောင်းပါတယ်၊ ည ဘယ်အချိန်လာမလဲ"

"မီးတို့အိမ်မှာ အားလုံးအိပ်ချိန်လောက်ပေါ့။ ဘယ်အချိန်လာရမလဲ"

"အိမ်က အားလုံးအိပ်ချိန်ဆိုရင် ဆယ့်နှစ်နာရီ၊ တစ်ချက်လောက်မှ ကောင်းမယ် ကိုကို"

"ရပါတယ်လေ . . . ဆယ့်နှစ်နာရီထိုးလောက် မီးတို့အိမ်ရှေ့ လာခဲ့မယ်၊ မီး မလာမချင်း စောင့်နေမယ်"

မီး ခေါင်းညိတ်သည်။ စိတ်လှုပ်ရှားနေဟန်ဖြင့် မီးက မျက်ဝန်းအစုံကို မှိတ်ပစ်လိုက်ပြီး ကျွန်တော့်ရင်ခွင်ထဲ တိုးဝင်သည်။



"မီး သိပ်ကြောက်တာပဲ ကိုကိုရယ် . . . ကိုကိုတို့ ချစ်လွန်းလို့သာ စွန့်စားရမှာ သိလား"

မီး၏ တုန်ယင်သောအလေးသံလေးများသည် ကျွန်တော့်ရင်ထဲသို့ နက်ရှိုင်းစွာ တိုးဝင်လာ၏။

"မကြောက်ပါနဲ့ မီးရယ် . . . ကိုယ်နဲ့ပတ်သက်လို့ အစစအရာရာ စိတ်ချပါ"

မီးကျောပြင်လေးကို ဖွဖွသိုင်းဖက်ထားမိသည်။ မီးထံမှ ကိုယ်ငွေ့နွေးနွေးလေးများ ပတ်ဝန်းကျင်အအေးဓာတ်ကို ခုခံ တော်လှန်၍ တိုးဝင်လာသည်။ ရင်ထဲတွင် ထူးကဲသော ခွန်အားများဖြင့် ပြည့်စလာသည်။

မျက်လုံးအစုံကို ပိတ်ထားမိလိုက်၏။

❁

"ကဲ . . . သွားစို့ ကိုကို"

မီးက ရင်ခွင်မှ ခွာလိုက်ပြီးပြောမှ ကျွန်တော့်မျက်လုံးအစုံကို ပြန်ဖွင့်သည်။ ပတ်ဝန်းကျင်တွင် အမှောင်ထု စတင်ဝင်ရောက်ရန် ချဉ်းနင်းစပြုနေပေပြီ။

အကျင့်လို ဖြစ်နေသဖြင့် ပိတ်တိတ်တိတ် ဖြစ်လာသော အသက်ရှူလမ်းကို ရှင်းလင်းရန် အင်္ကျီအိတ်ထဲတွင် ထာဝရဆောင်ထားလေ့ရှိသည့် ဗစ်ထရီရှူဆေးဘူးလေးကို ထုတ်ယူပြီး တစ်ချက်ရှူလိုက်သည်။

မီးက ပြုံးကြည့်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါလေး ရှိတုန်းပဲလား ကိုကို"

"ရှိတာပေါ့ မီးရယ် . . . မီးကိုယ်စား ဒါလေးနဲ့ပဲ လွမ်းနေရတာ၊ ကိုယ်နဲ့ဒါလေးနဲ့ ဘယ်တော့မှ မခွာဘူး၊ မီးနဲ့ဝေးနေလို့ လွမ်းရတာတောင် ဒါလေးရှိတော့ သက်သက်သာသာ လွမ်းရတာပေါ့"

"ကိုကိုကလည်း ပြောတော့မယ် . . . ပေါက်ကရ"

နှစ်ယောက်သား ရယ်လိုက်ကြသည်။

ဝင်လုဆဲ နေမင်းသည် လောကကို အလှဆုံးရှုခင်းဖြင့် နှုတ်ဆက်နေ၏။

"ကဲ . . . ဒါဖြင့် ဒီည အသည်းအသန် လုံးပန်းရတော့မှာပေါ့"

မီးတို့ ပြန်သွားကြပြီး နှစ်ယောက်တည်းကျန်ခဲ့မှ ကိုဝဏ္ဏက အကျိုးအကြောင်းမေးပြီး စပ်ဖြီးဖြီးနှင့် ပြော၏။ ကျွန်တော်မှုန်၍ ခေါင်းညိတ်ပြ၏။ သူက ဆက်၍ . . .

"အင်း . . . သူများတကာတွေ မိန်းမရဖို့ကျတော့ လွယ်လိုက်တာ၊ မိန်းကလေးကလည်း ဖွံ့ဖွံ့ထွားထွား၊ အပေါင်းအသင်း ရောင်းရင်း ကူဖော်လောင်ဖက်တွေကလည်း တသိုင်းတဝိုင်းကြီးနဲ့။ တို့များကျတော့လည်း . . ."

"လုပ်မနေနဲ့ ကိုဝဏ္ဏ အားကျချင်ရင်လည်း နောက်မှအားကျ၊ ခုလောလောဆယ် အရေးကြီးတာက ညအတွက် စီစဉ်စရာရှိတာ စီစဉ်ဖို့ပဲ၊ ခိုးချင်လွန်းလို့ ခိုးမယ်လို့သာ ပြောလိုက်တာ၊ အခုထိ ဘာမှစီစဉ်ပြီးသား မရှိသေးဘူးဗျ"

"ဟာ . . . ဒါများ ရေးကြီးခွင်ကျယ်လုပ်လို့ဗျာ၊ ခု တောင် စီစဉ် ခု ပြီးတယ်၊ ဘာမှမပူနဲ့ ဒီကိစ္စ ဝဏ္ဏတာဝန်ထား ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စွာကြီး သွားခေါ်မယ်၊ သူ့ပါထဘီထုပ် ထမ်းခိုင်းရအောင်"

"ကိုကျော်စွာလည်း ခေါ်တာပေါ့။ ဒါပေမဲ့ ကျွန်တော် စိတ်အေးရအောင် အခြေအနေလေး နည်းနည်းရှင်းပြပါဦး။ ကျွန်တော်တို့ ဘာနဲ့သွားခိုးမလဲ၊ ခိုးပြီးတော့ရော ဘယ်သွားကြမှာလဲ၊ သူ့အိမ်က ပြဿနာလိုက်ရှာနိုင်တယ်နော်"

"ကျွတ် . . . ရှာစမ်းပါစေဗျာ၊ ပြဿနာရှာတယ် ဆိုတာ ရှာချင်တိုင်း ရှာလို့ရတာမှ မဟုတ်ဘဲ၊ ဒီကကောင်တွေက ဒီလောက် ညံ့ညံ့တွေ မဟုတ်ပါဘူး။ ကဲ . . . ပြောနေကြာတယ်၊ လာ . . . ကိုကျော်စွာကြီး သွားခေါ်မယ်၊ စီစဉ်စရာရှိတာတွေ စီစဉ်ရအောင်"

မစီစဉ်မီက ပူနေသော်လည်း တကယ်စီစဉ်ပြီဆိုသောအခါ ဒီလောက်အခက်အခဲ မရှိလှတော့။ ကျွန်တော်၊ ကိုကျော်စွာ၊ ကိုဝဏ္ဏနှင့် ကိုဝဏ္ဏ၏အစ်ကိုတို့ တိုင်ပင်ပြီးသောအခါ အားလုံး အဆင်ပြေလုနီးပါး ဖြစ်သွားသည်။

ကိုဝဏ္ဏအစ်ကို၏ စီစဉ်ပေးချက်အရ ညတွင်းချင်း ကျွန်တော်တို့ ပြည်သို့သွားရန်၊ ပြည်သွားရန်လည်း ကားတစ်စီး သူကပင် စီစဉ်ပေးသည်။ ပြည်မှာ နေဖို့ထိုင်ဖို့ကိစ္စလည်း တစ်ခါတည်း လုပ်ပေးလိုက်သည်။ မနက်ရှုံးဖွင့်သည်နှင့် တစ်ခါတည်း လက်ထပ်ထားမည်။ အခြေအနေအားလုံး အေးချမ်းတော့မှ ကျွန်တော့်ရွာကို ခဏပြန်၊ အမေနှင့် ရွာလူကြီးများကို အကျိုးအကြောင်းပြော စသဖြင့် ပထမပိုင်းကိစ္စကို အရင်ရှင်းမည်။



ပြီးမှ နောက်ပိုင်း ကျောင်းပြန်တက်ဖို့ အချိန်ပိုင်း အလုပ်လေး တစ်ခုရှာပြီး ရုန်းကန်ဖို့။ ဒုတိယပိုင်းကိစ္စကို နောက်မှ တိုင်ပင်ကြမည်စသဖြင့် ညနေခင်းတွင် အပြီး စီမံကိန်းဆွဲသည်။

ဘာမှ ပြဿနာမရှိတော့။

အဲ . . . ဘာမှ ပြဿနာမရှိတော့ဟု ထင်မိ၏။

www.burmeseclassic.com

အားလုံး စီစဉ်ပြီးပြီဆိုမှ ကိုဝဏ္ဏက ဖောက်သည်။

"ကဲ . . . အားလုံး အိုကေပြီဆိုရင် အရေးအကြီးဆုံးနဲ့ မလုပ်မဖြစ် လုပ်ရမယ့်အလုပ်တစ်ခု အရင်ဆုံး လုပ်တော့"

"ဘာလဲ . . . ကိုဝဏ္ဏ"

ကျွန်တော် တကယ်နားမလည်သဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"ဘာရမလဲဗျ၊ ခင်ဗျားရဲ့ လူပျို . . . နောက်ဆုံးညဦးအထိမ်းအမှတ်အဖြစ်နဲ့ ကျွန်တော်တို့ကို အရက်တိုက်၊ ခင်ဗျားလည်း သောက်ရမယ်"

"ဟာ . . ."

ကျွန်တော် တွန့်ခနဲ ဖြစ်သွားသည်။ ကျွန်တော့်ဘဝတွင် တစ်ခါမျှ အရက်ဆိုသောအရာကို လျှာဖျားတင်ဖူးသည် မဟုတ်။ သူများကိုလည်း တစ်ခါမှ မတိုက်ဖူး။ အရက်ကြောင့် ဘဝတစ်ခုသာမက သားစဉ်မြေးဆက်ပါ စိတ်အားငယ်မှုတစ်ခု ထည့်ပေးသွားသည့် အဖေ့အဖြစ်ကို ကျွန်တော် ဘယ်တော့မှမမေ့။



"ဟော အဲဒါက ဘယ်လိုဖြစ်သွားတာလဲ၊ ဒါလောက်တောင် ခင်ဗျား လုပ်ရမှာပေါ့ဗျာ၊ ကျုပ်တို့ကိစ္စမှာ ခင်ဗျား ဘာမှစိုက်စရာမလိုဘူး၊ ဒါတစ်ခုတော့ အပျော်အနေနဲ့ ခင်ဗျား လုပ်ပေးရမယ်"

ကျွန်တော် ပျာပျာသလဲ ရှင်းပြရသည်။

"ကျွန်တော် မလုပ်ပေးချင်လို့ မဟုတ်ပါဘူး ကိုဝဏ္ဏ၊ ကျွန်တော် စိုးရိမ်တာက အရက်သောက်ပြီး မူးကုန်ရင် အစီအစဉ်တွေ ကသောင်းကနင်းဖြစ်ကုန်မှာ စိုးလို့ရယ် . . . ကျွန်တော် လုံးဝ အရက်မသောက်တတ်တာရယ်ကြောင့်ပါ"

ကိုဝဏ္ဏအစ်ကိုက လူကြီးပီပီ ဖျောင်းဖျောင်းဖျဖျဝင်ပြောသည်။

"ဟုတ်သားပဲ ဝဏ္ဏရာ၊ နောက်မှလုပ်ပါ၊ ဒါမှမဟုတ်လည်း ပြည်ရောက်မှ လုပ်"

"ဟာ . . . အစ်ကိုကလည်း ကျွန်တော်တို့ သိက္ခာကျအောင် လုပ်နေပါပြီ၊ ကျွန်တော်ပြောတာက အမူးတိုက်ဖို့ မဟုတ်ပါဘူး၊ နည်းနည်းအချမ်းပြေ အကြောက်ပြေ အပျော်ပါ။ ကဲ . . . ကိုအေးချမ်း ခင်ဗျား မသောက်တတ်ရင်လည်း သောက်တတ်တဲ့ ကျွန်တော်တို့ကို တိုက် . . . ဟုတ်လား၊ နည်းနည်းပါ၊ ဒါလေးပါတော့ သတ္တိပိုကောင်းတာပေါ့ဗျာ"

ကျွန်တော် ဘာလုပ်ရမှန်း မသိသဖြင့် ကိုကျော်စွာကို လှမ်းကြည့်သည်။ ကိုကျော်စွာက ပြုံးရင်း . . .

"အပျော်ပေါ့ဗျာ . . . သဘောလောက် သောက်ကြတာပေါ့၊ မူးလို့တော့ မဖြစ်ဘူးနော် . . . အကုန်အစီအစဉ်တွေ လွဲကုန်မယ်"

"ဟုတ်ပါတယ် . . . ဒါလောက်ပါပဲ"

လူနာ အမဲခြောက်တောင်းသလို ကုတ်ကပ်ဖျိတိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ကိုဝဏ္ဏတို့ကြည့်၍ သူ့အစ်ကိုက မြုံးသည်။

"ကဲ . . . ဒါဖြင့်လည်း အပြင်တော့ သွားမသောက်နဲ့၊ သောက်ရင်းသောက်ရင်း ထိန်းမရဘဲ ဖြစ်ကုန်မယ်၊ သွားဝယ်စရာရှိတာဝယ် ဒီမှာပဲ သောက်၊ သိပ်မကြာနဲ့ အဆောင်ပြန်ပြီး ကိုအေးချမ်းတို့ အဝတ်အစားတွေ ဘာတွေသွားယူရဦးမယ်"

"ဟုတ်တယ် ကိုဝဏ္ဏ၊ အပြင်မှာတော့ သွားမသောက်ပါနဲ့"

"ပြီးရော . . . ပြီးရော . . . အရေးကြီးတာ သောက်ရဖို့ပဲ၊ ဘယ်မှာသောက်ရ သောက်ရ၊ ကဲ . . . လာ ကိုအေးချမ်း၊ ခင်ဗျားနဲ့ ကျွန်တော် သွားဝယ်မယ်၊ အစ်ကိုနဲ့ ကိုကျော်စွာတို့ စီစဉ်စရာရှိတာ စီစဉ်ထားလိုက်ဗျာ"

ကိုကျော်စွာနှင့် ကိုဝဏ္ဏအစ်ကိုက ခေါင်းညိတ်သည်။

ဤအလုပ်ကို မလုပ်ချင်သော်လည်း သူတို့စေတနာ သူတို့ကူညီမှုကို ကိုယ်က မတုံ့ပြန်နိုင်သလို ဖြစ်မှာစိုးသဖြင့် ကျွန်တော် ထရပ်လိုက်သည်။ အချိန်က ခြောက်နာရီခွဲလုပြီ။

❋

ဆိုင်ရှေ့တွင် ဆိုင်ကယ်ထိုးရပ်ပြီး ကျွန်တော်က အပြင်မှ စောင့်သည်။ ကိုဝဏ္ဏက ပိုက်ဆံယူသွားပြီး ခဏကြာမှ ပြန်ထွက်လာသည်။ လက်ထဲမှာလည်း ပလတ်စတစ်ဆွဲခြင်းနှင့် ထည့်လာသော . . . အရက်ပုလင်း၊ ဆော်ဒါပုလင်းနှင့် အမြည်းထုပ်များ။

"ရော . . . ကိုအေးချမ်း ဒါ ခင်ဗျားကိုင်ထားခဲ့၊ လမ်းလည်း လွတ်မကျစေနဲ့နော်၊ လွတ်ကျရင်ကျ၊ ဒါတွေတော့ မ[illegible]စေနဲ့"



ခပ်ရွှင်ရွှင်ပြောလိုက်သော သူ့စကားသံနှင့်အတူ အရက်နံ့များ ပါလာသဖြင့် ကျွန်တော် မျက်လုံးပြူးသွားသည်။

"ခင်ဗျား သောက်လာသေးလား ကိုဝဏ္ဏ"

ကိုဝဏ္ဏက ရယ်သည်။

"နည်းနည်းပါ၊ ဆိုင်ထဲမှာ အနံ့ကလေး သင်းနေတာနဲ့ အာသာပြေရုံ တစ်ခွက်တစ်ဖလား ချလာတာပါ"

"ဟာဗျာ . . . သောက်ထားပြီး ဒီဆိုင်ကယ်နဲ့ ပြန်လို့ဖြစ်ပါ့မလား"

"ကျွတ် . . . ခင်ဗျားကလည်း အထင်သေးလိုက်တာဗျာ၊ ဒီလောက်နဲ့ ဝဏ္ဏက မမူးပါဘူးဗျ၊ ခင်ဗျားကို ဆိုင်ကယ်နဲ့ ကင်းမြီးကောက်တောင် ထောင်ပြီး စီးပြလိုက်ဦးမယ်၊ ကဲပါ . . . တက်ပါ"

ပြောပြောဆိုဆိုနှင့် ကိုဝဏ္ဏက ဆိုင်ကယ်ပေါ်တက်၍ စက်နှိုးသည်။ ခုချိန်မှာ ပြောလို့လည်း ရမှာမဟုတ်တော့ပြီမို့ ကျွန်တော် စိတ်လေးလေးနှင့် သက်ပြင်းချရင်း နောက်ခုံတွင် ခွထိုင်လိုက်သည်။

"ဖြည်းဖြည်းပဲ မောင်းနော် ကိုဝဏ္ဏ"

"ရပါတယ်ဗျ၊ ခင်ဗျားကလည်း အသည်းငယ်လိုက်တာ လွန်ရော"

ရယ်၍ပြောပြီး ကိုဝဏ္ဏက ဆိုင်ကယ်ကို ဆောင့်ထွက်သည်။ အမှောင်ရိပ်ဖုံးနေပြီဖြစ်သော လမ်းမကြီးတစ်လျှောက်တွင် ကားမီးရောင် အရိပ်များဖြင့် ရှုပ်ထွေးနေ၏။ အချိန်က ခုနစ်နာရီခွဲကျော်။

ထိုနေ့က ၁၉၇၂-ခုနှစ်၊ ဒီဇင်ဘာလ-၁၃ ရက်။

❋

www.burmeseclassic.com

"ကိုဝဏ္ဏ . . . ဖြည်းဖြည်းနော်"

ကျွန်တော့်စိတ်ထဲမှာ အမျိုးအမည် မဖော်ပြတတ်သော စိုးရိမ်ထိတ်လန့်မှုတစ်ခု ပေါ်လာသည်။ အရှိန်သိပ်ပြင်းလှသည် မဟုတ်သော်လည်း ကိုဝဏ္ဏကို လှမ်းသတိပေးမိသည်။

"စိတ်ချလက်ချ စီးစမ်းပါဗျာ၊ ခင်ဗျားထက်တောင် ကျွန်တော်က သေရမှာ ကြောက်ပါသေးတယ်"

ကိုဝဏ္ဏအစ်ကို တည်းသည့်အိမ်က လမ်း (၅၀) မှာ ဖြစ်သဖြင့် ဦးဝိစာရလမ်းမှ ဘုရားလမ်းသို့ကူးလာပြီး ဗိုလ်ချုပ်လမ်းနှင့် ဆုံသောမီးပွိုင့်သို့ ရောက်သောအခါ လက်ဝဲဘက်သို့ ချိုးကွေ့သည်။

ဗိုလ်ချုပ်လမ်းမတစ်လျှောက် မောင်းနှင်လာရင်း ဆူးလေမီးပွိုင့်ကို လွန်လာသည်။

မျက်နှာသို့ အတင်းတိုးဝှေ့လာသော လေအေးထဲတွင် အသက်ရှူရသည်မှာ တင်းကျပ်ကျပ်ကြီးဖြစ်လာသဖြင့် အိတ်ထဲမှ ဗစ်ထရီရှူဆေးဘူးလေးကိုထုတ်ပြီး တစ်ချက်နှစ်ချက် ရှူလိုက်သည်။

မီးကို သတိရ၏။



မီး၏မျက်နှာလေး အာရုံထဲတွင် ရိပ်ခနဲ ထင်သည်။ မီး၏ အသံလေးများ ကြားယောင်လာ၏။

"မီး . . . သိပ်ကြောက်တာပဲ ကိုကိုရယ်၊ ကိုကို့ကို ချစ်လွန်းလို့သာ စွန့်စားရမှာ သိလား"

မီးဆီကို ဆယ့်နှစ်နာရီမထိုးခင် အရောက်သွားရမည်။ မီးတို့အိမ်ရှေ့ကို ဆယ့်နှစ်နာရီမထိုးခင် အရောက်သွားရမည်။

ဗစ်ထရီရှူဆေးဘူးလေးကို အကျႌအိတ်ထဲ ပြန်ထည့်ပြီး အပြင်မှ လက်ဖြင့်ဖိ၍ မျက်လုံးအစုံကိုမှိတ်ပြီး စဉ်းစားလိုက်သည်။

"ဟာ . . ."

ကိုဝဏ္ဏအသံကို ကြားလိုက်ရပြီး ဆိုင်ကယ်က တစ်ဘက်သို့ ရုတ်တရက် နိမ့်စောင်းသွားသည်။ ကျွန်တော် အထိတ်တလန့်ဖြင့် မျက်လုံး ဖွင့်လိုက်သောအခါ တိမ်းစောင်းသွားသော လမ်းမီးတိုင်များနှင့် ကမ္ဘာလောကကြီးကို တွေ့လိုက်ရ၏။

ဂျိန်းခနဲ အသံကြီးတစ်ခုကို ကြားလိုက်ရပြီး ကျွန်တော့်တစ်ကိုယ်လုံး လေထဲ၌ လွင့်မြောက်သွားသည်။

အလန့်တကြား အော်ဟစ်သံများ ဆူညံသွား၏။

ကျွန်တော့်ဦးခေါင်းကို တစ်စုံတစ်ခုက ပြင်းထန်စွာ လာထိသည်။

မိုက်ခနဲ ခံစားလိုက်ရပြီး ကျွန်တော် ဘာမှမသိတော့။

မီးမျက်နှာလေးတစ်ခုသာ မျက်လုံးထဲ ရိပ်ခနဲ မြင်လိုက်ရသည် ထင်၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံး သတိထားမိခြင်းမှာ ကျွန်တော့်ဦးခေါင်းတစ်ခုလုံး တဒိန်းဒိန်း မြည်ဟည်း၍ မခံမရပ်နိုင်အောင် ကိုက်ခဲနေခြင်းပင် ဖြစ်သည်။

မှိတ်ထားမိသော မျက်လုံး၏အမှောင်ထုထဲတွင်လည်း ပုံရိပ်များစွာတို့ လှုပ်ခတ်ပြေးလွှားနေသည်။ အိပ်မက်ဆိုးတစ်ခုထဲတွင် ကျရောက်နေသလိုပင် မြင်ကွင်းအားလုံးသည် ကျွန်တော်နှင့် စိမ်းကားလှစွာသော အဖြစ်အပျက်များ ဖြစ်နေသည်။ အာခေါင်တစ်ခုလုံးလည်း ခြောက်ကပ်ပူလောင်နေ၏။ မြင်နေရသော အာရုံမြင်ကွင်းများသည် တစ်နေရာဆီမှ ဖလင်အပိုင်းအစများ တစ်စစီ ဖြတ်တောက်ဆက်ထားသော ရုပ်ရှင်ကြည့်ရသလိုပင် အာရုံမှာ အဆီအငေါ် မတည့်။

ကိုက်ခဲတက်လာသော ဦးခေါင်းမှ ခံစားမှုကြောင့် မျက်မှောင်ကြုတ် မျက်စိကို တင်းတင်းပိတ်ပြီး အံကြိတ်ခုခံတားရသည်။ မခံမရပ်နိုင်သော ခံစားမှုကြောင့် ကိုယ်ကို လူးလွန့်ကြည့်သောအခါ ကျွန်တော့်ခြေလက်များအားလုံးသည် ပြင်းထန်သော ဆွဲအားတစ်ခု



ခုနှင့် တုပ်ငင်ချည်နှောင်ထားသလို လေးလံနေသည်။ တိုယ်တို လည်း လှုပ်၍မရ။

"အိပ်မလှုပ်နဲ့နော် . . . ငြိမ်ငြိမ်နေ"

နားထဲသို့ဝင်လာသော အာခံတာ အသံစိမ်း။ ကျွန်တော် မသိ။ သို့သော် သူ့စကား နားထောင်၍ ကျွန်တော် ငြိမ်နေလိုက်သော အခါ ခံစားရသော ဝေဒနာများ တစ်စထက်တစ်စ သက်သာလာသည်။ နားထဲတွင် ဆူညံစွာ ကြားနေရသော အသံဆိုးများသည် လည်း တဖြည်းဖြည်း ဝေးသွားသည်။ ဦးခေါင်းမှ ဝေဒနာသည် လည်း တစ်စထက်တစ်စ လျော့ပါးလာသည်။

အမြင်အာရုံထဲတွင် မျက်နှာလေးတစ်ခုကို ဝေဝေဝါးဝါး တွေ့လိုက်ရ၏။ ပထမတော့ ပုံဖမ်း၍မရ။ သို့သော် တဖြည်းဖြည်း ကျွန်တော် မှတ်မိလာသည်။

"မီး . . . မီးရေ . . ."

မီးမျက်နှာလေးမြင်လိုက်ရသောအခါ အံ့ဩလောက်စွာပင် ကျွန်တော့်ဝေဒနာများ သက်သာသွားသည်။ အာရုံထဲတွင် မြင်နေရသည့် မီး၏မျက်နှာလေး တဖြည်းဖြည်း ကြည်လင်လာသည်နှင့်အမျှ ကျွန်တော့် အသိထဲတွင်လည်း တစ်ခုခုကို အမှတ်ရလာသည်။

"မီးဆီကို ငါ ဆယ့်နှစ်နာရီ အရောက်သွားရမယ်"

စိုးရိမ်သွားသော အသိစိတ်ကြောင့် မျက်လုံးကို ဆတ်ခနဲ ဖွင့်လိုက်၏။

"အာ . . ."

ရုတ်တရက် ဝင်လာသော စူးရဲလင်းထိန်သည့် အလင်းရောင်အားကြောင့် မျက်လုံးအစုံကို ပြန်ပိတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိရပြီလား ဟင် . . . မျက်လုံးကို ဖြည်းဖြည်းဖွင့်နော်"

အသံစိမ်းကို တစ်ဖန် ပြန်ကြားရပြန်သည်။

ဒီတစ်ခါ သတိထား၍ မျက်လုံးပြန်ဖွင့်သည်။ ရှုးရဲသော အလင်းရောင် အောက်မှ အရာဝတ္ထုပေါင်းများစွာသည် မြင်ကွင်းထဲတွင် ပီပြင်လာသည်။ ဖြူဖွေးသော မျက်နှာကြက်၊ ဆေးနံ့၊ ဦးခေါင်းတွင် အဖြူရောင် ခေါင်းဆောင်းဖြင့် ဆရာမလေးတစ်ယောက်။ ခုတင်ပေါ်တွင် ပက်လက်ဖြစ်နေသော ကျွန်တော် . . .။ ကျွန်တော် ဆေးရုံပေါ်မှာပဲဟု သိလိုက်ရ၏။

လျှပ်စစ်မီးရောင်များ ထိန်လင်းနေသဖြင့် ညတော့ ရောက်နေပြီဟု နားလည်သည်။ သို့သော် အနားတွင်ရှိနေသင့် ရှိနေအပ်သော ကိုဝဏ္ဏတို့ ကိုကျော်စွာတို့မရှိ။ ဘယ်နှစ်နာရီ ထိုးပြီနည်း။ ကျွန်တော် သိချင်လာသည်။ ကျွန်တော် သတိလစ်သွားသည်မှာ သိပ်ကြာလှပြီ မထင်ရ။ ဆေးရုံပေါ် ရောက်ရောက်ချင်း ပြန်သတိရတာပဲ ဖြစ်မည်။

ကိုဝဏ္ဏ။

ကိုဝဏ္ဏရော ဘာများဖြစ်ပါလိမ့်။ ကိုကျော်စွာတို့ ကိုဝဏ္ဏဆီများ ရောက်နေပြီလား။

ကျွန်တော် ခြေလက်များ လှုပ်ရှားကြည့်သည်။ ဒီတစ်ခါမလေးလံတော့။ ခြေလက်အားလုံး ပြည့်ပြည့်စုံစုံနှင့်လှုပ်ရှား၍ရသည်။ လက်ဖြင့် ကိုယ့်ခေါင်းကို ပြန်စမ်းကြည့်သည်။ ဘာပတ်မှ မရှိ။

"တော်သေးတာပေါ့၊ ငါ့မှာ ပြင်းပြင်းထန်ထန်ဘာဒဏ်ရာမှ မရတာ"



ဆရာမကလည်း ကျွန်တော့်ကို ပြုံးကြည့်သည်။

"ခေါင်းထဲမှာ ဘယ်လိုနေလို့လဲ၊ အပြင်မှာတော့ ဘာဒဏ်ရာမှ မရှိပါဘူး၊ အထဲများ ထိခိုက်သွားလားလို့ စောင့်ကြည့်နေတာ"

ကျွန်တော် ပြုံး၍ရသလောက် မြန်မြန်ပြုံးပြပြီး . . .

"စောစောကတော့ နည်းနည်းကိုက်တယ် ဆရာမ၊ ခုတော့ ဒီလောက်မဟုတ်တော့ပါဘူး"

"ဒါဖြင့် ခဏနေဦးနော်၊ ကျွန်မ ဆရာဝန်သွားခေါ်လိုက်ဦးမယ်၊ ဒေါက်တာက ရှင်သတိရရင် သူ့လာခေါ်ဖို့ မှာထားလို့"

"နေ . . . နေပါဦး ဆရာမ"

ကျွန်တော့်စိတ်ထဲတွင် အရေးတကြီး သိချင်နေသော အချက်တစ်ခုကြောင့် ဆရာမကို ပျာပျာသလဲ လှမ်းခေါ်လိုက်သည်။ ဆရာမလေးက ပခုံးကို တွန့်လိုက်ပြီး မျက်ခုံးပင့်၍ လှည့်ကြည့်သည်။

"ဟို . . . ဟိုဒင်းလေ၊ ခု ဘယ်နှစ်နာရီထိုးပြီလဲ ဆရာမ"

ဆရာမက နားမလည်သလိုဟန်ဖြင့် တစ်ချက်ကြည့်ပြီး နာရီကို ပြန်ငုံ့ကြည့်သည်။ ပြီးမှ . . .

"ည . . . ဆယ်နာရီခွဲ ရှိနေပြီ၊ ဘာဖြစ်လို့လဲ"

ကျွန်တော် အိပ်ရာပေါ်မှ ကမန်းကတန်းထထိုင်ပြီး မိုက်ခနဲ ဖြစ်သွားသော ဦးခေါင်းကိုပင် ဂရုမပြုအားဘဲ . . .

"ဒေါက်တာကို မြန်မြန်သွားခေါ်ပါ ဆရာမ၊ ကျွန်တော် ဘာမှ မစိုးရိမ်ရတော့ရင် ခုချက်ချင်း ပြန်ဆင်းချင်လို့ပါ၊ အို . . . စိုးရိမ်စရာလည်း မရှိပါဘူး ဆရာမရယ်၊ ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမက ကျွန်တော့်ကို မျက်လွှာပင့်၍ ကြည့်ပြန်သည်။ ဘာမှပြန်မမေးတော့ဘဲ . . .

"အင်းလေ . . . ဒါဖြင့် ခဏစောင့်၊ ဒေါက်တာ့ကို သွားပြောလိုက်မယ်"

ခုမှ ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်မိသည်။

ဆယ်နာရီခွဲဆိုတော့ ဆယ့်နှစ်နာရီထိုးရန် တစ်နာရီခွဲတော့ လိုသေးသည်။

အရေးထဲ ဟိုပုဂ္ဂိုလ်တွေက ဘယ်ရောက်နေသည်မသိ။

❁

ခေါင်းထဲတွင် ရီဝေရီဝေတော့ ကျန်နေသေးသည်။

သို့သော် ဤဝေဒနာလောက်ကို ကျွန်တော် ဂရုမပြုချင်တော့။ ဆရာမ ပြောသွားသည့်စကားအရ ကျွန်တော် သတိလစ်သွားသည်မှာ သုံးနာရီလောက်ရှိသွားပြီ။ ဒုလည်း ဆေးရုံတော့ ဆေးရုံပေါ်မှာ ဖြစ်သော်လည်း ဘယ်ဆေးရုံပေါ်မှာ ရောက်နေသည်မသိ။

ညတွင်းချင်း ဆေးရုံပေါ်မှ ဆင်းရအောင်လည်း ဆရာဝန်ကို ပြောရဦးမည်။ကိုရကျော်စွာတို့ ကိုဝဏ္ဏတို့နှင့်လည်း အမြန်ဆုံးအဆက်အသွယ်ရအောင် လုပ်ရဦးမည်။

ကိုဝဏ္ဏဆိုမှ . . . ကိုဝဏ္ဏရော ဘယ်ရောက်နေသ[illegible]ပါ။ စိတ်က တခြားနေရာမှာရောက်နေစဉ် ဝုန်းဒိုင်းဖြစ်သွား[illegible]မို့ ဘာဖြစ်လို့ဖြစ်သွားမှန်းပင် ရေရေရာရာ မသိလိုက်။



စိတ်ထဲတွင် သိချင်စရာတွေ များနေသဖြင့် ဘေးပတ်ဝန်းကျင်ကို မျက်စိ ကစားကြည့်လိုက်သည်။ ကျွန်တော်ရောက်နေသည့် ဆေးရုံအခန်းက ခပ်ကျဉ်းကျဉ်းပင်။ ကျွန်တော်နှင့်အတူ အခန်းထဲမှာ လူနာသုံးယောက် ရှိသေးသည်။ ကိုဝဏ္ဏကို တွေ့မလား ရှာသည် . . . မတွေ့။

ကျွန်တော့်ခုတင်ခေါင်းရင်း ပစ္စည်းတင်စင်လေးပေါ်သို့ လှမ်းကြည့်သည်။ ဘာပစ္စည်းမှ ထွေထွေထူးထူးမရှိ။ တကယ်တော့ ကျွန်တော် ဆေးရုံရောက်နေသည်ကို မည်သူမျှ သိမည်ပုံ မရသေး။ ကျွန်တော့်ဘေး လူနာ၏ ခေါင်းရင်းစင်ပေါ်တွင် ဓာတ်ဘူး၊ ရေပုလင်း၊ မုန့်စသည်တို့ရှိသည်။ ထို့အပြင် မဂ္ဂဇင်းတစ်စောင်။

ဘာရယ်မဟုတ်ဘဲ မဂ္ဂဇင်း၏အနောင့်တွင် ရေးထားသော စာလုံးများကို ဖတ်လိုက်မိသည်။

"ဟင် . . ."

ထိတ်လန့်ချောက်ချားသော စိတ်များ တစ်ကိုယ်လုံးလွှမ်းခြုံသွား၏။ ကိုယ့်မျက်လုံးကို ကိုယ်မယုံ။ ရင်ထဲတွင် မယုံနိုင်ခြင်း၊ အံ့ဩခြင်းများဖြင့် တုန်ရင်လှုပ်ရှားလာ၏။

ထိုလူနာက အံ့အားသင့်ပြီး ကျွန်တော့်ကို ကြည့်နေဆဲမှာပင် ကျွန်တော် ထိုမဂ္ဂဇင်းစာအုပ်ကို ကသောကမျော လှမ်းယူလိုက်သည်။

လောကကြီး မည်သို့ဖြစ်သွားပြီနည်း။

ကျွန်တော် လုံးဝနားမလည်တော့။

❁

www.burmeseclassic.com

www.burmeseclassic.com



'မိုးဝေမဂ္ဂဇင်း၊ ၁၉၈၂-ခု၊ မတ်လ။ အမှတ် ၁၇၀။ အာရှ - ၂၂၀'

မဂ္ဂဇင်းအနှောင့်ပေါ်မှ စာတမ်းကို မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ထပ်ပြန်တလဲလဲ ကြည့်နေမိ၏။

–၁၉၈၂-ခုနှစ်။

ဘယ်လိုလုပ်ပြီး ၁၉၈၂-ခုနှစ် ဖြစ်နေရသနည်း။

ကျွန်တော် သတိမလစ်ခင်က ခုနှစ်သည် ၁၉၇၂ ခုနှစ်။

ကျွန်တော် မှားစရာ လုံးဝမရှိ။ ၁၉၇၂-ခုနှစ်၊ ဒီဇင်ဘာလ ၁၃-ရက်။ ဆယ်နှစ်လုံးလုံး သတိလစ်နေခဲ့သည်လား။

"ဘာဖြစ်လို့လဲ ညီလေး"

ကျွန်တော် ဖြစ်နေပုံကို ဘေးခုတင်မှလူနာက ရိပ်မိသွားသည်လားမသိ။ ကျွန်တော့်ကို လှမ်းမေးသည်။ ကျွန်တော် သူ့ကို ကြည့်လိုက်ပြီး . . .

"အခု ဘယ်နှစ်ခုနှစ်လဲ အစ်ကို"

"၁၉၈၂-ခုလေ ညီလေး။ အဲဒီမဂ္ဂဇင်းက ခုလထုတ်"

"ဗျာ"

ကျွန်တော့်တစ်ကိုယ်လုံး ပေါက်ကွဲလွင့်စဉ်ထွက်သွားသလို ခံစားရသည်။

ကျွန်တော် ဘာဖြစ်သွားပါပြီနည်း။



"ဟုတ်တယ် ကိုအေးချမ်း၊ အဲဒီ ဆယ်နှစ်လောက်ကာလကြီး တစ်ခုလုံး ခင်ဗျား ပျောက်ဆုံးသွားခဲ့တာ အမှန်ပဲ၊ ခင်ဗျား ရန်ကုန်မှာ ဆိုင်ကယ်မှောက်ပြီး ခေါင်းကိုထိခိုက်ခဲ့တဲ့ ဒဏ်ရာနဲ့ အတိတ်မေ့ရောဂါ ဖြစ်သွားတယ်"

ကျွန်တော်နှင့် ရွာကျောင်းမှာ လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာဟု ပြောသော ဦးစိုးသိန်းဆိုသည့် ဆရာက ရှင်းပြသည်။

"ခုလည်း . . . ခင်ဗျား လှည်းကူးကားပေါ်က ပြုတ်ကျပြီး သတိမေ့နေတယ်လို့ ကားစပယ်ယာလေးက ရွာမှာလာပြောလို့ ကျွန်တော်တို့ညတွင်းချင်း လိုက်လာခဲ့တာ၊ ခုတော့ ခင်ဗျားနောက်ကြောင်းတွေ ခင်ဗျား ပြန်သတိရပြီပေါ့"

"ဟုတ်ကဲ့"

"အတိတ်မေ့နေတုန်းက ဘာဖြစ်ခဲ့တယ်ဆိုတာတွေရော ခင်ဗျား သတိရလား"

"ဟင့်အင်း . . . ကျွန်တော် လုံးဝ မသိဘူး ဦးစိုးသိန်း၊ ကျွန်တော့်စိတ်ထဲမှာ ဆိုင်ကယ်မှောက်ပြီး သတိလစ်နေရာက ပြန်

www.burmeseclassic.com

www.burmeseclassic.com



သတိရလာတယ်လို့ဖဲ ဖြောက်မေ့တယ်"

"အေးဗျာ . . . သိပ်အံ့ဩဖို့ ကောင်းတာပဲနော်၊ ကျွန်တော့်ကိုလည်း ခင်ဗျား မသိတော့ဘူးပေါ့"

"မသိဘူး၊ ခု ဆရာပြောပြလို့သာ ကြားနေရတယ်၊ ယုံတောင် မယုံချင်ဘူး"

ဆရာဦးစိုးသိန်းက ပြုံးသည်။

"အေးပေါ့လေ . . . ဟုတ်မှာပေါ့၊ ရွာပြန်ရောက်တော့ ခင်ဗျားအမေတောင် ခင်ဗျား မမှတ်မိတဲ့ဥစ္စာပဲ"

အမေဆိုမှ အမေ့ကို သတိရသည်။ အမေရော ဒီဆယ်နှစ်အတွင်းမှာ ဘယ်လိုနေခဲ့ပါလိမ့်။

"အမေရော ဆရာ၊ ကျွန်တော် ခုလိုဖြစ်ကာသိရင် အမေ အရမ်းစိတ်ပူနေမလား မသိဘူး"

ဦးစိုးသိန်းမျက်နှာ ကွက်ခနဲ ပျက်သည်။ ကျွန်တော့်ကို အံ့အားသင့်ဟန်ဖြင့် ကြည့်ပြီး . . .

"ခင်ဗျားအမေ ဆုံးတာလည်း ခင်ဗျား မမှတ်မိဘူးလား ကိုအေးချမ်း"

"ဗျာ . . . အမေဆုံးပြီ ဟုတ်လား"

"ဟုတ်တယ်လေ . . . ငါးနှစ်လောက် ရှိသွားပြီ"

"အို . . ."

ကျွန်တော့်မျက်လုံးအစုံကို ယောင်၍ပိတ်လိုက်မိသည်။ ကံတရားသည် အလွန်ဆန်းကြယ်စွာ လှည့်စားတတ်သော ပဥ္စလက်ပညာရှင်တစ်ဦးပါတကား။



"ကျွန်တော် ဆိုင်ကယ်မှောက်တဲ့အချိန်ကစပြီး ဘာဖြစ်ခဲ့တယ်ဆိုတာ ပြောပြပါလားဆရာ . . . ကျွန်တော် အဲဒါတွေ သိပ်သိချင်တယ်"

ဦးစိုးသိန်းက သက်ပြင်းချသည်။

"ကျွန်တော် ခင်ဗျားနဲ့တွေ့တာ ခြောက်နှစ်လောက်ပဲ ရှိသေးတယ် ကိုအေးချမ်း၊ အသေးစိတ်တော့ မသိဘူး၊ ဒါပေမဲ့ ခင်ဗျားအကြောင်းက ရွာမှာ ပုံပြင်တစ်ခုလို ဖြစ်နေတော့ ကျွန်တော် သိသလောက်တော့ ပြောပြနိုင်ပါတယ်"

"ပြောပါ ဆရာ"

"ခင်ဗျားတို့ ရန်ကုန်မှာ ဆိုင်ကယ်မှောက်ပြီး ရန်ကုန်ဆေးရုံကြီးကို ရောက်သွားတယ်၊ ခင်ဗျားသူငယ်ချင်းက ပေါင်နဲ့လက်ကျိုးသွားတယ်၊ ခင်ဗျားကတော့ နှစ်ရက်လောက် သတိလစ်နေပြီး ပြန်သတိရလာတော့ ပြီးခဲ့တဲ့ အတိတ်တွေ လုံးဝသတိမရတော့ဘူး၊ ဘယ်သူ့မှလည်း မသိတော့ဘူး၊ ဒါနဲ့ ဆေးရုံကဆင်းတော့ ရွာက လူတွေက ခင်ဗျားကို ရွာပြန်ခေါ်လာတယ်"

"ဆေးရုံပေါ်မှာက ကျွန်တော် ဘယ်လောက်ကြာသွားသတဲ့လဲ"

"အဲဒါတော့ ကျွန်တော် မသိဘူး ကိုအေးချမ်း၊ ကျွန်တော်သိတာတာ . . . ခင်ဗျား ရွာပြန်ရောက်ပြီး ကျန်းမာလာတော့ ကျောင်းက ဆရာကြီးက ခင်ဗျားအခြေအနေကို ကြည့်ပြီး ဘာတွေ ဘာတွေတော့ မမေ့သေးတာနဲ့ မူလတန်းကျောင်းမှာ ကျောင်းဆရာဝင်လုပ်ခိုင်းထားတယ်၊ ကျွန်တော်နဲ့တွေ့တော့ ခင်ဗျား အလယ်

www.burmeseclassic.com



တန်းမှာ သင်နေပြီး ခင်ဗျားနဲ့ ကျွန်တော်လည်း အတော်ခင်သွားကြတယ်"

"ရှာကို ကျွန်တော့်သူငယ်ချင်းတွေ ဘာတွေ မလာဘူးလား"

"လာပါတယ် ကိုအေးချမ်း၊ ကျွန်တော်နဲ့ခင်ဗျား တွေ့ပြီးမှ တောင် ကိုကျော်စွာဆိုတဲ့ ခင်ဗျားသူငယ်ချင်းဆို မကြာခဏလာပါတယ်၊ သူလည်း ခင်ဗျားအတိတ်ကို ပြန်သတိရအောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားကြည့်တယ်၊ လုံးဝကို မရလို့ သူလည်း လက်လျှော့ပြီး ပြန်ပြန်သွားရတာ"

"ခု . . . သူဘယ်မှာနေတယ်ဆိုတာရော သိလားဆရာ"

"အိမ်မှာတော့ လိပ်စာရှိတယ်၊ ဪ . . . နောက်တစ်ခုက သူ ခင်ဗျားကို အမြဲပြပြီးမေးလေ့ရှိတဲ့ ပစ္စည်းလေးတစ်ခု ရှိတယ် ကိုအေးချမ်း၊ ခင်ဗျားအင်္ကျီအိတ်ထဲမှာနဲ့ တူတယ်၊ ထုတ်ကြည့်ပါဦး၊ ခင်ဗျားချစ်သူနဲ့ ပတ်သက်နေတယ်လို့ သူပြောတယ်"

ဦးစိုးသိန်းစကားကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ကမန်းကတန်းနှင့် အိတ်ကိုစမ်းပြီး ထုတ်ယူလိုက်သည်။

ကျွန်တော့်ရင်ထဲတွင် နင့်ခနဲ ဖြစ်သွား၏။

အစိမ်းရောင် ဗစ်ထရီရှူဆေးတောင့်လေး . . .။

ရင်သည် တလှပ်လှပ်တုန်ရင်လာသည်။

မီး . . .

မီးတစ်ယောက် ဘယ်ရောက်နေပါလိမ့် . . .

"ကျွန်တော့်ချစ်သူဆိုတဲ့ အဲဒီအမျိုးသမီးရော တစ်ခါမှ မလာဘူးလား ဆရာ"

ဦးစိုးသိန်း ခေါင်းညိတ်သည်။



"လာပါတယ် ဆရာ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ခင်ဗျား မိတ်ဆွေ ကိုကျော်စွာနဲ့ လိုက်လာဖူးတယ်၊ မစပယ်ဖြူဆိုလားပဲ၊ ဒါပေမဲ့ အဲဒီတုန်းက ခင်ဗျား သူ့ကို မမှတ်မိဘူး ကိုအေးချမ်း"

www.burmeseclassic.com

www.burmeseclassic.com

ပြီးခဲ့တဲ့ဇာတ်ကြောင်း
ပုံပြင်ဟောင်းကို
လွမ်းကြောင်းဖွဲ့တယ်
အလွမ်းသယ် (သည်) . . . လို့
ဘယ်သူစာယ်ဝါ
ဘယ်လိုမေးဝေါ
မမှုတော့ဘူး
ချစ်တော့ လွမ်းတယ် . . . အသက်ရယ် . . .

ဆိုတဲ့ တစ်ခါက မဂ္ဂဇင်းတစ်စောင်မှာ ဖတ်ခဲ့ဖူးတဲ့ ကဗျာလေးတစ်ပုဒ်လိုပဲ . . . ပြီးခဲ့တာတွေ ခဏခဏ ပြန်တွေးပြီး သက်သက်မဲ့ အလွမ်းသည် လုပ်နေတယ်ပါလို့ ပြောရင်လည်း ခံရရုံသာရှိပါတယ် . . . မီး။ မှာ

ကိုယ့်အတွက်ကတော့ တစ်သက်လုံးလည်း လွမ်းလို့ဆုံးမှာ မဟုတ်တော့ပါဘူး။



တစ်ယောက်နဲ့တစ်ယောက် မချစ်လို့ခွဲခဲ့ရတာမှ မဟုတ်ဘဲ။

လောကမှာ ဘယ်တော့မှ ကောင်းကျိုးမပေးတဲ့ သေရည်သေရက်ကိုမှ တားမရ ဆီးမရ သောက်သုံးခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အမှားရယ်၊ လောကကြီးမှာ သူဖြစ်စေချင်တာ ရှိလာပြီဆိုတာယ်သူ့ကိုမှ မညှာဘဲ ရက်စက်စွာ ဆောင်ရွက်တတ်တဲ့ ကံတရားဆိုတဲ့ တန်ခိုးရှင်ရဲ့ ဖန်တီးမှုရယ်၊ ကိုယ်တို့အချစ်နဲ့ ဘာမှ မပတ်သက်တဲ့ အကြောင်းကြောင်းတွေကြောင့် ခွဲခဲ့ရတာမဟုတ်လား။

" မီးကိုလည်း အရမ်းလေးစားပါတယ် မီးရယ် . . .။

ကိုယ် အမ်နီးစီးယားခေါ်တဲ့ အတိတ်မေ့ဘာဝကို လွန်မြောက်ပြီး လောကကြီးကို ပြန်သတိရလာတဲ့အချိန်မှာ ကိုကျော်စွာ့ဆီကို ရောက်အောင်သွားခဲ့ပါတယ်။

ကိုကျော်စွာ့ဆီရောက်တော့ ကိုယ်တို့လိုပဲ အသက်ဆယ်နှစ်လောက် ကြီးနေပြီး အိမ်ထောင်တွေ၊ သားတွေ၊ သမီးတွေနဲ့ ဖြစ်နေတဲ့ ကိုကျော်စွာက ကိုယ့်ကိုပြောပြပါတယ်။

"မအေးဗျာ . . . ခင်ဗျား ခုလိုပြန်သတိရတာ မြင်ရတော့ ဝမ်းသာတာလည်းသာပါတယ်၊ ဒါပေမဲ့ စိတ်လည်းမကောင်းဘူး ကိုအေးချမ်း၊ ခင်ဗျားကိုကြည့်ပြီး မေ့လက်စနဲ့ တစ်သက်လုံး ဆက်မေ့သွားလိုက်လည်း ပြီးရောလို့ အောက်မေ့မိတယ်"

"ဘာဖြစ်လို့လဲဗျာ"

"မီး . . . အိမ်ထောင်ကျသွားပြီ ကိုအေးချမ်း၊ ခင်ဗျားတို့ ဆေးရုံရောက်တဲ့ညက ကျွန်တော်တို့ ဆေးရုံရောက်တယ်၊ ခင်ဗျားလည်း သတိမရသေးတာနဲ့ ညကျတော့ ကျွန်တော်တို့အိမ်ရှေ့က

www.burmeseclassic.com



သွားစောင့်ပြီး မီးတို့ အကျိုးအကြောင်းသွားပြောပြတယ်၊ မီးဖျာ . . . ငိုလိုက်တာ၊ မီးတော့ ဒီဘဝမှာ ကိုကိုနဲ့ဝေးပြီ ထင်ပါရဲ့ ကိုကျော်စွာရယ်လို့လည်း တတွတ်တွတ်ပြောပြီး ငိုတယ်။

"အဲဒီနောက်တော့ မီးလည်း သူ့အဖေနဲ့နိုင်ငံခြားကို လိုက်သွားရတယ်၊ ခင်ဗျားတို့ဘဝဟာ သက်သက်ကံဆိုးတာပဲ ကိုအေးချမ်း၊ သူ့အိမ်က တကယ်တော့ ဘယ်သူနဲ့မှ အဲဒီအချိန်က ပေးစားဖို့ လက်ထပ်ဖို့ အစီအစဉ် တကယ်ရှိတာ မဟုတ်ဘူး၊ ပညာသင်နေဆဲ ကိုးလိုးကန့်လန့်အချိန်မှာ အမှားအယွင်းတွေဖြစ်မှာစိုးလို့ ခင်ဗျားတို့ကို ခွဲတာ။

၇၈-ခုနှစ်လောက်က မီးတို့ မြန်မာပြည် ပြန်လာတယ်၊ ကျွန်တော့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်လာပြီး ခင်ဗျားနဲ့ တွေ့ချင်တယ်လို့ ပြောလို့ ခင်ဗျားဆီ ကျွန်တော်တို့ လာကြသေးတယ်၊ ဒါပေမဲ့ ခင်ဗျားက ကျွန်တော့်ကိုရော၊ မီးကိုရော၊ သူစိမ်းလိုပဲ ဆက်ဆံလိုက်တယ်၊ ခင်ဗျား ဘာဆိုဘာမှ သတိမရဘူး။

မနှစ်ကမှ . . . မီး သူ့အိမ်က* သဘောတူတဲ့ ဆရာဝန်တစ်ယောက်နဲ့ လက်ထပ်လိုက်တာ၊ ခင်ဗျား သွားတွေ့ချင်ရင်လည်း သွားတွေ့လေ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ မီးကတော့ ခင်ဗျားကို မြင်ရင် မျက်ရည်ကျဦးမှာပဲ ကိုအေးချမ်း"

အဲဒီနေ့က ကိုကျော်စွာကို လိုက်ပို့မခိုင်းတော့ဘဲ အိမ်ပြန်လာခဲ့တယ် . . . မီး။

တွေ့ဖို့ မသင့်တော့ဘူးလို့ ထင်တာနဲ့ ပြန်လာခဲ့တာပါ။

ဟုတ်တယ်လေ . . .

မီးနဲ့ ကိုယ်တွေ့တော့လည်း ဘာထူးတော့မှာလဲ။



မီးလည်း စိတ်ဆင်းရဲပြီး ကျန်ရစ်ခဲ့ရမယ်။

ကိုယ်လည်း ပိုရင်နာရတာပဲ အဖတ်တင်မယ်။

ဒါကြောင့်မို့ ဒီနေ့အထိ မီးနဲ့ ကိုယ်မတွေ့ဖြစ်အောင် နေခဲ့တာပဲ၊ မီးကရော့ အရာအားလုံးကို ကိုယ်ပြန်သတိရနေပြီဆိုတာကို သိချင်မှတောင် သိမယ်။ ကိုကျော်စွာကိုလည်း လုံးဝ ပြန်မပြောပါနဲ့လို့ မှာထားခဲ့တယ်။

ဒါပဲ ကောင်းပါတယ် မီးရယ် . . . နော် . . .

မီးလည်း မီးဘဝနဲ့မီး ခုချိန်မှာ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ သာယာတဲ့ အိမ်ထောင်လေးတစ်ခု ဖန်တီးတည်ဆောက်နေကြပြီပဲ . . .။

ကိုယ်လည်း . . . အဲ . . . ကိုယ်လည်း ကျေနပ်ပါတယ် မီး။

ကိုယ့်ဘဝနဲ့ကိုယ်မှာ . . . တစ်ခါက သိပ်ချစ်ခဲ့ဖူးတဲ့ ရင်ထဲက မီးဟာ ခုထိလည်း ဒီတိုင်းပါပဲ။ ဘာမှ ပြောင်းလဲမသွားပါဘူး။ ကိုယ့်ရင်ထဲမှာ သိပ်ချစ်စရာကောင်းတဲ့ မီးလေး ခုထိ ရှိနေတာပဲ၊ ထာဝရပဲ ချစ်သွားရဦးမှာပဲ . . .

ပေါင်းရတာ မပေါင်းရတာ ဘဝနဲ့ကြုံမှာပါ။

သောကတွေ ဒေါသတွေ မပါဘဲ အလွမ်းသက်သက်လေး လွမ်းရတာမို့ ရင်ထဲမှာလည်း ကြည်နူးပါတယ်။

ဒါပဲဓော် . . . မီး . . .

ဘဝရဲ့ ကံကြမ္မာကြောင့် ခွဲရပေမယ့် . . .

ချစ်တယ်ဆိုတာ . . . ငိုဖို့ ဒေါသဖြစ်ဖို့ ကြေကွဲလောင်မြိုက်ဖို့မှ မဟုတ်ဘဲ၊ အချစ်ကြောင့် ရင်ထဲမှာ လှပ်ရှပ်ခုန်နေရမယ်၊ အမြဲ နွေးထွေးနေရမယ်၊ အမြဲတမ်း ကြည်နူးလွမ်းဆွတ်နေရမယ်။

www.burmeseclassic.com

www.burmeseclassic.com



လွမ်းတယ်ဆိုတာ သန့်သန့်လေး ခံစားတတ်ရင် သိပ်ကောင်းတဲ့ အရသာလေးတစ်ခု မဟုတ်လား မီး၊ ရင်ထဲမှာ နှစ်ပြီး တွယ်တာခဲ့တဲ့ အချစ်ထစ်ချ တစ်ခုတည်းသော အချစ်ကို တမ်းတပြီး လွမ်းရတယ်ဆိုတာ အလွယ်တကူနဲ့ ပေါပေါပဲပဲရနိုင်တဲ့ အခွင့်အရေးမျိုးမှ မဟုတ်ဘဲ။

လွမ်းဖို့အတွက် အစတည်းကပဲ သိပ်ချစ်ခဲ့ဖူးရမယ်။ သန့်ရှင်းအေးမြစွာ လွမ်းနိုင်ဖို့အတွက် သိပ်ချစ်တုန်းကလည်း သန့်ရှင်းအေးမြစွာ ချစ်ဖူးခဲ့ရမယ်။ အဆင်မသင့်လို့ ခွဲရမယ်ဆိုရင်လည်း ချစ်လျက်နဲ့ပဲ ခွဲခဲ့ရမယ်။ ခွဲခွာပြီးတဲ့နောက်မှာလည်း အဝေးက ချစ်သူကို ဘယ်တော့မှ မမုန်းမမေ့ဘဲ အမြဲတမ်း ယုယုယယလေး ချစ်မြဲချစ်နေရမယ် . . .။

ဒါမှလည်း လွမ်းလို့ ကောင်းမယ်လေ။

ကိုယ် ဆုတောင်းပြည့်တယ်လို့ ခေါ်ရပါတယ် . . . မီး။

ကိုယ် . . . ကျေကျေနပ်နပ်လေးလည်း လွမ်းနေရပါတယ်။

ဒီနေ့တော့ ကိုယ်လည်း တက္ကသိုလ်နယ်မြေကို တစ်ကျော့ပြန်ရောက်နေပြန်ပြီ . . . မီး။

မဆုံးခဲ့သေးတဲ့ ပညာအတွက် ကိုယ့်လုပ်ငန်း၊ ကိုယ့်အသက်ကြောင့် ကျောင်းကို အချိန်ပြည့် ပြန်မတက်နိုင်ပေမယ့် ဖြေစရာကျန်သေးတဲ့ နောက်ဆုံးနှစ်အတွက် တက္ကသိုလ်စာပေးစာယူသင်တန်းတွေ ပေါ်လာလို့ ပြန်ဖြေနိုင်ခွင့် ရပါတယ်။

ခု တက္ကသိုလ် စာပေးစာယူ နောက်ဆုံးနှစ်စာမေးပွဲဖြေဖို့ အဆောင်မှာ တည်းနေရာက ကျောင်းထဲ ရောက်လာခဲ့တယ်။

နေရာဟောင်းလေး ရောက်ပြန်တော့ ဝေဒနာဟောင်းတွေ



လည်း ပြန်နိုးကြားလာပြီး အလွမ်းလေးတွေလည်း ပိုကဲရပြန်တာပေါ့ . . . မီး။

မီးနဲ့ စဆုံခဲ့တဲ့ နေရာလေးတွေ၊ မီးနဲ့ စိတ်ကောက်ခဲ့ရတဲ့ နေရာလေးတွေ၊ မီးနဲ့ ချစ်ခဲ့ရတဲ့ နေရာလေးတွေ . . .

အခြေအနေတွေ ပြောင်းသွားပေမယ့် . . . မဟောင်းသေးတဲ့ ရင်ထဲက အတိတ်ကတော့ ကိုယ့်ရင်ထဲမှာ အမြဲလန်းဆန်းလျက်ပါ။

မီးရဲ့ကိုယ်ပွား ဗစ်ထရီရှုဆေးဘူးလေးလို အနံ့မပြယ်သေးတဲ့ ရှိနေသေးပါတယ် မီး . . .

အဓိပတိလမ်းပေါ် လျှောက်လာရင်း ပတ်ဝန်းကျင်ကို ငွေးစမ်းကြည့်မိတယ်။

ဆောင်းတွင်းဆိုတော့ ကံ့ကော်တွေ မပွင့်သေးဘူး မီး . . .။

ဆောင်းလေကြောင့် ခြောက်သွေ့ဝါရော်သွားတဲ့ ကံ့ကော်ရွက်လေးတွေပဲ အဓိပတိလမ်းပေါ်မှာ လျှပ်တိုက်ပြေးလွှားနေကြတယ်။

ရွက်ကြွေလမ်းမှာ လွင့်နေတဲ့ ပန်းလေးတွေကတော့ အတိတ်ဆိုတဲ့ ပန်းခြောက်လေးတွေနဲ့ အလွမ်းဆိုတဲ့ ပန်းခြောက်လေးတွေပဲပေါ့ . . .။

မီး . . . ကို သတိရလိုက်တာ . . .

www.burmeseclassic.com



ချစ်ရတဲ့ မီးရယ် . . .
သည့်မယ် ကြည့်စမ်းပါဦး . . .
ရွက်ကြွေလမ်းတစ်လျှောက်မှာ . . .
ပန်းခြောက်လေးတွေ
လေမှာလွင့်လို့
အလွမ်းလေးက တစ်ပွင့်
ပန်းလေးက တစ်ပွင့် . . .။

BURMESE CLASSIC

ကြိုးစားပြီးသည်၊

နှမ်ဖျာဆိုင်
ည ၉ နာရီ ၁၀ မိနစ်၊

www.burmeseclassic.com